# ရှေ့ဖြစ်ဟောနည်း
# ပေါင်းချုပ်



မသက်သက်ရွှေ | ဆရာဝန်တင်ရွှေ

|ပထမတွဲ|

# ရှေ့ဖြစ်ဟောနည်းပေါင်းချုပ်

နိုင်ငံတကာ၌ကျော်ကြားလျက်ရှိသော

ဗေဒင်လက္ခဏာစာအုပ်ပေါင်း ၃၀ ကျော်မှ အဆီအနှစ်

## ပထမတွဲ

မျက်နှာဖုံးအဓိပ္ပါယ်

ရှေ့ဖုံး

* CAPRICORN ဆိတ်

ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၁၉ ရက်အတွင်း မွေးဖွားသူများ၏ နက္ခတ်သင်္ကေတ

နောက်ကျောဖုံး

* CANCER ဂဏန်း

ဇွန် ၂၂ မှ ဇူလိုင် ၂၂ နေ့များအတွင်း မွေးဖွားသူများ၏ နက္ခတ်သင်္ကေတ

## ရှေ့ဖြစ်ဟောနည်းပေါင်းချုပ်

### ပထမတွဲ

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | - ၃၉၃/၉၃ (၉) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | - ၁၃၀/၉၃ (၁၂) |
| ပထမအကြိမ် | - ၁၉၉၄ ဇန်နဝါရီ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၈၅ ကျပ် |
| မျက်နှာဖုံးပန်းချီ | - ကြည်မြင့် (ဆေးသုတေသန) |
| ကွန်ပျူတာစာစီ + | |
| အဖုံးနှင့်အတွင်းစာသားပုံနှိပ် | - ဒေါ်အေးသန့် (၀၄၅၉၃)<br>တင်ရွှေကွန်ပျူတာစာစီ + အော့ဖ်ဆက်ပုံနှိပ်လုပ်ငန်း<br>၃၉၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်<br>ရန်ကုန်မြို့။<br>ဖုန်း-၃၁၈၅၁ |
| ထုတ်ဝေသူ | ဒေါ်အေးသန့် (၀၂၄၈၉)<br>တင်ရွှေစာပေ<br>၃၉၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်<br>ရန်ကုန်မြို့။<br>ဖုန်း-၃၁၈၅၁ |




## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ရုပ်အင်္ဂါလေ့လာနည်းပညာ | (၁) | - ၄ |
| ရုပ်အင်္ဂါလေ့လာနည်းပညာ | (၂) | - ၉ |
| မှဲ့အကြောင်း | | - ၁၄ |
| ဦးခေါင်းများကိုလေ့လာခြင်း | | - ၁၉ |
| နဖူးပေါ်မှ အမှတ်အသား | | - ၂၄ |
| သဘာဝပတ်ဝန်းကျင်မှနိမိတ်ကောက်ဗေဒင် | | - ၂၉ |
| မီးဖြင့်နိမိတ်ကောက်ခြင်း | | - ၃၂ |
| သဲမှုန်ဖြင့် နိမိတ်ကောက်ခြင်း | | - ၃၇ |
| လေထု ရေထု နိမိတ်ကောက်ဗေဒင် | | - ၃၉ |
| ယေဘုယျကျသော အတိတ်နိမိတ်ကောက်နှင့်အယူသီးမှုများ (၁) | | - ၄၄ |
| နိမိတ်ကောက်ခြင်း | | - ၅၀ |
| ယေဘုယျကျသော အတိတ်နိမိတ်ကောက်နှင့်အယူသီးမှုများ (၂) | | - ၅၄ |
| ယေဘုယျကျသောအတိတ်နိမိတ်ကောက်နှင့်အယူသီးမှုများ (၃) | | = ၅၉ |
| ဖိုထိုးခြင်းမှ နိမိတ်ကောက်ခြင်း | | - ၇၀ |
| စက္ကူပေါ် အမှတ်အစက်ချခြင်းနည်း | | - ၇၁ |
| ထူးဆန်းသောအတိတ်နိမိတ်များ | | - ၇၃ |
| လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင် | | - ၇၅ |
| လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင် | (၁) | - ၇၈ |
| လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင် | (၂) | - ၈၄ |
| လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင် | (၃) | - ၈၉ |
| လက္ခဏာပညာ (၁) လက်ဝါးပြင်ကိုလေ့လာခြင်း | | - ၉၄ |
| လက္ခဏာပညာ (၂) ရှေ့ထုံးစဉ်လာအခြေခံလက် (၇)မျိုး | | - ၉၈ |
| လက္ခဏာပညာ (၃) လက်ဝါးပြင် ဧရိယာအကျယ်အဝန်း | | |
| လက်ချောင်းများ၏ပုံသဏ္ဌာန် | | - ၁၀၃ |
| လက္ခဏာပညာ (၄) လက်မ/ညှိုး/ခလယ်/လက်သူကြွယ်နှင့် လက်သန်း | | - ၁၁၁ |
| လက္ခဏာပညာ (၅) ဂြိုလ်ခုံများကိုလေ့လာခြင်း | | - ၁၁၉ |
| လက္ခဏာပညာ (၆) ဂြိုလ်ခုံများကိုလေ့လာခြင်း | | - ၁၂၆ |
| လက္ခဏာပညာ (၇) နှလုံးလမ်းကြောင်း၊ အသက်လမ်းကြောင်း၊ | | |

ဖဲဗေဒင် (၁) - ၁၄၁
ဖဲဗေဒင် (၂) ဖဲချပ် ၅၂-ချပ် အပြည့်ဖြင့်ဗေဒင်ဟောခြင်း - ၁၄၃
ဖဲဗေဒင် (၃) သုံးမွှာပုံး ခုနစ်ဆင့်နည်း - ၁၄၈
ဖဲဗေဒင် (၄) ဖဲချပ် (၃၂) ချပ်ဖြင့်ဗေဒင်ဟောခြင်း - ၁၅၂
ဖဲဗေဒင် (၅) ယပ်တောင်ပုံစံဖြန့်ကြက်မှု - ၁၅၅
ဖဲဗေဒင် (၆) ခမ်းနားသောကြယ်ပွင့်ဖြန့်ကြက်မှုပုံစံ - ၁၆၁
အိပ်မက်ဖတ်၍ဟောနည်း (၁) - ၁၆၅
အိပ်မက်ဖတ်၍ဟောနည်း (၂) - ၁၆၉
ထူးခြားသောအိပ်မက်များ - ၁၈၅





## နိဒါန်း

ဗေဒင်၊လက္ခဏာ ပညာဆိုတာ သိပ္ပံပညာကဲ့သို့ ရာနှုန်းပြည့်နီးပါး တိကျ မှန်ကန်ပါသည်ဟု စာရေးသူ မဆိုလိုပါ။ ယခုခေတ် လူငယ်များကို ဤပညာနောက်သို့ တကောက်ကောက် လိုက်နေဖို့လည်း စာရေးသူ မတိုက်တွန်းလိုပါ။

သို့သော် ဤပညာအခြေခံလောက်ကို တက်မြောက်ထားသူသည် စီးပွားရေးအတွက် မဟုတ်စေကာမူ ပေါင်းသင်း ဆက်ဆံရေးကိုတော့ များစွာအကျိုးပြုပါလိမ့်မည်။ သို့ကြောင့် ဤစာအုပ်ကို ရေးသားထုတ်ဝေပါသည်။

ဤစာအုပ်ကို ရေးသားရာတွင် နိုင်ငံတကာမှ ကျော်ကြားပြီးဖြစ်သော ဗေဒင်၊လက္ခဏာ စာအုပ်အမျိုးမျိုးမှ အဆီအနှစ်များကို ထုတ်နှုတ်ပေးထားသော ENCYCLOPAEDIA OF PREDICTIONS by VARIOUS AUTHORS 1988 စာအုပ်ကို အဓိကထား မြန်မာပြန်ဆို ရေးသားပါသည်။

လက်တွေ့အသုံးပြုနိုင်သော စာအုပ်တစ်အုပ် ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

စာရေးသူများ

# Physiognomy 1

## ရုပ်အင်္ဂါလေ့လာနည်းပညာ (၁)

ကျွန်ုပ်တို့သည် လူတစ်ဦးတစ်ယောက်၏ စိတ်နေစိတ်ထား အတွင်းသဏ္ဍာန်ကို Physiognomy ခေါ် မျက်နှာအနေအထား မျက်နှာပုံစံ ဗေဒပညာရပ်ဖြင့် လေ့လာနိုင်ပါသည်။ မျက်နှာပေါ်တွင်ရှိသည့် မေးစေ့၊ မျက်လုံး၊ ပါးစပ်၊ နှာတံ၊ မျက်ခုံးနှင့် မျက်နှာပြင်အနေအထား ရုပ်ပိုင်းဆိုင်ရာပေါ်တွင် လေ့လာသုံးသပ်၍ ထိုသူ၏ မနှစ်မြို့မှု၊ မလိုလားမှု စသည့် အတွင်းသဏ္ဍာန်ကို စာဖတ်နိုင်ပါသည်။

ရုပ်ပိုင်းဆိုင်ရာလေ့လာမှုဖြင့် ဘဝနှင့် ဖြစ်နိုင်ခွမ်းရည်၊ စိတ်နေစိတ်ထားကို သိရှိနိုင်သည်ဟု ရှေးဝိဇ္ဇာပညာရပ်များတွင် ဖော်ပြထားပါသည်။ ၁၈၀၀ BC၌ ပိုက်သာဂိုရပ်စ်၊ ဆိုခရိပ်စ်နှင့် ဟစ်ပိုခရိပ်စ်တို့က သိပ္ပံနည်းကျကျ သက်သေပြခဲ့ကြသည်။

ရာစုမှ ၁၈ ရာစု အတွင်းပိုင်းတွင် မျက်နှာပြင်ပုံစံနေထားကို ကွဲပြားသော မတူညီချက်များကို ညှိနှိုင်းဖော်ထုတ်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ လူသိများလာသည်။

### မျက်နှာပြင်တွင်လေ့လာခြင်း

မျက်နှာဗေဒပညာရှင်တို့က ပထမဦးဆုံး လူသားနှင့် တိရစ္ဆာန်တို့၏မျက်နှာကို နှိုင်းယှဉ်၍ ကွာဟချက်များ တူညီချက်များကို ရေးသားဖော်ထုတ်နိုင်ခဲ့သည်။

လူသည် ယေဘုယျအားဖြင့် သုံးထီးမျက်နှာနှင့် အနီးစပ်ဆုံးတူသည်။ ပုံ (A)

ဥပမာ - ဂနှာမငြိမ်ခြင်း၊ သတ္တိရှိခြင်း၊ သံသရပွားခြင်းနှင့် ခေါင်းကိုက်ဝေဒနာတို့သည် တူညီ သည်ဟု ယူဆခဲ့ကြရသည်။

ရာစုတွင် မျက်နှာဗေဒပညာရှင်တို့က ဥပဓိရုပ်ကိုကြည့်ခြင်းအားဖြင့် ထိုသူ၏ ကြန်အင်္ဂါလက္ခဏာတို့ကို တသီးတခြားစီ အထောက်အထားများနှင့် နှိုင်းယှဉ်ပြသနိုင်ခဲ့သည်။

### ဥပဓိရုပ်အဟောမိတ်ဆက်

မိတ်ဆွေလား၊ ရန်သူလား
သူတော်ကောင်းလား၊ သူယုတ်မာလား
လူတော်လား၊ လူညံ့လား
ရိုးသားလား၊ ကောက်ကျစ်လား

– ဥပဓိရုပ်ကိုအကဲခတ်ပြီး
 ခွဲခြားတတ်လျှင်
– သင့်အတွက် အန္တရာယ်ကင်းပြီး
 အကျိုးများပေးအံ့

### ဥပဓိရုပ်အဟောမိတ်ဆက်

"စကြာဗုဒ္ဓ
မုချဆတ်ဆတ်၊ ဖြစ်မည်တတ်ဟု
ဆုံးဖြတ်ဟောနည်း၊ မလိတ်သည်းသား
ကောဏ္ဍည်းဖြဟ္မာ၊ ရှေးဆရာတို့
လက္ခာလက္ခိ၊ လက်ညှိုးချိသည်
လောကီကမ္ဘာ လက်စွဲတည်း"

(မဃဒေဝလင်္ကာသစ်)


ဥပဓိရုပ်အဟော (ခေါ်) ရုပလက္ခဏာ၊ မုခလက္ခဏာ ပညာရပ်သည် ကမ္ဘာတွင် ပေါ်ထွန်းနေသည်မှာ နှစ်ပေါင်းကြာချေပြီ။ ဤဥပဓိရုပ်အဟောပညာရပ်သည် ကမ္ဘာတွင်ရှိသော လူမျိုးအသီးသီးတို့ ယုံကြည်လက်ခံထားကြောင်းလည်း လေ့လာတွေ့ရှိရလေသည်။

ဥပဓိရုပ်အဟောပညာရပ်ကို စတင်လေ့လာ သုတေသနပြုခဲ့သောသူများမှာ ဂုရုရသေ့ကြီးများ ပညာရှိကြီးများဖြစ်သည်။ ကမ္ဘာကျော် အတွေးအခေါ်ပညာရှင်ကြီး အရစ္စတော်တယ်သည် ဥပဓိရုပ်အဟောပညာပရပ်ကို ပထမဆုံး ရှင်းလင်းဖော်ပြသူတစ်ဦး ဖြစ်လေသည်။

ရှေးအခါက လျှို့ဝှက်နက်နဲခက်ခဲသော အတတ်ပညာရှင်ကြီးများဟု သမုတ်ခံခဲ့ရသည့်သူများသည် လူတစ်ယောက်၏ ဆံပင်မှ ခြေဖျားအထိ ရုပခန္ဓာကို စေ့စပ်သေချာစွာ လေ့လာသုံးသပ်ရမည့်အစား ယေဘုယျသဘောမျှသာ ဖော်ထုတ်ရန်ကြိုးပမ်းခဲ့ကြသည်။ နောင်းခေတ်ပညာရှင်အချို့သာလျှင် ဥပဓိရုပ်အဟော (ခေါ်) ရုပလက္ခဏာနှင့်ပတ်သက်သောစာမူများကို ရေးသားခဲ့ကြလေသည်။

ဥပဓိရုပ်အဟောကို လေ့လာလိုက်စားသောသူများသည် ထူးခြားသော ပုဂ္ဂိုလ်ကြီးများ၊ လူရည်ချွန်ကြီးများ၊ ဘုန်းကံကြီးမားသူများ၊ ကြီးကျယ်မြင့်မြတ်သော မဟာပုရိသလူသားများ၏ ရုပလက္ခဏာအသွင်အပြင်များကိုလည်း သိရှိလေ့လာထားရန် လိုအပ်သည်။

## ဥပဓိရုပ်အဟောမိတ်ဆက်




**(၁) ဘဲဥပုံ (သို့) လုံးဝန်းပုံ (ပုံ 1)**

အိမ်ထောင်ရှင်၊ အိမ်ထောင်ရှင်မကောင်း အရည်အချင်းနှင့်ပြည့်စုံသောသူ၊ အမြော်အမြင် ဉာဏ်ပညာရှိသော တိကျပြတ်သားသော ကိုယ်ကျင့်တရားကြံ့ခိုင်သောသူ။

အချိန်ဖြုန်းတတ်ခြင်း၊ မိမိ၏အာရုံကာမဂုဏ်အလွန်အကျူးလိုက်စားခြင်းရှိသော်လည်း အလုပ်ကို ကြိုးစားလုပ်ကိုင်နိုင်သော သတ္တိရှိသူဖြစ်သည်။

**(၂) တြိဂံပုံ (သို့) နှလုံးပုံ (ပုံ 2)**

သွက်လက်၍ အမြော်အမြင်ရှိသော အသိအလိမ္မာရှိသော၊ မှတ်ဉာဏ်ကောင်းသောသူ ဖြစ်သည်။ စိတ်ညစ်တတ်၊ သုန်မှုန်နေတတ်သည်။

စိတ်ကူးယဉ်မှု၏စေခိုင်းချက်ကို လက်တွေ့ကျင့်သုံး ကြိုးစားလုပ်ကိုင်နေတတ်သူဖြစ်သည်၊ မဖြစ်နိုင်သောအလုပ်များကို လုပ်တတ်သည်။

စိတ်ထိခိုက်လွယ်ရှားလွယ်ခြင်း၊ စီစစ်ကြည့်တတ်ခြင်း၊ ငွေကြေးစရာအလွန်ကောင်းသောသူ၊ ရည်ရွယ်ချက်ကိစ္စ စိတ်ဝင်စားဖို့လိုအပ်သည်။

**(၃) လေးထောင့်ပုံ (သို့) လေးထောင့်ပုံနှင့်တူသော (ပုံ 3)**

ဦးဆောင်နိုင်သောအရည်အချင်းရှိသူ၊ သတ္တိတန်ခိုးအင်အားရှိသူ၊ သေချာကျနပြည့်စုံသူ၊ သို့သော် အမြဲသွက်လက်ဖျတ်လတ်ဖို့လိုသည်။

အကင်းပါးသော၊ လက်တွေ့ကျသော၊ ကျွမ်းကျင်လိမ္မာပါးနပ်သောသူ
ရပ်ရောစိတ်ပါကြံ့ခိုင်သော တည်ကြည်လေးနက် ပြတ်သားသောသူ

**(၄) လုံးဝန်း၍ တြိဂံပုံ ရောပြွန်းထားသော (ကတော့ချွန်ပုံ) (ပုံ 4)**

အသိဉာဏ်ဗဟုသုတရှိ၍ အခြေခိုင်သော ကုန်သွယ်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ လူမှုဆက်ဆံခြင်း၊ ပညာနီးနှောဖလှယ်ခြင်းတို့ကို ကျွမ်းကျင်သူ။

သို့သော် ဝေဖန်ဆုံးဖြတ်တတ်သောဉာဏ် ချို့တဲ့သည်။

ထူးခြားစွာတီထွင်တတ်သော အကောင်းမြင်သော ကိုယ့်ကိုယ်ကို အပြည့်အဝယုံကြည်အားကိုးသောသူ။ သို့သော် မိမိကိုယ်မိမိ ကျေနပ်နှစ်သိမ့်နေတတ်သည်။




**လေးထောင့် တြိဂံရောပြွန်းပုံစံ**

စွယ်စုံရသော၊ ဂမ္ဘီရထိုးပြုလုပ်တတ်သော၊ သွက်လက်သောအမြော်အမြင်ရှိသောသူ၊ အပြောမဟုတ် အလုပ်နှင့်သက်သေပြသူ၊ အတွေ့အကြုံမှ သင်ခန်းစာယူတတ်သူ။

**လေးထောင့် လုံးဝန်းရောပြွန်းပုံ**

အလွန်သွက်လက်ဖျတ်လတ်သော ပျော်ပျော်နေတတ်သော ပို၍ကံကောင်းသောသူ။
ကိုယ်ကျိုးကြည့်သူ၊ အယူသည်းသူ၊ ငါ့စကားနွားရပြောတတ်သူ။ သို့သော် စည်းစနစ်ရှိသည်။

## မျက်နှာဘေးစောင်းပုံ




**နုံးသောမျက်နှာပြင်ရှိသူ (သို့) အနုံးသဏ္ဌာန်ရှိသော (ပုံ a)**

အလွန်စိတ်ထက်သန်သော၊ ဂနာမငြိမ်သော၊ စုစည်းသော၊ သွက်လက်ဖျတ်လတ်သော၊ အမြော်အမြင်ရှိသော၊ လက်တွေ့ဆန်သော၊ အပြောမဟုတ် အလုပ်နှင့်သက်သေပြတတ်သောသူ။ သို့သော် ခေါင်းမာသည်။

**ပြားသောမျက်နှာပြင်ရှိသူ (ပုံ b)**

ငြိမ်းချမ်းစွာနေတတ်သော၊ သည်းခံတတ်သော၊ ဝန်ခံတတ်သော ဆင်ခြင်စဉ်းစားတတ်သော၊ စပ်စုသောသူ။ တစ်ခါတစ်ရံ ကိုယ်ကျိုးကြည့်တတ်သည်။


**ခွက်သောမျက်နှာပြင်ရှိသူ (ပုံ c)**

ပညာမဲ့သော အတွေးခေါင်သော၊ အတွေးနက်နဲသော၊ စပ်စုသော၊ သိမ်းဆည်းသိုမှီးတတ်သော ဒေါသကြီးသောသူ။ သို့သော် သစ္စာရှိသော အမှတ်သညာကောင်းသောသူဖြစ်သည်။

ဥပမာ - ကြပ်မပြည့်သူ (ပုံ B) ဉာဏ်ပညာကြီးသူ (ပုံ B) မာနကြီးသူ (ပုံ D) ရာဂထန်သောသူ (ပုံ E)

တရုတ်ပညာရှင်တို့က ခြားနားချက်နည်းလမ်းများကိုလည်း တင်ပြနိုင်ခဲ့သည်။ ၁၈ ရာစုတွင် ထူးခြားသော လုပ်ဆောင်ချက်များကိုလည်း ဖေါ်ထုတ်ကင်ပွန်းတပ်နိုင်ခဲ့သည်။ ဥပမာ - ဂြိုဟ်၊ နက္ခတ်များ၊ ကြယ်၊ မြစ်များ (ပုံ F)

မျက်နှာကို မည်သို့မည်ပုံလေ့လာရမည်ဆိုသော် ပထမဦးစွာ မျက်နှာပြင်တစ်ခုလုံးကို လေ့လာရန်လိုသည်။ ထို့နောက်မှ ဘေးစောင်းအနေအထားပုံ နောက်ဆုံး၌ ပြင်လုံးပုံနှင့် ဘေးစောင်းပုံ နှိုင်းယှဉ်ချက်တို့ကို လေ့လာရပါမည်။











**နဖူး**


- နဖူးပြောင်လျှင် (မြင့်) = အသိအလိမ္မာ ဉာဏ်အမြော်အမြင်၊ မှတ်ဉာဏ်ကောင်းသူ။
- နဖူးပြောင်၍ကျယ်လျှင်(ပုံ 1) = ပညာကိုမြတ်နိုးသောသူ သဘာဝတ္တဗေဒဆရာ(ဒဿနိကဆရာ)
- နဖူးပြောင်၍ကျဉ်းလျှင် = အခြေအနေကို အကဲခတ် ပိုင်းခြားဝေဖန်နိုင်သူ
- နဖူးနိမ့်နေလျှင် (ပုံ 2) = လက်တွေ့ဆန်သော ညွှန်ကြားချက်ပေးနိုင်သူ။
- နဖူးမောက်နေလျှင် = လေ့လာဆည်းပူးတတ်သူ၊ သတိရှိနှင့် လိုက်နာစောင့်ထိန်းသောသူ
- နဖူးပြားနေလျှင် (ပုံ 3) = ဆင်ခြင်စဉ်းစားသော၊ စူးစိုက်သောသူ။
- နဖူးခွက်နေလျှင် = အမိန့်နာခံတတ်သူ၊ သတိရှိသော၊ ဆင်ခြင်စူးစမ်းသောသူ။

**မျက်ခုံး**

- မျက်ခုံးထူထပ်နေလျှင် (ပုံ 4) = ပြင်းပြင်းထန်ထန် စူးစူးစိုက်စိုက်ပြုရသော၊ တုံးသော မသိတတ်သောသူ။
- မျက်ခုံးပါးနေလျှင် = ဇိဇာကြောင်သော၊ ဂျီးများသောသူ။
- မျက်ခုံးဖြောင့်တန်းနေလျှင် (ပုံ 5) = နိုးနိုးကြားကြားရှိသော၊ သတ္တိရှိသော၊ သွက်လက်ဖျတ်လတ်သောသူ။
- မျက်ခုံးကွေးကောက် ကုန်းနေလျှင် = သိလိုတတ်လိုသော၊ စပ်စုသောသူ။
- မျက်ခုံးပေါင်းကူးခုံးနေလျှင် = စိတ်ကူးဉာဏ်ထက်သန်သောသူ။
- အစွန်းက အပေါ်ကိုတက်နေလျှင် (ပုံ 6) = အာသီသကြီးသော၊ ကြီးပွားလိုစိတ်ရှိသောသူ။
- အစွန်းက အောက်သို့နိမ့်ကျနေလျှင် = စိတ်ကောက်တတ်သော၊ စိတ်လျှော့တတ်လေ့ရှိသောသူ။
- မျက်ခုံးနှစ်ခုဝေးနေလျှင် = သင့်သလိုနေတတ်သော၊ သြဇာရှိသောသူ။
- မျက်ခုံးနှစ်ခုနီးစပ်နေလျှင် = ရဲစွမ်းသတ္တိ အပြည့်အဝရှိသောသူ။

## မျက်လုံး


- လုံးဝန်းသော် = ပကတိရိုးသားသော၊ အကင်းမပါးသော၊ ယုံလွယ်သောသူ။
- ဘဲဥပုံ = နှုတ်သီးကောင်းလျှာပါးဖြစ်သော(စွာသူ)၊ ဟာသဉာဏ်ရှိသူ။
- မျက်လုံးစောင်းနေ (ပုံ 7) = လျှို့ဝှက်ဖုံးကွယ်တတ်သော၊ မိမိ၏ ကာမဂုဏ်အာရုံ အလွန်အကျူးလိုက်စားခြင်းရှိသောသူ။
- မျက်လုံးကျယ်ပြူးသော် (ပုံ 8) = ယုံကြည်စိတ်ချအပ်သော၊ ဖော်ရွေသော၊ မိတ်ဆွေကောင်းဖြစ်သောသူ။
- မျက်ရစ်က အမိုးသဏ္ဌာန်ဖြစ်နေသော်(ပုံ 9) = အကောက်ကြံတတ်သော၊ မနာလို ဝန်တိုတတ်သောသူ။
- ကျဉ်းမြောင်းသော် = ထက်မြက်သော၊ မယုံသင်္ကာဖွယ်ဖြစ်ရသောသူ။
- ကျယ်မှေးသော် = ယုံကြည်စိတ်ချအပ်သော၊ စိတ်ပျံ့လွင့်သူ။
- မျက်လုံးနှစ်လုံး နီးကပ်စွာတည်ရှိသော် = တာဝန်သိတတ်သော၊ သဘောထားသေးသောသူ။
- မျက်လုံးပြူးထွက်နေသော် = စကားယဉ်ကျေးသိမ်မွေ့စွာ ပြောတတ်သူ။ ချက်ကျသောစကားကိုသာပြောသူ။
- မျက်လုံးမှေးသော် (ပုံ ၁၀) = ဖြည်းဆေးစွာ ပြောဆိုတတ်သူ၊ ကိစ္စတစ်ခုကိုစွဲမြဲစွာလုပ်ကိုင်တတ်သူ။
- မပြူးမမှေးသော် = သဘောပေါက်နားလည်အောင် ရှင်းပြတတ်သူ၊ အမိန့်နာခံတတ်သူ။







## နှာခေါင်း

- နှာခေါင်းကြီးသော် = စိတ်မှတ်ထားတတ်သောသူ။ လောကီပညာတတ်ကျွမ်းသူ။
- နှာခေါင်းသေးသော် = အနှောင့်အယှက်မပြုတတ်သော၊ ဟန်မလုပ်တတ်သောသူ။
- နှာတံသွယ်သော် = ကြောက်တတ်သော၊ စိုးရိမ်တတ်သော၊ ဒေါသဖြစ်တတ်သောသူ။
- နှာတံကျယ်သော် = ဂရုစိုက်တတ်သော၊ သေချာစွာ လုပ်ကိုင်တတ်သော၊ စိတ်ပူပန်တတ်သောသူ။
- နှာတံရှည်သော် ( ပုံ 11) = စကားပြောရာတွင် ရွှန်းရွှန်းဝေအောင်ပြောတတ်သော၊ နမော်နမဲ့နိုင်သောသူ။
- နှာတံတိုသော် (ပုံ 12) = ပျော်ပျော်ရွှင်ရွှင်နေတတ်သောသူ
- နှာတံအခုံးပါသော် (ပုံ 13) = ကြမ်းတမ်းသော စပ်စုသောသူ
- နှာတံဖြောင့်တန်းသော် = ကျေးဇူးသိတတ်သော သေချာကျနပြည့်စုံသော စည်းကမ်းသေဝပ်သောသူ၊ ယုံကြည်စိတ်ချရသောသူ။
- နှာတံတိုတိုဖြစ်သော် (ပုံ 14) မိတ်ဆွေကောင်းဖြစ်သော လျှို့ဝှက်နိုင်စွမ်းရှိသော လေးလေးမှန်မှန် လုပ်ကိုင်တတ်သောသူ



## နား


- နားရွက်ကြီးမားသော် = အသိအလိမ္မာရှိ၍ မှတ်ဉာဏ်ကောင်းသောသူ။
- နားရွက်သေးသော် = ပကတိဉာဏ်ရှိသောသူ။
- အရှည်ထက်ပိုကျယ်သော် (ပုံ 15) = ထက်မြက်သောသူ သို့သော် လက်တွေ့အသုံးချ၍မဖြစ်သောသူဖြစ်သည်။
- အကျယ်ထက်ပိုရှည်သော် = လက်တွေ့ဆန်ဆန် လုပ်တတ်သူ။
- အဖျားချွန်သော် = ဉာဏ်များသော လျစ်လျူရှုတတ်သောသူ
- ကြီးသောနားသီးပါသော် (ပုံ 16) = လွတ်လပ်စွာနေလိုသော စိတ်ဓါတ်ပြင်းထန်သောသူ။
- သေးသောနားသီးပါသော် = မှိုခိုတတ်သောသူ။
- နားသီးလုံးဝမရှိသော် (ပုံ 17) = မမှိုခိုသော တုံ့ပြန်အားနည်းသောသူ
- နားအောက်ခြေသည် ဦးခေါင်းနှင့် တစ်ဆက်တည်းရှိသော် = ကြိုတင်တွေးတောတတ်သူ၊ ချွေတာသုံးစွဲတတ်သောသူ
- နားအောက်ခြေသည် ဦးခေါင်းနှင့် တစ်ဆက်တည်းမရှိသော် = ပင်ကိုယ်စဉ်းစားဉာဏ်ကောင်းသူ။







## ပါးစပ်

- ပါးစပ်ကြီးသော် = ဃုတ်ညှံသော၊ ဖြန့်းတီးသောသူ။
- ပါးစပ်သေးသော် = မနာလိုဝန်တိုသော နှမြောတွန့်တိုသောသူ
- နှုတ်ခမ်းသည် အပေါ်သို့ကွေးတက်သော် (ပုံ 19) = ပျော်ပျော်ရွှင်ရွှင်နေတတ်သော
- နှုတ်ခမ်းသည် အောက်သို့ကွေးဆင်းနေသော် = တင်းတိမ် ရောင့်ရဲခြင်းမရှိသောသူ။
- နှုတ်ခမ်းထူသော် (ပုံ 20) = လောကီစည်းစိမ်ခံစားခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ယုံကြည်သောဝါဒီရှိသူ
- နှုတ်ခမ်းပါးသော် = ရင့်ကျက်တည်ငြိမ်သောသူ။
- တစ်ပြေးတည်းဖြစ်နှုတ်ခမ်း (ပုံ 21) = မိမိကိုယ်မိမိ ထိန်းချုပ်နိုင်သူ။
- ကကြီးပုံနှုတ်ခမ်း (ကွေး) (ပုံ 22) = ပြောင်းလဲနိုင်ချေရှိသောသူ။
- အပေါ်နှုတ်ခမ်းထော်သော် = အပြစ်ရှာတတ်သော ပုံကြီးချဲ့သောသူ။
- အောက်နှုတ်ခမ်းထော်သော် = ဆင်ခြင်စဉ်းစားသော နှစ်လိုဖွယ်ကောင်းသောသူ
- နှုတ်ခမ်းရွဲ့နေသော် (စောင်းနေသော်) = စောင့်စည်းသော အခိုင်အမာပြောဆို ဆန်းစစ်တတ်သောသူ။



| | |
|---|---|
| - မေးစေ့ရှည်သော် | = အတိုက်အခံပြုသောသူ။ |
| - မေးစေ့တိုသော် | = ပြောင်းလဲလွယ်သောသူ။ |
| - အောက်ခြေအသီးထွက်နေသော် (ပုံ 23) | = ခံစားချက်ပြင်းထန်သောစိတ်ဝင်စားတတ်သောသူ။ |
| - ကွဲနေသော် | = ငါတည်းဟူသောစိတ်ထားမျိုးရှိသူ တစ်ကိုယ်ကောင်းဆန်သူ။ |
| - နှစ်ခုဖြစ်နေသောမေး (ပုံ 24) | = ပေါ်ရွှေတတ်သော ကာမဂုဏ် အာရုံ အလွန်အကျူး လိုက်စားသောသူ။ |
| - အထဲသို့ ချိုင့်ဝင်နေသောမေး | = အငြင်းအခုန်ပြုတတ်သော၊ ဂနာမငြိမ်သော စိတ်တိုသော အသေးအဖွဲကိစ္စဖြင့် ရန်ရှာတတ်သောသူ။ |
| - ပြားနေသောမေး (ပုံ 25) | = နိုင်မာသော စိတ်သဘောထားကောင်းသောသူ။ တစ်ခါတစ်ရံ လေးကန်နေးသောသဘောရှိသည်။ |
| - ရှေ့သို့ရှန်ထွက်နေသောမေး | = ဆင်ခြင်စဉ်းစားတတ်သော ရည်ရွယ်ချက်ရှိသော ခေါင်းမာသောသူ။ |






## မှဲ့အကြောင်း Moleoscopy

လူတို့၏ခန္ဓာကိုယ်ပေါ်တွင် နေရာအနှံ့၌ မှဲ့များရှိသည်။ တချို့မှဲ့မှာ မွေးရာပါ တချို့မှာ အခါအားလျော်စွာ ပေါ်လာတတ်သည်။ ရှေးရှေးမတို့က မှဲ့ကိုကြည့်၍ အဓိပ္ပါယ်၊ အညွှန်း၊ လက္ခဏာအမှတ်အသားတို့ကို ပြောနိုင်ခဲ့သည်။ ၁၆ ရာစုအကုန် ၁၇ ရာစုဆန်းပိုင်းတွင် မှဲ့အနက်စိတ်ကျမ်းထွက်ပေါ်လာသည်။ မှဲ့၏တည်နေရာ၊ အရောင်၊ အရည်အသွေး၊ အရွယ်အစားတို့ကိုကြည့်လျှင် လူတစ်ဦး၏ ဓာတာ၊ ရာသီခွင်၊ ဂြိုဟ်၊ နက္ခတ်၊ ဘဝသရုပ်ပေါ်နိုင်ခဲ့သည်။ ယနေ့ မှဲ့အကြောင်း အရှင်းဆုံး လေ့လာထားနိုင်ပြီဖြစ်ရာ သင့်ဘဝကို သင်ကိုယ်တိုင် စူးစမ်းနိုင်လေပြီ။

ပထမဦးစွာ မျက်နှာပြင်ပေါ်ရှိမှဲ့ကို လေ့လာကြပါစို့။ ပုံအညွှန်း –




MOLES ON THE FACE

## မျက်နှာပြင်ပေါ်ရှိမှဲ့ ပုံအညွှန်း -

A- နဖူးအလယ်တွင်မှဲ့ရှိက - စိတ်သဘောထားဆိုးသောသူ၊ အကြင်နာမဲ့သော ရက်စက်သောသူ ဖြစ်သည်။
ထိုသူများသည် အရွယ်လတ်ပိုင်းတွင် ဒေါသအလျှောက်ဖြစ်တတ်သည့် အပြုအမူများကို စောင့်ထိန်းသင့်သည်။

B- ဝဲဘက်နားထင် နားသယ်တွင်မှဲ့ရှိက - အသုံးအစွဲကြီးသော ခေါင်းမာသောသူဖြစ်သည်။
ထိုသူများသည် မိမိဘဝ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ကြိုးပမ်းသင့်သည်။

C- ယာဘက်နားထင် နားသယ်တွင်ရှိက - ထူးထူးခြားခြား စွမ်းရည်သတ္တိရှိသော တတ်ကျွမ်းသောသူဖြစ်သည်။
ထိုသူများသည် အသက်ကြီးပိုင်းတွင် ကျန်းမာရေးချို့ယွင်းတတ်သည်။ ထို့ကြောင့် ကျန်းမာရေး ဂရုပြုပါ။

D- မျက်ခုံးပေါ်တွင်ရှိက - ခွဲ လုံ့လရှိသော အိမ်ထောင်ရေး ချမ်းသာပျော်ရွှင်သော (ဝါ) သာယာမှုရရှိမည့်သူဖြစ်သည်။
ထိုသူများသည် လျှပ်စစ်ဓာတ်လိုက်ခြင်း၊ အစာအဆိပ်မိခြင်းတို့ကို သတိထားသင့်သည်။

E- အပြင်ဘက် မျက်လုံးထောင့်တွင်ရှိက - ရိုးသားသော တော်မှန်ဖြောင့်မတ်သော၊ ဘွင်းဘွင်းရှင်းရှင်းပြောတတ်သောသူ၊ ထိုသူများသည် သိမ်မွေ့နူးညံ့ရန်လိုအပ်သည်။

F- နားတွင်မှဲ့ရှိက - ဥစ္စာ ဓန ပေါကြွယ်ဝသော၊ ကျော်ဇောကိတ္တိရှိသော၊ မထေလေးစား ဂရုမစိုက်သောသူဖြစ်သည်။

G- ဝဲဘက်ပါးတွင်မှဲ့ရှိက - တည်ကြည်သော၊ လေ့လာတတ်သော၊ ကြိုးပမ်းအားထုတ်သော၊ ရန်းကန်သော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်သည်။

H ယာဘက်ပါးပြင်တွင်မှဲ့ရှိက - ဘဝတစ်လျှောက်လုံး အောင်မြင်သောသူ။

I- ပါးတစ်ဘက်စီတွင် မှဲ့တစ်လုံးစီရှိက - ပြင်းထန်စွာကြိုးစားတတ်မှုကြောင့် အောင်မြင်မှုရရှိသည်။

J- နှာတံတွင်ရှိသော် - အလိုရမ္မက်ပြင်းပြသော၊ ရာဂစိတ်ပြင်းပြသော၊ အသုံးကြမ်းသော၊ လွန်လွန်းသောသူ။

K- ဝဲဘက်နှာခေါင်းတွင်ရှိက - ပြောင်းလဲတတ်သော၊ မယုံကြည်ထိုက်သော၊ မကိုးစားထိုက်သောသူ၊ သို့သော် ကံကောင်းသောသူဖြစ်သည်။ ကျရှုံးမှုနှင့် ရင်ဆိုင်ရတတ်သည်။ သတိထားပါ။

L- ယာဘက်နှာခေါင်းတွင်မှဲ့ရှိက - ခန့်ညားကြီးကျယ်သော၊ ခရီးသွားရသော၊ ရာထူးအပြောင်းအရွှေ့ မကြာခဏကြုံတတ်သူ။

M- နှာသီးထိပ်တွင်မှဲ့ရှိက - စိတ်ရင်းမှန်သောမိတ်ဆွေဖြစ်သည်။

N- နှာခေါင်းပေါက်မှဲ့ရှိက - ရေကြည်ရာမြက်နုရာ လှည့်ပတ်သွားလာတတ်သူ၊ ပင်လယ်ခါးပြစသည်တို့တွင်တွေ့ရသည်။

O- နှုတ်ခမ်းမှဲ့ပါလျှင် - လောဘကြီးသောသူ၊ သို့သော် ကျေးဇူးပြုတတ်သော၊ စေတနာကောင်းသောသူဖြစ်သည်။

P- အောက်နှုတ်ခမ်းမှဲ့ပါလျှင် - အနှောင့်အယှက်မပြုတတ်သော၊ လေးနက်စွာ လေ့လာတတ်သောသူ၊ အသက်ကြီးက ပို၍ကံကောင်းလာမည်။

Q- မေးတွင်မှဲ့ရှိက - တာဝန်သိတတ်သော၊ ဝတ္တရားကျေပွန်သော၊ အများနှင့်ဆက်ဆံတတ်သော၊ ပန်းချီပညာနှင့်ဆိုင်သော စွမ်းရည်သတ္တိရှိသူဖြစ်သည်။ အခါအခွင့်သင့်တိုင်း ကြိုးစား၍ မိမိဘဝကို မြှင့်တင်တတ်သောသူဖြစ်သည်။

R- ဝဲဘက်မေးရိုးတွင်မှဲ့ရှိက - အပြစ်ရှာတတ်သောသူ၊ ထိုသူမျိုးသည် ကျန်းမာရေး သတိထားသင့်သည်။


S- ယာဘက်မေးရိုးတွင်ရှိက - ရေဘေး၊ မီးဘေး သတိထားသင့်သည်။



## ခန္ဓာကိုယ်ပေါ်ရှိမှဲ့ကို လေ့လာခြင်း

ဒုတိယအနေနှင့် ကိုယ်ခန္ဓာပေါ်တွင်ရှိသောမှဲ့ကို ပေါ်ပြပါမည်။

ပုံအညွှန်း -



## ခန္ဓာကိုယ်ပေါ်ရှိမှဲ့ကို လေ့လာခြင်း ပုံအညွှန်း

1- လည်ချောင်းတွင်ရှိက - ပန်းချီဝါသနာပါသူ (အနုပညာ) အောင်မြင်သောသူ။

2- ရင်ဘတ်တွင်ရှိက - ပျင်းရိသူ၊ မငြိမ်မမှန်လှုပ်ရှားသော အငြင်းအခုန်သန်သော ငွေရေးကြေးရေးနှင့်ပတ်သက်၍ စိတ်မချရသူ။

3- ယာဘက်ရင်ဘတ်တွင်ရှိက - ပျင်းရိသော ထိန်းချုပ်မှုကင်းသောသူ။

4- ဝဲဘက်ရင်ဘတ်တွင်ရှိက - သွက်လက်ဖျတ်လတ်သော၊ ချက်ချာသောသူ။

5- နို့သီးတွင်ရှိက - ပြောင်းလဲလွယ်သော၊ သစ္စာမရှိသော၊ ပေါက်ပြားသောသူ

6- ယာနံရိုးတွင်ရှိက - အာရုံမခံတတ်သော သူရဲဘောနည်းသောသူ။

7- ဝဲနံရိုးတွင်ရှိက - ပျင်းရိသော ဟာသဉာဏ်ရှိသောသူ

8- ချက်မတွင်ရှိက - အကြီးအကျယ် ကံကောင်းသောသူ။

9- ဝမ်းဗိုက်တွင်ရှိက - ငန်းငန်းတက် ဟပ်ဟပ်ထိုးဖြစ်သော၊ အလွန်အမင်း အပြင်းအထန်ဖြစ်သော ထိန်းချုပ်မှုကင်းသော မိမိ၏ အာရုံ ကာမဂုဏ် အလွန်အကျူးလိုက်စားမိသောသူ။

10- တင်ပါးတွင်ရှိက - အားကိုးလက်ကိုင်များစွာရှိသော ရဲရင့်သော သူရသတ္တိရှိသော အေးချမ်းသာယာသောဘဝကို တည်ထောင်သူဖြစ်သည်။

11- တင်ပါးဆုံ၊ တင်ပါးခွက်တွင်ရှိက - မမှန်မကန်ရှိသူ

12- ယာတင်ပါးခွက်တွင်ရှိက - ကျန်းမာရေးချို့တဲ့သူ အောင်မြင်ကြီးပွားသူ

13- ဝဲတင်ပါးတွင်ရှိက - စိတ်မခိုင်သောသူ

14- ယာပေါင်တွင်ရှိက - ချမ်းသာသောအိမ်ထောင်ရေး သာယာပျော်ရွှင်မှုရရှိမည့်သူ

15- ဝဲပေါင်တွင်ရှိသော် - ထောက်ထားညှာတာသော စိတ်နေစိတ်ထားရှိသူ

16- ယာဒူးဆစ်တွင်ရှိသော် - မိတ်ဆွေကဲ့သို့သော၊ ဖေါ်ရွေသောစိတ်ထားရှိသောသူ အိမ်ထောင်ရေးသာယာပျော်ရွှင်မှုရမည့်သူ

17- ဝဲဒူးဆစ် - မိုက်ရူးရဲလုပ်တတ်သော အသုံးကြမ်းသောသူ အာရုံစိုက်မှုနည်းသည်။

18- ယာခြေထောက် - သွက်လက်ချက်ချာသူ၊ နှဲ လုံ့လရှိသူ

19- ဝဲခြေထောက် - ပျင်းရိသောသူ

20- ခြေမျက်စိ - သွက်လက်သော ရယ်ရွှင်ဖွယ် ဟာသဉာဏ်ရှိသောသူ

21- ခြေဖနောင့် - ရုပ်ရောစိတ်ပါ သွက်လက်ချက်ချာသောသူ၊ ရန်များကို သတိထားသင့်သည်။

22- ယာခြေခုံတွင်ရှိသော် - ချစ်ခရီးဖြောင့်ဖြူးသောသူ။

23- ဝဲခြေခုံတွင်ရှိသော် - ထောက်ထားသော စိတ်ညှိုးငယ်သော မိုမိုသောသူ

24- ခြေဖမိုး - ပြေးခုန်ပစ်ကစားသမား၊ အငြင်းအခုံသန်သောသူ

25- လည်ပင်းတွင်ရှိသော် - အတက်အကျရှိသောသူ စိစစ်ချွေတာသင့်သည်။

26- လက်ပြင်ရိုးတွင်ရှိသော် - စည်းကမ်းနှင့်ထိန်းချုပ်ထားခြင်း၊ မရွှင်လန်းမချမ်းမြေ့ခြင်းရှိသောသူ။

27- ဝဲပခုံးတွင်ရှိသော် - အရာရာကို ကျေနပ်နှစ်သိမ့်သော ရောင့်ရဲနိုင်သောသူ

28- ယာပခုံးတွင်ရှိသော် - မြော်မြင်ဆင်ခြင်သောအလိမ္မာဖြင့် အမှားကိုရှောင်နိုင်သော မှန်ကန်သော၊ သန္တာရှိသော စိတ်မငြိမ်သက်သောသူ

29- ဝဲချိုင်းတွင်မှဲ့ရှိက - မိမိကိုယ်တိုင်ကြိုးပမ်းမှုကြောင့် အောင်မြင်မှုရတတ်သူ



30- ယာချိုင်းတွင်မှဲ့ရှိက - ကြိုးစားအားထုတ်ခြင်းဖြင့် အခက်အခဲကိုအောင်မြင်သူ

31- ယာလက်မောင်း - အသက်ငယ်ပိုင်းတွင် ဆင်းရဲဒုက္ခရောက်တတ်သည် အသက်ကြီးပိုင်းတွင် အေးချမ်းရောင့်ရဲသောဘဝကို ရတတ်သည်။

32- ဝဲလက်မောင်း - ပျူငှာတတ်သော၊ ယဉ်ကျေးသော၊ လုံ့လ ဝီရိယရှိသော အရည်အချင်းနှင့်ပြည့်စုံသူ

33- တတောင်ဆစ် - ကြီးကျယ်ခန့်ညား မြင့်မြတ်သောစွမ်းရည်ရှိသူ ရည်မှန်းချက်မြင့်မားသောသူ

34- ယာဘက်လက်ကောက်ဝတ်တွင်ရှိက - စိစစ်သော ချွေတာသော လုပ်ငန်းမှန်သမျှ အောင်မြင်အောင်လုပ်တတ်သောသူ

35- ဝဲဘက်လက်ကောက်ဝတ်တွင်ရှိက - တီထွင်တတ်သော အနုပညာမျက်စိရှိသောသူ

36- လက်ချောင်းတွင်ရှိက - မရိုးသားသော မဖြောင့်မတ်မမှန်ကန်သော ချဲ့လွန်းသော အရိပ်အကဲနားမလည်သောသူ

37- နောက်ကျောတွင်ရှိက - ရိုးသားပွင့်လင်းစွာပြောဆိုတတ်သော မျှတစိတ်ရှိသောသူ

38- တင်ပါးဆုံတွင်ရှိက - ကြီးပွားလိုစိတ်နည်းပါးသောသူ

### မှဲ့၏ထူးခြားချက်များ


- ပျားရည်ရောင်ရှိက = အလွန်ကံကောင်းသည်။
- အနီရောင်ရှိက = ကံကောင်းသည်။
- အနက်ရောင်ရှိက = ဒုက္ခဖြစ်စေသည်။ စိတ်အားငယ်စေသည်။
- အရောင်ဖျော့သော် = တဖြည်းဖြည်းကံကောင်းစေသည်။
- အနက်ရောင်သန်း = ဒုက္ခဖြစ်စေသည်။ စိတ်ပျက်အားငယ်စေသည်။

### မှဲ့သဏ္ဌာန် ပြောင်းလဲမှုများ

- သွေးစို့နေသော် = မကြာခဏ ကျန်းမာရေးချို့တဲ့မှုဖြစ်နိုင်၏။ ဆရာဝန်နှင့် တိုင်ပင်သင့်သည်။
- လုံးဝန်းသော် = ဗိုလ်ကောင်းမွန်သော အကျင့်စာရိတ္တရှိသည်။
- လေးထောင့်ပုံရှိသော် = ဆိုးသော (ဝါ) မကောင်းသောအကျင့်ရှိသည်။
- ဘဲဥပုံရှိသော် = ကံမကောင်းပါ။
- အလျားရှည်သော် = ကြီးမားသောအောင်မြင်မှုရနိုင်သည်။
- မြင့်မောက်သော် = ကံအလွန်ကောင်းသည်။
- မှဲ့နှစ်ခု နီးကပ်စွာအတူရှိနေသော် = အချစ်၌ မွေလျှော်တတ်သည်။
- မှဲ့နှစ်ခု ခန္ဓာကိုယ်တစ်ဖက်တစ်ချက်စီ နေရာတူ၌ရှိနေသော် = နှစ်ဖက်မျှသောနှစ်ဖက်နှင့်ဆိုင်သော သဘော သဘာဝ၊ တစ်ကိုယ်ကောင်းစိတ် မနာလိုဝန်တိုစိတ်ကင်းသည်။

# ဦးခေါင်းများကို လေ့လာခြင်း Phrenology

၁၇၉၆ ခုနှစ်တွင် ဒေါက်တာဖရန့် ဂျိုးဇက်ဂေါလ်က မိမိ၏ လူနာဦးခေါင်းများကို လေ့လာခြင်းဖြင့် လူနာတို့၏ စိတ်အခြေအနေကို ပြောဆိုနိုင်ခဲ့သည်။ ထိုနှစ်မှာပင် သီအိုရီကို ထုတ်ဝေနိုင်ခဲ့သည်။ ဂေါလ်၏သုတေသနပြုချက်အရ၊ ဦးနှောက်ပုံသဏ္ဌာန်၊ ဦးခေါင်းခွံပုံပန်းတို့၏ ပြောင်းလဲချက်များတွေ့ခဲ့ရသည်။ ဂေါလ်၏တင်ပြချက်အရ ကိုယ်ခန္ဓာအစိတ်အပိုင်းပြောင်းလဲမှုကြောင့် လူတစ်ဦး၏ စိတ်အခြေအနေပြောင်းလဲမှု အကြောင်းခြင်းရာတို့ကို ပညာရှင်တို့က စိတ်ဝင်စားလာခဲ့သည်။ ၁၉ ရာစုအလယ်ပိုင်းတွင် လေ့လာစမ်းသပ်မှု အမြင့်ရောက်ရှိခဲ့၍ ထိုမှ အပိုင်း ၄၂ ပိုင်းကို သီးခြားစီ တင်ပြနိုင်ခဲ့သည်။




THE FACULTIES



## ဦးခေါင်းကိုလေ့လာခြင်း

- လုံးဝန်းသောဦးခေါင်းသည် ပြင်းထန်သော ယုံကြည်စိတ်ချခံရတတ်သော သတ္တိရှိသောသူဖြစ်သည်။ တစ်ခါတစ်ရံ ဂနာမငြိမ်ဖြစ်တတ်သည်။
- လေးထောင့်ပုံ ဦးခေါင်းပိုင်ရှင်သည် ခေါင်းမာခြင်း ယုံကြည်စိတ်ချအားကိုးလောက်သော ညှာတာထောက်ထားတတ်သော ရည်ရွယ်ချက်ရှိသောသူဖြစ်သည်။
- ကျယ်ပြန့်သောဦးခေါင်းသည် ဥပဒေအကြံပေးအရာရှိနှင့် ကြောတတ်သော အကျင့်ရှိသောသူတို့တွင် တွေ့ရသည်။
- ကျဉ်းမြောင်းသောဦးခေါင်းသည် အတွင်းစိတ်အတိုင်း အပြင်ရုပ်က ပြမှုသည်။ တစ်နည်း ရုပ်ကို စိတ်က ထိန်းနိုင်သည်။
- ဘဲဥပုံဦးခေါင်းသည် အသိဉာဏ်ဗဟုသုတရှိသူဖြစ်သည်။

### ထူးခြားသော စွမ်းရည်သတ္တိများ

| | |
|---|---|
| 1 ရာဂစိတ်ပြင်းထန်ခြင်း | = ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားမှုသဘော ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်နိုင်သောသဘော ရှိသည်။ |
| 2 လင်မယားနှင့်သက်ဆိုင်ခြင်း | = တစ်လင်တစ်မယားစနစ်ကို ကြိုက်နှစ်သက်သောသဘော၊ အချစ်စစ် အချစ်မှန်သည် မည်သည့်အခါမှ မဟောင်းနွမ်း။ မိမိနှစ်သက်သူကိုသာ လက်ခံနိုင်မည့်သဘောရှိသည်။ |
| 3 ဘိုးဘွားအမွေဆက်ခံခြင်း | = မိဘနှစ်ပါးအပေါ် ချစ်မြတ်နိုးသော သားသမီး ဝတ္တရားကျေပြွန်သော မျိုးရိုးကို ထိန်းသိမ်းစောင့်ရှောက်သောသဘောရှိသည်။ |
| 4 တွယ်ကပ်ခြင်း | = မျိုးချစ်စိတ်ရှိသော၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသောသဘော |
| 5 စေးကပ်သူ | = မေတ္တာသက်ဝင်ချစ်ခင်သောမိတ်ဆွေ ဖော်ဖော်ရွေ ရွေ ဆက်ဆံသောသဘောရှိသူ |
| 6 တစ်ဆက်တည်းဖြစ်ခြင်း | = ဉာဏ်ရည်သိပ်သည်းမှုကြောင့် ဆက်လက်လုပ်ကိုင်နိုင်သောသဘော အကျိုးအကြောင်းဆက်စပ်နိုင်သည်။ |
| 7 အသက်ရှင်၍နေနိုင်စွမ်း | = မိမိဘဝကိုရှင်သန်ရန် ကျန်းမာရေးကောင်းရန် ကြိုးပမ်းနိုင်သောသတ္တိရှိသည်။ |
| 8 တိုက်ခိုက်လိုခြင်း | = ရဲစွမ်းသတ္တိရှိသော၊ အခိုင်အမာပြောဆိုနိုင်သော ခံနိုင်ရည်ရှိသောအရည်အချင်း |
| 9 ဆောင်ရွက်ခြင်း | = ဆောင်ရွက်နိုင်သောသတ္တိ၊ ခံနိုင်ရည်ရှိသော အရည်အချင်း |
| 10 အစားအာဟာရနှင့် သက်ဆိုင်ခြင်း | = အာသာပြေရန် စားချင်စဖွယ်အစားအသောက် |
| 11 ရရှိခြင်း (ရရှိသောပစ္စည်းတန်ဖိုး) | = စိတ်ဆုံးဖြတ်ချက်ကို တွန်းထုတ်နိုင်သောအရည်အချင်း သတ္တိ |

12 လှို့ဝှက်ဖုံးကွယ်ခြင်း = သိုသိပ်ဆင်ခြင်စဉ်းစားတတ်သော အရည်အချင်းရှိခြင်းသဘော

13 ဆင်ခြင်နိုင်ခြင်း = သတိကောင်းစွာထား နိုင်သောသဘော

14 နှစ်သက်မှုကိုပြခြင်း = လူကြိုက်များသော ရေပန်းစားသောသဘော

15 မိမိကိုယ်မိမိ အထင်ကြီးခြင်း (အကောင်းထင်ခြင်း) = ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသော အာဏာရှိသောသဘော

16 တည်ကြည်မှန်ကန်ခြင်း = စိတ်တန်ခိုးသတ္တိရှိသော သည်းခံသော ဆုံးဖြတ်နိုင်သောသဘော

17 တာဝန်ကျေပြွန်ခြင်း = သမာဓိရှိသော ကိုယ်ကျင့်တရားကောင်းသော ဝေဖန်ပိုင်းခြားနိုင်သောသဘော

18 မျှော်လင့်တောင့်တခြင်း = ဖြစ်သမျှအကြောင်းအကောင်းချည်းဟု မျှော်လင့်ထားသောသဘော

19 ဘာသာရေးစိတ်ဓာတ်ရှိခြင်း = ဘာသာရေးနှင့်သက်ဆိုင်သောယုံကြည်မှု စိတ်တွင်အလိုလိုထင်လာခြင်း စိတ်နှင့်ဆိုင်သော နာမ်နှင့်ဆိုင်သောသဘော

20 လေးစားကြည်ညိုခြင်း = လေးစားခြင်းခံရသော စည်းမျဉ်းဥပဒေရေးဆွဲရသောသဘော

21 စိတ်ကောင်း စေတနာကောင်းရှိခြင်း = ရက်ရောခြင်း၊ စေတနာထက်သန်ခြင်း၊ ကိုယ်ချင်းစာတရားရှိသောသဘော

22 အပြုသဘောရှိခြင်း (တည်ဆောက်ခြင်း) = စက်အားဖြင့် လက်တွေ့လုပ်ခြင်းသဘော

23 စိတ်ကူးကောင်းခြင်း = အလှအပ ဣန္ဒြေရုံနှင့်သက်ဆိုင်သော အချစ်ဖြင့်လှပသာယာပြည့်စုံစေသောသဘော

24 မြင့်မြတ်သောဉာဏ်ရှိခြင်း = ကြီးကျယ်သောအပူအဆ ဖြစ်စေသော ဖန်တီးတတ်သောအရည်အချင်းနှင့်ပြည့်စုံသော အတတ်ပညာရှိသည်။

25 အတုခိုးခြင်း = ပြောင်ချော်ချော်အတုခိုးခြင်း၊ ဓာတ်သဘင်ပညာကဲ့သို့သော ဖေါ်ရွေသောအရည်အသွေး ပေါင်းသင်းနေထိုင်သော

26 ဆုညံ့စွာပျော်မြူးခြင်း = ပျော်ရွှင်မှု စိတ်လွတ်ကိုလွတ်ပျော်ရွှင်မှု

27 အကြောင်းရင်း = ထင်မြင်ချက်၊ ယူဆချက်၊ အကြောင်းပြချက်ခိုင်လုံသော စွမ်းရည်သတ္တိရှိ စည်းမျဉ်းနှင့် လုပ်နတ်နိုင်မှုသတ္တိ

28 နိူင်းယှဉ်ခြင်း = လေ့လာတွေ့ရှိချက်များကို ခန့်မှန်းအတည်ပြုနိုင်ခြင်း

29 လူ့ဘဝ = လူတို့၏ပုံသဏ္ဌာန်နှင့် အရည်အသွေးကို ခန့်မှန်းနိုင်သော

30 သဘောကျခြင်း = တိုက်တွန်းနိုင်သောစွမ်းရည်၊ စကားလုံးသုံးကျွမ်းကျင်လိမ္မာမှုရှိသော

31 နောက်ဆုံးဖြစ်နိုင်သည့်ကိစ္စ = ဖြစ်နိုင်သည့်ဆုံးဖြတ်ချက်၊ အဖြစ်အပျက်အတွေ့အကြုံပေါ် လေ့လာဆုံးဖြတ်မှု

32 အချိန်ကာလ = စယားဖြင့် အဆုံးအဖြတ်ပေးနိုင်သောသဘော တတ်သောအရှိန် အချိန် ရက် လ နေ့ရဲ့ မှတ်မိမှုအရည်အချင်း

33 တီးလုံး = နားထောင်နိုင်မှု ဂီတကိုခံစားနိုင်ခြင်း

34 ဘာသာစကား = တစ်ခြားဘာသာစကား တတ်ကျွမ်းနိုင်သောရေးသားမှု ပြောဆိုနိုင်မှုအရည်အသွေး

35 တသီးတသန့် သဘောလက္ခဏာ = စိတ်ပါဝင်စားမှု ကွဲပြားခြားနားမှု အရည်အသွေးလေ့လာတွေ့ရှိရာတွင် ညှိနိုင်းတင်ပြနိုင်မှု

36 ပုံသဏ္ဌာန် ပုံစံ = မျက်မြင်အရောင်အသွေး ကျွမ်းကျင်မှု

37 အရွယ်ပမာဏ = ဆုံးဖြတ်ခန့်မှန်းမှုသည် အရွယ်အစား အတိုင်းအတာအပေါ်မှီ၍ ပြောင်းလဲခြင်းရှိ


38 အလေးချိန် = ဉာဏ်သွေးပြည့်ဝမှု၊ ဆုံးဖြတ်ခန့်မှန်းချက် မှန်ကန် မှု


39 အရောင်အသွေး = အရောင်က ရောစပ်ရာတွင် ကျွမ်းကျင်မှုနှင့် အသုံးပြုသည့်အရောင်

40 အစီအစဉ် အဆင့်အတန်း = စုစည်းနိုင်မှု၊ စနစ်ကျနမှု၊ သိပ်သည်းကျစ်လစ်မှု

41 ရေ့ရေးခန့်မှန်းချက် (အတွက်အချက်) = တွက်ချက်နိုင်သောအရည်အချင်း သတ္တိ

42 အခြေစိုက်ခြင်း (ဒေသန္တရ) = တည်နေရာနှင့်ခရီးလမ်းပန်းဆက်သွယ်မှု ကောင်းသောနေရာ




ထူးခြားသောစွမ်းရည်များထဲမှ အချို့ပုံများကို ဖော်ပြထားသည်။

ပုံ a – သတိရှိခြင်း၊ ဆင်ခြင်စူးစမ်းခြင်းရှိသောသူ၏ ဦးခေါင်းပုံ
b – နှစ်သက်သဘောတူညီမှုကို ပြသောသူ၏ ဦးခေါင်းပုံ
c – ဉာဏ်ထိုင်းသော အူသော အသောသူ၏ ဦးခေါင်းပုံ
d – ရာဇဝတ်ကောင်၊ ပြစ်မှုကျူးလွန်သူ၏ ဦးခေါင်းပုံ
e – ကဗျာဆရာ ဦးခေါင်းပုံ
f – ရာဇဝတ်ပြစ်မှုနှင့် ဆက်စပ်နေသူ ဦးခေါင်းပုံ
g – ကျင့်ဝတ်သိက္ခာရှိသူ ဦးခေါင်းပုံ





# Metoposcopy





နဖူးပေါ်ရှိအမှတ်အသား အကျဉ်းအကျယ်ကို လေ့လာခြင်းအားဖြင့် လူတို့၏ဘဝကို သရုပ်ဖော်နိုင်ခဲ့သည်။ ဂျာရိုမီကာဒန်(၁၅၀၁–၁၅၇၆)သည် နဖူးပေါ်ရှိ အရေးအကြောင်း အမှတ်အသားများကို ဖော်ထုတ်တင်ပြနိုင်ခဲ့သည်။ ဂျာရိုသည် ရူပဗေဒ၊ သင်္ချာဗေဒ၊ ဆေးကုသရေးပညာတို့တွင် ကျွမ်းကျင်ရာ ထိုပညာများနှင့် နှိုင်းယှဉ်လေ့လာနိုင်ခဲ့သည်။ ဂျာရိုသည် မိမိ၏လူနာများထဲမှ အရောင်ငန်းဖြားရောဂါသည်တို့ကို ရွေးချယ်တွက်ချက်ကာ ထိုသူတို့၏အဖြေများကို သိအိရိထုတ် သက်သေပြနိုင်ခဲ့သည်။ တစ်ဖန် နက္ခတ်တာရာပညာနည်းအရ မျက်နှာရာပေါင်းများစွာကို လေ့လာနိုင်ခဲ့သည်။ ၁၅၇၀ ခုတွင် သူ၏မှန်ကန်ချက်ကို လူထုအား ရေးသားတင်ပြနိုင်ခဲ့ပြန်သည်။ ကာဒန်မျက်နှာစာအုပ်တွင် ပန်းချီရုပ်ထု(၈၀၀)ကျော် ပုံနှင့်တကွ တွေ့ရှိချက်ကို ခွဲခြားရေးသားဖော်ပြထားသည်။ ဥပမာ ပုံအရ–

(၁) ငြိမ်းချမ်းရေးနှင့် အောင်မြင်ရေး ရရှိသောသူ။
(၂) ရန်လိုသော၊ ငြင်းခုန်တတ်သော လူသတ်လိုသောသူ။
(၃) ဘာသာတရားကိုင်းရှိုင်းသူ။
(၄) ဥပစ္ဆေဒကကံစီရင်မှုကြောင့် တမလွန်ဘဝသို့ ထွက်ခွာသွားရသူ။
(၅) အိမ်ထောင်မစွမ်းရှိသောသူ။
(၆) စစ်ရေး၌ လွန်စွာကျွမ်းကျင် လိမ္မာပါးနပ်သူ။
(၇) အဆိပ်မိခံရသောသူ။
(၈) ဦးခေါင်း၌ ဒဏ်ရာ အနာရရှိမည့်သူတို့၏ ရုပ်ထုကို ရွေးချယ်ဖော်ပြပေးထားသည်။


## အရေးအကြောင်း အမှတ်အသားများကိုလေ့လာခြင်း

နဖူးပေါ်တွင် မျဉ်းဖြောင့်ဖြင့် ခုနစ်ပိုင်း အညီအမျှပိုင်းထားပါသည်။ ထိုအကွာအဝေးသည် လူတို့၏ လွှမ်းမိုးခံရသောဗီဇကိုဖေါ်ပြသည့် အမှတ်အသားပင်တည်း။ ထိုအမြောင်းတို့ကြားတွင် ဂြိုဟ်နက္ခတ်လိုင်းများရှိသည်။ နဖူးပေါ်ရှိ ဂြိုဟ် နက္ခတ်လိုင်းများနှင့် အမှတ်အသားများပေါင်းစပ်၍ အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ပိုမိုတိကျမှန်ကန်မှုရရှိမည်။

### နက္ခတ်တာရာ ဂြိုဟ်မျဉ်းများ





## နက္ခတ်တာရာ ဖြိုဟ်မျဉ်းများ

### 1 - စနေဂြိုဟ်မျဉ်း

အကယ်၍ မျဉ်းသည် ထင်ရှားဖြောင့်တန်းနေပါက မမှေ့မလျော့သော ဆင်ခြင်ဝှူးစမ်းသော ဉာဏ်အမြော်အမြင်ရှိသော ကောင်းစွာစတ်သိနားလည်သော အရည်အချင်းများနှင့်ပြည့်စုံသည်။

### 2 - ကြာသပတေးဂြိုဟ်မျဉ်း

အကယ်၍ မျဉ်းသည် ထင်ရှားဖြောင့်တန်းစွာရှိနေပါက ဖြောင့်မတ်ရိုးသားသော စိတ်သဘောထားကြီးသော ကံကောင်းသော အရည်အချင်းရှိသည်။

အကယ်၍ ထိုမျဉ်းသည် စနေဂြိုဟ်မျဉ်းထက်ရှည်နေပါက ဥစ္စာ ဓန ပေါကြွယ်ဝသူဖြစ်သည်။

### 3 - အင်္ဂါဂြိုဟ်မျဉ်း

အကယ်၍ အင်္ဂါဂြိုဟ်မျဉ်းသည် နက်နဲစွာထွင်းထားပုံနှင့်တူလျှင် ရဲရင့်သော ကြီးပွားလိုစိတ်ရှိသော သည်းခံတတ်သော အရည်အချင်းရှိသည်။

ကျိုးပြတ်နေပါက (မထင်မရှားဖြစ်နေက) ငြင်းခုန်တတ်သော ကာမဂုဏ် အာရုံ အလွန်အကျူးလိုက်စားသောသူဖြစ်သည်။

### 4 - နေဂြိုဟ်မျဉ်း

အကယ်၍ နေဂြိုဟ်မျဉ်းသည် ထင်ရှားပြတ်သားဖြောင့်တန်းစွာရှိနေပါက ကြီးပွားလိုစိတ်ရှိသော လောကီနှင့်ဆိုင်သော အောင်မြင်မှုရှိသည်။

ပြတ်တောက် မထင်မရှားဖြစ်နေက မာနကြီးသော လောဘရမ္မက်ကြီးသောသူဖြစ်သည်။

ကွေးကောက်နေက အဘိဇ္ဈာအားကြီးသူဖြစ်သည်။ အခြားမျဉ်းတစ်ခုခုကဖြတ်နေပါက ကျော် ဇောကိတ္တိရှိသော ကောင်းချီးသြဘာပြုခံရသော ဥစ္စာ ဓန ပေါကြွယ်ဝသောသူဖြစ်သည်။

### 5 - သောကြာဂြိုဟ်မျဉ်း

အကယ်၍ ထင်ရှားနေက အချစ်ရေးတွင် ပျော်ရွှင်မှုရရှိမည့်သူဖြစ်သည်။
ပြတ်တောက်နေသော် အချစ်ရေးတွင် စိတ်ကူးယဉ်မှုသာ ရှိတတ်သူဖြစ်သည်။

### 6 - ဗုဒ္ဓဟူးဂြိုဟ်မျဉ်း

အကယ်၍ သုံးပိုင်းကွဲနေက ဟာသဉာဏ်ရှိသောသူ အပြောအဆိုကောင်းသောသူဖြစ်သည်။
အကယ်၍ ထင်ရှားစွာ အပေါ်သို့ကွေးတက်နေသော် ကံကောင်းသောသူဖြစ်သည်။



### 7 - လဂြိုဟ်မျဉ်း

အကယ်၍ လဂြိုဟ်မျဉ်းသည် ထင်ရှားနေပါက ခရီးသွားရသော စိတ်ကူးဉာဏ်ကောင်းသော ပကတိဉာဏ်ကောင်းသောသူ။

- ပြတ်တောက်နေက ရုတ်ချည်းစိတ်ထိခိုက်သော စိတ်မထိန်းနိုင်သော၊ စိတ်သဘောပြောင်းလဲတတ်သောသဘောဖြစ်သည်။

- အခြားမျဉ်းတစ်ခုက လဂြိုဟ်မျဉ်းပေါ်ဖြတ်နေပါက စစ်မက်ရေးရာတို့တွင် အလွန်ထူးချွန်အောင်မြင်မည့်သူဖြစ်သည်။

### နဖူးပေါ်ရှိမျဉ်းကြောင်းများ

| | |
|---|---|
| - လှိုင်းတွန့်များဖြစ်နေသော် | = ရေလမ်းခရီးသွားရသောသူ (သင်္ဘောသား) |
| - အနားနှစ်ဖက်အောက်သို့ စိုက်နေသော် | = ကုန်းလမ်းခရီးသွားရသောသူ |
| - အနားနှစ်ဖက်အပေါ်သို့ ထောင်တက်နေသော် | = လေကြောင်းခရီးသွားရသောသူ |
| - တစ်ဖက်ကွေးမျဉ်းဖြောင့်နေသော် | = ကျန်းမာရေးချို့တဲ့သူ |
| - တစ်ဖက်စောင်းမျဉ်း | = ပျော်ရွှင်မှုရရှိသောသူ |
| - ရေပြင်ညီမျဉ်းတစ်ကြောင်း | = စစ်တိုက်ရာတွင် အောင်မြင် ကျွမ်းကျင် တတ်မြောက်သူ။ |
| - ထောင့်ဖြတ်မျဉ်းတစ်ကြောင်း | = ခွန့်ခွန့်စားစား ရဲရဲဝံ့ဝံ့ ဆောင်ရွက်တတ်သူ |
| - ရေပြင်ညီမျဉ်းနှစ်ကြောင်း | = ပျော်ရွှင်မှုကိုရသော ကံဖေ ၁င်းသောသူ |
| - ရေပြင်ညီမျဉ်းသုံးကြောင်းသည် နဖူး၏အပေါ်ပိုင်းတွင်ရှိက | = နူးညံ့သိမ်မွေ့သော ငြိမ်းချမ်းရေးကိုလိုလားသောသူ သို့သော် ငွေကြေး မတည်မြဲချေ။ |
| - ရေပြင်ညီမျဉ်းသုံးကြောင်းသည် နဖူး၏အောက်ဖက်ပိုင်းတွင်ရှိက | = အဓမ္မပြုတတ်သောသူ |
| - ကျယ်ပြန့်ထင်ရှားသော ရေညီပြင်မျဉ်းသုံးကြောင်းရှိက | = ဉာဏ်အမြော်အမြင်ရှိသူ ဘာသာရေးကိုင်းရှိုင်းသူ |
| - ရေညီပြင်သုံးကြောင်းကို အခြားထောင်လိုက်မျဉ်းတစ်ခုကဖြတ်သော် | = အသက်ရှည်သောသူ |
| - ဆံစပ်အခြေနှင့် နီးကပ်နေသော် | = အကင်းပါးသော ဉာဏ်အမြော်အမြင်ရှိသောသူ |
| - ပြတ်တောက်နေသော် | = ဒေါသဖြစ်တတ်သောသူ |
| - ဝဲဘက်မျက်ခုံးပေါ်တွင်ရှိက | = စိတ်ကူးဉာဏ်ကောင်းသော ထက်သန်သောသူ |
| - ယာဘက်မျက်ခုံးပေါ်တွင်ရှိက | = ကြီးပွားလိုစိတ်ရှိသောသူ |
| - ယာဘက်မျက်ခုံးပေါ်တွင် ရှိသင့်သည်ထက်ပိုရှည်သော် | = အောင်မြင်ကျော်ဇောသူ |
| - ယာဘက်မျက်ခုံးပေါ်တွင်ပြတ်တောက်နေသော် | = မာနကြီးသူ မိမိကိုယ်မိမိ အထင်ကြီးသူ |
| - မျက်ခုံးနှစ်ခုကြား ထောင်လိုက်မျဉ်းသည် | |
| - တစ်ကြောင်းရှိနေသော် | = စိတ်တသမတ်တည်းထားသောသူ |
| - နှစ်ကြောင်းရှိနေသော် | = ပြောင်းလဲနိုင်ချေရှိသောသူ |
| - သုံးကြောင်းရှိနေသော် | = လက်တွေ့ဆန်သော ဝတ္တရားကျေပြွန်သောသူ |
| - လေးကြောင်းရှိနေသော် | = စိတ်မြန်လက်မြန်ရှိသော စိတ်ပွဲ့လွင့်သော စိတ်လှုပ်ရှားလွယ်သောသူ |

# သဘာဝပတ်ဝန်းကျင်မှ နိမိတ်ကောက်ဗေဒင်

၁ ၁၈၉၅ ခုနှစ် ပန်းပုလက်ရာတွင် တွေ့ရသည့်အတိုင်း ပြီးခဲ့သောရာစုနှစ်တွင် လက်ဖက်ရွက်ကို ကြည့်ရှုစစ်ဆေး၍ နိမိတ်ကောက်ဗေဒင်ဟောကြားမှု ခေတ်စားခဲ့ဘူးကြောင်း သိရှိနိုင်သည်။

၂ ကိရိယာတန်ဆာပလာ အကူအညီမယူဘဲ ဗေဒင်သက်သက်ဟောကြားလိုသူများက လက်မခံသော်လည်း လက်ဖက်ရွက်ကို အလွယ်တကူနိမိတ်ကောက်နိုင်ရန် အထူးစီမံပြုလုပ်ထားသော ပန်းကန်ပြားတစ်ချပ်ကို သရုပ်ပြပုံအရ သိနိုင်သည်။


၃ အာရှအရှေ့ဖျားနိုင်ငံများ ခံယူလေ့ရှိသော ၁၂ ရာသီဂြိုဟ်ခွင်စက်၌ ရာသီအသီးသီး၏ အထိမ်းအမှတ်အဖြစ် တိရစ္ဆာန် ၁၂ ကောင် ရုပ်ပုံများကို တင်စားအသုံးပြုလေ့ရှိကြောင်း တရုတ်သစ်သားဘလောက်တုံးဖြင့် ပုံနှိပ်ထားသောပုံအရ သိရှိနိုင်သည်။

၄ ဂြိုဟ်နက္ခတ်များ ဖြန့်ကျက်မှုပြဆိုသော မိဿမှ မိန်အထိ ရာသီ ၁၂ ပါးသည် လူ့ခန္ဓာကိုယ်နှင့် ဆက်စပ်ကြောင်း နက္ခတ္တဗေဒပညာရှင်များက ခံယူကြသည်။ ယခုဖော်ပြထားသော 'ကာလပုရိသယောကျ်ား' ပုံမှာ ၁၅ ရာစုခေတ် စပိန် သစ်ထွင်းပန်းချီပုံဖြစ်သည်။

၅ 'ကမ္ဘာမြောက်ပိုင်းခြမ်း ကောင်းကင်အနေအထား'ဟု အမည်ပေးထားသော ဂျူးရား၏ ပန်းပုလက်ရာတွင် ကမ္ဘာကိုဝန်းပတ်သော အာကာသကောင်းကင်စက်ဝန်း၌ ကြယ်နက္ခတ်များ ၁၂ စုဝန်းရံတည်ရှိနေပုံကို တွေ့မြင်နိုင်သည်။












# မီးဖြင့် နိမိတ်ကောက်ခြင်း

မီးကို တန်ခိုးရှင်နတ်အဖြစ်ကိုးကွယ်ခဲ့သော သို့မဟုတ် နတ်များအား မီးဖြင့်လောင်မြိုက်အသုံးပြုရှိသောယဇ်ပူဇော်မှုများဖြင့် ပူဇော်ပသခဲ့ကြသော လူ့အဖွဲ့အစည်းများ၌ မီးဖြင့်နိမိတ်ဖတ်ခြင်းကိုစ သည် ဖြစ်ထွန်းခဲ့သည်မှာ ထင်ရှားပါသည်။ ယစ်ပူဇော်အခမ်းအနားခွဲ၌ နိမိတ်ဖတ်သူများသည် လောင်မြိုက်နေသောမီးကို နိမိတ်ဖတ်ရာတွင် အကယ်၍ အသံဗလံမပြည့် မီးခိုးမထွက်သော ကောင်းသောနိမိတ်ဟု ခံယူခဲ့ကြသည်။ ဖယောင်းသို့မဟုတ်ငါးရွက်များ ကဲ့သို့ ရုံမှုန့်များနှင့် ... များကို နတ်ပူဇော်ပသဖွယ်ပစ္စည်းအဖြစ် အသုံးပြု၍ ယစ်ပူဇော်မီးပုံပေါ်သို့ ကြဲပက်ရာတွင် ... ချက်ချင်းလောင်ကျွမ်းသွားခြင်းကိုလည်းပဲ ကောင်းသောနိမိတ်ဟု မှတ်ယူခဲ့ကြသည်။

မီးခိုးဖြင့်နိမိတ်ဖတ်ခြင်းသည် မီးဖြင့်နိမိတ်ဖတ်ခြင်းနှင့် ဆက်သွယ်နေသည်မှာ အထူးရှင်းပြစရာမလိုပါ။ ယစ်ပူဇော်မီးမှထွက်ပေါ်သော မီးခိုးဖြင့်လည်းကောင်း အမွှေးတိုင်နှင့် အမွှေးနံ့သာမှုန့်များ ထွန်းညှိပက်ဖျန်းရာမှ ထွက်ပေါ်သောမီးခိုးဖြင့်လည်းကောင်း နိမိတ်ဖတ်နိုင်ခဲ့ကြမည် ဖြစ်ပါသည်။ မီးခိုး၏ ပုံပန်းသဏ္ဌာန်အရဖြင့်သာမက အနံ့ဖြင့်လည်း နိမိတ်ကောက်ယူခဲ့ကြပေမည်။



## မီးဖြင့်နိမိတ်ဖတ်ခြင်းအမျိုးမျိုး

- သစ်ရွက်သစ်ကိုင်းများကို မီးရှို့ခြင်း
- မီးပုံအတွင်း အရာဝတ္ထုပစ္စည်းများ ပစ်ချလောင်မြိုက်စေခြင်း။
- ဦးရစ်လုပ်သော ပန်းနွယ် ပန်းကုံးများကို မီးရှို့ရာတွင်မူ အသံမြည်လေ နိမိတ်ကောင်းလေဟု ခံယူကြသည်။
- ဆားကို မီးရှို့ခြင်း
- အဖြူရောင်ကြမ်းပြင်ပေါ်၌ စက္ကူတစ်ရွက်မီးရှို့၍ စွန်းထင်သောအကွက်ကိုကြည့်၍ နိမိတ်ဖတ်ခြင်း။
- ရဲရဲနီနေသောသံပြားအပေါ် မဂဏန်းရှိသော ကောက်ရိုးမျှင်ပစ်ချခြင်းဖြင့် ဖြစ်ပေါ်လာသော အစွန်းအထင်းများဖြင့် နိမိတ်ကောက်ခြင်း၊ ဤနေရာ၌ မီးတောက်နှင့် မီးခိုး သဘာဝကို လျစ်လျူရှုမထားကြောင်း သတိပြုရန်ဖြစ်သည်။

## မီးမြိုက်ကျောက်တုံးဖြင့်နိမိတ်ဖတ်ခြင်း

ဟာလိုတင်းပွဲနေ့၌ နိမိတ်ကောက်လိုသူများသည် အဖြူရောင်ကျောက်တုံးပေါ်တွင် အမှတ်အသားပြုပြီး မီးပုံတွင်းသို့ ပစ်ချရမည်။ နောက်နေ့၌ ၎င်းပြာပုံအတွင်း၌ မိမိပစ်ချထားသော ကျောက်တုံးကိုရှာဖွေ၍ အခြေအနေကြည့်ရမည်။ အကယ်၍ ကျောက်တုံးသည် တစ်စုံတစ်ရာပျက်စီးမှုမရှိပါက နောင်လာမည့်တစ်နှစ်အတွင်း ကံကောင်းမည့်နိမိတ်ဟု မှတ်ယူရန်ဖြစ်သည်။ အကယ်၍ ပျောက်ဆုံးနေခြင်း၊ တစ်နည်းနည်းဖြင့် ပျက်စီးနေခြင်း တွေ့ရပါမူ မကောင်းသောနိမိတ်ဟု မှတ်ယူရန်ဖြစ်ပေသည်။

## မီးပုံပေါ်မှ ရုပ်ပုံများ

မီးခဲပြာဖုံးဖြစ်နေသော မီးသွေးမီးပုံရှေ့တွင် ငြိမ်သက်စွာထိုင်၍ ဆားလက်တစ်ဆုပ်စာကို မီးပုံပေါ်သို့ ကြဲချလိုက်ပါ။ မီးတောက်နှင့် ဆားဖောက်သံငြိမ်သွားပြီးနောက် မီးပုံပေါ်တွင် ဖြစ်ပေါ်လာမည့်ရုပ်ပုံများကို သေချာစွာဆန်းစစ်ရန်ဖြစ်သည်။ ၁၀ နှင့် ၁၅ မိနစ်ခန့် ငြိမ်သက်စွာ အာရုံစိုက်ကြည့်ရှုသည့်တိုင် အရေးပါလောက်သော အကြောင်းအချက်တစ်စုံတစ်ရာ မတွေ့ရသော် သင့်လုပ်ဖွယ်ကိစ္စကို ၂၄ နာရီမျှ ရွှေ့ဆိုင်းရန်ဖြစ်သည်။ အဓိပ္ပါယ်တစ်ရာတစ်ရာဖော်ဆောင်သော အရိပ်ရုပ်ပုံဖြစ်စေရန် ၎င်းသည် မီးသွေးတုံးများမှ မီးနီးအဖြစ် ထင်ရှားစွာထွက်ပေါ်ရမည်သာဖြစ်သည်။



ဖြစ်ပေါ်တတ်သော အရိပ်ရုပ်ပုံနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

| | |
|---|---|
| အဆောက်အအုံပုံ ။ ။ | ပျော်ရွှင်မှု။ |
| အဆောက်အအုံပြိုကျဟန် ။ ။ | အိမ်နှင့် အလုပ်အကိုင်နေရာဌာန ပြောင်းရွှေ့ရမှု။ |
| ရဲတိုက် ။ ။ | တစ်စုံတစ်ဦးက သင့်အကြောင်း စဉ်းစားနေသည်။ |
| ကြောင်ရုပ်ပုံ ။ ။ | ပျော်ရွှင်ဘွယ်ကိစ္စ ဖြစ်ပေါ်တော့မည်။ |
| နွားရုပ်ပုံ ။ ။ | တစ်စုံတစ်ဦးက သင့်အကြောင်းတွေးတောနေသည်။ |
| ခွေးရုပ်ပုံ (၁) ။ ။ | မိတ်ဆွေဖြစ်မှု |
| လင်းယုန်ငှက်။ ။ | သတိပေးချက်တစ်ရပ်။ |
| မျက်နှာပုံ (၂) ။ ။ | တောက်ပကြည်လင်သော် မျက်နှာပိုင်ရှင်က စိတ်ချမ်းသာမှုပေးမည်။ အကယ်၍ မှိုင်းညို့သောမျက်နှာပိုင်ရှင်က စိတ်ဆင်းရဲမှု ဒုက္ခပေးမည်။ |
| ပန်းပွင့် (၃) ။ ။ | စိတ်ပျက်ဖွယ်ကိစ္စ။ |
| ရေပန်း။ ။ | ပျော်ရွှင်မှု။ |
| သစ်သီး။ ။ | အကယ်၍ရူးဆွတ်ပြီးသားပုံဆိုသော် စိတ်မချမ်းမြေ့ဘွယ် အချစ်ရေး။ သစ်ကိုင်း၌ သီးဆဲပုံဆိုသော် ပြဿနာများ ပြေလျော့ပြီး စိတ်ချမ်းမြေ့မှု ရရှိမည့်နိမိတ်။ |
| လက်ဝါးပုံ (၄) ။ ။ | ပြန့်ကားထားသော သင်နှင့်နီးစပ်သူတစ်ဦးသည် အကူအညီ လိုအပ်နေခြင်း။ လက်သီးဆုပ်ထားဟန်ရှိသော် မမျှော်လင့်ဖွယ်ဖြစ်ရပ် ပေါ်ပေါက်လာမည့်နိမိတ်။ |
| ပုဆိန်အတို။ ။ | အတိဒုက္ခနိမိတ်။ |
| မြင်း။ ။ | ခရီးယာယီ။ |
| ကျား၊ ခြင်္သေ့ အစရှိသော သားရဲတိရစ္ဆာန် | ခရီးဝေးမှ သတင်းကြားရခြင်း။ |
| တောင်ကုန်း ။ ။ | အောင်မြင်မှု |
| ကျောက်တိုင်၊ အိမ်တိုင်။ ။ | ချစ်ရေးကြိုက်ရေးကိစ္စ။ ကြည်လင်ထွန်းပသော် အချစ်ဟောင်းပြန်ရောက်လာမည့်နိမိတ်။ |
| လက်စွပ်။ ။ | ကြီးကြီးတစ်ကွင်းဆိုသော် လက်ထပ်မင်္ဂလာပွဲ။ နှစ်ကွင်းဆိုသော် နောက်ပိုင်းတွင် ဒုက္ခနှင့်အဆုံးသတ်မည့် ကမန်းကတန်းမင်္ဂလာဆောင်။ |
| ပင်လယ်။ ။ | လှိုင်းလေ ငြိမ်သက်ဟန်ရှိသော် အေးချမ်းသောဘဝက လှိုင်းလေထန်သော် ရုန်းကန်လှုပ်ရှား ပင်ပန်းသောဘဝ။ |
| သိုး။ ။ | ကံကောင်းခြင်း။ |
| သင်္ဘော။ ။ | ခရီးထွက်ခြင်း။ |
| ဖိနပ်။ ။ | သတင်းကောင်း။ |
| လှေခါးထစ် သို့မဟုတ် လှေခါး။ ။ | ဆုတောင်းတစ်ခုပြည့်မည်။ ကြည်လင်သော် မြန်မည်။ မည်းမှောင်မှိုင်းညို့သော် နှေးမည်။ |
| ဓါး ။ ။ | ဘေးအန္တရာယ်။ |
| သစ်ပင်။ ။ | အချစ်ရေး သို့မဟုတ် စီးပွားရေးတွင် ကြီးကျယ်သော အောင်မြင်မှု။ |
| လေရဟတ်စက်ရုံ။ ။ | ကြည်လင်သော် ကောင်းသောပြောင်းလဲမှုတစ်ရပ်။ မှိုင်းရီသော် မကောင်းကျိုးပေးမည့်ပြောင်းလဲမှု။ |
| တောင်ပံ။ ။ | ခရီးထွက်ခြင်း။ |



## မီးကျီးခဲပြာဖြင့် နိမိတ်ကောက်ခြင်း

မီးပုံမှပြာများ လွင့်စင်မှုကို နိမိတ်ကောက်ယူခြင်းသည်လည်း ထူးခြားသည်။ မီးပုံအနီးလူအများရှိသော် ပြာမှုန့်နှင့် အနီးဆုံးရှိသူနှင့် ပို၍သက်ဆိုင်သည်။

ပျံ့လွင့်သောပြာမှုန့်သည်

- ပုခက်ပုံဆိုသော် ကလေး၊ သို့မဟုတ် အကြံပြုအကြောင်းကြားချက်တစ်ရပ်
- လက်ကိုင်အိတ်ပုံ ဆိုသော် ငွေကြေးဝင်မည့်နိမိတ်
- ငှက်ပုံဆိုသော် ပေးစာတစ်စောင်ရရှိမည်။
- ဓားလက်နက်ပုံဆိုသော် ရန်မွဲဖြစ်ပွားရစ်ရှိခြင်း။
- နှလုံးသားပုံဆိုသော် တစ်ဦးတစ်ဦးသည် သင့်အကြောင်းကို စဉ်းစားနေခြင်း
- မှာသာခေါင်းပုံဆိုသော် အနိဋ္ဌာရုံသတင်း။

## မီးပုံအတွင်းမှ သင့်ဆုတောင်း

စက္ကူတစ်ရွက်ပေါ်တွင် သင်လိုရာဆုတစ်မျိုးကို ရေး၍ မီးခိုးထုတ်တိုင်အောင် မီးပုံပေါ်သို့ ပစ်ချပါ။ အကယ်၍ မီးခိုးပြာသည် မီးခိုးထုတ်တိုင်အထက်သို့ တက်သော်ဆုတောင်းပြည့်မည်။ ပြာကျသွားသော် ဆုတောင်းပြည့်မည်။

အကယ်၍ မီးပိုမရှိသော် မီးခဲပြာတစ်ခုခုပေါ်သို့ငင်းစက္ကူကို မှောက်လျက်ချထားပြီး မီးရှို့ပါ။ အကယ်၍ ငင်းစက္ကူသည် တစ်ကြိမ်တည်းနှင့် လုံးဝပြာကျသော် သင့်ဆုတောင်းပြည့်မည်။ တစ်ပိုင်းတစ်စသာမီးလောင်သော် သင့်ဆုတောင်း ပြည့်မည်မဟုတ်ဟု မှတ်ယူရန်ဖြစ်၏။

## မြေကြီးဖြင့် နိမိတ်ကောက်ခြင်း

မြေကြီးဖြင့် နိမိတ်ကောက်ခြင်းဆိုရာတွင် သဲမှုန့်၊ ဖုန်မှုန့်နှင့် မြေမှုန့်အခြောက်များဖြင့် နိမိတ် ကောက်တတ်ခြင်းမျိုးဖြစ်သည်။ အာရပ်လူမျိုးများ မြေကြီးဖြင့်နိမိတ်ကောက်တတ်သူများသည် မြေမှုန့် လက်တစ်ဆုပ်စာကို ပြန့်ဖြူးသောမြေပြင်သို့ ဖြူးချပြီး ဖြစ်ပေါ်လာသော ပုံဟန်အကွက်ကို ဆန်းစစ်၍အဟောထုတ်ကြသည်။ နက္ခတ်ဗေဒပညာရှိများသည် မြေပြင်၌ရေးဆွဲထားသော နိမိတ်ကောက် အကွက်သို့ လက်ကြားမှ မြေမှုန့်များကျစေပြီး အဟောထုတ်ကြသည်။ ရွှံ့မြေ နုံးမြေထည့်ထားသော ဇလုံအကွက် ပုစ္ဆန်လုံး ဂဏန်းကောင်လွှတ်၍ ဖြစ်ပေါ်သောခြေရာဖြင့် အချို့သော အာဖရိကတိုက်မှ လောကီပညာရှင်များက နိမိတ်ကောက်ပြီး အဟောထုတ်ကြသည်။ ပို၍သစ်လွင်သောနည်းလမ်းမှာ မြေပေါ်တွင် ခဲတံ အစရှိသော ထိပ်ချွန်ပါတောက်တံဖြင့် မှန်းရမ်းထောက်ပြီး ဖြစ်ပေါ်သောအမှတ် လက္ခဏာများကို နိမိတ်ကောက်ဟောကြားသည်။ ဤနည်းမှာ အလိုအလျောက်ရေးသားခြင်း (AUTOMACC WRITING) နည်းနှင့် ခပ်ဆင်ဆင်တူပါသည်။

## သဲမှုန့်ဖြင့်နိမိတ်ကောက်ခြင်း




သဲ သို့မဟုတ် မြေမှုန့်အချို့ကို လင်ပန်းတစ်ချပ် သို့မဟုတ် ပြန့်ပြူးသောနေရာတွင် ဖြန့်ခင်းပါ။ ၎င်းမြေမှုန့်အပေါ်တွင် အမှတ်အသားများပြုလုပ်ရန် တုတ်ချွန် သို့မဟုတ် ခဲတံ အသုံးပြုနိုင်သည်။ လုံးဝမှောင်ချထားသောနေရာတွင် သို့မဟုတ် မျက်လုံးနှစ်ဘက်စလုံးကို အဝတ်စည်းထားပြီး ဆိတ်ငြိမ်စွာထိုင်နေရမည်။ ဗေဒင်မေးသူသည် ကြားရမည့်ဟောကိန်းကို အာရုံပြုလျက် နိမိတ်ကောက်သူအနီး ထိုင်နေရမည်။ သင့်လက်ကောက်ဝတ်ကို လင်ပန်း၏အစွန်းပိုင်း၌ ထိကပ်ထားပြီး ထိပ်ချွန်ထောက်တံကို သဲပြင်နှင့်ထိရုံမျှထိထားစေရမည်။ စိတ်ကိုကြည်လင်အောင်ထားပြီး ထိပ်ချွန် ထောက်တံ အလိုအလျောက် ထောက်ချင်သလိုထောက်မိအောင် စီစဉ်ဖန်တီးရမည်။ ၎င်းထောက်တံလှုပ်ရှားမှု အသေအချာရပ်ဆိုင်းပြီဟု သေချာမှ တွေ့ရှိရသော အမှတ်အသားများကို နိမိတ်ကောက်ရန်ဖြစ်သည်။ ဗျည်းများ၊ စာလုံးများအဖြစ်လည်း တွေ့ရတတ်သည်။ သို့မဟုတ် အမှတ်အသားအမျိုးမျိုးကိုလည်း တွေ့ရမည်။ မြေသားအားလုံး၏အကျယ်အဝန်းကို ၁၂ လဟုသတ်မှတ်သော် ၎င်းမှ လပိုင်းများခွဲခြားနိုင်ပါသည်။



**အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

M,m (a) – ဖြစ်နိုင်သည်။
N,n – မဖြစ်နိုင်ပါ။
P,p – ဖြစ်တန်ရာသည်။
Y,y – ဟုတ်ကဲ့

| | |
|---|---|
| တို၍ ပြတ်နေသောလမ်းကြောင်းများ | – ရည်မှန်းချက်ကင်းမဲ့ခြင်း။ |
| တို၍ နက်သောလမ်းကြောင်းများ | – ဧည့်သည်တစ်ဦး။ |
| ရှည်၍ နက်သောလမ်းကြောင်းများ | – ခရီးတစ်ခု။ |
| သေးငယ်ပြီး ပြန့်ကျဲနေသော ကြက်ခြေခတ်များ (b) | – သဘောကွဲမှုနှင့် ထိပ်တိုက်ရင်ဆိုင်မှု။ |
| ကြီးမားသော ကြက်ခြေခတ်များ | – အချစ်ရေးကိစ္စ (ယိုပြင်သော် ပျော်ရွှင်ရမည်။ မထင်ရှားသော် ဝမ်းနည်းရဟန်။) |
| စက်ဝိုင်းငယ် | – ဖြစ်မြောက်ဆဲ လက်ထပ်မင်္ဂလာ။ |
| စက်ဝိုင်းကြီး (c) | – လက်ရှိကံဆိုးမှု။ |
| တြိဂံ | – အောင်မြင်ပေါက်မြောက်သော အလုပ်အကိုင် အသက်မွေးမှု။ |
| လေးထောင့်ကွက် | – မကောင်းကျိုးမှကာကွယ်မှု။ |
| ၎က်ရုပ်ပုံ | – သတင်းများ၊ ခရီးယာယီကိစ္စများ။ |
| ရေပန်း | – ကျော်စောထင်ရှားမှု၊ လှုပ်ရှားမှု သို့မဟုတ် ပြောင်းလဲမှုတစ်ရပ်။ |
| အိမ်ပုံ | – တည်ငြိမ်မှု။ |
| ဓါး (d) | – အကယ်၍ အထက်သို့ညွှန်နေသော် အောင်မြင်မှုနှင့် ငြိမ်းချမ်းမှု။ |
| | – အကယ်၍ အောက်သို့စိုက်နေသော် ဆုံးရှုံးမှု သို့မဟုတ် နာဖျားမှု။ |



## လေထုနှင့် ရေထုနိမိတ်ကောက်ဗေဒင်

ခေတ်ဟောင်းကမ္ဘာ အတိတ် နိမိတ်ကောက်ဗေဒင်တွင် ဓါတ်ကြီးလေးပါးစလုံး အကျုံးဝင်ပြီး အရေးပါသောအခန်း၌ တည်ရှိခဲ့သည်။ သို့သော် လေထုနှင့်ရေထု နိမိတ်ဖတ်ဗေဒင်နှင့်ပတ်သက်၍ သဲလွန်စရှာမရလောက်အောင် မှုန်ဝါးဝါးဖြစ်ကုန် ပျောက်ကွယ်ကုန်လုပြီ။ -

လေထုနိမိတ်ကောက်ဗေဒင်တွင် အာကာသ၌ဖြစ်ပေါ်သော လေမုန်တိုင်း၊ တိမ်လိပ်များ၊ သက်တန့် အစရှိသော အခြင်းအရာများအားလုံး အကျုံးဝင်ပါသည်။ အီထရုစကင်းနှင့် ဘာဘီလိုနီယန်း လူမျိုးများသည် မိုးချုန်းခြင်းနှင့် လျှပ်စီးလက်ခြင်းကို အထူးအာရုံစိုက်သည်။ ဟိန္ဒူများကမူ တိမ်လိပ် တိမ်တောင်များဖြင့်ဖြစ်ပေါ်သော ပုံပန်းသဏ္ဌာန်များကို အထူးအာရုံစိုက်သည်။ ဥရောပတိုက်၌ ယနေ့တိုင် အယူသီး အစွဲအလမ်းအချို့မှာ အရှေ့ဘက်ရပ်မှမိုးချုန်းသော် သွေးမြေကျမည့်နိမိတ်။ နံနက်လူးနေ့၌ လေထန်ခြင်းသည် ဘုရင်နတ်ရွာစံမည့်နိမိတ် စသည်တို့ဖြစ်ပါသည်။

အချို့သောအဖွဲ့အစည်းများကမူ လေနှင့်စပ်ဆိုင်သောပစ္စည်းများဖြင့် နိမိတ်ကောက်သည်။ ဥပမာ - သစ်ပင်များ၌ချိတ်ဆွဲထားသော ခေါင်းလောင်းသံများဖြင့် နိမိတ်ကောက်ခြင်းမျိုးဖြစ်သည်။ လေတိုက်ခိုက်မှုကြောင့် ဇလုံတွင်းမှရေများမှ ဂယက်ထခြင်းကိုကြည့်၍ နိမိတ်ကောက်ခြင်းမျိုးလည်း ရှိသည်။ ဤတွင် ရေဂယက်ထမှုကို အလေးထားသော ရေထုနိမိတ်ကောက်ယူမှုနှင့် ဆက်စပ်နေလေတော့သည်။ ဤတွင် အလေးအမြတ်ထားသောရေကန်တွင်းသို့ ကျောက်စရစ်ငယ်များပစ်ချခြင်းဖြင့် ဖြစ်ပေါ်သောရေဂယက်ကို ဦးစားပေးပြန်သည်။ ကျောက်စရစ်အစား ကျောက်မျက်များကို အသုံးပြုနိုင်သည်။ ဂယက်၏အရွယ်အစား အမြန်နှုန်းနှင့် အရေအတွက်တို့ကို ပေါင်းစပ်တွက်ချက်ရလေရာ အလွန်တရာ လက်ဝင်လှပေမည်။ ဤသို့ဖြင့် နောက်ပိုင်းတွင် ကျောက်စရစ်အရွယ်အစားပေါ်မူတည်၍ နိမိတ်ကောက်ကြပြန်သည်။ နိမိတ်ဖတ်ဆရာသည် ကနဦးတွင် ကျောက်စရစ်အဝိုင်း၊ ပြီးနောက် သုံးထောင့်ပုံကျောက်စရစ် ထို့နောက် တစ်ဖန် ကုဗထုပုံကျောက်စရစ်များကို အသုံးပြု၍ဖြစ်ပေါ်သော ဂယက်များကိုနှိုင်းယှဉ်၍ နိမိတ်ကောက်ကြသည်။

ရေထုနိမိတ်ကောက်နည်းတွင် အလေးအမြတ်ထားသော ရေကန် (နတ်ရေကန်) စမ်းချောင်းမှ ရေသောက်သုံးခြင်းကိုလည်း အထိမ်းအမှတ်ပြုသည်။ ၎င်းရေများကို သောက်သုံးခြင်းဖြင့် ရူးလျှင်ရူး မရူးလျှင်ထူးသည့်သဘော ခံယူခြင်းဖြစ်သည်။ သို့မဟုတ် ရေကသိုဏ်းရှုနည်းများ ဖြစ်သည်။ ယနေ့ခေတ်တွင် မျက်လုံးကိုစူးစိုက်ကြည့်၍ နိမိတ်ကောက်ယူနည်း ခေတ်စားလှပါသည်။

### လေထုနိမိတ်ကောက်ယူနည်းများ

- လေတိုက်ခိုက်မှုကို နိမိတ်ကောက်ခြင်း။
- မိုးချုန်းခြင်းနှင့် လျှပ်စီးလက်ခြင်းဖြင့် နိမိတ်ကောက်ခြင်း
- အာကာသ မိုးလေဝသအရိပ်အယောင်များဖြင့် နိမိတ်ကောက်ခြင်း
- ကြယ် ဥက္ကာပျံ အစရှိသည်တို့မှ နိမိတ်ကောက်ယူခြင်းမျိုးဖြစ်သည်။



## GODS OF AEROMANCY AND HYDROMANCY

### လေထုနှင့်ရေထု နိမိတ်ကောက်ဗေဒင် အုပ်စိုးသောနတ်များ

၁။ အဒက်နတ်။ ။ ဘာဘီလိုနီးယန်း အယူဝါဒဆိုင်ရာ မိုးချုန်းခြင်းနှင့် လျှပ်စီးကို စိုးမိုးသောနတ်ဖြစ်သည်။ ဗေဒင်နှင့် အတိတ် နိမိတ်ကောက်ပညာဆိုင်ရာ နတ်ဟုလည်း ခံယူခဲ့ကြသည်။

၂။ အီအားနတ်။ ။ ဘာဘီလိုနီးယန်း အယူဝါဒဆိုင်ရာ ရေချိုကိုပိုင်စိုးသော နတ်ဖြစ်သည်။ ၎င်းသည် ဒိဗ္ဗစက္ခုရသည်ဟု ခံယူသည်။
ဂါထာ မန္တာန်များဆိုင်ရာနတ်ဟုလည်း ခံယူခဲ့ကြသည်။

၃။ ဟာပွိနတ်။ ။ ရှေးအီဂျစ်လူမျိုးများက နိုင်း(လ်)မြစ်ကို နတ်အဖြစ်ကိုးကွယ်ရာမှ ပေါ်ပေါက်သည်။ ၎င်းကို တစ်ခါတစ်ရံ နွားယောင်ဖန်ဆင်းသော အေးပစ္စနတ်အဖြစ် ခံယူခဲ့ကြ၏။

၄။ တင်းနတ်။ ။ ရှေးအီထရုစကင်းလူမျိုးများ၏ အဓိကရနတ်များအနက်မှ နတ်တစ်ပါးဖြစ်သည်။ တစ်ခါတစ်ရံ တိုင်နီယာဟု အမည်နာမခံယူသည်။ နောက်ပိုင်းတွင် ရောမလူမျိုးတို့၏ ဂျူပီတာနတ်မင်းကြီးအဖြစ် ဆက်သွယ်ခံယူခဲ့ကြသည်။ တင်းသည်။ မိုးချုန်းခြင်းနှင့် လျှပ်စီးဆိုင်ရာနတ်ဖြစ်သည်။ ၎င်းတို့ မိုးကြိုးလက်နက် သုံးခုရှိသည်။ ပထမနှစ်ခုကို သတိပေးသည့်အနေဖြင့် အသုံးပြုပြီး တတိယမိုးကြိုးလက်နက်ကိုမူ အပြစ်ပေးရန် အသုံးပြုသည်ဟု ခံယူခဲ့ကြ၏။

**1 Adad** The Babylonian god of thunder and lightning, who was also the god of prophecy.



2 **Ea** The Babylonian god of fresh water, who was all-seeing and all-knowing, and was also the god of magic incantations.



3 **Hapi** The Egyptian god of the deified Nile, who was sometimes worshipped in the form of the bull-god Apis.





4 **Tin** One of the principal Etruscan gods, sometimes known as Tinia, and later associated with the Roman god Jupiter. Like Jupiter, Tin was the god of thunder and lightning. He had three thunderbolts – the first two were hurled as a warning, the third as a punishment.



## ANSWERS FROM THE AIR


### လေထုမှအဖြေရှာခြင်း

- ပြတင်းပေါက်ကို အသုံးပြုခြင်း။ အရွယ်အစား၊ ပုံသဏ္ဌာန်နှင့် အလေးချိန်တူညီသော စက္ကူနှစ်ရွက်ကိုရှာပါ။ တစ်ရွက်ကို အမဲရောင်ဆေးခြယ်ထားပါ။ သင်သိလိုသောမေးခွန်းပြဿနာကို အာရုံပြုပြီး အိမ်အပေါ်ထပ်ပြတင်းမှ အောက်သို့လွှင့်လွှတ်ပါ။ အကယ်၍ ဆေးချယ်မထားသောစက္ကူ မြေပေါ်ဦးစွာကျရောက်သော် သင်သိလိုသောကိစ္စ ဖြစ်မြောက်မည်။
- လေပန်ကာအသုံးပြုခြင်း။ အရွယ်အစား၊ ပုံသဏ္ဌာန်နှင့် အလေးချိန်တူညီသော စက္ကူများပေါ်တွင် သင်သိလိုသော မေးခွန်းပြဿနာများ၏ အဖြေများကို အသီးသီးရေးထားပါ။ ၎င်းတို့ကို စားပွဲပေါ်၌ မှောက်ချထားပါ။ ပြီးနောက် လေပန်ကာ (a) ကိုဖွင့်လိုက်ပါ။ ပထမဆုံးလွင့်လျက် (အဖြေများဖတ်ရသည့်မျက်နှာဖြင့်) ကြမ်းပြင်ပေါ်ကျသော စက္ကူမှအဖြေသည် သင်သိလိုသော အဖြေမှန်ဖြစ်သည်။

## ANSWERS FROM WATER

### ရေထုမှဖြေရှင်းခြင်း

- မေးခွန်းပြဿနာ၏ အဖြေရှာနည်း။ စာရွက် ၁၃ ရွက်အပေါ် မေးခွန်းပြဿနာ တစ်ခုစီရေးပါ။ ၎င်းနောက် ရေဇလုံထဲတွင် စိမ်ထားပါ။ အပေါ်သို့ ပထမဆုံးပေါ်လာသော စက္ကူမှ မေးခွန်းပြဿနာအဖြေသည် "ဟုတ်ကဲ့" ဟူသောအဖြေဖြစ်၏။
- ရေဂယက်မှ အဖြေရှာရန်နည်း။ သင်သိလိုသော မေးခွန်းပြဿနာကို အာရုံစူးစိုက်ထားပြီးနောက် ရေဇလုံထဲသို့ ကျောက်စရစ်တစ်လုံးထည့်လိုက်ပါ။ (b)။ ဖြစ်ပေါ်လာသော ဂယက်ကြောင်းကိုရေတွက်ပါ။ ဂယက်ကြောင်းအရေအတွက်သည် 'မ' ကျသော် အဖြေမှာ 'ဟုတ်ကဲ့' ဖြစ်ပြီး ဂယက်ကြောင်းရေ 'စုံ' ဂဏန်းဖြစ်သော် အဖြေမှာ 'မဟုတ်ပါ၊ မဖြစ်နိုင်' စသည်တို့ဖြစ်၏။
- သင့်ဖူးစာရှင်၏နာမည်ကို နိမိတ်ကောက်ခြင်း။ သင်မှတ်မိသမျှ ဖူးစာရှင်ဖြစ်ထိုက်သူများ၏ နေ့ နံ ဗျည်းအက္ခရာများကို စာရွက်တစ်ရွက်စီ၌ ရေးမှတ်ပါ။ ၎င်းစာရွက်တစ်ရွက်စီကို အလုံးလေးများဖြစ်အောင် လုံးချေပါ။ ၎င်းတို့ကို ပထမတွင် သင့်ခေါင်းပေါ်မှ လက်ဆန့်တန်းနိုင်သလောက် မြှောက်တင်ထားပါ။ ပြီးနောက် ၎င်းတို့အားလုံးကို ရေဇလုံထဲ၌ စိမ်လိုက်ပါက ရေပေါ်သို့ ပထမဆုံးပေါ်လာသော စက္ကူလိပ်အလုံးပါ အမည်သည် သင့်ဖူးစာရှင်၏နာမည်ဟု နိမိတ်ကောက်ရန်ဖြစ်သည်။




a လေထုမှအဖြေရှာခြင်း

b ရေထုမှအဖြေရှာခြင်း

# ယေဘုယျကျသော အတိတ်နိမိတ်ကောက်နှင့်အယူသီးမှုများ

## Pyromancy

ယခုခေတ်အခြေအနေအရ အယူသီးမှုပါဟု မှတ်ယူခြင်း ပြုကောင်းပြုမည်ဖြစ်သော ပတ်ဝန်းကျင်မှ နိမိတ်ကောက်ယူမှုအချို့သည် ရှေးပဝေသဏီကာလကပင် ခေတ်စားခဲ့ပါသည်။

နတ်ဘုရား(GODS)များမှ နော်အင်လက္ခဏာများကို မှန်ကန်စွာ အဓိပ္ပါယ်ကောက်ယူမှုသည် ဟူးရားနှင့် ဗေဒင်ဆရာများ၏ နယ်ပယ်သက်သက်ဖြစ်ခဲ့သော်လည်း ၎င်းပညာအမွေများသည် သာမန်လူထုအကြားပျံ့နှံ့စေခဲ့သည်မှာအမှန်ဖြစ်သည်။ ဤသို့ဖြင့် အယူသီးမှုများ တိုးတက်များပြားလာသည် ဆိုကြပါစို့။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ဖြစ်ပျက်မှုတစ်ရပ်ကြောင့် ကံဆိုးကံကောင်း ထူးခြားစွာဖြစ်ပေါ်မှုမျိုး သို့တည်းမဟုတ် ပတ်ဝန်းကျင်မှ ဖြစ်ရိုးဖြစ်စဉ်နှင့်အညီ သက်ဆိုင်ရာ ရာသီဥတု (ဥပမာ မိုးရွာသွန်းမှု) ဖြစ်ပေါ်ကြောင်းကို သက်သေပြနိုင်မည်ဖြစ်၏။

လှေခါးအောက်သို့ ဝင်ရောက်ခြင်းသည် ကံခေမှုကို ဖိတ်ခေါ်ခြင်းဟု ကြာရှည်လေးမြင့်စွာ ယုံကြည်ခဲ့ကြသည်။ အီဂျစ်နတ်ဘုရားအိုဆီးရစ္စသည် ကောင်းကင်သို့ကြွမြန်းရာတွင် လှေခါးကို အသုံးပြုသည်ဟု ခံယူကြသည်။ ခေတ်အလျောက် ရောမစစ်သားများ အထူးတလည်ကိုးကွယ်သော ပါရှန်နတ်ဘုရား မိထရာသည်လည်း ဤနည်းနှင်နှင်ဟုဆိုပါသည်။ လှေခါးများကို နတ်ဘုရားများက ဤသို့အသုံးပြုလေ့ရှိခြင်းကြောင့် နတ်ဘုရားများ၏ အမျက်ဒေါသမသင့်ရန် လှေခါးအောက်သို့ မဝင်မိရန် တားမြစ်ခဲ့ဟန်တူ၏။

ဆား။ နတ်ဘုရားများအဖို့ ဆားသည် တန်ဖိုးရှိသလို လူသားများအတွက်လည်း ထိုနည်းအတူပင်။ ယစ်ပူဇော်မည့်တိရစ္ဆာန်များ၏ဦးခေါင်း၌ ဆားများဖြင့် ပက်ဖျန်းလေ့ရှိသလို အရေးကြီးသော သစ္စာဆိုမှုနှင့် စာချုပ်စာတမ်းများချုပ်ဆိုမှု၌လည်း ဆားကို အလေးအမြတ်ထား၍ အသုံးပြုကြလေ့ရှိသည်။ ဆားကို အလဟဿ ဖိတ်စင်စေခြင်းသည် ကံဆိုးမှုကို ဖိတ်ခေါ်သည်ဟု အကြောင်းပြစရာ အချက်များ အောက်ပါအတိုင်းတွေ့ရသည်။ နတ်ဘုရားများကို စော်ကားရာရောက်ခြင်း၊ ယုံကြည်ကိုးကွယ်မှုကို မလေးမစားပြု၍ ဖေါက်ဖျက်ခြင်း၊ သာမန်လောကအမြင်အရ ငွေကြေးကို ဖြုန်းတီးမှုပြုခြင်းတို့ဖြစ်သည်။

မည်သို့ဆိုစေ နိမိတ်ကောက် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် တိုင်းပြည်နှင့် လူမျိုးအလိုက် ကွဲပြားခြားနားခြင်း (တစ်ခါတစ်ရံ လုံးဝဥဿုံ ပြောင်းပြန်ယူဆချက်) ရှိသည်။ ဤအဆိုနှင့်ပတ်သက်၍ အနက်ရောင်ရှိသောကြောင်ကို ဥပမာပြုလိုပါသည်။ အင်္ဂလန်၌ ယူဆချက်မှာ သင့်ခရီးလမ်းရှေ့မှ ကြောင်နက်ဖြတ်သန်းသွားခြင်းသည် ကံကောင်းစေမည့် နိမိတ်ဖြစ်သော်လည်း အခြားဥရောပနှင့် ယူအက်စ်အေတွင်မူ ကံဆိုးစေမည့်နိမိတ်ဟု ခံယူကြသည်။

## ကံကောင်းမှုပြဆိုသော အတိတ်နိမိတ်များ

- လင်းဆွဲများ မှောင်ရီပျိုးပြအချိန်၌ ကူးလူးပျံသန်းခြင်း။
- ပျားလဗို့ (ပျားအိမ်)ကို လက်ဆောင်အဖြစ်ရရှိခြင်း။ (a)
- ရင်အုပ်နီ သပိတ်လွယ်ငှက် အိမ်တွင်းသို့ ပျံသန်းဝင်ရောက်ခြင်း။
- လိပ်ပြာအဖြူရောင်ကို တွေ့ရခြင်း။ (b)
- အရွက်လေးရွက်ရှိ လေးညှင်းပွင့်။
- ပရစ်များအော်မြည်သံ ကြားရခြင်း။
- လိုးဖြတ်ပြီး လက်သည်းခွံများကို မီးရှို့ပစ်ခြင်း။
- လေပြင်းမုန်တိုင်းကျစဉ် ဆံပင်ညှပ်ခြင်း (ဝါ) ဖြတ်ခြင်း။ (c)
- ကောက်ရသောဆံညှပ်တစ်ခုကို ချိတ်တစ်ခု၌ညှပ်ထားခြင်း။
- ကောက်ရိုးစည်းကို တွေ့လိုက်ရခြင်း။
- စန်းစသော်ကာလကို သင့်ညာဘက်ပခုံးမှ ကျော်၍ကြည့်ခြင်း။
- ထောင်နေသောရိုက်သံကို ကောက်ယူရရှိခြင်း။
- လမ်းမပေါ်တွင် ခဲတံကိုကောက်ရခြင်း။
- ကနကမာခွံအပိုင်းအစကို သင့်အိတ်ဆောင်အတွင်း ဆောင်ထားခြင်း။
- ယုန်တစ်ကောင်၏ခြေထောက်ကို အဆောင်အဖြစ်ထားခြင်း။
- မိုးရွာစဉ် မိုးရေထဲလမ်းလျှောက်ခြင်း။
- မီးပူတိုက်မထားသော အခင်းများပေါ်၌ အိပ်စက်ခြင်း။

a



b



c






- အရက်ဖြင့် ဆုတောင်းပတ္တနာပြုနေစဉ် အရက်များဖိတ်စင်ခြင်း။
- မှန်ချပ် (ကြည့်မှန်မဟုတ်) ကို ကွဲပျက်မိခြင်း။
- တောင်အရပ်သို့ မျက်နှာမူလျက်အိပ်စက်ခြင်း။
- သိုးများနှင့် ရင်ဆိုင်တိုးခြင်း
- ခရမ်းနုရောင် ခေါင်းလောင်းပုံပန်းပွင့် အင်္ဂလိပ်လို ဟီသာ ခေါ် ပန်းပွင့် အဖြူရောင်ပွင့်နေသော ခက်ညွန့်။
- ငှက်မ
- ငှက်ပြာ
- အာဂန္တုခွေးတစ်ကောင် သင့်အိမ်အထိ အနောက်မှလိုက်ပါလာခြင်း။ (d)
- သင့်အဝတ်အစားများကို အတွင်းအပြင် ပြောင်းပြန်ဝတ်မိခြင်း (အင်္ကျီမှအပ)
- မြင်းသံခွာတစ်ခု
- မြင်းသံခွာနှစ်ခုကို ပွတ်တိုက်ခြင်း
- အပ် (ပင်အပ်) တစ်ချောင်းကောက်ရခြင်း
- ပဲစေ့ကိုးစေ့ပါ ပဲသီးတောင့်။ (e)
- ကြက် ငှက်တို့၏ ညှပ်ရိုးတစ်ခု
- ကြွက်နှစ်ကောင်ကို တစ်ပြိုင်တည်း ထောင်ချောက်၌မိခြင်း။
- နံနက်စာမစားမီ သုံးကြိမ်မျှ နှာချေခြင်း (f)
- မီးခိုးတုတ်တိုင်သုံး တံမြက်စည်းတွေ့မိခြင်း။

d



e



f



## မိုးရွာအတိတ်နိမိတ်များ

- လင်းဆွဲများ အဆောက်အဦးများနှင့်တိုက်မိခြင်း။
- ပျားများ ပျားအုံမှမထွက်ဘဲ ငြိမ်နေခြင်း။
- နေ့ခင်းကြောင်တောင်အချိန်၌ ဖါးအော်ခြင်း။
- ပင့်ကူတစ်ကောင်ကို သတ်မိခြင်း။
- လခြမ်းကို ပြောင်းပြန်အနေအထား တွေ့ရခြင်း။
- လစန္ဒာထီးဆောင်းခြင်း (အလင်းစက်ဝန်းဖြစ်ခြင်း)။ (A)
- စနေနေ့၌ သက်တန့်ပေါ်ထွန်းခြင်း။
- မြေပြင်အနီး၌ မီးခိုးလုံးစုပုံဖြစ်တည်ခြင်း။
- အတန်မြင့်သောကုန်းမြေဆီသို့ မြွေများတွားသွားခြင်း။
- မြေပေါ်၌ ဂေါ်ပြားစိုက်လျက်တွေ့ရခြင်း။ (B)
- ကြွက်နို့များ ယားယံခြင်း။
- ထောပတ်သုတ်ထားသော ပေါင်မုန့်တစ်ချပ် လွတ်ကျမိခြင်း၊
- ရေညှိပင်များ မီးလောင်ခြင်း။ (မီးရှို့ခြင်း)
- နွားအုပ် မြေပြင်၌ လဲလျောင်းနေခြင်း။
- သစ်ရွက်များ ဖူးသစ်စဖြစ်လာခြင်း။
- နံနက်ချိန်ခါ ကောင်းကင်၌ နီရောင်သန်းခြင်း။
- မြင်းသတ္တဝါများ အော်မြည်ခြင်း။ (C)
- ညနေခင်း၌ ကြက်များတွန်ခြင်း (D)
- မီးခိုးတုတ်တိုင်အပေါ်မှ ကျပ်ခိုးများကျလာခြင်း။

A



B



C



D





## ကံဆိုးမှုပြဆိုသော အတိတ်နိမိတ်များ

- ညချမ်းအချိန်၌ ပြာမှုန့်များကို ရှင်းလင်းခြင်း။
- အိမ်တွင်းသို့ လင်းဆွဲတစ်ကောင်ဝင်ရောက်ခြင်း။
- ဦးထုပ်ကို ကုတင်ပေါ်သို့ တင်မိခြင်း။
- ဇီးကွက်အော်မြည်သံ ၃ ကြိမ်ပြုခြင်း။
- အောက်တိုဘာလဖွား ပုဂ္ဂိုလ်မဟုတ်ပါဘဲလျက် ကြောင် ကျောက်မျက်ဝတ်ဆင်ခြင်း။
- နံနက်စာမသုံးဆောင်မီ သီချင်းဆိုခြင်း။
- လက်ထပ်မင်္ဂလာ လက်ဆောင်ပစ္စည်းများကို တစ်ပါးသူထံပေးကမ်းခြင်း။
- ငွေချေးငှားခြင်း ငွေချေးယူခြင်း သို့မဟုတ် တံမြက်စည်းကို မီးရှို့ခြင်း
- အရွက်ငါးပွင့်ရှိသော လေးညှင်းပွင့်။
- ညချမ်းချိန်ခါတွင်မှ ဥ (ကြက် ဘဲ) များကို အိမ်တွင်းသို့ယူဆောင်မိခြင်း။
- သောကြာနေ့တွင် ခြေသည်း လက်သည်း လှီးဖြတ်ခြင်း။
- လက်အိတ်ကို အောက်သို့ကျစေခြင်း။
- အင်္ဂလိပ်လို လီလက် (ခေါ်) ကမာခါးပင် (သို့မဟုတ်) ဟောသွန်း (ခေါ်) နှင်းဆီရိုင်းပင်မှ ပန်းပွင့်အဖြူ အိမ်တွင်းသို့ယူဆောင်ခြင်း။
- ဆန်းစလသော်တာကို ဘယ်ဘက်ပခုံးမှကျော်၍ကြည့်ခြင်း။
- နှစ်ဆန်းတစ်ရက်၌ အိမ်တွင်းမှအရာဝတ္ထုများကို ပြင်ပသို့ထုတ်ယူခြင်း။
- ဒေါင်းထီး၏ အမွေးအတောင်များ
- သင့်လက်ထပ်လက်စွပ်ကို ချွတ်ထားခြင်း၊
- အိမ်မွေးကြက်မ ညဥ့်နက်တွင်တွန်ခြင်း
- ပင်လယ်စင်ရော်ကို သတ်မိခြင်း၊
- ဝတ်စားထားသောအဝတ်အထည်များကို မချွတ်ဘဲ ဖါထေးခြင်း၊ ချုပ်ခြင်း၊
- ဖိနပ်များကို ထိုင်ခုံ သို့မဟုတ် စားပွဲပေါ်သို့တင်ထားခြင်း။
- ထီး လက်မှလွတ်ကျခြင်း
- နေ့ခင်းကြောင်တောင် ဇီးကွက်ကို တွေ့မြင်မိခြင်း။
- မိမိအရပ်ထက်မြင့်သောစင်၌ ခြေညှပ်ဖိနပ်များ သိမ်းဆည်းထားမိခြင်း။
- စားပွဲပေါ်၌ ထီးကိုတင်ထားခြင်း။ (၂)
- သစ်ကိုင်းတစ်ကိုင်း၌ အပွင့်အနံ့နှင့် အသီး (လိမ္မော်ပင်မှလွဲ၍) ယှဉ်တွဲခြင်း။
- လမ်းပေါ်၌ ယုန်ကိုတွေ့ခြင်း။ (၃)


1



2



3



- ခရမ်းရောင်ရင့် မြင်းခွာပန်း (VIOLET) အချိန်အခါမဟုတ် ဖူးပွင့်ခြင်း။
- မင်္ဂလာဆောင်အပြီး ဝက်တီရှူးစွာန်ကို လောလောလတ်လတ်တွေ့ခြင်း။
- ဒွန်းစဏ္ဍားနှင့် ပက်ပင်းတိုးခြင်း။
- ကြယ်သီးပေါက်များ၍ ကြယ်သီးတပ်မိခြင်း။
- ညဘက် ဖိနပ်မစီးမိ ဘယ်ဘက်ဖိနပ်ဦးစွာစီးခြင်း။
- အိမ်တွင်း၌ ထီးဖွင့်ခြင်း (ထီးဆောင်းခြင်း)။
- ခြေထောက်တစ်ဘက်ကို မြေ၌မထိဘဲ စားပွဲပေါ်၌ထိုင်ခြင်း။
- ပရစ်ကိုသတ်ခြင်း။
- ပန်းချီကားပြုတ်ကျခြင်း။
- ဆုတောင်းပတ္တနာပြုစဉ် အရက်ခွက်လွတ်ကျကွဲခြင်း။ (၄)
- ရှပ်အင်္ကျီကို ပြောင်းပြန်လှန်ဝတ်မိခြင်း။
- ကုတင်မှဆင်းရာတွင် ဘယ်ခြေ ကြမ်းပြင်နှင့်ဦးစွာထိခြင်း။
- မီးမွေးသောမီးပြောင်းတစ်စုံကို စားပွဲပေါ်၌တင်မိခြင်း။
- ကျပ်လွန်းသောလက်စွပ်ကို ဝတ်ဆင်ထားခြင်း။
- လိပ်ပြာသုံးကောင်အတွဲကို မြင်တွေ့မိခြင်း။
- ပန်းအနီရောင်နှင့် အဖြူရောင်ကို ပူးတွဲထားရှိ အသုံးပြုမိခြင်း
- ဒီဇင်ဘာ ၂၄ ရက်မတိုင်မီ ခရစ်စမတ်သစ်စိမ်းမြက်စိမ်းများကို အိမ်တွင်းသို့ယူဆောင်မိခြင်း။
- ခရစ်စမတ်ပွဲ အလှမွမ်းမံပြင်ဆင်မှုများကို ၁၂ ရက်မြောက်ညထက်ကျော်လွန်ထားရှိခြင်း။

4





## နိမိတ်ကောက်ခြင်း

အူ အသည်း ([redacted]) တို့ကိုကြည့်၍ နိမိတ်ကောက်ခြင်းအတတ်သည်လည်း နိမိတ်ကောက်ဆရာများ၏အတတ်တွင် အကျုံးဝင်သည်ဟု ခံယူချက်များတွေ့ရသည်။ အာဆီးရီးယန်းများ၊ ဘာဘီလိုနီးယန်းများ၊ အီထရူစကန်လူမျိုးများ၊ တောင်အမေရိကမှ အင်ဇတက်များ အာဖရိကတိုက်နှင့် ဘိုနီယိုကျွန်းမှ လူမျိုးနွယ်များက အဆိုပါ အူ အသည်းမှ နိမိတ်ကောက်ယူမှုမျိုးကို ခံယူခဲ့ကြောင်း သိရသည်။ အများဆုံးအသုံးပြုသည်မှာ နတ်များကို ယစ်ပူဇော်ထားသော တိရစ္ဆာန်များ၏အူအသည်းများ ဖြစ်သည်။ အချို့နိမိတ်ကောက်ဆရာများက အပြင်ပန်း အသွင်သဏ္ဌာန်ကြည့်ရုံမျှဖြင့် အတွင်း၌ အူ အခွေမည်မျှရှိသည်ကို ပြောနိုင်သည်ဟုသိရသည်။ ဥပမာ – မျက်လုံးနီသော သိုး၏ဝမ်းဗိုက်၌ အူ ၁၄ ခွေ၊ အနက်ရောင်နားရွက်နှင့် နှာခေါင်းရှိသော သိုးတစ်ကောင်၏ဝမ်းဗိုက်အတွင်း အူ ၁၀ ခွေသာရှိသည်ဟု အတပ်ဟောခဲ့ကြသည်။ အူအခွေအလိုက် နိမိတ်ကောက်စရာအချက်များလည်း တစ်ခုနှင့်တစ်ခု မတူဟု ခံယူခဲ့ကြသည်။


အူ အသည်းကိုသာကြည့်၍ နိမိတ်ကောက်သူများကို အင်္ဂလိပ်လို HARUSPICES ဟု ခေါ်သည်။ သူတို့သည် အူ အသည်းကိုသာမက သရက်ရွက်၊ ကျောက်ကပ်၊ အဆုတ်၊ ဆီးအိမ်တို့အပြင် အလေးထားဆုံးသောအရာမှာ အသည်းဖြစ်သည်။ အသည်းကိုဆန်းစစ်၍ နိမိတ်ကောက်ပညာသည် အလွန်တန်ဖိုးထား လေးစားခဲ့ရပြီး အဋ္ဌေဝါသိကတပည့်များကိုသာ သေချာစွာ သင်ကြား လက်ဆင့်ကမ်းခဲ့ကြောင်း သိရ၏။

အသည်းကိုဆန်းစစ်၍ နိမိတ်ဖတ်သောအတတ်ပညာသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ခန့် (ဘီစီ ၂၀၀၀ ခန့်) ကပင် ခေတ်စားခဲ့ကြောင်းသိရသည်။ ၎င်းအသည်းများသည် နိမိတ်ကောက်ပညာအတွက် ပညာရေးအထောက်အကူပစ္စည်းအဖြစ် အသုံးပြုခဲ့ကြခြင်းလည်းရှိသည်။ ၎င်းပစ္စည်း စံပြုနမူနာ (MODEL) မှ အသည်းကို ဇုန် ၄၀ ဇုန်အထိ ခွဲခြားနိုင်ကြောင်း ဇုန်တစ်ဇုန်ကို နတ်တစ်ပါးအုပ်ချုပ်ကြောင်းလည်း သိရ၏။ ၎င်းဇုန်နယ်ပယ်အလိုက် ဖြစ်တည်သောအမှတ်အသားများ၊ အကြောများ သို့မဟုတ် အသား (TEXTURE) အလိုက် နိမိတ်အဓိပ္ပါယ်များ သီးခြားစွာဖြစ်ပေါ်နေသည်ဟု ခံယူခဲ့ကြ၏။

### အူ အသည်းနိမိတ်ကောက် သရုပ်ပြပုံရှင်းလင်းချက်

၁။ အာဆီးရီးယန်းလူမျိုး နိမိတ်ကောက်ပညာရှင်များ အသုံးပြုသည့် ရုပ်ထုဖြစ်သည်။ ဦးခေါင်းကို အူများဖြင့်ရစ်ပတ်ထားသည်ကို တွေ့ရမည်။
၂။ ဘာဘီလိုနီးယန်း နိမိတ်ကောက်ပညာရှင်များ၏ ရွံ့ပြားစာ၌ သိုးတစ်ကောင်၏ အူသိမ်အူမအကြောင်း ဖော်ပြထားသည်ကို တွေ့ရမည်။
၃။ အသည်းပုံ ထုလုပ်ထားသော ရွှံ့စေးစံပြုနမူနာပုံဖြစ်သည်။
၄။ အူ အသည်း နိမိတ်ကောက်မှုနှင့် နက္ခတ္တဗေဒင်ဆက်စပ်မှုပြဆိုသော စံနမူနာပုံဖြစ်သည်။


1



2



3




4







ယူတော်မင်္ဂလာဆရာများ အဲတီတ်ကောက်ယူပုံ အခြားနည်းလမ်းများ

(a) ဘုရားဝတ်အဖို့ သီးသန့်ထားသော ကြက်များ၏ အစားအစာကောက်စားပုံဟန်အကွက်အရ နိမိတ်ကောက်နည်း။
(b) ပင့်ကူများ၏ အဆစ်အမြစ်နှင့် အပြုအမူအရ နိမိတ်ကောက်နည်း။
(c) မြည်း သို့မဟုတ် ဆိတ်၏ဦးခေါင်း သို့မဟုတ် ဦးခေါင်းခွံဖြင့် နိမိတ်ကောက်နည်း။
(d) ပိုးမွှားများ၏ အဆစ်အမြစ်နှင့် အပြုအမူအရ နိမိတ်ကောက်နည်း။
(e) ငါးတို့၏ပုံဟန်သဏ္ဍာန်နှင့် အူ အသည်းအရ နိမိတ်ကောက်နည်း။
(f) ကြွက်တို့၏ အရောင်အသွေးနှင့် လှုပ်ရှားမှုအရ နိမိတ်ကောက်နည်း။
(g) နတ်တို့အား ပူဇော်သည့်အနေဖြင့် ဝိုင်အရက်တို့ကို သွန်ချရာ၌ တွေ့ရသော ပုံဟန်အကွက်အရ နိမိတ်ကောက်နည်း။
(h) မြွေတို့၏ အရောင်အသွေးနှင့် လှုပ်ရှားမှုအရ နိမိတ်ကောက်နည်း။
(i) နှင်းဆီပန်းပွင့်ချပ်ဖြင့် နိမိတ်ကောက်နည်း။
(j) မီးလောင်ထားသော တိရစ္ဆာန်ပုခုံးပြင်ရိုး၏ အကွဲကြောင်းနှင့် ပတ်ကြားအက်ကြောင်းအရ နိမိတ်ကောက်နည်း။
(k) နတ်များကိုပူဇော်ရာတွင် အသုံးပြုသော အမွှေးတိုင်၊ အမွှေးနံ့သာမှုန့် အစရှိသည်တို့၏ပြာမှုန့်၏ ပုံဟန်အကွက်အရ နိမိတ်ကောက်နည်း။
(l) တိရစ္ဆာန်များ၏ အရောင်အသွေးနှင့် အပြုအမူအရ နိမိတ်ကောက်နည်း။











## ယေဘုယျကျသော အတိတ်နိမိတ်ကောက်နှင့် အယူသီးမှုများ (၂)

၁။ မြင်းဖြင့်အတိတ်နိမိတ်ကောက်ခြင်း



- မြင်းဖြူတစ်ကောင်ဆိုသော် ကံခေ၏။
- မြင်းဖြူနှစ်ကောင်ဆိုသော် ကံကောင်း၏။
- ချစ်သူစုံတွဲက မြင်းဖြူတစ်ကောင်ကို တွေ့မြင်သော် ကံကောင်း၏။
- စာဥကွက် မြင်းတစ်ကောင်ဆိုသော် ကံကောင်း၏။
- စာဥကွက် မြင်းမြီးဆိုသော် ကံခေခြင်း။



- ကြောင်တစ်ကောင် မျက်နှာသစ်ခြင်း သို့မဟုတ် နားရွက်ဆေးကြော ပွတ်သပ်ခြင်းတွေ့သော် မိုးရွာသွန်းမည့်နိမိတ်ဖြစ်သည်။
- နားရွက်ကို သုံးကြိမ်မျှ ဆေးကြောပွတ်သပ်နေသောကြောင်ကိုတွေ့သော် ၎င်းမျက်နှာမူရာအရပ်မှ ဧည့်သည်များရောက်လာမည့် နိမိတ်ဖြစ်သည်။
- သင့်နောက်သို့ ကြောင်တစ်ကောင် ကောက်ကောက်ပါအောင်လိုက်လာသော် ငွေကြေးရရှိမည့်နိမိတ်ဖြစ်သည်။
- အိမ်ထောင်ပရိဘောဂများပေါ်သို့ ကြောင်တစ်ကောင်တက်ရောက်နေခြင်းကို မြင်သော် မိုးရွာသွန်းမည့်နိမိတ်ဖြစ်သည်။
- အကြောင်းတစ်စုံတစ်ရာမရှိဘဲ ကြောင်တစ်ကောင် အိမ်မှစွန့်ခွာသော် ဘေးဒုက္ခကျရောက်မည့်နိမိတ်ဖြစ်သည်။
- မီးခိုးရောင်ကြောင် ကံကောင်းစေမည့်နိမိတ်ဖြစ်သည်။
- ကြောင်နက်တစ်ကောင် အိမ်တွင်းသို့ဝင်ရောက်သော် ကံကောင်းမည့်နိမိတ်ဖြစ်သည်။
- ကြောင်နက်တစ်ကောင် သင့်ရှေ့မှဖြတ်သန်းသော် ဗြိတိန်၌ ကံကောင်းသောနိမိတ်ဟု မှတ်ယူကြသော်လည်း ယူအက်(စ်)အေနှင့် အခြားဥရောပတိုက်နိုင်ငံများတွင်မူ ကံဆိုးမည်ဟု မှတ်ယူကြ၏။
- ကြောင်ဖြူတစ်ကောင် သင့်ရှေ့မှဖြတ်သန်းသော် ဖျားနာမည့်နိမိတ်။
- လှေခါးအောက်၌ ကြောင်နက်တစ်ကောင်ရောက်ရှိနေစဉ် ၎င်းလှေခါးပေါ်သို့ တက်ရောက်သော နောက်လူအတွက် ကံဆိုးခြင်းနိမိတ်။
- လက်မထပ်မီ အကြိုနေ့၌ ကြောင်တစ်ကောင် နှာချေသံကြားသော် အမေရိကန်ပြည် အယူအရ သတို့သမီးကံဆိုးမည့်နိမိတ်၊ အခြားနိုင်ငံဒေသများ၏ အယူအဆတွင် ကံကောင်းမည့်နိမိတ်။
- အိမ်တံခါးမအနီးတစ်ဝိုက်တွင် ကြောင်တစ်ကောင်ကိုတွေ့ရသော သင်မေးလိုသိလိုသော ပြဿနာမေးခွန်းကို စိတ်ကူးလိုက်ပါ။ ၎င်းကို သင့်ထံခေါ်ကြည့်ပါ။ ညာခြေထောက် စလှမ်းသော် ဖြစ်မြောက်မည်၊ ကောင်းမည်။ ဘယ်ခြေထောက်စလှမ်းသော် မဖြစ်မြောက် မပြည့်စုံဖြစ်မည့်နိမိတ်ဟု ကောက်ယူရန်ဖြစ်သည်။
- ကြောင်နက်သုံးကောင် ဆက်တိုက်တွေ့ရသော် ကံကောင်းမည့်နိမိတ်။
- မီးဖိုအားကျောပေး၍ အိပ်နေသောကြောင်ကိုတွေ့ရသော် မိုးရွာမည့်နိမိတ်ဟု သိရ၏။




၃။ ပင့်ကူဖြင့်အတိတ်နိမိတ်ကောက်ခြင်း။



- နံနက်စောစော ပင့်ကူတစ်ကောင်ကိုတွေ့ရသော် စိတ်ဆင်းရဲရမည့်နိမိတ်။
- နေ့လယ်အခါ ပင့်ကူတစ်ကောင်ကိုတွေ့ရသော် စိုးရိမ်ကြောင့်ကြရမည့်နိမိတ်။
- ညနေချိန်ခါ ပင့်ကူတစ်ကောင်ကိုတွေ့ရသော် ငွေရေး ကြေးရေး ဆုံးရှုံးမှုနိမိတ်။
- ပင့်ကူအိမ်ဆောက်နေသည်ကိုတွေ့ရသော် အချို့သော်အယူအဆမှာ သင့်ကို မကောင်းကြံစည်နေခြင်းဟု ယူသည်။ အချို့ကမူ လက်ဆောင်ရမည့်နိမိတ်ဖြစ်နိုင်သည်မှာ အဝတ်အထည်များရရှိမည့်နိမိတ်ဟု ကောက်ယူကြသည်။
- နံနက်စောစော ပင့်ကူအိမ်ဆောက်နေသည်ကိုတွေ့ရသော် ကံကောင်းခြင်းနိမိတ်။
- နေ့လယ်အခါ ပင့်ကူအိမ်ဆောက်နေသည်ကိုတွေ့ရသော် ခရီးယာယီသွားရမည့်နိမိတ်။
- တံခါးပေါက်အနီး ပင့်ကူအိမ်ကိုတွေ့ရသော် ဧည့်သည်ရောက်မည့်နိမိတ်။
- ပင့်ကူမျှင်အပေါ်သို့ ပင့်ကူတက်လှမ်းနေခြင်းကိုတွေ့ရသော် သတင်းကောင်း။
- ပင့်ကူမျှင်မှ အောက်သို့ ပင့်ကူဆင်းသက်နေသည်ကိုတွေ့သော် အကယ်၍ မြေကြီးအထိ ဆက်စပ်သော် ကံကောင်းခြင်း၊ တစ်ဝက်တစ်ပျက်ဆိုမူ ကံဆိုးခြင်းနိမိတ်။
- သင့်အင်္ကျီအဝတ်အစားကိုယ်ပေါ်၌ ပင့်ကူတစ်ကောင်တွေ့သော် ငွေကြေး၊ ပေးစာ သို့မဟုတ် နှစ်မျိုးစလုံးရရှိမည့်နိမိတ်။
- သင့်ခန္ဓာကိုယ်ပေါ်တွင် ပင့်ကူတစ်ကောင်တွေ့ရသော် ကံကောင်းထောက်မမည့်နိမိတ်။
- အနီရောင် ပင့်ကူအငယ်စားတစ်ကောင်တွေ့ရသော ငွေကြေးရမည့်နိမိတ်။
- ပင့်ကူအားသတ်မိခြင်းသည် ကံဆိုးမည့်နိမိတ်ကို ခေါ်ယူခြင်းဖြစ်သည်။
- နံရံကိုဖြတ်သန်းနေသော ပင့်ကူတစ်ကောင်တွေ့ရသော် ကံကောင်းမည့်နိမိတ်။


## ၄။ အသားလှုပ်နိမိတ်များ။

၁။ ငယ်ထိပ်လှုပ်မှု ရာထူးအဆင့်အတန်းတိုးတက်ခြင်း၊ ကံကောင်းခြင်း။
၂။ ဘယ်ဘက်ပါးပြင် သို့မဟုတ် နားရွက်လှုပ်မှု ချီးကျူးခံရခြင်း၊ ကျေးဇူးတုံ့ပြန်ခံရခြင်း။
၃။ ညာဘက်ပါးပြင် သို့မဟုတ် နားရွက်လှုပ်မှု ကဲ့ရဲ့ရှုတ်ချစကား ကြားရမည့်နိမိတ်။
၄။ ဘယ်ဘက်မျက်စိလှုပ်မှု စိတ်ပျက်စရာကိစ္စကြုံမည့်နိမိတ်။
၅။ ညာဘက်မျက်စိလှုပ်သော် အစည်းအဝေးတစ်ခု။
၆။ နှာခေါင်းအတွင်းဘက်လှုပ်မှု ဝမ်းနည်းကြေကွဲမှုနှင့် ကံဆိုးမှု။
၇။ နှာခေါင်းအပြင်ပိုင်းလှုပ်မှု အနှောင့်အယှက်၊ မသတီစရာဖြစ်ရပ်တွေ့ကြုံရမှု။
၈။ ပါးစပ်လှုပ်မှု ဇော်ကားမော်ကား စကားပြောဆိုရမည့်နိမိတ်။
၉။ နားလှုပ်မှု ဖျားနာမှု။
၁၀။ ကျောကုန်းပိုင်းလှုပ်မှု စိတ်ပျက်ဖွယ်ရာကိစ္စနှင့် ကြုံရမည့်နိမိတ်။
၁၁။ ဘယ်ဘက်ပခုံးလှုပ်မှု စိတ်ဆင်းရဲမှု။
၁၂။ ညာဘက်ပခုံးလှုပ်မှု အမွေအနှစ်ဆက်ခံရရှိမှု။
၁၃။ ဘယ်ဘက်တံတောင်ဆစ်လှုပ်မှု သတင်းဆိုးကြားရမည့်နိမိတ်။
၁၄။ ညာဘက်တံတောင်ဆစ်လှုပ်မှု သတင်းကောင်း။
၁၅။ ဘယ်ဘက်လက်ဝါး သို့မဟုတ် ဘယ်ဘက်ခြေမျက်စိလှုပ်မှု အကြွေးပြန်ဆပ်ရခြင်းနိမိတ်။
၁၆။ ညာဘက်လက်ဝါး သို့မဟုတ် ညာဘက်ခြေမျက်စိလှုပ်မှု ငွေကြေးရရန်မျှော်လင့်ချက်။
၁၇။ ဝမ်းဗိုက်လှုပ်မှု ဖိတ်ကြားခံရမှု။
၁၈။ ခါးပိုင်းလှုပ်မှု ပြန်လည်သင့်မြတ်မှု ရရှိမည့်နိမိတ်။
၁၉။ ပေါင်သားလှုပ်မှု လှုပ်ရှားမှုတစ်ရပ်ဖြစ်ရန် အကြောင်းနိမိတ်။
၂၀။ ဘယ်ဘက်ဒူးခေါင်းလှုပ်မှု အတင်းအဖျင်းပြောဆိုခံရမှု။
၂၁။ ညာဘက်ဒူးခေါင်းလှုပ်မှု သတင်းကောင်းကြားရမည့်နိမိတ်။
၂၂။ ညို့သကျည်းလှုပ်မှု မနှစ်မြို့ဖွယ် ရောင်တခင်ဖြစ်ပွားမှုတစ်ရပ်။
၂၃။ ဘယ်ဘက်ခြေထောက်လှုပ်မှု အကျိုးမရှိသောခရီး သွားရခြင်းနိမိတ်။
၂၄။ ညာဘက်ခြေထောက်လှုပ်မှု အကျိုးကျေးဇူးရှိသောခရီး သွားရခြင်းနိမိတ်





## သားလှီးဓါးနှင့် ကတ်ကြေးဖြင့် နိမိတ်ကောက်ခြင်း




- သားလှီးဓါးတစ်ချောင်း ကြမ်းပြင်သို့လွတ်ကျခြင်းမှာ အမျိုးသားဧည့်သည်ရောက်မည့်နိမိတ်။
- ကတ်ကြေးတစ်ချောင်း ကြမ်းပြင်သို့လွတ်ကျသော် စိတ်ပျက်ဖွယ်ရာကိစ္စ ဖြစ်ပွားမည့်နိမိတ်ဖြစ်သည်။ သို့သော် ၄င်းကတ်ကြေးကို မကောက်ယူမီ ၄င်းအပေါ်ခြေဖြင့် ဦးစွာနင်းခြင်းအမှုပြုသော် ၄င်းမကောင်းကျိုးမှ လွတ်မြောက်မည်ဟု ခံယူလေ့ရှိသည်။
- ကတ်ကြေးလွတ်ကျစဉ် အသွား (အဖျား) ပိုင်းမှ ဦးစိုက်ကျသော် ဖျားနာမှုနိမိတ်။
- ဓါးနှစ်ချောင်းကို ကြက်ခြေခတ်ထားရှိသော် ကံခေမှုကို ဖိတ်ခေါ်သည့်နိမိတ်။
- ဓါးသွားကို အပေါ်သို့လှန်ထားသော် အန္တရာယ်။
- ဓါး သို့မဟုတ် ကတ်ကြေးကို လက်ဆောင်အဖြစ်ပေးအပ်သော် မိတ်ပျက်ဆွေပျက် ဖြစ်တတ်သည်။ ဤဆိုးကျိုးကိုပယ်ပျောက်စေရန် အပ် (ပင်အပ်) သို့မဟုတ် ငွေစအနည်းငယ်ကို လက်ဆောင်အဖြစ် ပြန်လည်တုံ့ပြန်ပေးအပ်ရမည်။
- အသစ်စက်စက်ဓါးကို မဆွ လက်ဦးအသုံးချရာတွင် စက္ကူ သို့မဟုတ် သစ်တိုသစ်စ ဖြတ်တောက်ခြင်းတွင်သာ အသုံးပြုသင့်သည်။ ဤသို့မဟုတ်ပါမူ ကံဆိုးမှု ခံစားရမည့်နိမိတ်အဖြစ် မှတ်ယူကြသည်။
- ချိတ်တစ်ခုခု၌ ကတ်ကြေးတစ်ချောင်း ချိတ်ဆွဲထားသည်ကိုတွေ့ရသော် ကံကောင်းခြင်းနိမိတ်။
- မျက်နှာမြင်ပြီးစ ကလေးငယ်၏ပုခက်တွင် သားလှီးဓါးတစ်ချောင်းတွေ့ရခြင်း သို့မဟုတ် ချိတ်ဆွဲထားခြင်းပြုသော် ကံကောင်းထောက်မမှုကို ဖိတ်ခေါ်ရာကျသည်ဟု ယူဆကြကုန်၏။

# Common omens and superstitions 3

## ယေဘုယျကျသော အတိတ်နိမိတ်ကောက်နှင့်အယူသီးမှုများ (၃)

### ၁။ ဆီမီးခွက်ဖြင့် အတိတ်နိမိတ်ကောက်ခြင်း။

1




ဤကိစ္စတွင် ဆီမီးခွက် သို့မဟုတ် မီးတုတ်မှ မီးလျှံကိုကြည့်၍ အတိတ်ကောက်ယူခြင်းပြုရသည်။

- မီးလျှံထိပ် အချွန်တစ်ခုတည်းဆိုသော် ကံကောင်းခြင်းနိမိတ်။
- မီးလျှံထိပ် အချွန်နှစ်ခုဆိုသော် ကံဆိုးခြင်းနိမိတ်။
- မီးလျှံထိပ် အချွန်သုံးခုဆိုသော် ကံဆိုးခြင်းနိမိတ်။
- မီးလျှံ ကွေးကိုင်းနေသော် နာဖျားမည့်နိမိတ်။
- မီးလျှံ ရုတ်တရက် အလိုအလျောက်ငြိမ်းပျောက်သွားသော် ဘေးဒုက္ခ။




### ၂။ ဖယောင်းတိုင်ဖြင့် အတိတ်နိမိတ်ကောက်ခြင်း။

2



ဤအတိတ်ကောက်မှုတွင် ဖယောင်းတိုင်သုံးတိုင်မှ မီးတောက်များကို စစ်ဆေးခြင်းဖြစ်သည်။ ဖယောင်းတိုင်သုံးတိုင်ကို သုံးထောင့်ညီတြိဂံပုံသဏ္ဍာန် ထားရှိရမည်။ စတုတ္ထဖယောင်းတိုင်တစ်တိုင်ကို မနီးမဝေးတွင် မီးထွန်းညှိထားခြင်းဖြင့် အတိတ်ကောက်ယူရန်အတွက် လိုအပ်သောအလင်းဓါတ် ပေးရမည်။ ဤသို့စီစဉ်ပြီးနောက် အခန်းတွင်းမှလျှပ်စစ်မီးများကို ပိတ်ပစ်ထားရမည်။ ထို့နောက် မီးခြစ်ဆံတစ်ချောင်းတည်းဖြင့် အတိတ်ကောက်ယူမည့်ဖယောင်းတိုင်သုံးတိုင်စလုံးကို ရအောင်ထွန်းညှိပေးရမည်။ ၄င်းတို့၏ မီးတောက်မီးလျှံအနေအထားအရ အတိတ်နိမိတ်ကောက်ယူရန်ဖြစ်၏။

- မီးလျှံတစ်ခုသည် ဟိုဟိုဒီဒီယိမ်းနေသော် ခရီးယာယီရှိခြင်း။
- မီးလျှံတစ်ခုသည် အခြားမီးလျှံနှစ်ခုထက် ပို၍လင်းနေသော် အောင်မြင်မှုနိမိတ်။
- မီးစာထိပ်နှင့် အရောင်လက်သော် ကြီးပွားခြင်း။
- မီးလျှံတစ်ခုသည် ကွေ့ကောက်ရစ်ပတ်တက်နေဟန်ရှိမှု သူတစ်ပါးက သင့်ကို မကောင်းကြံနေခြင်း။
- မီးပွားများထွက်သော် သတိထားရန်နိမိတ်။
- မီးတောက်မမှန် သို့မဟုတ် ဖယောင်းတိုင်များမီးကူးမှုမညီမျှသော် ဘေးအန္တရာယ်နိမိတ်။
- မီးပွားထွက်ပြီး ဖွာလန်ကြဲဖြစ်မှု စိတ်ဓါတ်ကျစရာကိစ္စ။
- မီးလျှံ ရုတ်တရက် အလိုအလျောက်ငြိမ်းပျောက်သော် ကြီးစွာသောဘေးဒုက္ခ။




ဖယောင်းတိုင်အနီးတွင် အရောင်အမျိုးမျိုးရှိသော ကျောက်မျက်ရတနာများကို ဖြန့်ကြဲထားပါ။ အိမ်ခန်းကို အမှောင်ချထားပါ။ ဖယောင်းတိုင်ကို မီးညှိလိုက်ပါ။ သင့်မျက်စိနှစ်ကွင်းကို မှိတ်ထားပြီး စိတ်ကြည်လင်အောင် ကြိုးစားလိုက်ပါ။ သင့်မျက်စိများကိုဖွင့်လိုက်သော် မည်သည့်ကျောက်မျက်မှ အလင်းရောင်သည် သင့်ထံစူးရှမှုရှိကြောင်း ဆန်းစစ်ရန်ဖြစ်သည်။ (အကယ်၍ အဖိုးတန်ကျောက်မျက်များအသုံးပြုရန် အခြေအနေမပေးသော် အရောင်အမျိုးမျိုးရှိသော ဖလ်ပုတီးစေ့များကို အစားထိုးအသုံးပြုနိုင်ပါသည်။)

- အရောင်များမထွက်သော် အောင်မြင်မှုနှင့် ပျော်ရွှင်မှု။
- အနီရောင်ဆိုသော် ချစ်ရေး ကြိုက်ရေး။
- အဝါရောင်ဆိုသော် သစ္စာဖေါက်ဖျက်ခြင်း။
- အစိမ်းရောင်ဆိုသော် ဆုတောင်းချက်တစ်ခု အကောင်အထည်ပေါ်လာမည်။
- စိမ်းပြာရောင်ဆိုသော် မျှော်လင့်မထားသော အခွင့်အလမ်းတစ်ရပ်။
- အပြာရောင်ဆိုသော် ကံကောင်းခြင်း။
- ခရမ်းရင့်ရောင်ဆိုသော် ကြေကွဲဝမ်းနည်းခြင်း။
- ခရမ်းရောင်ဆိုသော် ခိုက်ရန်ဖြစ်ပွားမှု။
- အမည်းရောင်ဆိုသော် ကံခေခြင်း။









(a) ဖယောင်းတိုင်မီးလျှံသည် ဖြောင့်တန်းမြင့်မားစွာ ထွန်းတောက်သော် သူစိမ်းတစ်ဦး ရောက်ရှိလာမည်ကို မျှော်လင့်ထားရသည်။

(b) ဖယောင်းစက်နိမိတ် ဖယောင်းတိုင်မှ ဖယောင်းစက်ကျရာတွင် ၎င်းရှေ့၌ထိုင်နေသူ ပုဂ္ဂိုလ်များအနက် ဖယောင်းစက်နှင့်အနီးကပ်ဆုံးပုဂ္ဂိုလ်အဖို့ ကံဆိုးမိုးမှောင်ကျမည်ဟု နိမိတ်ကောက်လေ့ရှိ၏။

(c) မွေးနေ့ကိတ်မုန့် ဖယောင်းတိုင်များ မွေးနေ့ကိတ်မုန့်ပေါ်တွင် အသက်တစ်နှစ်အတွက် ဖယောင်းတိုင်တစ်တိုင်ကျ ထွန်းထားရမည်။ လိုသောဆုကိုတောင်းပါ။ ထို့နောက် တစ်ကြိမ်တည်းဖြင့် ဖယောင်းတိုင်အားလုံးမှမီးများ တစ်ပြိုင်တည်းငြိမ်းပျက်သွားအောင် မှုတ်ရမည်။ ဤသို့ပြုနိုင်ပါက သင့်ဆုတောင်းပြည့်မည်။


(d) သင့်ချစ်သူ၏ ချစ်မေတ္တာ တည်မတည် သိလိုပါသလား။ သစ်ချသီးတစ်လုံး၏အခွံကို နှစ်ခြမ်းပိုင်းပါ။ ဖယောင်းတိုင်ငယ်နှစ်ချောင်းနှင့် ရေတစ်ဇလုံလည်း လိုအပ်သည်။ သစ်ချသီးခွံတစ်ခြမ်းစီတွင် ဖယောင်းတိုင်တစ်တိုင်စီကို ဖယောင်းစက်ချ၍ ခိုင်အောင်စိုက်ထားပါ။ ၎င်းတို့ကို လေ့ သဘော်သဖွယ် ရေဇလုံတွင်းမျှောလိုက်ပါ။ ဖယောင်းတိုင်တစ်တိုင်ကို သင့်ကိုယ်စား အခြားတစ်တိုင်ကို သင့်ချစ်သူကိုယ်စားအဖြစ် သတ်မှတ်ပါ။ ထို့နောက် ဖယောင်းတိုင်များကို မီးထွန်းညှိလိုက်ပါ။ ဖယောင်းတိုင်နှစ်တိုင်သည် မီးကူးမှုညီမျှပြီး သစ်ချသီးခွံနှစ်ခုလည်း ယှဉ်တွဲနေသည်ကိုတွေ့ရသော် သင်တို့နှစ်ဦးစလုံး၏ချစ်မေတ္တာသည် သစ္စာတည်ကြောင်းနိမိတ်ဖြစ်သည်။ အကယ်၍ သစ်ချသီးခွံများ ယှဉ်တွဲမှုမရှိဘဲ ကွဲကွာနေခြင်း၊ တစ်ခုခုကျမှောက်သလို မှောက်သွားခြင်း။ သို့မဟုတ် ဖယောင်းတိုင်မီးငြိမ်းသွားပါမူ ချစ်မေတ္တာကိစ္စမတည်မြဲဘဲ ပျက်ပြားမည့်နိမိတ်။ သင့်ကိုယ်စားပြု ဖယောင်းတိုင်မီးက သင့်ချစ်သူကိုယ်စားပြု ဖယောင်းတိုင်မီးထက် တာရှည်ခံပါမူ သင့်၏ချစ်မေတ္တာက ပို၍ခိုင်မြဲကြောင်း။ ထို့အတူ ပြောင်းပြန်သဘော နိမိတ်ကောက်ရန်ဖြစ်၏။

(ဓ) နောင်နှစ်အတွက် ကံကြမ္မာကောင်းမကောင်း။ မီးစွဲလောင်နိုင်သော အရာဝတ္ထုများ အားလုံး ဖယ်ရှားပြီးသောကြမ်းပြင်၌ ဖယောင်းတိုင် ၁၂ တိုင်ကို စက်ဝိုင်းသဏ္ဌာန် ထွန်းညှိထားပါ။ ဖယောင်းတိုင်တစ်တိုင်စီကို လအမည်တစ်ခုစီပေးထားပါ။ ဇန်နဝါရီ ဖယောင်းတိုင်မှအစပြု၍ ဒီဇင်ဘာဖယောင်းတိုင်အထိ တစ်တိုင်စီ အပေါ်ခွကျော်ခုံလွှား ပါ။ မီးငြိမ်းသွားသောဖယောင်းတိုင်၏ လအမည်အလိုက် ထိုလတွင် ကံမကောင်းဟု နိမိတ်ကောက်ပါ။ မီးတောက်မီးလျှံ ဆက်လက်တည်ရှိသောဖယောင်းတိုင်၏ သက် ဆိုင်ရာလတွင် ကံကောင်းမည်ဟု နိမိတ်ကောက်ယူရန်ဖြစ်သည်။









လူ့သမိုင်း ရှည်လျားစွာပြောင်းလဲလာသည်နှင့်အမျှ အစားအစာဖြစ် နိမိတ်ကောက်ယူမှု နည်းလမ်းများ ပျောက်ကွယ်ဆုံးရှုံးခဲ့ရပါသည်။ ဥပမာပြရသော် ရှေးတုန်းက ဖုတ်ပြီးစ (မီးဖိုမှထုတ်ပြီး) ပေါင်မုန့် သို့မဟုတ် ကိတ်မုန့်ပေါ်မှ အမှတ်အသားများကို ကြည့်ရှုစစ်ဆေး၍ နိမိတ်ကောက်ယူမှု အတတ်ပညာ ထွန်းကားခဲ့ဖူးသည်။ ဒိန်ခဲဖြင့်လည်း နိမိတ်ကောက်ယူနိုင်ခဲ့ကြသည်။ မုန့်များကိုမျိုချ ခိုင်းပြီး အပြစ်ရှိမရှိ စစ်ဆေးသောနိမိတ်ကောက်ယူမှု နည်းလမ်းများလည်းရှိခဲ့သည်။ အပြစ်ရှိသူ သို့မဟုတ် လိမ်လည်ထွက်ဆိုသူသည် မုန့်ကိုမျိုချခဲ့သော် လည်ပင်း၌ တစ်ဆို့နေတတ်မှုကို နိမိတ် ကောက်ဆရာများက သက်သေခံခဲ့ကြဖူးသည်။ အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံရသော အခါ ကြီးရက်ကြီးနေ့များ၌ နိမိတ်ကောက်ယူမှုပြုသော် ပိုကောင်းမည်ဟု ခံယူကြကြောင်းလည်း သိရ၏။

## ကြက်သွန်ဖြင့် နိမိတ်ကောက်ခြင်း

- ဆုတောင်းပြည့်စေလိုသော် - ကြက်သွန်အခွံများကို လွှာသင်ပြီး မီးရှို့နေစဉ် လိုရာဆုကိုတောင်းရသည်ဟု ခံယူကြသူများရှိသည်။
- သင်လက်ထပ်ရမည့်သူ၏အမည်ကို သိလိုသော် - သင်ရည်မှန်းထားသူများ၏ အမည်များကို စက္ကူများ၌ရေးသားပြီး ကြက်သွန်ဥများ၌ ချည်သီထားပါ။ ပထမဦးဆုံး အစို့အညှောက်ပေါက်သော ကြက်သွန်၏အမည်ပါပုဂ္ဂိုလ်သည် သင်လက်ထပ်ရမည့်သူဟု နိမိတ်ကောက်ကြကြောင်း သိရသည်။
- သင့်ပြဿနာမေးခွန်း၏ အဖြေရလိုသော် - ကြက်သွန်ဥများ၌ အလားအလာအမျိုးမျိုးရှိသော အဖြေများကိုချည်သီထားပါ။ ပထမဦးဆုံးအစို့အညှောက်ပေါက်သော ကြက်သွန်ဥမှအဖြေသည် လိုအပ်သောအဖြေပင်ဖြစ်သည်။ ထုံးတမ်းစဉ်လာအရဆိုသော် နာတာလူးပွဲအကြိုညဉ့်၌ ၎င်းနိမိတ်ကောက် ကြက်သွန်ဥများကို ဘုရားရှိခိုးကျောင်း ဘုရားစင်၌ တင်ထားလေ့ရှိကြောင်း သိရ၏။

## ပန်းသီးဖြင့်နိမိတ်ကောက်ခြင်း

- သင့်အနာဂတ် အိမ်ထောင်ဘက်၏ နံသင့်နာမည် နိမိတ်ကောက်ခြင်း

(က) ပန်းသီးတစ်လုံး၏အခွံကို ရှည်နိုင်သမျှရှည်ရအောင် သင် (ခွါ) ပါ။ ဤအခါမျိုးတွင် အခွံဘေး၌ အရစ်လေးများပေါ်မည်။ သင်ရည်မှန်းသူ သို့မဟုတ် သိသောအမျိုးသမီးထဲမှ သို့မဟုတ် မှန်းရမ်းပြီး ဗျည်းများ က ခ စသဖြင့် အရစ်ထစ်ခုကို ဗျည်းတစ်လုံးရေတွက်ပါ။ နောက်ဆုံးအရစ်ကျသော ဗျည်းအက္ခရာပိုင်ရှင်သည် သင့်အိမ်ထောင်ဘက်၏ အမည်နိမိတ်ဖြစ်၏။

(ခ) သင့်ဘယ်ဘက်ပခုံးမှကျော်၍ လွှာသင်ထားသော ပန်းသီးအခွံကို ပစ်ပါ။ မြေပေါ်သို့ကျရာတွင် မည်သည့်ဗျည်းနှင့်တူသည်ကို စိစစ်၍ နိမိတ်ကောက်ရန်ဖြစ်သည်။

## သင်ထံအလည်ရောက်လာမည့်ပုဂ္ဂိုလ်၏ အမည်ကို နိမိတ်ကောက်ခြင်း။

ပန်းသီးတစ်လုံးကို ကိုးစိတ်-စိတ်ပါ။ နောက်ဆုံးအစိတ်ကို သင့်ဘယ်ဘက်ပခုံးကျော်၍ အဝေးသို့လွှင့်ပစ်ပါ။ ဗျည်းများကို တစ်ဆက်တည်းရွတ်ဆိုပါ။ ၎င်းပန်းသီးစိတ် မြေကြီးနှင့်ထိစဉ် ကိုက်ညီသော ဗျည်းပါသောပုဂ္ဂိုလ်သည် သင့်ထံအလည်ရောက်လာမည့်ပုဂ္ဂိုလ်ဖြစ်သည်။

## ပန်းသီးဖြင့် လိုရာဆုတောင်းခြင်း

- သင်သည် စိတ်ထဲမှ လိုရာဆုကိုတောင်းပြီး ပန်းသီးတစ်လုံးအား အလယ်မှ နှစ်ပိုင်း-ပိုင်းပါ။ အကယ်၍ပန်းသီးမျိုးစေ့ကိုထိခိုက်ခြင်းမရှိဘဲ နှစ်ခြမ်း-ခြမ်းနိုင်ပါမူ ဆုတောင်းပြည့်မည့်နိမိတ်ဖြစ်သည်။



- ပန်းသီးအား ကိုက်စားစဉ် တစ်စိတ်တစ်ပိုင်း ကျိုးပျက်သော် ကံဆိုးမည့်နိမိတ်
- ပန်းသီးအချို့ကို ရေဖြည့်ထားသောဇလုံအတွင်း ချထားပါ။ နိမိတ်ကောက်လိုသူများက တစ်ပြိုင်တည်း ပန်းသီးတစ်လုံးရအောင် ပါးစပ်ဖြင့်ကိုက်ချီရမည်။ လက်နှင့်မထိရ။ ပန်းသီးပထမဆုံးရရှိသူသည် ပထမဆုံးလက်ထပ်သူဖြစ်မည်။ ပန်းသီးအရွယ်အစားအမျိုးမျိုးရှိရာ ပါးစပ်ဖြင့်သာကိုက်ချီ၍ရသော ပန်းသီးကြီးလေ ထိုသူ၏ဘဝအခြေအနေ တိုးတက်မှုကြီးမားလေဟု နိမိတ်ကောက်နိုင်သည်။
- ဤနည်းဖြင့် အခြားနိမိတ်ကောက်ယူမှုမှာ အောက်ပါအတိုင်းဖြစ်သည်။ အမျိုးသမီးအများအပြားရှိသော် အမျိုးသမီးတစ်ဦးစီက ပန်းသီးတစ်လုံးစီတွင် လျှို့ဝှက်အမှတ်သားပြုစေပြီး ရေဇလုံထဲ၌ နှစ်ထားရန်ဖြစ်သည်။ အမျိုးသားတစ်ဦးက ပါးစပ်ဖြင့်ကိုက်ချီ၍ရသော ပန်းသီးအမှတ်အသားပြုသူ အမျိုးသမီးသည် ထိုပုဂ္ဂိုလ်၏ ဖူးစာရှင်ဟူသော နိမိတ်ပင်။
- မည်သည့်အခါ၌ လက်ထပ်ရမည်ဟူသော နိမိတ်ကောက်နည်း။ သိလိုသူများသည် ပန်းသီးများကိုဖေါက်ပြီး ကြိုးဖြင့်သီထားရမည်။ ထို့နောက် ကြိုးစကိုကိုင်ပြီး လေထဲဝှေ့ရမ်းရမည်။ ပထမဆုံး ပန်းသီးပြုတ်ကျသူသည် ပထမဆုံး လက်ထပ်ရသူဖြစ်မည်။ နောက်ဆုံးလူကား လက်ထပ်ရန်အခြေအနေမပေးသေးဟု နိမိတ်ကောက်ရန်ဖြစ်၏။
- သင့်ဖူးစာဘက် ရုပ်ပုံလွှာကို တွေ့မြင်ခြင်း။ အောက်တိုဘာလ ၃၁ ရက်နေ့တိုင်းတွင် ကျရောက်သော ဟာလိုဝင်း (HALLOWEEN) နေ့တွင် ဖူးစာဘက် တောင့်တသောပုဂ္ဂိုလ်သည် ကြည့်မှန်ကြီးကြီးတစ်ချပ်ရှေ့၌ထိုင်၍ လက်တစ်ဘက်ဖြင့် ခေါင်းဖီးပြီး အခြားလက်တစ်ဘက်ဖြင့် ပန်းသီးတစ်လုံးစားနေမည်။ တိုက်ဆိုင်ပါက မှန်ထဲတွင် သင့်ဘယ်ဘက်ပခုံးကိုကျော်၍ ကြည့်နေသောဖူးစာဘက် ရုပ်ပုံလွှာပေါ်လာတတ်သည်ဟု ဆိုပါသည်။
- အခြားတစ်နည်းမှာ ပန်းသီးတစ်လုံးကိုအစိတ်ကိုးစိတ်-စိတ်ပါ။ သင်သည် ကြည့်မှန်ကို ကျောပေးကျောခိုင်းပြီး အစိတ်ရှစ်စိတ်ကို ကုန်အောင်စားပါ။ နောက်ဆုံးကျန်ရှိသော ပန်းသီးစိတ်ကို သင့်ဘယ်ဘက်ပခုံးမှကျော်ပြီး အဝေးသို့ပစ်လိုက်ချိန်နှင့် တစ်ပြိုင်တည်း ကြည့်မှန်သို့ ရုတ်တရက် အလျင်အမြန်လှည့်ကြည့်ပါ။ သင့်ဖူးစာဘက်၏ ရုပ်ပုံလွှာကို တွေ့မြင်နိုင်မည်ဟု ဆိုပါသည်။

## ပူတင်းနှင့် ကိတ်မုန့်များဖြင့် နိမိတ်ကောက်ခြင်း

- နာတာလူးပွဲ ပူတင်းမုန့်။ ပူတင်းကို မီးဖုတ်ထုတ်လုပ်ခြင်းမပြုမီ ကုန်ကြမ်းမုန့်ဖတ်အတွင်း ပိုက်ဆံအကြွေတစ်ခုကို ထည့်ပြီးမွှေပါ။ ၎င်းငွေအကြွေပါသော ပူတင်းမုန့်ရသူသည် လာမည့်နှစ်၌ ကြီးပွားမည့်နိမိတ်ဖြစ်ပါသည်။ နောက်တစ်နည်းမှာ လက်စွပ်၊ မြင်းသံခွါ အစရှိသောအဆောင်များကို ထည့်သွင်း၍ ပူတင်းဖုတ်ရန်ဖြစ်သည်။ လက်စွပ်ပါသောပူတင်းသည် လက်ထပ်မင်္ဂလာ၊ မြင်းသံခွါပါသောပူတင်းသည် ကံကောင်းခြင်းနိမိတ် စသဖြင့် မှတ်ယူရန်ဖြစ်၏။
- နာတာလူးပွဲအပြီး ၁၂ ရက်မြောက်ည ကိတ်မုန့်ဖြင့် နိမိတ်ဖတ်ခြင်း။ ၎င်းရက်ညတွင် ဖုတ်ထားသော မုန့်အပိုင်းတစ်ပိုင်းကို ခြောက်သွေ့သောနေရာ၌ သုံးလတိတိ သိမ်းဆည်းထားပါ။ ထိုအချိန်၌ ၎င်းတွင်မှိုတက်ခြင်းမရှိပါက လာမည်တစ်နှစ်အတွက် ကြီးပွားမည့်နိမိတ်ဖြစ်သည်။

- ဖူးစာရှင်အိပ်မက်ပေးသော မြင်းစားဂျုံဖြင့်ဖုတ်သောမုန့်။ အင်္ဂါနေ ညနေခင်းတစ်ချိန်ချိန်တွင် တဆေးနှင့် ကစီရည် ဖေါက်မထားသော မြင်းစားဂျုံဖြင့်ဖုတ်ရသောမုန့်ကို ပြုလုပ်ရမည်။ ၎င်းမုန့်ကို ဥရောပတိုက်၌ ဘန်နော့ (BANNOCK) မုန့်ဟုခေါ်သည်။ မုန့်မဖုတ်မီ ကုန်ကြမ်း၌ ငွေစ ရွှေစနှင့် လက်စွပ် အစရှိသောအဆောင်များ ထည့်မွှေရမည်။ မုန့်ဖုတ်မွှေစဉ်နှင့် မုန့်ဖုတ်စဉ် အနားတွင်ရှိသူအားလုံး ငြိမ်သက်စွာနေရမည်။ မုန့်ကျက်သော် နိမိတ်ကောက်လိုသူ အိမ်ထောင်မရှိ လူလွတ်များအရေအတွက် ရှိသလောက် စိတ်ပိုင်းရန်ဖြစ်သည်။ ၎င်းမုန့်ကိုစားရန်မဟုတ်ပါ။ မုန့်အပိုင်းအစကို ဘယ်ဘက်ခြေစွပ် (အတိုအရှည်)တွင်ထည့်သွင်းပြီး ခေါင်းအုံးအောက်၌ထားပြီးအိပ်သော် ဖူးစာရှင်၏ရုပ်ပုံလွှာကို အိပ်မက်ပေးသည်ဟု ဆိုပါသည်။ မုန့်အပိုင်းအစတွင် ပါတတ်သော အဆောင်ပစ္စည်း၏ သက်ဆိုင်ရာအာနိသင်အလိုက် လာမည့်နှစ်အတွက် ကံကောင်းထောက်မမှုပြုသည်ဟုလည်း ယုံကြည်ကြသည်။
- ဖူးစာရှင် အိပ်မက်ပေးသော နွေလလယ်ကိတ်မုန့်။ အနောက်တိုင်း၌ ဇွန်လ ၂၄ ရက်နေ့တိုင်း ကျရောက်သော နွေလလယ်ရက်၏ ညနေတွင် လူလွတ်သုံးယောက်သည် ဂျုံမှုန့် ချည်းသက်သက်ကို ရေနှင့်ဖျော်ပြီး နယ်ရသည်။ ထည့်လိုက သကြားအနည်းငယ်ထည့်နိုင်သည်။ ၎င်းမုန့်ကျက်သော် သုံးပိုင်း-ပိုင်းရပြီး လူတစ်ဦးလျှင် တစ်ပိုင်းစီဝေငှရမည်။ သက်ဆိုင်ရာပုဂ္ဂိုလ်သည် မိမိရရှိသည့်မုန့်အပိုင်းကို ကိုးစိတ်-စိတ်ရသည်။ လက်ထပ်လက်စွပ်ကို သုံးနှစ်ကျော် ဝတ်ဆင်ထားသူတစ်ဦးထံမှ ၎င်းလက်စွပ်တစ်ကွင်းကို ဦးစွာချေးငှားယူထားရန်လည်း လိုအပ်သည်။ ၎င်းလက်စွပ်ကွင်းအလယ်မှ ဖေါ်ပြပါ မုန့်အပိုင်းအစများကို ဖြတ်သန်းယူရမည်။ ပြီးနောက် မိမိရရှိသော မုန့်အစိတ်အပိုင်းအားလုံးကို စားမျိုလိုက်ရမည်။ ၎င်းတို့သုံးဦး အတူတူအိပ်မက်ရမည့်ကုတင်၌ ၎င်းလက်စွပ်ကို ချိတ်ဆွဲထားရမည်။ ထိုညတွင် ဖူးစာဘက်၏ရုပ်ပုံလွှာကို အိပ်မက်ထဲ၌ တွေ့ရမည်ဟုဆိုသည်။ ပြောရန်ကျန်သည့်အချက်မှာ ထိုဖြစ်စဉ်တစ်လျှောက်လုံး မည်သူမှ စကားမပြောရဟူ၍ ဖြစ်သည်။
- လက်ထပ်ကိတ်မုန့်ဖြင့် ဖူးစာရှင်နိမိတ်ကောက်ခြင်း။ နိမိတ်ကောက်လိုသူသည် သောကြာနေ့ တစ်နေ့လုံး ဥပုသ်စောင့်ရမည်။ ထိုည၌ လက်ထပ်ကိတ်ကို ခေါင်းအုံးအောက်၌ထားပြီး အိပ်စက်ရမည်။ ဤသို့ပြုလျှင် ဖူးစာရှင်၏ရုပ်ပုံလွှာကို အိပ်မက်ဖြင့် တွေ့မြင်နိုင်သည်ဟု ဆိုပါသည်။ နောက်တစ်နည်းမှာ လက်ထပ်ကိတ်မုန့်ကို သေးငယ်သော အစိတ်အပိုင်းအဖြစ် လှီးပိုင်းပြီး သူတစ်ပါးထံမှချေးငှားသော လက်ထပ်လက်စွပ်ကွင်းအတွင်းမှ သုံးကြိမ်ဖြတ်သန်းသယ်ယူခြင်းပြုရမည်။ ၎င်းကိတ်မုန့်ကို စားရန်မဟုတ်ဘဲ သင်ရည်မှန်းသူ၏ အမည်ရေးထားသောစက္ကူဖြင့် ထုပ်သိမ်းရမည်။ ၎င်းကို သင့်ခေါင်းအုံးအောက်၌ထားပြီး ညအိပ်ရမည်။ ဖူးစာရှင်မုန့်ပါက အိပ်မက်တွင် ၎င်း၏ရုပ်ပုံလွှာကို မြင်မက်မည်ဟု ဆိုပါသည်။



## သစ်သီးဖြင့် နိမိတ်ကောက်ခြင်း

- သင့်ဖူးစာရှင်၏ အလုပ်အကိုင်ကို အိပ်မက် နိမိတ်ကောက်ခြင်း။ သစ်ချသီးတစ်လုံးနှင့် သစ်အယ်သီးတစ်လုံးတို့ကို ပါးပါးလှီးပါ။ ဇာတိပ္ဖိုလ်သီးအပိုင်းတစ်ပိုင်းကို ညက်အောင်ချေပါ။ ပေါင်မုန့်သေးသေးတစ်လုံးကို ရေစစ်၍ ၎င်းတို့နှင့်အတူ ချေပါ။ မွှေပါ။ ပြီးနောက်. အလုံးသေးသေး ၉ လုံးရအောင် လုပ်ယူပါ။ ညအိပ်ရာမဝင်မီ ၎င်းတို့ကို တစ်လုံးပြီးတစ်လုံးမျိုချပါ။ သင့်အိပ်မက်တွင် သင့်ဖူးစာရှင်၏ အလုပ်အကိုင်နှင့်ပတ်သက်သော လက္ခဏာအမှတ်အသားများကို တွေ့ရမည်ဟု သိရသည်။
- သင့်ချစ်သူ သစ္စာတည်မတည် ဆန်းစစ်ခြင်း။ အခွံမာသစ်သီးနှစ်လုံးကို ရယူပါ။ တစ်လုံးကို သင့်နာမည်နှင့် အခြားတစ်လုံးကို သင့်ချစ်သူနာမည်ပေးထားပါ။ ပြီးနောက် မီးကျည်ခဲများပေါ်၌ တင်၍မီးဖုတ်ပါ။ အကယ်၍ အသံဗလံမပြုဘဲ ၎င်းတို့ကိုမီးကျွမ်းသော် သင်တို့၏ဆက်ဆံရေးမှာ တာရှည်ပြီး တည်တံ့မည်။ ဤသို့မဟုတ်ဘဲ၊ ၎င်းတို့သည် မီးတောက်မီးလျှံထလောက်အောင် လောင်ကျွမ်းခြင်း၊ ပေါက်ကွဲလောင်ကျွမ်းခြင်း နေရာရွေ့ခြင်း အစရှိသည်များဖြစ်ပွားသော် ဆက်သွယ်ပေါင်းသင်းမှု နိဂုံးချုပ်မည်။ ဤနေရာ၌ ပထမဆုံးဖေါက်ပြန်သော အခွံမာသစ်သီး ကိုယ်စားပြုသူက သစ္စာဖေါက်ခြင်းဟု နိမိတ်ကောက်ရမည်။

## ကြက်ဥဖြင့် နိမိတ်ကောက်ခြင်း

- ကြက်ဥအကာ (အဖြူ) ကို ရေပုံး ၃ ပုံးထည့်ထားသော ဖန်ခွက်အတွင်းသို့ ဖေါက်ထည့်ပါ။ ၎င်းဖန်ခွက်ထိပ်ဝကို လက်ဝါးဖြင့်ပိတ်၍ ဝဲလှည့်သလို ဖန်ခွက်ကို လှုပ်ခါပေးရန်ဖြစ်သည်။ ပြီးနောက် ဖန်ခွက်ကို အချိန်အတန်ကြာ နဂိုအတိုင်းထားရှိပါ။ ထိုအခါ ဖန်ခွက်အတွင်း၌ ကြက်ဥအကာများသည် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော အခဲတုံးများဖြစ်လာမည်။ ၎င်းအခဲအတုံးပုံသဏ္ဌာန်အရ သင့်အနာဂတ်အခြေအနေ မည်သို့ရှိမည်ကို နိမိတ်ကောက်နိုင်မည်ဟုသိရ၏။
- ကြက်ဥလိမ့်၍ နိမိတ်ကောက်ခြင်း။ အီစတာ (အသျှင်ခရစ်တော် အသက်ရှင်နေခြင်းကို အကြောင်းပြု၍ ကျင်းပသည့်) ပွဲနေ့တွင် နိမိတ်ကောက်ရမည်။ ထိုနေ့တွင် စိတ်ဝင်စားသောပုဂ္ဂိုလ်များသည် ကျက်အောင်ပြုတ်ထားပြီး ဆေးရောင်ဆိုးထားသောကြက်ဥများကို ဆင်ခြေလျှောရှိရာကုန်းမြင့်မှ တစ်ဦးပြီးတစ်ဦး မိမိတို့အမှတ်အသားပြုထားသော ကြက်ဥပြုတ်တစ်လုံးစီကို လိမ့်ချရမည်။ အခြေအနေကောင်းသော ကြက်ဥပြုတ်ပိုင်ရှင်သည် လာမည့်နှစ်၌ ကံကောင်းမည်။ အခြေအနေပျက်ယွင်းသော ကြက်ဥပြုတ်ပိုင်ရှင်သည် ကံဆိုးမည်။ အကယ်၍ လူလွတ်များက ကြက်ဥပြုတ်များကို တစ်ပြိုင်တည်းလိမ့်ချသော် မကွဲမပျက်ပဲ ပထမဆုံး မြေပေါ်ကျသော ကြက်ဥပြုတ်ပိုင်ရှင်သည် ၎င်းတို့အနက် ဦးစွာလက်ထပ် မင်္ဂလာဆောင်ရမည့်ပုဂ္ဂိုလ်ဟု မှတ်ယူရန်ဖြစ်သည်။

### အရွက်စား သခေါ်ာမုန်လာ (LETTUCE) ဖြင့် နိမိတ်ကောက်ခြင်း

အရွက်စား သခေါ်ာမုန်လာကိုအသုံးပြု၍ အနောက်တိုင်းပုံစံ ဟင်းရွက်စိမ်းလက်သုပ် (SALAD) ပြင်ဆင်ရာတွင် အမှုမဲ့အမှတ်မဲ့ ပန်းကန်ဘေးဘက်သို့ကျရောက်သော မုန်လာရွက်အရေအတွက်ဖြင့် သင်လက်ထပ်မင်္ဂလာပြုရမည့်အချိန်ထိ စောင့်ဆိုင်းရမည့်နှစ်ကာလကို ခန့်မှန်းနိမိတ်ကောက်နိုင်သည်ဟု ဆိုပါမည်။

### စားတော်ပဲ (PEA) နှင့် ပဲကြီး (BEAN) တို့ဖြင့် နိမိတ်ကောက်ခြင်း

အချို့သော ခရစ်ယာန်ဘာသာဝင်များ ရက်ပေါင်း ၄၀ စာဝင်သော ပွဲရက်ကာလ၏ ပဉ္စမမြောက် တနင်္ဂနွေနေ့တွင် စားတော်ပဲဟင်းချက်ရာ၌ ပဲဖြူကလေး အစရှိသော ပဲကြီးအမျိုးဝင် ပဲစေ့ငယ်တစ်စေ့ကို ထည့်သွင်းရောနှော ချက်ပြုတ်ရသည်။ ၎င်းပဲစေ့ငယ်တစ်စေ့ပါသော စားတော်ပဲဟင်းစားရသူသည် ပထမဆုံး လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲရမည့်သူဟု နိမိတ်ကောက်နိုင်၏။

### အယူတော်မင်္ဂလာ (AUGURY)

ရောမခေတ်၌ ဖြစ်လတ္တံ့ကို တင်ကူးဟောပြောခြင်းကိစ္စမှာ အယူတော် မင်္ဂလာပညာရှင် (COLLEGE OF AUGURS)များ၏ တာဝန်ဖြစ်ခဲ့သည်။ နှာချေခြင်းမှအစ ကြယ်ကြွေခြင်းအထိ အတိတ်နိမိတ်အမျိုးမျိုးကို ကောက်ယူခဲ့ကြဖူးသည်။ ယင်းတို့အနက် အများဆုံးအသုံးပြုသောနည်းမှာ ငှက်များကို အမှီပြု၍ဖြစ်ပွားသော အသံ၊ ပျံသန်းပုံသဏ္ဌာန်နှင့် အုပ်စုဖွဲ့ပုံ စသည်တို့ဖြစ်သည်။

အနီစင်းနှင့်အနားကို ခရမ်းရောင်ကွတ်ထားသည့် ဝတ်ရုံကြီးကိုဝတ်ထားပြီး တောင်ကုန်းထိပ်တွင်ရပ်နေသော အယူတော်မင်္ဂလာ ရောမပညာရှိကြီးတစ်ဦး၏ရုပ်ပုံကို စိတ်မျက်စိထဲ သွင်းကြည့်ပါ။ သူသည် တောင်ဘက်သို့မျက်နှာမူ မတ်တတ်ရပ်နေပြီး ကိုင်စွဲနေကြ သစ်သားတုတ်တစ်ချောင်းဖြင့် သုဆန်းစစ်မှုပြုမည့် ကောင်းကင်တစ်နေရာသို့ ထိုးပြနေသည်။ ငှက်အမျိုးအစား ကွဲပြားခြားနားသဖြင့် နိမိတ်ကောက်ယူပုံမှာ ကွဲပြားခြားနားမှုရှိသည်မှာ ဧကန်ဖြစ်သည်။ ဥပမာဆိုသော် ရိုးရိုးငှက်ထက် လင်းတငှက်နှင့် လင်းယုန်ငှက်တို့ပျံသန်းမှုကို ပို၍စိတ်ဝင်စားသည်။ ထို့အတူ အသံနှင့်ပတ်သက်၍ ကျီးကန်း၊ တောကျီးကန်း၊ ဇီးကွက်နှင့် ကြက်ဖများ၏တွန်သံကို ပို၍အလေးပေးသည်။ ထိုနိမိတ်ကောက်ဆရာ၏ လက်ဝဲဘက်၌ဖြစ်ပျက်သော နိမိတ်လက္ခဏာများသည် ကောင်းကျိုးပေးသဘောဆောင်ပြီး လက်ယာဘက်၌ဖြစ်ပျက်သော နိမိတ်လက္ခဏာများသည် မကောင်းကျိုးပေးသဘောဆောင်သည်ဟု ခံယူခဲ့ကြသည်။ အတိတ်ကောက်ရာ၌ ရိုးရိုးစင်းစင်း လွယ်လွယ်ကူကူမဟုတ်ပါ။ ပျံသန်းလာသောငှက်ကောင်ရေ ပျံသန်းပုံအနေးအမြန်၊ ငှက်ချေး ငှက်တောင် ကျမကျ၊ ၎င်းတို့ရှုန့်သောအညစ်အကြေး စသည်ဖြင့် နိမိတ်ကောက်စရာ များပြားလှပါသည်။




### ဖိုထိုးခြင်းမှနိမိတ်ကောက်ခြင်း

ရွှေဖြစ်ကိုဦးတည်သော အင်္ဂလိပ်သမားများသည် လက်ဖက်ရည် ပန်းကန်ခွက်အစား ၎င်းတို့ဖိုထိုးသော သတ္တုများဖြင့် နိမိတ်ကောက်ဗေဒင်ခံယူကြကြောင်း သိရသည်။ သံဖြူနှင့် ခဲအစရှိသော မီးဖုတ် ဖိုထိုးထားသောသတ္တုများကို ရေစိမ်အအေးခံ ဖြစ်ပေါ်သောပုံသဏ္ဌာန်အရ နိမိတ်ကောက်ခြင်းဖြစ်သည်။ (သရုပ်ပြပုံကို ကြည့်ပါ)

ခဲထက်စာလျှင် ဖယောင်းကိုသုံးက ပို၍အဆင်ပြေသည်။ ဖယောင်းကို အရည်ကျိုပြီးနောက် ရေဖြည့်ထားသောခွက်တစ်ခုအတွင်း ချလိုက်၍ ဖြစ်ပေါ်သောရုပ်ပုံသဏ္ဌာန်ကို နိမိတ်ကောက်ယူခြင်းဖြစ်သည်။ စာများ ချိပ်ပိတ်အသုံးများသော ၁၈ ရာစု၌ ချိပ်များကိုလည်း အသုံးများသည်။ ဗူးဒူးလောကီပညာရှင်များသည် ဖယောင်းတိုင်နှင့် ချိပ်ဗေဒင်တွက်ချက်လေ့ရှိကြောင်း သိရှိရသည်။



## စက္ကူပေါ်အမှတ်အစက်ချခြင်းနည်း Geomancy




စက္ကူပေါ် အမှတ်အစက်ချခြင်းနည်းတွင် နိမိတ်ကောက်သူသည် ခဲတံ သို့မဟုတ် ဘောလ်ပင်ကို ဖေါ့နိုင်သမျှဖေါ့အောင်ကိုင်ပြီး အမှတ်အသားအစက်များကို ထောင်လိုက် ၄ တန်း၊ အလျားလိုက် ၄ တန်း ရမ်းမှန်းပြုရသည်။ ထို့နောက် ၄င်းအတန်းလိုက်ရှိသော အမှတ်အစက်များကို ရေတွက်ရသည်။ စုံဂဏန်းဆိုသော် အစက်နှစ်စက်၊ မဂဏန်းဆိုသော် အစက်တစ်စက်ဟု ယူရမည်။ ဤတွင် သရုပ်ပြပုံ၌ ပြထားသည့်အတိုင်း အမျိုးအစား ၁၆ မျိုးရရှိပါမည်။ သက်ဆိုင်ရာအတိတ် နိမိတ်များကို အောက်တွင်ဖေါ်ပြပေးလိုက်ပါသည်။

၁။ ကြီးမားသော ကံကောင်းထောက်မမှု။
၂။ အနည်းငယ်မျှသော ကံကောင်းထောက်မမှု။
၃။ လမ်းကြောင်း။
၄။ တိုင်းသူပြည်သူ၊ တိုင်းနိုင်ငံ
၅။ ရယူခြင်း၊ မြတ်စွန်းခြင်း။
၆။ ပျော်ရွှင်မှု။
၇။ ဆုံးရှုံးမှု။
၈။ မိန်းကလေး။
၉။ ယောကျ်ားကလေး။
၁၀။ ဆက်သွယ်ခြင်း၊ တွေ့ဆုံခြင်း။
၁၁။ အဖြူ။
၁၂။ အနီ။
၁၃။ အကျဉ်းထောင်။
၁၄။ ဝမ်းနည်းမှု။
၁၅။ ရာဟုဂြိုဟ်။
၁၆။ ကိတ်ဂြိုဟ်။



### စက္ကူပေါ်မှအစက်များ




DOTS ON PAPER

# ထူးဆန်းသော အတိတ်နိမိတ်များ

အစွဲအလမ်းဟုခေါ်ရမလား၊ စိတ်တန်ခိုးဟုခေါ်ရမလား၊ သိပ္ပံနည်းနှင့်ဖြေရှင်းရန်ခက်ခဲသည့် ထူးဆန်းသောအတိတ်နိမိတ်များမှာ စိတ်ဝင်စားစရာကောင်းလှသည်။

အဖြစ်အပျက်များက မယုံနိုင်စရာ၊ သို့သော် တစ်ကယ်ဖြစ်ပျက်ခဲ့သည်မှာလည်း အမှန်တွေချည်းဖြစ်သည်။ မယုံ၍လည်းမရ၊ အတိတ်နိမိတ်ဟူသည် လူမျိုးတိုင်းတွင်ရှိတတ်သည့် သဘာဝအမှတ်အသား စွဲလမ်းမှုပင်ခေါ်ရမလား၊ စိတ်တန်ခိုးဟုပင်ခေါ်ရမလား၊ ယင်းထူးဆန်းအံ့ဖွယ်ရာများကို စုပေါင်းကာ စာရေးဆရာ သုတေသီ ဖရင့်စ်အက်ဒွပ် (Frank Adwards) က {Strrnge World} စာအုပ်တွင် ဖော်ပြထားသည်များမှာ အောက်ပါအကြောင်းအရာကလေးများကို ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။

**ထူးဆန်းသောအိပ်မက်များ**

ကယ်လီဖိုးနီးယား လောင်းဘိချ်တွင်နေထိုင်သူ မစ္စက်ဂျွန်ဝါးလ်စ်ခ် (Mrs. John Walik) သည် သူမ၏ခင်ပွန်း လေကြောင်းပြအရာရှိ မစ္စတာဂျွန်ဝါးလစ်ခ်၏ အင်ဂျင်စက်လေးလုံးတပ် လေယာဉ်ကြီး ပျက်မကျမီ ငါးရက်ခန့်အလိုက လေယာဉ်ပျက်ကျကြောင်း အိပ်မက်ထဲတွင် မြင်တွေ့ခဲ့ရသည်။ လေယာဉ်ကြီးသည် ရေပြင်ထဲထိုးကျပြီး မြုပ်ချီကြွချီဖြင့် ရုပ်ပြေးကာ လေယာဉ်ဆင်းရမည့်လမ်းနှင့် ကိုက် ၁၀၀ အကွာ မြေပြင်တွင် အတောင်တစ်ဘက်ထိုးစိုက်ကာ ငြိမ်သွားပြီးနောက် မီးတောက်ကြီး ထတောက်တော့သည်။

အိပ်မက်ဆိုးကြောင့် မစ္စဝါးလစ် အိပ်ရာမှလန့်နိုးလာပြီး ခင်ပွန်းသည်အလုပ်လုပ်သော Slick Airways အား ဖုန်းဆက်ပြီး ခင်ပွန်းသည်အားမေးသည်။ ကုမ္ပဏီက အားလုံးအဆင်ပြေကြောင်း လေယာဉ်ပျက်စီးမှုမရှိကြောင်း ဂျွန်မှာ အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်းတွင်ရှိပြီး ရက် အနည်းငယ်အတွင်း အနောက်ပိုင်းသို့ သူသွားရမည့်အကြောင်း၊ အကြောင်းပြန်သည်။

မစ္စက်ဂျွန်ဝါးလစ်ခ်က ထူးဆန်းဖွယ်အိပ်မက်ကို မိသားစုနှင့် မိတ်ဆွေများအားပြောပြသည်။ လေယာဉ်ကုမ္ပဏီအားလည်း ထပ်မံဖုန်းဆက်ကာ အခြေအနေမေးမြန်းကြည့်သေးသည်။ အိပ်မက်,မက်ပြီး ငါးရက်ကြာသောအခါ သူမခင်ပွန်း၏လေယာဉ်သည် ဆန်ဖရန်စစ္စကိုကမ်းခြေအနီး လေယာဉ်ထိုးအဆင်းတွင် ပျက်ကျကြောင်း သတင်းရသည်။ ပျက်သည်က အိပ်မက်ထဲကအတိုင်း တသွေမတိမ်း၊ လေယာဉ်အမှုထမ်းငါးဦး သေဆုံးခဲ့သော်လည်း ကံကောင်းထောက်မ၍ ခင်ပွန်းသည်မှာ အသက်မသေဘဲ ဒဏ်ရာအနာတရဖြင့် ကျန်ခဲ့သည်။ အခြားသောအိပ်မက်နှင့် အဖြစ်အပျက်ကို {Long Bdach Independent Press} မှ စာလုံးမဲကြီးဖြင့် ရေးသားဖော်ပြသည်။

* * * * * * *

၁၉၁၅ ခုနှစ်က အင်္ဂလိပ်လူငယ် တက္ကသိုလ်ဆရာတစ်ဦးဖြစ်သူ အိုင်ဘီအက်စ် ဟိုးလ်ဘွန်း I.B.S. Holbourne သည် အမေရိကန်ပြည်ထောင်စုမှနေ၍ ပင်လယ်ကူးသင်္ဘောကြီး လူစီတာနီးယား (Lusitania) ကို ဆင်ပြီး အင်္ဂလန်သို့ လိုက်ပါခဲ့သည်။ အင်္ဂလန်နေအိမ်တွင် ဇနီးဖြစ်သူ မာရီယွန် (Marion) သည် စာဖတ်ခန်းထဲတွင် မှိန်းနေရာမှ ခြောက်အိပ်မက်ကြောင့် ကတုန်ကယင်ဖြင့် လန့်နိုးလာသည်။ အိပ်မက်ထဲတွင် လူစီတာနီးယားသင်္ဘောကြီးနစ်မြုပ်ပြီး သက်ကယ်လှေများဖြင့် ခရီးသည်များ ကူးကြရကြောင်း သင်္ဘောအရာရှိတစ်ဦးက သူမထံရောက်လာပြီး သူမ၏ခင်ပွန်းသည်အား သက်ကယ်လှေတစ်စင်းထဲ ထည့်ပေးလိုက်ကြောင်း လာပြောသည်ဟုဆိုသည်။



ထိုနေ့နံနက်စာစားချိန်တွင် အိပ်မက်အကြောင်း အိမ်သားများအားပြောပြရာ ရယ်မောကြသည်။ နာရီအနည်းငယ်မျှကြာသောအခါ မာရီယွန်ထံ သင်္ဘောနစ်မြုပ်ကြောင်း သတင်းရောက်လာရာ အံ့သြထိတ်လန့်ကုန်ကြသည်။ အသက်ရှင်ကျန်ရစ်သူများတွင် ခင်ပွန်းသည်ပါဝင်ပြီး ပြန်ရောက်လာသောခင်ပွန်းသည်က သင်္ဘောအရာရှိတစ်ဦးက သူ့အား သက်ကယ်လှေတစ်စင်းပေါ် တင်ပေးလိုက်ကြောင်း ပြောပြသည်။ ထိုအရာရှိ၏ပုံပန်းသဏ္ဌာန်မှာ ဇနီးသည်ပြောပြသော ပုံပန်းသဏ္ဌာန်နှင့် ထပ်တူထပ်မျှဖြစ်နေသည်မှာ ထူးဆန်းနေပေသည်။

* * * * * * * *

အီတလီလယ်သမားကြီး ပေါလိုဂရီလို (Paolo Grillo) ဆိုသူသည် ပထမကမ္ဘာစစ်အချိန်က စစ်တပ်တွင် ဝင်ရောက်အမှုထမ်းခဲ့၏။ စစ်ပြီး၍ပြန်လာချိန်တွင် ထိခိုက်မှုမရှိခဲ့ အကောင်းပကတိပင်ဖြစ်သည်။ (၁၀) နှစ်ခန့် လယ်ယာလုပ်ကိုင်စားသောက်နေခဲ့ပြီး အသက် (၆၃) နှစ်အရွယ် ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့ တစ်ခုသောနံနက်ခင်းတွင် သွားရိုးသွားစဉ် လယ်ထဲမဆင်းတော့ပဲ အိမ်နီးချင်းမိတ်ဆွေများထံ လှည့်လည်ဝင်ထွက်ကာ ထိုနေ့ မိုးမချုပ်မီ သူသေမည်ဟု အိပ်မက်-မက်ကြောင်း လျှောက်ပြောနေလေတော့သည်။

"ညက အိပ်မက်ထဲမှာဗျာ ပထမကမ္ဘာစစ်တုံးက စစ်မြေပြင်မှာ ကျည်သင့်ပြီး ကျပ်လက်ပေါ်မှာတင်သေသွားတဲ့ ကျုပ်အခင်ဆုံးသူငယ်ချင်းနဲ့ပြန်တွေ့တယ်၊ အိပ်မက်ထဲမှာ သူကကျုပ်အိပ်ရာနားလာရပ်ပြီး အဆင်သင့်ပြင်ထားသူငယ်ချင်း၊ ဒီနေ့တော့ မင်းနှင့်ငါ အတူနေရမဲ့နေ့ပဲကွလို့ ပြောသွားသဗျ" ဟု လယ်သမားကြီးက အိပ်မက်ကိုပြောပြရာ မိတ်ဆွေများက လယ်သမားကြီးအား အိပ်မက်ကိုဥပါဒ်မနေရန် နှစ်သိမ့်စကားပြောကြားကြသည်။ ထိုနေ့က လယ်သမားကြီးသည် အန္တရာယ်ကိုကွင်းရှောင်ရန် အပြင်ထွက်ခြင်းမပြုသော်လည်း မွန်းလွဲပိုင်းတွင် ဧည့်ခန်းတွင်း ပက်လက်ကုလားထိုင်ပေါ်တွင် အိမ်ရှေ့ဘက်ကြည့်နေရင်း နှလုံးထိခိုက်ကာ ရုတ်တရက် အသက်ပျောက်သွားသည်ကို ထူးဆန်းစွာ တွေ့မြင်ကြရလေသည်။


## လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင်

လက်ဖက်ရည်ပန်းကန်ခွက်ကိုကြည့်ရှု၍ ဗေဒင်ဟောခြင်းအတတ်ပညာသည် တရုတ်ပြည်၌ စတင်ဖွယ်ရာရှိကြောင်း သုတေသီများက ပြောဆိုကြသည်။ တရုတ်ပြည်၌ လက်ကိုင်မရှိသောပန်းကန်ခွက်ကို မှောက်ထားသော် ခေါင်းလောင်းနှင့်တူကြောင်း ယူဆသည်။ ၄င်းမှောက်ထားသော လက်ဖက်ရည် (အခါးရည် သို့မဟုတ် အကြမ်းရည်) ခွက်၏အတွင်းပိုင်းနှင့် အောက်ပိုင်း၌ကပ်ကျန်နေသော လက်ဖက်ခြောက်အဖတ်များ၏ ပုံနိမိတ်ကိုကြည့်ရှု၍ နိမိတ်ကောက်ဗေဒင်ဟောခြင်းဖြစ်သည်။


အခါးရည် သို့မဟုတ် အကြမ်းရည်သောက်သုံးခြင်းဓလေ့ နည်းပါးသော အနောက်တိုင်းသားများအဖို့ ခွက်အတွင်းပိုင်းနှင့် အောက်ပိုင်း၌ကပ်ကျန်နေသော ကော်ဖီရည်အဖတ်များ၏ ပုံသဏ္ဍာန်ကြည့်၍လည်းကောင်း၊ ဝိုင်အရက်ဆိုသော် ထိုနည်းလည်းကောင်း၊ နိမိတ်ကောက်ဗေဒင်ဟောနိုင်ပေသည်။ ပန်းကန်ခွက် သို့မဟုတ် ဖန်ခွက်ဖင်ပိုင်း၌ ကပ်ကျန်သောအရည်နှင့်အဖတ် သို့မဟုတ် အမှုန့်များ၏ပုံသဏ္ဍာန်သည် လူတို့၏ စိတ်တိုင်းကျ ပြုပြင်ဖန်တီးခြင်းမျိုးမဟုတ်သဖြင့် သက်ဆိုင်သူ၏ ကံဆိုး ကံကောင်းကို နိမိတ်ကောက်ဗေဒင်တွက်ခြင်းသည် သဘာဝကျသည်ဟု ခံယူကြကုန်သည်။

လက်ဖက်ရည်ပန်းကန်ခွက် နိမိတ်ကောက်ဗေဒင်ဟောနည်း နောက်တစ်မျိုးမှာ သောက်သုံးပြီးသောလက်ဖက်ရည် သို့မဟုတ် ကော်ဖီခွက်ကို ပန်းကန်ပြားပေါ်၌ မှောက်ချထားရန်၊ အရည်သို့မဟုတ် အဖတ်များ ပန်းကန်ပေါ်၌ ကုန်စင်အောင်ကျဆင်းစေ၍ ဖြစ်ပေါ်သောပုံနိမိတ်ဖြင့် နိမိတ်ကောက်ဗေဒင်ဟောခြင်းဖြစ်သည်။


(ပုံကိုကြည့်ပါ။)








Positions in the cup
a Present or near future.
b More distant time.
c Unlucky area.
d The querant.
e Something departing.
f Something approaching




### ခွက်ပေါ်ရှိနေရာအရဆန်းစစ်ခြင်း

ခွက်တွင်လက်ကိုင်ရှိပါက လက်ကိုင်အနီးတွင်ဖြစ်ပေါ်သော သဏ္ဍာန်များသည် ဗေဒင်မေးသူ၏မိသားစုကို အဓိကဖော်ညွှန်းသည်။ လက်ကိုင်သို့ ဦးတည်နေသော ရုပ်ပုံလွှာများသည် မကြာမီကျရောက်မည့် ဖြစ်ပျက်မှုကို ဖော်ညွှန်းသည်။ လက်ကိုင်၏တစ်ဖက်သို့ ဦးတည် (ကျောပေး) တည်ရှိသော် စွန့်ခွာဖယ်ကြင်မည့်သဘောဆောင်ယူသည်။ အချို့ပုဂ္ဂိုလ်များ၏ယူဆချက်ကိုပြဆိုရသော် လက်ကိုင်၏ဘယ်ဘက်၌ဖြစ်သော ရုပ်သဏ္ဍာန်များသည် အတိတ်ကာလဖြစ်ရပ်ကိုပြညွှန်းပြီး လက်ကိုင်၏ညာဘက်၌ဖြစ်ပေါ်သော ပုံသဏ္ဍာန်များသည် အနာဂတ်၏အကြောင်းအခြင်းရာကို ပြဆိုသည်ဟုဆိုပါသည်။ ယေဘုယျအားဖြင့် ဒေါင်လိုက်တည်ရှိသော ပုံလွှာများသည် အချိန်ကာလကိုပြညွှန်းပြီး လက်ကိုင်အနီးအနားနှင့် တည့်တည့်နေရာ၌ ဖြစ်ပေါ်သော ပုံလွှာများက မကြာမီဖြစ်ပေါ်မည့် ကံကြမ္မာအခြေအနေကို ပြဆိုသည်။ ခွက်၏အောက်(ဖင်)ပိုင်းတွင်ဖြစ်ပေါ်သော အရိပ်ပုံများက အလှမ်းဝေးသောကာလကိုဖော်ညွှန်းသည်။ အောက်ခြေ(ဖင်)ပိုင်းတွင်ဖြစ်ပေါ်သော အရုပ်သဏ္ဍာန်များက ဆိုးကျိုးများကိုသာ အဓိကဖော်ညွှန်းကြောင်း မှတ်ယူရန်ဖြစ်လေသည်။

### ခွက်ပေါ်ရှိနေရာ

a။ ပစ္စုပ္ပန် သို့မဟုတ် အနီးကပ်အနာဂတ်ကာလ
b။ အလှမ်းဝေးသောကာလ
c။ ကံခေစေသောနေရာ
d။ မေးမြန်းသူ
e။ စွန့်ခွာဖယ်ကြဉ်မည့်ကိစ္စများ
f။ ကျရောက်လာမည့်ဖြစ်စဉ်များ။

## သတိပြုရန်မှာ

ဖြစ်ပေါ်လာသောရုပ်သဏ္ဍာန်များ၏ အရွယ်အစား၊ အချိုးအစားနှင့် အနီးအဝေးစသည်တို့ကို နှိုင်းယှဉ်ပြီး ရုပ်ပုံများအားလုံးကို ဖြုံငုံ၍ ဆန်းစစ်ဟောပြောရန် အရေးကြီးပေသည်။ ရုပ်ပုံလွှာတစ်ခုခြင်းကို ဆန်းစစ်ဟောဆိုမှုမပြုရန် အရေးကြီးသည်။ ဗေဒင်ဟောဆိုမှု၌ အချက်အလက်အားလုံးကို စုစည်း၍ ကောက်ချက်ချခြင်းသည်သာ သဘာဝကျသည်မဟုတ်ပါလား။

အစကနဦး၌ ရုပ်ပုံသဏ္ဍာန်များ ပီပြင်မှုမရှိသည့်အတွက် နိမိတ်ကောက်ဟောဆိုမှုတွင် အခက်အခဲဖြစ်ရခြင်းကြောင့် စိတ်ပျက်ရန်မလိုပါ။ သင့်စိတ်ကို တည်ကြည်စေပြီး မနောအာရုံကို စူးစိုက်ဖွင့်ဆိုနိုင်သော နိမိတ်ကောက်ဗေဒင်အတွက် သင်၏အာရုံခံစားမှုဆိုင်ရာ စိတ်စေတသိတ်နှင့် အသိများဖွံ့ထွားလာမည်ဟု ခံယူရန်ဖြစ်ပေ၏။

## လက်ဖက်ရည်ပန်းကန်ခွက် ဗေဒင်ဟောနည်း

ဤနည်းကိုအသုံးပြုရာ၌ ခွက်၏အဝသည် ကျယ်ပြန့်၍ အောက်ပိုင်း၌ ရှူးသွားသောခွက်မျိုးကို အသုံးပြုသင့်သည်။ ခွက်၏အတွင်းသားသည် အဖြူရောင် သို့မဟုတ် အဖုအထစ် ချောမွေ့နေရန် လိုအပ်သည်။ ဗေဒင်ဟောရာ၌ ဗေဒင်မေးလိုသူသည် လက်ဖက်ရည်ကြမ်း သို့မဟုတ် ကော်ဖီကို ကိုယ်တိုင်သောက်သုံးရန် လိုသည်။ လက်ဖက်ရည်ကြမ်း အနည်းငယ်ချန်ထားရန်လိုသည်။ ဗေဒင်မေးလိုသူသည် ဘယ်ဘက်လက်ဖြင့် ခွက်ကိုကိုင်၍ နာရီလက်တံအတိုင်း (လက်ယာရစ်) သုံးကြိမ်မျှ လှည့်ပေးခြင်းဖြင့် အဖတ်နှင့်အရည်များကို သမသွားအောင်ပြုရမည်။ ထို့နောက် ခွက်ကို ပန်းကန်ပြားပေါ်၌ မှောက်ချလိုက်ပြီး တစ်မှနှစ်အထိ ဂဏန်းကိုရေတွက်ရမည်။ ထိုအခါ ခွက်၌ အရည်များမရှိတော့ဘဲ အဖတ်များသာကပ်၍ ကျန်နေပေမည်။

ဤသို့ပြုပြီးသော် ခွက်ကိုလှန်၍ ခွက်အောက်ခြေနှင့် အေးနှုတ်ခမ်းနံရံ၌ ကပ်ကျန်နေသော လက်ဖက်ခြောက်ဖတ် သို့မဟုတ် ကော်ဖီမှုန့်ဖတ်များ၏ ပုံသဏ္ဍာန်အနေအထားအရ နိမိတ်ကောက် ဗေဒင်ဟောဆိုခြင်းပြုနိုင်ပေမည်။ အကယ်၍ အဖတ်များစွာ ခွက်၌တင်ကျန်ရစ်သော် ငွေကြေးချမ်းသာ၍ ဘဝပြည့်စုံမှုဟု ဟောရမည်။ အကယ်၍ အနည်းငယ်သာကပ်ကျန်ရစ်သော် စည်းကမ်းစနစ်ကျသူဟု ဟောဆိုရမည်။ ထပ်မံ၍ ဆန်းစစ်ရမည့်အချက်မှာ ၎င်းကျန်ရစ်သောအဖတ်များက ဖေါ်ညွှန်းသော ပုံသဏ္ဍာန်ကို ဖေါ်ဆောင်ရန်ဖြစ်သည်။ ဤသို့ဖေါ်ဆောင်ပြီးသော် ထင်မြင်လာသောပုံသဏ္ဍာန်အလိုက် (ဥပမာ ပုံများပြသွားမည်) ကံကြမ္မာအကောင်းအဆိုး ဟောဆိုရန်ဖြစ်လေသည်။



## လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင်(၁)

### လက်ဖက်ခြောက်ဖတ်များအရ ဖြစ်ပေါ်သော ရုပ်ပုံသရုပ်ပြ (၁)

၁။ လေယာဉ်ပျံ
၂။ ကျောက်ဆူး
၃။ ပရွက်ဆိတ်
၄။ ကလေးငယ်
၅။ ပျား
၆။ နွား
၇။ ဖယောင်းတိုင်
၈။ ကုလားထိုင်
၉။ ၎က်လက်သည်း
၁၀။ ဝါးမြောင်
၁၁။ တစ္ဆေ
၁၂။ ခွေး



| | |
|---|---|
| ဘုန်းကြီးကျောင်း ॥ ॥ | နိုးရိမ်ချက်လွန်မြောက်ခြင်း။ |
| ညှင်းဖဲတစ် ॥ ॥ | စာတစ်စောင်။ |
| စွန်းဖဲတစ် ॥ ॥ | လက်ဆောင်တစ်မျိုး။ |
| ဗိနဲ့ဖဲတစ် ॥ ॥ | ပျော်ရွှင်မှု။ |
| ဖူးဖဲတစ် ॥ ॥ | အိမ်ကြီးအိမ်ကောင်း။ |
| ဝက်သစ်ချသီး ॥ ॥ | အောင်မြင်မှု။ ခွက်၏ထိပ်ပိုင်းဆိုသော် ငွေရေး ကြေးရေး အောင်မြင်မှု။ အလယ်ပိုင်းဆိုသော် ကျန်းမာရေးကောင်း မွန်မှု။ အောက်ပိုင်းအနီးအနားဆိုသော် ကျန်းမာရေးနှင့် စီးပွားရေးတိုးတက်မှု။ |
| လေယာဉ်ပျံ ॥ ॥ | ရှောင်တခင်ခရီး (စွန့်စားမှုသဘောပါသည်)။ စိတ်ပျက်မှု သဘောဆောင်သည်။ ဖျတ်လတ်မှုတွေ့သော် ဥပဒ္ဒေဒက ဘေးရန်။ |
| မိကျောင်း ॥ ॥ | သစ္စာဖေါက်ဖျက်မှု။ မတော်တဆဘေးအန္တရာယ်။ |
| ကျောက်ဆူး ॥ ॥ | ခွက်၏အပေါ်ပိုင်းဆိုသော် စီးပွားရေးနှင့် အချစ်ရေးရာ အောင်မြင်မှု။ ခွက်အလယ်ပိုင်းတွင်တွေ့ရသော် အကျိုး ဖြစ်ထွန်းသောခရီး။ ခွက်အောက်ခြေဆိုသော် လူမှုရေး အောင်မြင်မှု။ ပိပြင်မှုမရှိ မှုန်ဝါးသော် အခက်အခဲများကို မျှော်လင့်နိုင်သည်။ |
| ကောင်းကင်တမန် ॥ ॥ | သတင်းထူး၊ သတင်းကောင်း။ |
| ခြေမျက်စိ ॥ ॥ | မတည်မငြိမ်ဖြစ်မှု။ |
| ပရွက်ဆိတ် ॥ ॥ | ခွဲ လုံ့လကြောင့် အောင်မြင်မှု။ |
| ပန်းဘဲသုံးပစ္စည်းပေ ॥ ॥ | ဖြောင့်မှန်ကျေပွန်သော အားထုတ်မှု။ |
| ပန်းသီး ॥ ॥ | ကုန်သွယ်စီးပွားအောင်မြင်မှု။ |
| ခါးစည်းရှေ့ဖုံး လွှမ်းစည်း ॥ ॥ | မိတ်ဆွေသစ် |
| လိပ်ခုံးပုံ ॥ ॥ | ကျန်းမာရေးချွတ်ယွင်းမှု။ မတော်တဆထိခိုက်အန္တရာယ်။ |
| ပေါင်းကူးပုံ ॥ ॥ | နိုင်ငံခြားခရီး။ လက်ထပ်မင်္ဂလာ။ |
| မြားပုံ ॥ ॥ | သတင်းဆိုး။ |
| ပုဆိန် ॥ ॥ | ကျော်လွှားနိုင်မည့် အတားအဆီး အခက်အခဲများ။ |
| ကလေးငယ် ॥ ॥ | ဗာဟိရ သောကများ။ |
| အိတ် ॥ ॥ | ထောင်ချောက်ညွှတ်ကွင်း၊ ပွင့်နေသော် လွတ်မြောက်မည်။ ပိတ်နေသော် အငိုက်မိမည်။ |
| စကော့တလန်ပြည်သုံး အိတ်ပလွေ | စိတ်ပျက်အားလျော့မှု |
| ဘောလုံး ॥ ॥ | အားကစားကိစ္စ။ သို့သော် မတည်မငြိမ်ဖြစ်သောအခြေ အနေ။ |
| မီးပုံးပျံ ॥ ॥ | ယာယီအခက်အခဲ။ |
| စည် (ရေစည်) ॥ ॥ | ပါတီပွဲ။ |
| အင်တုံ ॥ ॥ | အိမ်တွင်းရေးပြဿနာ။ ကွဲပျက်သော် ပြင်းထန်သော ပြဿနာ။ |



| | |
|---|---|
| ခြင်းတောင်း ॥ ॥ | ခြင်းတောင်းအလွတ်ရှိသော် ငွေရေးကြေးရေးချွတ်ခြုံကျမှု။ ပြည့်နေသော် လက်ဆောင်ပစ္စည်းရှိခြင်း။ လက်ကိုင်အနီး တွေ့ရသော် ကလေးငယ်ကိစ္စ။ ထိပ်ပိုင်းအနီးဆိုသော် ပိုင်ဆိုင်ခွင့်များ။ ပန်းများဝေဆာသော် လူမှုရေးရာအောင် မြင်မှု။ အစက်များဖြင့် ဝန်းရံပုံတွေ့သော် မျှော်လင့်မထား သော် ဥစ္စာပစ္စည်းဝင်လာရရှိမှု။ |
| လင်းနို့ ॥ ॥ | မကောင်းသော အပေါင်းအသင်း။ စိတ်ပျက်ဖွယ်အဆုံး သတ်မည်။ ခရီးယာယီ။ |
| ရေနစ်ချိုးသောစည်ပိုင်း ॥ ॥ | စိတ်ပျက်ဖွယ်ဖြစ်ရပ်။ |
| ဘက်နက်ဓား ॥ ॥ | အသေးအဖွဲ့ ထိခိုက်မှု။ ရှုတ်ချ ကဲ့ရဲ့မှု။ |
| ပဲမျိုးစုံ ॥ ॥ | ဆင်းရဲမွဲတေမှု။ |
| ဝက်ဝံ ॥ ॥ | လက်ကိုင်ဘက်သို့ မျက်နှာမူသော် မဆက်မခြင်လုပ်ရပ် ကြောင့် အခက်အခဲတွေ့ရခြင်း။ ကျောပေးသော် ယာယီ ခရီး။ |
| ကုတင်ညောင်စောင်း ॥ ॥ | အရိုန်ရခြင်း။ |
| ပျားကောင် ॥ ॥ | သတင်းကောင်းနှင့် လူမှုရေးအောင်မြင်မှု။ လက်ကိုင်အနီး တွေ့ရသော် မိတ်ဆွေများစုဝေးမိခြင်း။ ပျားကောင်အစု အပြုံဆိုသော် ပရိသတ်အလယ် တင့်တယ်အောင်မြင်ခြင်း။ |
| ပျားအုံ ॥ ॥ | ကြီးပွားခြင်း။ |
| တင်းပုတ် ॥ ॥ | နာမည်ပျက်ခြင်း။ အဆင်မပြေ ခက်ခဲသောအလုပ်အကိုင်။ |
| ခေါင်းလောင်း ॥ ॥ | မမျှော်လင့်သောသတင်း။ ခွက်ထိပ်ပိုင်းအနီးရှိသော် ရာထူး အခြေအနေတိုးတက်ခြင်း။ အောက်ခြေအနီးဆိုသော် ဝမ်း နည်းဖွယ်သတင်း။ ခေါင်းလောင်းနှစ်လုံးရှိသော် ဝမ်းမြောက် ရမှု။ ခေါင်းလောင်းအများအပြားရှိသော် လက်ထပ်မင်္ဂလာ။ |
| ဖို (ဖါးဖို) ॥ ॥ | နောက်တွန့်ရမည့် ကြံရွယ်ချက်။ |
| ငှက် ॥ ॥ | သတင်းကောင်း။ |
| ငှက်လှောင်အိမ် ॥ ॥ | အခက်အခဲနှင့် ခိုက်ရန်ပွားမှု။ |
| ဘုန်းကြီး ॥ ॥ | ကောင်းသော ကံဖြစ်ပေါ်မှု။ |
| လှေ ॥ ॥ | မိတ်ဆွေ၏ အလည်ရောက်မှု။ အန္တရာယ်ကင်းသော ကွန်းခိုရာနေရာ |
| စာအုပ် ॥ ॥ | ဖွင့်ထားသော် တရားရေးစီရင်ချက် မျှော်လင့်ရခြင်းနှင့် အနာဂတ်ရေးအောင်မြင်မှု။ ပိတ်ထားသော် ကြံ့ကြာမှုနှင့် အခက်အခဲများ။ |
| ဘွန်မရန်းခေါ်လက်ပစ်လက်နက် ॥ ॥ | သစ္စာဖေါက်မှုနှင့် ဝန်တိုမှု။ |
| ဘွတ်ဖိနပ် ॥ ॥ | ဖြစ်ထွန်းမှု။ နာကျင်မှုမှကာကွယ်ခြင်း။ |
| ပုလင်း ॥ ॥ | တစ်လုံးဆိုသော် ကြည်ရွှင်မှု၊ အများအပြားဆိုသော် နာဖျားမှု။ |
| ပန်းစည်း ॥ ॥ | အချစ်ရေးနှင့် ပျော်ရွှင်မှု |
| လေး သို့မဟုတ် လေးနှင့် မြားပုံ ॥ ॥ | နာမည်ပျက်မှု၊ အတင်းပြောဆိုမှု။ |

သေတ္တာ ။ ။ ပွင့်နေသော် ချစ်ရေး၊ ကြိုက်ရေး ပြဿနာပြေလည်မှု။ ပိတ်နေသော် ပျောက်ဆုံးသောအရာများပြန်တွေ့ခြင်း။

လက်ကောက် ။ ။ ရောက်အုံ့ဆဲဆဲ လက်ထပ်မင်္ဂလာ။

သစ်ကိုင်း ။ ။ သစ်ရွက်များပါရှိသော် ကလေးမွေးဖွားမှု။ သစ်ရွက်ကင်းမဲ့သော် စိတ်ပျက်ဖွယ်ဖြစ်ရပ်။

ပေါင်မုန့် ။ ။ လေလွင့်မှု ရှောင်ကြဉ်ခြင်း။

တံတား ။ ။ အောင်မြင်မှုအတွက် အခွင့်အရေး

တံမြက်စည်း ။ ။ မှုမမှန်သောမိတ်ဆွေ၊ အသေးအဖွဲ စိတ်ရှုပ်ဖွယ်ပျောက်ပယ်ခြင်း။

ခါးပတ်ခေါင်းပုံ ။ ။ ဖြစ်ပွားလာမည့်အခက်အခဲများ။

စစ်ခရာ ။ ။ လိုအပ်သောအလုပ်ကြမ်း

အဆောက်အအုံ ။ ။ လှုပ်ရှားမှုတစ်ရပ်

နွားထီး ။ ။ ရန်ဖြစ်မှု၊ ရန်လိုမှု

ဗိုင်ယာ ။ ။ မျှော်လင့်ချက် ဆက်လက်ရှင်သန်ခြင်း။

ချုံပုတ် ။ ။ မိတ်ဆွေသစ်၊ သစ်လွင်သောအခွင့်အလမ်းများ

လိပ်ပြာ ။ ။ အငြိမ်မနေ။ ဖျတ်လတ်မှု။ အစက်အပြောက်များ ဝန်းရံသော် ငွေကြေး အလဟဿဖြုန်းတီးမှု။

မီးရထားစက်ခေါင်းမောင်းအမိုး ။ ။ စိတ်ပျက်မှုတစ်ရပ်။

ဂေါ်ဖီထုတ် ။ ။ မနာလိုမှုကြောင့် လုပ်ငန်းတွင် ရှုပ်ထွေးမှု။

လှောင်အိမ် ။ ။ စကားကမ်းလှမ်းမှု။

ကုလားအုပ် ။ ။ အသုံးဝင်သောသတင်းများ။

ဖယောင်းတိုင် ။ ။ ဗဟုသုတရှာဖွေခြင်း။ သူတစ်ပါးထံမှအကူအညီ။

အမြောက်ကျည်ဆံ ။ ။ စစ်သည် သို့မဟုတ် နိုင်ငံဝန်ထမ်းဆိုင်ရာသတင်း။

ကက်ဦးထုပ် ။ ။ ပြဿနာရှိနေသည်။ ဆင်ခြင်ပါ။

ဆလွန်းကား ။ ။ ကံကောင်းထောက်မမှု။

လှည်း ။ ။ ကုန်သွယ်မှုအောင်မြင်ချက်။

ရဲတိုက် ။ ။ ထိမ်းမြားမှုဖြင့်ကြွယ်ဝခြင်း။ ထင်ပေါ်ခြင်း ဖြစ်စေသော စိတ်ဓါတ်အားကောင်းလာမှု။

ကြောင် ။ ။ ရန်ပွားခြင်း၊ သစ္စာမဲ့ခြင်း၊ မိတ်ဆွေတု။

နွားအုပ် ။ ။ ကြီးပွားခြင်း။

ချိန်းကြိုး ။ ။ စေ့စပ်ကြောင်းလမ်းမှု သို့မဟုတ် လက်ထပ်မင်္ဂလာ။

ထိုင်ခုံ ။ ။ မျှော်လင့်မထားသောဧည့်သည် အစက်များဝန်းရံထားသော ဘဏ္ဍာရေးတိုးတက်မှု။

ချယ်ရီသီးများ ။ ။ ပျော်ရွှင်ဖွယ် ချစ်ရေးချစ်ရာကိစ္စ။

စစ်တုရင်ပစ္စည်းများ ။ ။ ရှေ့တွင် အခက်အခဲများ ရှိနေသည်။

မီးခိုးခေါင်းတိုင် ။ ။ မမျှော်မှန်းနိုင်သော အန္တရာယ်များ။

ခရစ်ယာန်ဝတ်ပြုကျောင်း ။´။ အခမ်းအနား။ မျှော်လင့်မထားသောငွေကြေး။

ဆေးပြင်းလိပ် ။ ။ မိတ်ဆွေသစ်များ။



စက်ဝိုင်း ။ ။ အောင်မြင်မှု၊ လက်ထပ်ပွဲ၊ အစက်တစ်စက်တွေ့ရသော် ကလေးငယ်၊ အနီးတွင် မျဉ်းကြောင်းငယ်များတွေ့ရသော် အားထုတ်မှု၌ အခက်အခဲများတွေ့ရခြင်း။

ငှက်လက်သည်း ။ ။ လျှို့ဝှက်ရန်သူ။

နာရီ (စားပွဲတင်) ။ ။ နာလန်ထခြင်း၊ ရှေ့ရေးစဉ်းစားပါ။ အမြန်စတင်ပါ။

မိုးတိမ် ။ ။ ရှေ့တွင် အနှောင့်အယှက်များ။ အစက်များနှင့်ပူးတွဲသော် ငွေရေး ကြေးရေး အခက်အခဲများ။

ကုတ်အင်္ကျီ ။ ။ မိတ်ဆွေအဖြစ်ရပ်စဲမှု။ ခွဲခွာခြင်းတစ်ရပ်။

ကော်ဖီကရား ။ ။ အနည်းအကျဉ်း နာဖျားမှု။

မသာအခေါင်း ။ ။ သတင်းဆိုးများ။

ဒင်္ဂါးပြား ။ ။ အကြွေးများရခြင်း။ ပြန်ဆပ်ခြင်း။

အင်္ကျီကော်လံ ။ ။ သူတစ်ပါးကိုမှီ၍ ဝမ်းသာမှုနှင့် အောင်မြင်မှုရခြင်း။

ကျောက် (ငုတ်တိုင်) ။ ။ ရာထူးတိုးခြင်း အောင်မြင်ခြင်း။ မောက်မာခြင်း။

ဘီး (ခေါင်းဖီး) ။ ။ လှည့်ဖျားမှု။ မိတ်ဆွေတု။

ကောမက်ကြယ် ။ ။ မျှော်လင့်မထားသောဧည့်သည် ရောက်လာခြင်း။

ကွံပါ (မြောက်ဘက်ညွှန် အိမ်မြှောင်ကိရိယာ) ။ ။ ခရီးယာယီ။ အလုပ်အကိုင်ပြောင်းလဲမှု။

ဖော့ဆို့ဖွင့်ဝက်အူ ။ ။ အခက်အခဲဖြစ်စေမည့် စပ်စုမှုပြုခြင်း။

ဂဏန်း (ကင်းပုစွန်) ။ ။ ရန်သူ

လခြမ်းပုံ ။ ။ ခရီးယာယီ။

ကြက်ခြေခတ်ပုံစံ ။ ။ အနစ်နာခံခြင်း၊ ဖျားနာခြင်းနှင့် အမှုပေါ်ခြင်း။ စတုဂံကွက်အတွင်း တွေ့ရသော် အမှုများကင်းလွတ်ခြင်း။ ကြက်ခြေခတ်နှစ်ခုဆိုသော် အသက်ရှည်ခြင်း။ သုံးခုဆိုသော် ကြီးမားသောအောင်မြင်မှု။

သရဖူ ။ ။ ဂုဏ်ထူး ဘွဲ့ထူး၊ ပေါက်မြောက်မှု၊ ဆုတောင်းပြည့်ခြင်း။ အမွေအနှစ်ရရှိခြင်း။

ချိုင်းထောက်များ ` ။ ။ မိတ်ဆွေထံမှ အကူအညီရရှိခြင်း။

ဖလား ။ ။ အားထုတ်မှုအတွက် အကျိုးခံစားရခြင်း။

ကန့်လန့်ကာ ။ ။ လျှို့ဝှက်မှုတစ်ရပ်။

လင်း (ဂု) ကွင်း ။ ။ မှုမမှန်သောအချစ်ရေး။

ဒယ်ဖိုဒီ (ခေါ်) နှင်းပန်း ။ ။ ကြီးစွာသောဝမ်းမြောက်ခြင်း။

ဓါး ။ ။ တစ်ရှုးထိုးပြုမှုမှု။ ရှေ့တွင် တွေ့မည်အန္တရာယ်။ ရန်သူများက ဆင်ကြံကြံခြင်း။

ဒေစီပန်း ။ ။ ချစ်ရေးချစ်ရာကြောင့် ဝမ်းမြောက်ရခြင်း။

ကံချေသည် ။ ။ စိတ်ပျက်အားလျော့ခြင်း။

သဟ် ။ ။ ငြင်းခုံ (ဝါ) ရန်ပွားမှု။

စားပွဲ ။ ။ သတင်းကောင်းပါသော ပေးစာ။

သရဲ တစ္ဆေ ။ ။ ဘေးဥပဒ်များ။

ပန်းကန်ပြား ။ ။ အိမ်တွင်းရေး ခိုက်ရန်ပွားမှု။


| | |
|---|---|
| ခွေး ။ ။ | မိတ်ဆွေကောင်း၊ ငေးနေပုံပေါ်ရသော် သတင်းကောင်းနှင့် ပျော်ရွှင်ဖွယ် တွေ့ဆုံမှုတစ်ရ၊ အောက်ခြေပိုင်း၌တွေ့ရသော် မိတ်ဆွေဖြစ်သူတွင် ပြဿနာတက်နေမှု။ |
| မြည်းသတ္တဝါ ။ ။ | စိတ်ရှည်ပါ။ အကောင်းဘက်ကို ရှုမြင်ပါ။ |
| တံခါး ။ ။ | ဆန်းကြယ်သော ဖြစ်စဉ်တစ်ရပ်။ |
| အစက်အပြောက် ။ ။ | အနီးအနားရှိ အမှတ်သင်္ကေတများကို သြဇာညောင်းသည်။ အစက်အပြောက်အများအပြားဆိုသော် ပိုက်ဆံ။ |
| ခို (ချိုး)သတ္တဝါ ။ ။ | ကံကောင်းခြင်း။ |
| နဂါး ။ ။ | ပြဿနာပွားခြင်း။ မျှော်လင့်မထားသော အပြောင်းအလဲများ။ |
| ဗျောစည်(ဝါ)ဘင်ခရာစည် ။ ။ | အတင်းပြောခြင်း၊ အလုပ်အကိုင်အသစ်၊ ငြင်းခုံခြင်း။ |
| ဘဲ (သတ္တဝါ) ။ ။ | ငွေကြေးဝင်လာရရှိမှု။ |
| အမှိုက်ခံခွက် ။ ။ | မိတ်ဆွေနှင့်ပတ်သက်သော ထူးဆန်းသတင်း။ |
| လင်းယုန် ။ ။ | အကောင်းဘက်သို့ ဦးတည်သောပြောင်းလဲမှု။ |
| နား ။ ။ | မျှော်လင့်မထားသော သတင်းအချက်အလက်။ |
| နားကပ် ။ ။ | အထင်အမြင်လွဲမှားမှု။ |
| ပန်းချီဆွဲတောက် မတ်တတ်ဘောင် ။ ။ | အနုပညာဆိုင်ရာ အောင်မြင်မှု။ |
| ဥ ။ ။ | အောင်မြင်ကြီးပွားမှု။ ဥများလေ ကောင်းလေဖြစ်သည်။ |
| ကြက်ဥပြုတ်ထည့်စားရန်ခွက်ငယ် ။ ။ | အန္တရာယ်ရှင်းလင်းရန် အခြေအနေ။ |
| ဆင် ။ ။ | ဉာဏ်အမြော်အမြင်။ ခွန်အားမခိုင်မြဲသော အောင်မြင်မှု။ မိတ်ဆွေစစ်။ |
| အင်ဂျင်စက် ။ ။ | အလျင်အမြန် ရောက်လာမည့်သတင်း။ |
| စာအိတ် ။ ။ | သတင်းကောင်း။ |
| မျက်စိ ။ ။ | အခက်အခဲများကို ကျော်လွှားမည့်နိမိတ်။ သတိတရား လက်ကိုင်ထားပါ။ |



## လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင်(၂)

**လက်ဖက်ခြောက်ဖတ်များအရ ဖြစ်ပေါ်လာသောရုပ်ပုံ သရုပ်ပြ (၂)**

၁။ စာအိတ်
၂။ မျက်စိ
၃။ ငါးရုပ်
၄။ လှေ (ရွှန်ဒိုလာလှေ)
၅။ မြင်းသံခွာ
၆။ လက်မှတ်တိုပုံစံ
၇။ လူပြက်ပုံ
၈။ ကရား
၉။ သော့အိမ်
၁၀။ မျောက်
၁၁။ တောင်
၁၂။ လက်သန်း



| | |
|---|---|
| မျက်နှာ ။ ။ | တစ်ခုဆိုသော် ပြောင်းလဲမှု သို့မဟုတ် ရပ်တန့်မှု အများအပြားဆိုသော် ပါတီ (အသိုင်းအဝန်း)။ |
| နတ်သမီး ။ ။ | ကြည်ရွှင်ဝမ်းမြောက်မှု။ |
| ယပ်တောင် ။ ။ | မျက်နှာများမှု။ |
| ငှက်မွေး ။ ။ | မတည်မငြိမ်ဖြစ်မှု။ ရှေ့နောက်မညီညွတ်မှု။ အာရုံစူးစိုက်မှု နည်းပါး၏။ |
| ခြေထောက် ။ ။ | အရေးကြီးသော ဆုံးဖြတ်ချက်တစ်ရပ်။ |
| တံတိုင်း ။ ။ | လှုပ်ရှားမှုကန့်သတ်ခံရခြင်း။ အသေးအဖွဲ အနှောက် အယှက် အနာဂတ်တွင်အောင်မြင်မှု။ |
| လက်ချောင်း ။ ။ | ငင်းညွှန်ရာအရပ်မှ ရပ်ပုံသဏ္ဍာန်များမှာ အလွန်အရေးပါသည်။ |
| ထင်းရှူးပင် ။ ။ | အနုပညာဆိုင်ရာအောင်မြင်မှု။ အပင်မြင့်လေ တိုးတက်လေ။ |
| မီးလျှံ ။ ။ | ပေါက်မြောက်မှု၊ အလျင်စလိုလုပ်ဆောင်ချက်ကို ရှောင်ကြဉ်ရန်။ |
| မီးဖို ။ ။ | သင့်အိမ်ထောင်စုဆိုင်ရာ အရေးအခင်းများ။ |
| ငါး (ရုပ်) ။ ။ | ကိစ္စအဝဝ ကျန်းမာရေး၊ စီးပွားရေး၊ စိတ်ချမ်းသာရေး တို့တွင် အောင်မြင်ဖြစ်ထွန်းမှု။ |
| လက်သီးဆုပ် ။ ။ | အငြင်းအခုန်ဖြစ်မှု။ |
| အလံ ။ ။ | ဖြစ်ပွားလာမည့်အန္တရာယ်။ |
| ပန်းပွင့် ။ ။ | ဆုတောင်းပြည့်တော့မည့် နိမိတ်။ |
| ယင်ကောင် ။ ။ | အိမ်တွင်းရေး ကတောက်ကဆဖြစ်မှု။ ယင်ကောင်များလေ ပြဿနာပွားလေ။ |
| ရေထွက်ပေါက် ။ ။ | မီးဖွားခြင်း။ |
| ခက်ရင်း ။ ။ | မိတ်ဆွေတု။ မြောက်ပင့်မှု။ |
| ခက်ရင်းပုံ မျဉ်းကြောင်း ။ ။ | အဆုံးအဖြတ် တစ်စုံတစ်ရာပြုရမည့် နိမိတ်။ |
| ရေပန်းပုံ ။ ။ | အနာဂတ်ပျော်ရွှင်မှုနှင့် ဖြစ်ထွန်းမှု။ |
| မြေခွေး ။ ။ | လိမ်ညာမည့် မိတ်ဆွေတု။ |
| ဖါး ။ ။ | အိမ် သို့မဟုတ် အလုပ်ပြောင်းခြင်းမှ ရရှိမည့်အောင်မြင်မှု။ |
| သစ်သီး ။ ။ | ကြီးပွားခြင်း။ |
| စက်တိုင် ။ ။ | လူမှုရေးဆုံးရှုံးမှု။ |
| ပန်းခြံလိုမ့်စက် (ROLLER) ။ ။ | အနာဂတ်၌ တွေ့ရမည့်အခက်အခဲများ။ |
| ပန်းကုံး ။ ။ | အောင်မြင်ခြင်း။ ကြီးမားသောဂုဏ်ထူး။ |
| ဂိတ်ပေါက် ။ ။ | အခွင့်အလမ်း။ အနာဂတ်ရေးအောင်မြင်မှု။ |
| ဘဲအုပ် ။ ။ | ပင့်ဖိတ်မှုများ။ မျှော်လင့်မထားသောဧည့်သည်များ။ |
| သစ်ကုလားအုပ် ။ ။ | မပြောခင် ဦးစွာစဉ်းစားပါဦး၊ |
| မှန် ။ ။ | ဖြောင့်မှန်တည်ကြည်ခြင်း။ |
| လက်အိတ် ။ ။ | စိမ်ခေါ်ခြင်း။ |
| ဆိတ် ။ ။ | ရန်သူခြိမ်းခြောက်မှု။ သဘော်သားတစ်ဦးထံမှ သတင်း။ |
| ဗွန်ဒိုလာလှေ ။ ။ | အချစ်ရေးနှင့် ခရီးယာယီ။ |



| | |
|---|---|
| ခါတ်စက် ။ ။ | ချမ်းမြေ့ပျော်ရွှင်မှု။ |
| စပျစ်သီးများ ။ ။ | ပျော်ရွှင်မှု။ |
| နံကောင် ။ ။ | ခရီးအလွန်များသောမိတ်ဆွေနှင့် စပ်လျဉ်းသော သတင်း အချက်အလက်။ |
| ဂရေးဟောင်း ခွေးကြီး ။ ။ | ကံကောင်းခြင်း။ |
| ဂစ်တာ ။ ။ | ချစ်ခြင်းမေတ္တာ၏ ချမ်းမြေ့မှု။ |
| သေနတ် ။ ။ | ပြဿနာဖြစ်ခြင်း။ ခိုက်ရန်ဖြစ်ပွားခြင်း။ |
| သံတူ ။ ။ | အခက်အခဲများကို ကျော်လွှားခြင်း၊ ရက်စက်ခြင်း။ |
| လက် ။ ။ | မိတ်ဆွေအဖြစ်ရောက်ရှိမှု။ |
| လက်ထိပ် ။ ။ | ပြဿနာပြွမ်းသော အနာဂတ်အရေး။ |
| ယုန် ။ ။ | ကြောက်ရွံ့မှု။ မိတ်ဆွေတစ်ဦးဆိုင်ရာသတင်း။ |
| စောင်း ။ ။ | အချစ်ရေးတွင် ပြေလည်မှု။ |
| ဦးထုပ် ။ ။ | အလုပ်အကိုင်အသစ်။ ပြောင်းလဲမှုတစ်ရပ်။ အကယ်၍ ပိပြား၍ ကျိုးပဲ့ဟန်တွေသော် ဆုံးရှုံးမှု၊ အောက်ခြေပိုင်းတွင်တွေ့ရသော် ပြိုင်ဘက်တစ်ဦးဖြစ်ပေါ် ခြင်း။ ဘေးပတ်လည်ဆိုသော် နည်းပရိယာယ်ကြွယ်ဝမှု။ |
| စွန်ရဲ ။ ။ | ရုတ်တရက်ဖြစ်ပွားသောအန္တရာယ် မနာလိုဝန်တိုမှု။ |
| မြက်ခြောက်ပုံ ။ ။ | မပြုလုပ်မီ စဉ်းစားပါဦး။ |
| ဦးခေါင်း ။ ။ | အခွင့်အလမ်းအသစ်များ။ |
| နှလုံးသား ။ ။ | အချစ်ရေးနှင့် လက်ထပ်ရေး။ ယုံကြည်စိတ်ချရသော မိတ်ဆွေ။ |
| ကြက်မ ။ ။ | အိမ်တွင်းရေးသာယာမှု။ |
| တောင်ကုန်းငယ် ။ ။ | အခက်အခဲနှင့် နောက်ဆုတ်မှုများ။ |
| ပေါက်ပြား ။ ။ | အောင်မြင်မှုကိုဖြစ်စေသော ကြိုးပမ်းမှု။ |
| ဟွန်း (အချက်ပေး) ။ ။ | ပေါများမှု။ |
| မြင်း ။ ။ | ပြေးလွှားနေပုံဆိုသော် ချစ်သူထံမှ ကောင်းသောသတင်း။ ခေါင်းသာတွေ့ရသော် ချစ်ကြည်ခံစားမှု။ |
| မြင်းသံခွာ ။ ။ | ကံကောင်းခြင်း နိမိတ်။ |
| နေအိမ် ။ ။ | လုံခြုံမှု။ |
| ရေခဲတုံးကြီး ။ ။ | အန္တရာယ်စက်ဝန်း။ |
| အမည်အတိုကောက် စာလုံး ။ ။ (ဝါ) လက်မှတ်တိုပုံစံ | သင်သိသူ၏ လက်မှတ်တိုဖြစ်မည်။ အကယ်၍ တွဲ၍ တစ်ခု အနားဆိုသော် သူစိမ်းတစ်ဦး ဖြစ်နိုင်သည်။ |
| မင်အိုး ။ ။ | စာတစ်စောင်။ |
| ပိုးမွှားပုံ ။ ။ | မကြာမီတွင် ကျော်လွှားမည့်ပြဿနာငယ်များ။ |
| တိုက်အိမ်နံရံကပ် နွယ်ပင်အရွက် ။ ။ | စိတ်ချရသော မိတ်ဆွေ။ |
| လှူပြက် ။ ။ | ပါတီ သို့မဟုတ် လူအစုအစည်း။ ပြောင်းပြန်သဘောအရ သိမ်ဖျင်းသော အပြုအမူကိုရှောင်ပြီး အလေးအနက် ပြု ဆောင်ရွက်ခြင်း။ |
| ကျောက်မျက်ရတနာ ။ ။ | လက်ဆောင်မွန်။ |

မြင်းစီးရော်ကီ ။ ။ မုန်းဆအနိုင်ပိုင်း အပွကြဲလိုမှု။
လက်ကိုင်ပါအိုးငယ် ။ ။ အမြတ်ရခြင်း။ ကျန်းမာခြင်း။
သားပိုက်ကောင် ။ ။ အိမ်တွင်းရေးသာယာမှု။
ရေနွေးကရား ။ ။ အသေးအဖွဲဖျားနာမှု။
လက်ကိုင်အနားတွင် ပေါ်ပေါက်သော- အိမ်တွင်းရေးသာယာမှု။
အောက်ခြေ သို့မဟုတ် ၎င်းအနီးအနားတွင်ဆိုသော- အိမ်တွင်းရေးပြဿနာ။

သော့တံ ။ ။ အခွင့်အလမ်းသစ်များ ပွင့်လန်းလာခြင်း။
သော့တံကြက်ခြေခတ်ပုံဆိုသော အောင်မြင်မှု။
အောက်ခြေပိုင်းသော့တံနှစ်ချောင်းပုံပေါ်သော ဓါးပြတိုက်ခံရခြင်း။

သော့ပေါက် ။ ။ အရာမရောက်သောစပ်စုမှုကို သတိထားပါ။
ဘုရင် ။ ။ တန်ခိုးကြီးသော မဟာမိတ်။
လေတံခွန်။ ။ ဆုတောင်းပြည့်မည်။ တိုက်ဆိုင်မှုသဘောကိုသာ မျှော်လင့်သော် နာမည်ပျက်တတ်သည်။
သားလှီးဓါး။ ။ အဆက်အသွယ် ပျက်ပြားမှု။
လက်ကိုင်အနားဆိုသော် ကွာရှင်းပြတ်စဲမှု။
အောက်ခြေပိုင်းဆိုသော် တရားတဆောင်ဖြစ်မှု။
ကြက်ခြေခတ်သဏ္ဌာန်ဆိုသော် အငြင်းပွားသူ။

လှေခါး ။ ။ ရာထူးတိုးခြင်း သို့မဟုတ် အဆင့်တိုးခြင်း။
မီးအိမ် ။ ။ လက်ကိုင်အနားဆိုသော် ငွေကြေး။
ခွက်နှုတ်ခမ်းဝအနား ဆိုသော် အခမ်းအနားပြုလုပ်ခြင်း။
ဘေးဘယ်ညာဆိုသော် ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု။
အောက်ခြေပိုင်း၌တွေ့ရသော လူမှုရေးဖြစ်ရပ်တစ်ခုကို ရှေ့ဆိုင်းခြင်း။
မီးအိမ်နှစ်လုံးဖြစ်တည်သော် လက်ထပ်မှုနှစ်ကြိမ်။

သစ်ရွက်။ ။ ကြီးပွားခြင်း။ ကံကောင်းခြင်း။
ကျားသစ် ။ ။ ခရီးထွက်ခြင်းဆိုင်ရာ သတင်း။
ပေးစာ ။ ။ သတင်း။
အစက်များအနီးတွေ့ရသော် ငွေကြေးဆိုင်ရာ သတင်း။
မီးပြတိုက် ။ ။ ပြဿနာများဖြင့် ခြိမ်းခြောက်ခံရသော်လည်း လွတ်မြောက်မည်။ မိတ်ဆွေတစ်ဦးကြောင့် အောင်မြင်မှုရခြင်း။
မျဉ်းကြောင်းများ ။ ။ ပြတ်သား၍ ဖြောင့်သောမျဉ်းများဆိုသော် တိုးတက်မှု သို့မဟုတ် ခရီး။
လှိုင်းတွန့်သဖွယ်ဖြစ်နေသော် မရေရာမှု နှင့် စိတ်ပျက်ရမှု။
ဖွေစောင်းစောင်းဆိုသော် စီးပွားရေး ကျရှုံးမှု။
ခြင်္သေ့ ။ ။ ဩဇာကြီးမားသော မိတ်ဆွေများ။
သော့ခလောက် ။ ။ သင်သွားရာလမ်း၌ အနှောင့်အယှက်များ။
ကျော့ကွင်း ။ ။ စိတ်လိုက်မာန်ပါ ပြုမူချက်ကြောင့် ဒုက္ခရောက်ခြင်း။



လူပုံ ။ ။ လက်ကိုင်အနီးဆိုသော် ဧည့်သည်။
ပီပြင်ပြတ်သားမှုရှိသော် ဆံပင်မည်းသောဧည့်သည်။
လက်ဆန့်တန်းပုံတွေ့ရသော် လက်ဆောင်ပစ္စည်းများ ပါရှိလာမည်။
မျက်နှာဖုံးစွပ် ။ ။ လိမ်လည်လှည့်ဖျားမှု။
ဆုတံဆိပ် ။ ။ ဆုပေးခံရခြင်း။
ရေသူမ ။ ။ ဖြားယောင်းမှု။ တံလျှပ်ရေထင်အဖြစ်မျိုး ကြုံရခြင်း။
မျောက် ။ ။ မြှောက်ထိုးပင့်ကော်ပြု၍ ကျိုးစားသန်သူ။
ကြောက်မက်ဖွယ် သတ္တဝါကောင် ။ ။ အကြမ်းဖက်မှု
အထိမ်းအမှတ် ကျောက်တိုင်/ရုပ်ပုံ ။ ။ နိုင်မြဲသောပျော်ရွှင်မှု
လစန္ဒာ ။ ။ ပြည့်သော် ချစ်ရေးချစ်ရာကိစ္စ။
ဆန်းစ လပုံဆိုသော် ပရိဂျက်အသစ်များ။
လဆုတ်ပုံဆိုသော် ကံခေလာခြင်း။
မှုန်ဝါးဝါးဆိုသော် စိတ်ဓါတ်ကျဆင်းမှု။
အစက်အပြောက်များ ဝန်းရံထားသော် ငွေကြေးအတွက် လက်ထပ်ခြင်း။
တောင် ။ ။ အခက်အခဲ ကြီးမားသောရည်မှန်းချက်။
မှို ။ ။ ပွားစည်မှု။
လက်ကိုင်အနီးဆိုသော် တောရပ်ရှိအိမ်။
သီချင်းတေးသွား ။ ။ ကံကောင်းခြင်း။
လက်သည်း ။ ။ ရန်ငြိုးထားခြင်း။ မတရားမှု။ စူးရှသောနာကျင်မှု။
လည်ဆွဲ ။ ။ အပြည့်အစုံဆိုသော် ချီးကျူးခံရခြင်း။
ပြတ်တောက်သော် ဆက်ဆံရေးပျက်ပြယ်မှု။
ချုပ်အပ် ။ ။ ချီးကျူးခြင်း။
ပိုက်ကွန် ။ ။ ချောက်တွန်းခံရမှု။
နံပါတ်ဂဏန်းများ ။ ။ အချိန်ကာလ။ အခြေအနေတစ်ရပ်ဖြစ်ပေါ်ရန် လိုအပ်မည့်ရက် အရေအတွက်။
သီလရှင် ။ ။ ကျန်းမာရေးချွတ်ယွင်းမှု။
ကွမ်းညှပ် ။ ။ အခက်အခဲများ ကုန်လွန်ခြင်း။
ဝက်သစ်ချပင် ။ ။ ကကောင်းထောက်မခြင်း။
လှော်တက် ။ ။ အနည်းငယ်ကြောင့်ကြမှု။ အခက်အခဲတွေ့သော် ကူညီပံ့ပိုးမှုပေါ်လာခြင်း။
ဘဝဲကောင် ။ ။ အန္တရာယ်ဖြစ်ပွားမှု။
ငှက်ကုလားအုပ် ။ ။ ခရီးထွက်ခြင်း။
ဇီးကွက် ။ ။ အတင်းအဖျင်းပြောဆိုမှု။ နာမည်ပျက်မှု။ ဆုံးရှုံးမှု။
အောက်ခြေ၌ပေါ်သော် ငွေရေး ကြေးရေးဆုံးရှုံးမှု။
လက်ကိုင်အနီးဆိုသော် အိမ်တွင်းရေးဆုံးရှုံးမှု။
ကမာကောင် ။ ။ ပိုးပန်းမှု။ စုဆောင်းထားသော ဥစ္စာ ဓန။

## လက်ဖက်ရည်ပန်းကန်ခွက်ဗေဒင် (၃)

### လက်ဖက်ခြောက်အဖတ်များအရ ဖြစ်ပေါ်သောရုပ်ပြသရုပ်ပြ (၃)

၁။ ဇီးကွက်

၂။ သစ်တော်သီး

၃။ မေးခွန်းအမှတ်အသား

၄။ ယုန်

၅။ မြွေ

၆။ ကပ်ကြေး

၇။ တယ်လီဖုန်း


၈။ ယူနီကောင်းမြင်း (မြင်းနဖူးတွင် ချိုရှိသည်။)

၉။ တယော

၁၀။ ဝေလငါး

၁၁။ ရွက်လှေ

၁၂။ မြင်းကျား





| | |
|---|---|
| သော့ခလောက်ငယ် ။ ။ | ပွင့်နေသော် မမျှော်လင့်သောဖြစ်ရပ်။ |
| | ပိတ်နေသော် သတိပေးချက်။ |
| ထန်းပင် ။ ။ | အောင်မြင်မှု။ ဂုဏ်ထူး။ အချစ်ရေး။ ပျော်ရွှင်မှု။ |
| လေထီး ။ ။ | အန္တရာယ်မှ လွတ်မြောက်ခြင်း။ |
| ဖဲထီး ။ ။ | ချစ်သူအသစ်စက်စက်။ |
| ပါဆယ်ထုတ် ။ ။ | မမျှော်လင့်သောဖြစ်ရပ်။ |
| ကြက်တူရွေး ။ ။ | နာမည်ပျက်မှု။ ခရီးယာယီ။ |
| ဥဒေါင်း ။ ။ | အမြီးဖွင့်ထားသော် မြေယာနှင့်ဥစ္စာခန။ |
| | အစက်အပြောက်များဖြင့်ဝန်းရံနေသော်စည်းစိမ်ရှိသောဘဝ၊ |
| | လက်စွပ်ပုံအနီးတည်ရှိသော် ကြွယ်ဝချမ်းသာသူနှင့် လက်ဆက်ရခြင်း။ |
| သစ်တော်သီး ။ ။ | စိုပြည်မှု။ ငွေရေး ကြေးရေး ပြေလည်မှု။ |
| ပဥ္စင်္ဂပုံ ။ ။ | အသိပညာနှင့် ချိန်ခွင်ညှာကျမှု။ |
| ဝက် ။ ။ | ငွေကြေးကြွယ်ဝမှုနှင့်အတူ ဖြစ်ပေါ်လာသော စိတ်ခံစားချက်ဝေဒနာများ။ |
| ခို ။ ။ | ထိုင်နေပုံရှိသော် ကုန်သွယ်ရေးတိုးတက်မှု။ |
| | ပျံသန်းပုံတွေ့ရသော် အရေးကြီးသောသတင်းစကား။ |
| ကျောက်တိုင် ။ ။ | အထောက်အကူပြုသောမိတ်ဆွေများ။ |
| ဆေးတံ ။ ။ | အကြံအစည်များ။ ပြဿနာ၏အဖြေများရခြင်း။ |
| ပစ္စတိုသေနတ် ။ ။ | ဘေးအန္တရာယ်။ |
| ရဲသားပုံ ။ ။ | လျှို့ဝှက်ရန်သူ။ |
| ခွက်ယောက် ။ ။ | အဖွဲ့အစည်းသို့ ဝန်ထမ်းမှု။ |
| ဘေးစောင်းပုံ ။ ။ | မိတ်ဆွေသစ်။ |
| ရေစုတ်ပန့်ပုံ ။ ။ | ရက်ရောခြင်း။ |
| ပိုက်ဆံအိတ် ။ ။ | အမြတ်အစွန်း။ အောက်ခြေ၌ဖြစ်ပေါ်သော် ဆုံးရှုံးမှု။ |
| ပိရမစ်ပုံ ။ ။ | ထုနှင့်ထည်နှင့် အခိုင်အမာအောင်မြင်မှု။ |
| မေးခွန်းအမှတ်အသား ။ ။ | သတိထားခြင်း။ တွန့်ဆုတ်ခြင်း။ |
| ယုန် ။ ။ | ရွံ့ကြောက်မှု။ |
| မီးရထားလမ်း ။ ။ | ခရီးဝေး။ |
| သက်တန့် ။ ။ | ပျော်ရွှင်မှု။ ကြီးပွားမှု။ |
| တွန်ခြစ် ။ ။ | စနစ်တကျစုစည်းမှု |
| ကြွက် ။ ။ | သစ္စာမဲ့မှု |
| တောကျီးကန်း ။ ။ | သတင်းဆိုးများ။ |
| သင်တုန်းဓါး ။ ။ | ရန်ဖြစ်မှု။ ခွဲခွာမှု။ |
| တွားသွားသတ္တဝါ ။ ။ | သစ္စာမဲ့သောမိတ်ဆွေများ။ |
| မြင်းစီးဖိနပ် ။ ။ | အဆောတလျင်ရရှိသော သတင်းစကား။ |
| လက်ရုပ်။ ။ | ပြည့်စုံဖြစ်မြောက်ခြင်း။ |
| | ခွက်၏ အပေါ်ပိုင်းအနီးတွင်တွေ့ရသော် လက်ထပ်ရမှု။ |
| | အလယ်ပိုင်း၌တွေ့သော် စကားတမ်းလုမ်းမှု။ |

| | |
|---|---|
| | အောက်ခြေအနီးဆိုသော် ကြာရှည်လေးမြင့်သောစေ့စပ်မှု။ |
| | ပြည့်စုံမှုရှိသော် လက်ထပ်ရခြင်း။ |
| | ကွဲပြတ်မှု သို့မဟုတ် အ ႏတွင် ကြက်ခြေခတ်ပုံတွေ့သော် စေ့စပ်ကြောင်းလမ်းမှု ပျက်ပြယ်ခြင်း။ |
| | လက်စွပ်နှစ်ကွင်းဖြစ်နေသော် အစီအမံ အကြံအစည်များ အကောင်အထည်ပေါ်လာမှု။ |
| ကျောက်ငုတ် ကျောက်ဆောင် ။ ။ | အခက်အခဲများ |
| နှင်းဆီပန်း ။ ။ | လူသိများမှု။ |
| အကြော်အိုး ။ ။ | စိုးရိမ်ကြောင့်ကြမှုများ။ |
| လှွ ။ ။ | အနှောင့်အယှက်ပေးမည့် ပြင်ပပုဂ္ဂိုလ်များ။ |
| ချိန်ခွင် ။ ။ | တရားအမှုအခင်း။ |
| | ချိန်ခွင်ညှာကျပုံရှိသော် တရားမျှတမှု။ |
| | ချိန်ခွင်ညှာစောင်းသော် မတရားမှု။ |
| ရာဇလုံတံ ။ ။ | အခွင့်အာဏာ။ |
| ကပ်ကြေး ။ ။ | အိမ်တွင်းရေးပြဿနာ။ ပြတ်စဲမှု။ |
| အနောက်တိုင်းသုံး မတ်တတ်ရိတ်ရသော တံစဉ်ခါးကောက်။ ။ | ဘေးအန္တရာယ် |
| သိုး ။ ။ | ကံကောင်းထောက်မမှု။ |
| ခရုခွံ ။ ။ | ကောင်းသောသတင်းစကား။ |
| သဘော ။ ။ | အောင်မြင်ပေါက်မြောက်သောခရီး။ |
| ရှူးဖိနပ် ။ ။ | အကောင်းသို့ဦးတည်သော အပြောင်းအလဲတစ်ရပ်။ |
| တံစဉ် ။ ။ | အချစ်ရေးတွင် စိတ်ပျက်အားလျော့မှု။ |
| ဆိုင်းဘုတ် ။ ။ | ဖြစ်ပေါ်သောရုပ်ပုံသဏ္ဍာန်ကို ဂရုပြုပါ။ |
| လူအရိုးစုပုံ ။ ။ | ရောဂါဘယ။ ငွေကြေးဆုံးရှုံးမှု။ |
| မြွေ ။ ။ | မုန်းတီးမှု။ ရန်သူ။ |
| တူရွင်းပြား ။ ။ | အလုပ်ကြိုးစားမှုကြောင့် ပေါက်မြောက်ခြင်း။ သို့မဟုတ် ဘက်လိုက်မှု မပြုအပ်ခြင်း။ |
| ပင့်ကူ ။ ။ | ခွဲ၊ လုံ့လရှိမှု။ လျှို့ဝှက်တတ်မှု။ ငွေကြေးဝင်လာမှု။ |
| ဇွန်း ။ ။ | ရက်ရောမှု။ |
| လေးထောင့်ကွက် ။ ။ | ကာကွယ်မှု။ စည်းစိမ်နှင့်ငြိမ်းချမ်းမှု။ အပြန်သဘောအရ ကန့်သတ်မှုနှင့် နောက်ဆုတ်မှု။ |
| ရှဉ့် ။ ။ | ဒုက္ခရောက်ပြီးမှ အောင်မြင်လာခြင်း။ |
| ကြယ်ပွင့် ။ ။ | ကျန်းမာခြင်း။ ပျော်ရွှင်ခြင်း။ |
| | ငါးထောင့်ကြယ်ဆိုသော် ကံကောင်းထောက်မမှု။ |
| | ရှစ်ထောင့်ကြယ်ဆိုသော် နောက်ဆုတ်ခြင်း၊ဘေးအန္တရာယ်။ |
| | ကြယ်ငါးလုံးဆိုသော် ပျော်ရွှင်မှုကင်းမဲ့သော်လည်း အောင်မြင်မှုရခြင်း။ |
| | ကြယ်ခွန်နှစ်ပွင့်ဆိုသော် ဝမ်းနည်းကြေကွဲမှု။ |
| ဂြာသဘာ ။ ။ | ကံခေမှု။ အနည်းငယ်နှောင့်နှေးမှု။ |
| လှေခါးထစ်များ ။ ။ | ဘဝတွင် တိုးတက်မှုရှေ့ရှုခြင်း။ |



| | |
|---|---|
| သူရိယနေမင်း ။ ။ | ပျော်ရွှင်ခြင်း။ တန်ခိုးအာဏာနှင့် အောင်မြင်မှု။ |
| ပျံလွှား ။ ။ | ဆုံးဖြတ်ချက်ခိုင်မာမှု။ မျှော်လင့်မထားသောခရီး။ |
| ဘဲငန်း ။ ။ | ချောမွေ့သောတိုးတက်မှု။ ရောင့်ရဲသောဘဝ။ |
| ခါးရှည် ။ ။ | စိတ်ပျက်မှု။ ခိုက်ရန်ပွားမှု။ |
| စားပွဲ ။ ။ | လူမှုရေးစုစည်းမှု၊ အစက်အပြောက်များဝန်းရံသော် ဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေး။ |
| လက်ဖက်ရည်အိုး ။ ။ | ကော်မတီ အစည်းအဝေးထိုင်ခြင်း။ |
| တယ်လီဖုန်း ။ ။ | မေ့လျော့တတ်မှုကြောင့် ပြဿနာတက်ခြင်း။ |
| မှန်ပြောင်း ။ ။ | စွန့်စားမှု |
| စခန်းချတဲ ။ ။ | ခရီးထွက်ခြင်း |
| အပ်ချုပ်လက်စွပ် ။ ။ | အိမ်ထောင်စုအတွင်း အပြောင်းအလဲဖြစ်မှု။ |
| ဖားပြုတ် ။ ။ | မြှောက်ထိုးပင့်ကော်ပြုမှုကို သတိထားရေး။ |
| မီးတုတ် ။ ။ | အကောင်းဘက်သို့ ဦးတည်ခြင်း။ |
| လိပ် ။ ။ | ဝေဖန်ပြစ်တင်မှု။ |
| မျှော်စင်။ ။ | အခွင့်အလမ်း စိတ်ပျက်ရမှု။ |
| သစ်ပင် ။ ။ | အကောင်းဘက်သို့ဦးတည်သော အပြောင်းအလဲ။ ရည်မှန်းချက်များ ပြည့်စုံလာခြင်း။ |
| | အစက်အပြောက်များဝိုင်းရံထားသော် သင့်ကောင်းစားရေးကံကြမ္မာသည် တောနယ်၌ ကျက်စားသည်။ |
| တြိဂံ ။ ။ | မျှော်လင့်မထားသောဖြစ်ရပ်။ |
| | အထက်သို့ညွှန်းသော် အောင်မြင်မှုပေးစွမ်းသည်။ |
| | အောက်ဖက်သို့ညွှန်းသော် ဆုံးရှုံးမှုကိုပြဆိုသည်။ |
| အသွားသုံးချောင်းရှိ မှိန်း ။ ။ | ရေကြောင်း၌ အောင်မြင်ခြင်း။ |
| ဆင်နှာမောင်း ။ ။ | ခရီးရှည်။ အကောင်အထည်ဖြစ်ပေါ်မည့် ဆုံးဖြတ်ချက်။ |
| ထီး (ယောက်ျားကိုင်) ။ ။ | စိတ်ရှုပ်မှု။ အရိပ်အာဝါသလိုအပ်မှု။ |
| | ပွင့်နေသော် ကွန်းခိုရာတွေ့ရှိခြင်း။ |
| | ပိတ်နေသော် ကွန်းခိုရာမရှိခြင်း။ |
| ဦးခေါင်း၌ ချိုပေါက်သောမြင်း ။ ။ | လျှို့ဝှက် လက်ထပ်မင်္ဂလာ |
| အရိုးအိုး ။ ။ | ဥစ္စာဓန။ စိတ်ချမ်းမြေ့မှု |
| ပန်းအိုး ။ ။ | အကူအညီပေးတတ်သော မိတ်ဆွေ။ |
| ဟင်းသီးဟင်းရွက် ။ ။ | စိတ်ညစ်ခြင်းမှပေါက်ဖွားသော ရောင့်ရဲတင်းတိမ်မှု။ |
| တယော ။ ။ | အတ္တဆန်လွန်းခြင်း |
| မီးတောင် ။ ။ | ချုပ်တီးမှုမပြုနိုင်သော စိတ်ဓာ။ |
| လင်းတ ။ ။ | ဆုံးရှုံးမှု။ ခိုးဝှက်မှု။ တန်ခိုးထွားသောရန်သူ။ |
| မြင်းရထားလုံး ။ ။ | လက်ထပ်ပွဲ။ |
| လမ်းလျှောက်ကိုင်တုတ် ။ ။ | ဧည့်သည်တစ်ဦး။ |
| နကျယ်ကောင် ။ ။ | အချစ်ရေးတွင် ပြဿနာပေါ်မှု။ |
| ရေတံခွန် ။ ။ | ကြီးပွားဖြစ်ထွန်းမှု။ |
| လေပြအလံ ။ ။ | အခက်အခဲ။ ဆုံးဖြတ်ချက်ချရန် ခက်ခဲမှု။ |
| ဝေလငါး ။ ။ | စီးပွားရေးအောင်မြင်မှု။ |

| | |
|---|---|
| ဘီး (လှည်း/ကား) ။ ။ | ပြည့်စုံသော ကံကောင်းခြင်း။ အောင်မြင်မှုရရှိခြင်း။ |
| | ကျိုးပဲ့ကွဲအက်သော စိတ်ပျက်မှု။ |
| | ပန်းကန်နှုတ်ခမ်းဝအနီးတွေ့ရသော မျှော်လင့်မထားသော ငွေကြေး။ |
| ဘီးတပ်လက်တွန်းလှည်း ။ ။ | မိတ်ဟောင်းဆွေဟောင်းနှင့် တွေ့ဆုံခြင်း။ |
| လေရဟတ်စက်ရုံ ။ ။ | ကြိုးပမ်းအားထုတ်မှု အရင်းခံသောအောင်မြင်မှု။ |
| ပြတင်းပေါက် ။ ။ | ပွင့်နေသော မိတ်ဆွေတစ်ဦးကြောင့် ကံကောင်းထောက်မခြင်း။ |
| | ပိတ်နေသော မိတ်ဆွေတစ်ဦးကြောင့် ကံဆိုးခြင်း။ |
| တောင်ပံများ ။ ။ | သတင်းစကားနှင့် ပေးစာများ။ |
| ကြက်ဝက်ညှပ်ရိုး ။ ။ | ဆုတောင်းမှုဖြစ်မြောက်လာခြင်း။ |
| ဝံပုလွေ ။ ။ | မနာလိုဝန်တိုမှု။ ကိုယ်ကျိုးရှာမှု။ |
| အမျိုးသမီး ။ ။ | သာယာကြည်နူးမှု။ |
| တီကောင်များ ။ ။ | နာမည်ပျက်မှု |
| ပန်းချေ ။ ။ | အနာဂတ်တွင် ပျော်ရွှင်မှုက စောင့်ကြိုနေခြင်း။ |
| ရွက်လှေ ။ ။ | သာယာကြည်နူးမှု။ |
| တံပိုး ။ ။ | အဖိနှိပ် အချုပ်အချယ်ခံရမှု။ |
| မြင်းကျား ။ ။ | နိုင်ငံရပ်ခြားသို့ ခွန့်စားရခြင်း။ မတည်မငြိမ် အခြေမကျသော ဘဝခရီး။ |

# လက္ခဏာပညာ (၁) Palmistry 1

**နီဒါန်း**

လက်ဝါးပေါ်ရှိ အရေးအကြောင်းများကို ကြည့်ရှုရုံဖြင့် လက္ခဏာပညာသည် ပြည့်စုံပြီဟု မယူဆနိုင်ပေ။ လက်ဝါးပေါ်ရှိ အရေးအကြောင်းများသည် လက္ခဏာပညာ၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပေသည်။ လက္ခဏာပညာဟုဆိုရာတွင် လူတစ်ယောက်၏ လက်တစ်ခုလုံးကိုခြုံငုံ၍ သေချာစွာလေ့လာမှသာ ပြည့်စုံသည်ဟု ရှေးခေတ်လက္ခဏာပညာရှင်များက ပြောဆိုခဲ့ကြသည်။ ရှေးခေတ်ဂရိဒဿနပညာရှင်ကြီးများက လက်ဝါးပြင်ရှိ အရေးအကြောင်းများကိုသာမက လက်တစ်ခုလုံး၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အနေအထားတို့ကို လေ့လာခဲ့ကြသည်။ ထိုပညာရပ်ကို ဂရိဘာသာစကားအရ ကိုင်ရိုနိုမီ၊ ကိုင်ရိုလော်ဂျီ၊ ကိုင်ရိုမင်စီ စသည်ဖြင့် ဖော်ပြခဲ့ကြသည်။ ထိုစကားများအားလုံးသည် ဂရိဘာသာ ရှဲ(ရ်) (cheir) စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပြီး ထိုစကား၏ မူလအဓိပ္ပါယ်မှာ "လက်"ဟု အဓိပ္ပါယ်ရပေသည်။

အမည်နာမများ မည်သို့ပင်ကွဲပြားစေကာမူ "မိမိ၏အနာဂတ်ကို ပိုင်စိုးသည်မှာ မိမိ၏လက်များပင်ဖြစ်သည်"ဟု ဆိုသည့်အတိုင်း မိမိ၏လက်သည် မိမိ၏ဘဝ၊ မိမိ၏အနာဂတ်ကံကြမ္မာကို ဖော်ညွှန်းလျက်ရှိပေသည်။

လက္ခဏာပညာရပ်သည် ရှေးနှစ်ပေါင်းများစွာကပင် အရှေ့နှင့်အနောက် ကမ္ဘာ့နိုင်ငံကြီးများတွင် ပေါ်ထွန်းခဲ့သည်။ ဘီစီ ၂၀၀၀ ခန့်တွင် အိန္ဒိယပြည်၌လည်းကောင်း၊ ဘီစီ ၃၈၄ - ၃၀၀ လောက်တွင် အရစ်စတိုတယ်၏စာပေများမှလည်းကောင်း လက္ခဏာပညာပေါ်ထွန်းခဲ့သည့် သာဓကများကို တွေ့ရှိရပေသည်။

## လက်ဝါးပြင်ကိုလေ့လာခြင်း။
## (Handprint)

လက္ခဏာကိုကြည့်ရှုရာတွင် လူတစ်ယောက်၏လက်ချောင်းများ၊ လက်ဝါးပြင်၊ လက်ပုံစံ၊ လက်ဝါးပြင်ပေါ်ရှိ အရေးအကြောင်းများအားလုံးကို သေချာစွာ ကြည့်ရှုလေ့လာကြရပါမည်။ မိမိလက္ခဏာကြည့်မည့်သူသည် ညာသန်ဖြစ်ပါက ဘယ်ဘက်လက်သည် ထိုသူ၏ မွေးရာပါလက်ဖြစ်၍ ညာလက်သည် ထိုသူ၏ ပစ္စုပ္ပန်နှင့်အနာဂတ်ကို ဖော်ပြပေသည်။ တစ်ဖန် ထိုသူသည် ဘယ်သန်ဖြစ်ပါက ပြောင်းပြန်မှတ်ယူပါလေ။

လူတစ်ယောက်၏လက္ခဏာကို လေ့လာရာတွင် ပိုမိုလွယ်ကူပြီး တိကျမှုရှိစေရန်သာမက ဘက်လိုက်မှုကင်းစေရန် ထိုလူ၏လက်ပုံစံကိုနှိပ်ယူ၍ လေ့လာခြင်းက ပိုမိုတိကျ မှန်ကန်နိုင်ပေသည်။

ဤကဲ့သို့ လက်ပုံစံကိုနှိပ်ယူ၍ လေ့လာခြင်းအားဖြင့် နှစ်အလိုက်ပြောင်းလဲသွားသော အရေးအကြောင်းများကို သတိထားလေ့လာမိရုံမက မိမိကြည့်ရှုခဲ့သည့် လက်ပုံစံများကိုလည်း စုဆောင်းရာရောက်ပေသည်။


၁။ ပုံနှိပ်မှင်ကို စက္ကူဖြူပေါ်တွင် အနည်းငယ်တင်၍ ဒလိမ့်တုံးဖြင့် ပြန့်ပြူးအောင်လိမ့်ပါ။ (ပုံ a)

၂။ ဒလိမ့်တုံးကို လက်ဝါးပေါ်တွင် သေချာနှံ့စပ်အောင်ထိ၍ လိမ့်ပါ။ (ပုံ b)

၃။ စက္ကူဖြူတစ်ရွက်ပေါ်တွင် လက္ခဏာရှင်၏လက်ဝါးပြင်ကို ညင်သာစွာဖိကပ်လိုက်ပါ။ လက္ခဏာရှင်၏ လက်ဝါးပြင်တစ်ခုလုံး စာရွက်ပေါ်တွင် သေချာစွာထိကပ်၍ ထင်ရှားကြောင်းစစ်ဆေးပါ။ (ပုံ c)

၄။ လက်ကို သေချာစွာမပါ။ (ပုံ d)

စာရွက်၏အောက်တွင် ရာဘာပြားတစ်ခုခံထားပါက ပို၍ ထင်ရှားပြတ်သားစွာပေါ်ပါသည်။ စာရွက်ပေါ်တွင် လက်ဝါးပြင်တစ်ခုလုံး ထင်ရှားပြတ်သားစွာပေါ်ရန် အလွန်အရေးကြီးပါသည်။






## လက်ဝါးပြင်ပေါ်ရှိ အမှတ်အသားများ၏ အဓိပ္ပာယ်များ

လက္ခဏာပညာ၏ အခြေခံအကျဆုံးဥပဒေမှာ လက်တစ်ခုလုံးအား ခြုံငုံကြည့်ရှုရန်ပင်ဖြစ်သည်။ လက်ဝါးပြင်ပေါ်ရှိ အရေးအကြောင်းများကိုသာမက လက်အနေအထား၊ လက်သည်းနှံ့ပုံစံ၊ လက်ချောင်းများ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ လက်ဝါးပြင်ပုံသဏ္ဌာန်၊ လက်ဝါးပြင်ပေါ်ရှိ အရေးအကြောင်းများအားလုံးကို သေချာစွာကြည့်ရှုလေ့လာ၍ ပယ်သင့်သည်ကိုပယ် ညှိနှိုင်းသင့်သည်ကို ညှိနှိုင်းပြီးမှသာ ဟောကြားခြင်းအလုပ်ကို စတင်ပြုလုပ်ပါ။

လက်ဝါးပြင်ပေါ်ရှိ အရေးအကြောင်းများကိုကြည့်ရုံမျှဖြင့် သင်ချမ်းသာမည်၊ သင် ၆ လ အတွင်းသေမည် စသည်ဖြင့် ယတိပြတ်မပြောသင့်ပေ။ လက္ခဏာပညာသည် အလွန်နက်နဲသိမ်မွေ့သောကြောင့် ထိုကဲ့သို့သော အစွန်းရောက်စကားများကို ရှောင်သင့်ပေသည်။

လက်များကို များများကြည့်၍ မှတ်သားသင့်သည်များ ထူးခြားချက်များကို မှတ်သားကာ ပညာယူပါ။ လက္ခဏာများသည် အကောင်းအဆိုး အမြဲတွဲလျက်ရှိသည်ကို သတိထားပါ။

ထို့ကြောင့် လက္ခဏာတစ်ခုကို ကြည့်မည်ဟုဆိုလျှင် သတိထားရမည့် အခြေခံအချက်ကြီး ၃ ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သင်ကြည့်မည့်လက်များသည် ဤစာအုပ်တွင်ပါသောလက်များကဲ့သို့ ထင်ရှားပြတ်သားစွာ အရေးအကြောင်းများအား တွေ့မြင်ရမည်ဟူ၍ တထစ်ချ မမှတ်ယူသင့်ပါ။ လက်တစ်ခုလုံးကို သေချာစွာခြုံငုံလေ့လာပါ။ လက္ခဏာများများကြည့်ရှု၍ များများပညာယူပါ။


၂။ မိမိကြည့်ရသော လက္ခဏာပိုင်ရှင်အပေါ်တွင် မိမိ၏ဆုံးဖြတ်ချက်များအား အလွန်လျင်မြန်စွာ မဆုံးဖြတ်ပါနှင့်။ အမြင်ကျယ်ပါ။ လက်ကို သေချာစွာလေ့လာပါ။ အချက် အလက်များကို ဖြည်းဖြည်းချင်းစုပါ။

၃။ ရရှိလာသောအချက်အလက်များကို စုဆောင်း၍ မိမိပြောလိုသောအချက်များ တစ်ခုနှင့်တစ်ခု အစီအစဉ် အဆက်အစပ် ကျနစွာစဉ်းစားပြီးမှ ပြောပါ။ လူတိုင်းလူတိုင်းသည် ဘဝတစ်လျှောက်လုံးတွင် တွေ့ကြုံရသော အမြင့်အနိမ့်၊ အတက်အကျများကို လိုက်လျော ညီထွေစွာ ညှိ၍နေကြရသည်ဆိုခြင်းကို သတိရပါ။ ထို့ကြောင့် မိမိပြောကြားရာတွင် လည်း လိုက်လျောညီထွေ ပြေပြစ်စွာပြောပါ။

ထို့နောက် လက္ခဏာရှင်အား လက်ဝါးပေါ်ရှိ အရေးအကြောင်းများသည် အပြောင်းအလဲရှိတတ်ကြောင်း၊ ထို့ကြောင့် စိတ်မညစ်သင့်ကြောင်း၊ ဖျောင်းဖျတတ်ပါစေ။

## လက်ဝါးပြင်၏မြေပုံ

၁။ လက်ညှိုး။ (ဂျူပီတာလက်ညှိုး)
၂။ ဆော်လမွန်လက်စွပ်။
၃။ ပညာရှိလက်မဆစ် (ပထမလက်ဆစ် = လက်မ)
၄။ ကြာသပတေးဂြိုဟ်ခုံ (ဂျူပီတာဂြိုဟ်ခုံ)
၅။ သောကြာခါးပတ် (ဗီးနစ်ခါးပတ်)
၆။ ချင့်ချိန်တတ်သောလက်မဆစ် (လက်မ၏ ဒုတိယလက်ဆစ်)
၇။ အင်္ဂါအဖိုဂြိုဟ်ခုံ (မားစ်ဂြိုဟ်ခုံ)
၈။ အသက်လမ်းကြောင်း
၉။ အရန်အသက်လမ်းကြောင်း
၁၀။ သောကြာဂြိုဟ်ခုံ (ဗီးနပ်စ်ဂြိုဟ်ခုံ)
၁၁။ ရမ္မက်လမ်းကြောင်း
၁၂။ လက်ကောက်ဝတ်ရှိ အရေးအကြောင်းများ
၁၃။ လက်ခလယ် (စနေ လက်ခလယ်)
၁၄။ လက်သူကြွယ် (တနင်္ဂနွေ လက်သူကြွယ်)
၁၅။ လက်သန်း (ဗုဒ္ဓဟူး လက်သန်း)
၁၆။ ဆက်တန်လက်စွပ် (စနေလက်စွပ်)
၁၇။ စနေဂြိုဟ်ခုံ (ဆက်တန်ဂြိုဟ်ခုံ)
၁၈။ တနင်္ဂနွေဂြိုဟ်ခုံ (အပိုလိုဂြိုဟ်ခုံ)
၁၉။ နှလုံးသားလမ်းကြောင်း
၂၀။ ဗုဒ္ဓဟူးဂြိုဟ်ခုံ (မာကျူရီဂြိုဟ်ခုံ)
၂၁။ ဉာဏ်လမ်းကြောင်း
၂၂။ ကလေးမွေးဖွားရာလမ်းကြောင်း
၂၃။ အိမ်ထောင်ရေးလမ်းကြောင်း
၂၄။
၂၅။ ကျန်းမာရေးလမ်းကြောင်း
၂၆။ အင်္ဂါအမဂြိုဟ်ခုံ
၂၇။ ကံလမ်းကြောင်း
၂၈။ အရန်ကံလမ်းကြောင်း
၂၉။ တနင်္လာဂြိုဟ်ခုံ






# လက္ခဏာပညာ (၂) Palmistry 2

အခြေခံအားဖြင့် လက် ၇ မျိုးရှိသည်ဟု ရှေးလက္ခဏာပညာရှင်ကြီးများက ပြဆိုခဲ့ကြသည်။ အလုပ်ကြမ်းလုပ်ရသော ကူလီ၊ လယ်သမား၊ လက်သမားများမှသည် ပညာတတ်သော ပညာရှင်များ၊ အနုပညာသည်များ၏လက်များအဆုံး ယေဘုယျအားဖြင့် ၇ မျိုးရှိကြောင်း လက်ခံခဲ့ကြရသည်။ ယခုအခါတွင် တိုးတက်လာသော လက္ခဏာဗေဒပညာများ၏ ပေါင်းစည်းမှုအရ လက်၏ပုံသဏ္ဌာန်ကို ၄ မျိုးသာခွဲခြားတော့သည်။

အခြေခံ လက် ၄ မျိုးကို ပုံသဏ္ဌာန်ကိုလိုက်၍ ရှေးဂရိစာလုံးများဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ ၄င်းတို့မှာ မြေကြီး၊ မီး၊ ရေ၊ လေတို့ ဖြစ်ပါသည်။

မည်သည့်နည်းဖြင့် လက်၏ပုံသဏ္ဌာန်ကို သုံးသပ်သည်ဖြစ်စေ ယေဘုယျအားဖြင့် ကြီးမားသောလက်ပြင်ရှိသူသည် တွေးခေါ်မြော်မြင်ဉာဏ်ရှိ၍ စဉ်းစားချင့်ချိန်တတ်သည်။ အလုပ်လုပ်ရာတွင် သေချာသပ်ရပ်သည်။ လက်ပြင်နူးညံ့၍ ပျော့ပျောင်းသောလက်ပိုင်ရှင်သည် မိမိပြုလုပ်သည့်အလုပ်ကို ကျေနပ်သောလက်ပိုင်ရှင်မျိုးဖြစ်သည်။ ပျော်ရွှင်သောဘဝကို နှစ်သက်သည်။ ကျန်းမာရေးနှင့်ပြည့်စုံသည်။ ပျော့အိတွဲပြီး ဖြူဖျော့သောလက်ပိုင်ရှင်သည် ကျန်းမာရေးမကောင်းကြောင်း ဖော်ပြပေသည်။ အလွန်စိုးရိမ်ကြီး၍ ခေါင်းမာသောလက်ပိုင်ရှင်ဖြစ်သည်။ ဆရာဝန်များအနေဖြင့် လူနာ၏လက်သည်းခွံကိုကြည့်ကာ ကျန်းမာရေးအခြေအနေကို ပြောဆိုသကဲ့သို့ လက္ခဏာဆရာသည်လည်း လူ၏လက်ကိုကြည့်ကာ ထိုလူ၏စိတ်နေစိတ်ထား၊ အမူအကျင့်တို့ကို ခန့်မှန်းပြောဆိုနိုင်ပေသည်။ ဥပမာ – လက်သည်းခွံကို တစ်ချိန်လုံးကိုက်နေသော လူတစ်ယောက်သည် စိတ်မရှည်ခြင်း၊ အစိုးရိမ်ကြီးခြင်း၊ သည်းခံ မှုနည်းခြင်းတို့ကို ဖော်ပြပေသည်။


ထို့ကြောင့် လက်ပေါ်ရှိ အရေးအကြောင်းများကို မလေ့လာမီ လက်၏ပုံသဏ္ဌာန်ကို သေချာစွာလေ့လာပါရန် တိုက်တွန်းအပ်ပါသည်။

## ရှေးထုံးစဉ်လာအခြေခံလက် (၇) မျိုး

### ၁။ အခြေခံလက် (သို့) သာမန်အောက်ခြေလက် (ပုံ ၁)

ကြမ်းတမ်းသည်။ လက်ပြင်ကျယ်ပြန့်သည်။ လက်ချောင်းများပုတို၍ တုတ်ခိုင်သည်။ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျသည်။ ကြမ်းတမ်းသောခန္ဓာကိုယ်ရှိသည်။ ရိုင်းစိုင်းသောစကားများကို ပြောတတ်သည်။ ကိုယ်ခန္ဓာကိုအားကိုး၍ အလုပ်လုပ်သောလူမျိုးဖြစ်သည်။ ဥပမာ။ ။ကူလီ၊ ရမ္မက်ဇောကြီးသူ၊ မိုက်ရူးရဲလုပ်တတ်သည်။

# ရှေးထုံးစဉ်လာအခြေခံလက် (၇) မျိုး






**၂။ လေးထောင့်လက် (သို့) အသုံးဝင်သောလက် (ပုံ ၂)**

လက်ဝါးပြင်သည် လေးထောင့်ကျသည်။ လက်ဝါးပြင်ကျယ်၍ လက်ချောင်းများ တုံးတိတိရှိသည်။ လက်တွေ့ကျသည်။ မိမိကိုယ်ကို မိမိအထင်ကြီးသည်၊ သည်းခံနိုင်မှု နည်းပါးသည်။ လူမှုရေး အံဝင်ခွင်ကျမှု မရှိတတ်ပေ။ အသိပညာနည်းပါးသည်။ သစ္စာရှိသည်၊ မိမိ၏ အယူအဆကို မိမိ တရားသေဆုပ်ကိုင်ကာ တစ်ခွတ်ထိုးနိုင်သည်။ ကြောင်းကျိုးဆက်စပ်မှုကို နားလည်သော်လည်း အလွယ် တကူ လက်ခံလေ့မရှိတတ်ချေ။

**၃။ စတုဂံလက် (ပုံ ၃)**

လက်ချောင်းများ ညီညာသည်။ လက်ဆစ်အနည်းငယ်ကြီးသည်။ ရည်ရွယ်ချက်ကြီးမားသည်၊ လုပ်ရည်ကိုင်ရည်ရှိသည်။ မိမိကိုယ်ကို အားကိုးသည်။ ထူးဆန်းသော စိတ်ကူးစိတ်သန်းများ ရှိတတ်သည်။ မည်သူမျှ လုပ်ရန်စိတ်မကူးသော အလုပ်များကိုလုပ်ရန် ဝန်မလေးတတ်ပေ။

**၄။ အတွေးအခေါ်လက် (ပုံ ၄)**

လက်ဝါးပြင်ကြီးမား၍ အရိုးအဆစ်များကြီးသော လက်ချောင်းပိုင်ရှင်ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာကျကျ တွေးခေါ်တတ်သည်။ အရာရာကို သတိထား၍ လုပ်တတ်သောသဘောရှိသည်။ စဉ်းစား၍ မိမိလုပ်ကိုင်မည့်အရာကို စနစ်တကျ ကြိုတင်စိတ်ကူးတတ်သူဖြစ်သည်။ အမြဲသတိတရားနှင့်နေတတ်ခြင်းကြောင့် ပျော်ရွှင်မှုကိုမခံစားရချေ။

**၅။ လက်ကတော့ပိုင်ရှင် (သို့) အနုပညာလက် (ပုံ ၅)**

ရှည်သွယ်သောလက်ချောင်းများရှိ၍ အဖျားတွင် သွယ်၍နေသည်။ နူးညံ့သော လက်ဖဝါးပိုင်ရှင်ဖြစ်သည်။ ခံစားလွယ်သည် ထိခိုက်လွယ်သည်။ ဂီတ အနုပညာတို့၌ ဝါသနာထုံသည်။ အနုပညာနှင့်ပတ်သက်၍ ကြိုတင်စိတ်ကူးမှုများပြုလုပ်ကာ အသစ်အဆန်းများတီထွင်ရခြင်းကို နှစ်သက်သည်။ နည်းစနစ်ဟောင်းများကို တော်လှန်လိုသောစိတ်မျိုးရှိသည်။

**၆။ စိတ်ကူးယဉ်လက် (လက်များတွင် လှပဆုံးလက်ပိုင်ရှင်များ) (ပုံ ၆)**

လက်ချောင်းများသည် ရှည်သွယ်၍ အလွန်နူးညံ့သော လက်ဖဝါးပိုင်ရှင်များဖြစ်သည်။ လက်ချောင်းထိပ်များချွန်၍ လှပညီညာသည်။ ထိုလက်ပိုင်ရှင်သည် စိတ်ကူးအလွန်ယဉ်တတ်သည်။ စိတ်ဓါတ်ပျော့ညံ့သည်၊ မိမိအတွေးနှင့်မိမိနစ်မြုပ်နေတတ်သည်။ ဆုံးဖြတ်ချက်များ မပြတ်သား၊ အနူအယာအားဖြင့် အလွန်ယဉ်ကျေးသိမ်မွေ့တတ်သည်။

**၇။ ရောထွေးလက် (ပုံ ၇)**

အထက်ပါ ပုံစံ ၆ မျိုးစလုံးတွင် အံဝင်မှုမရှိပေ။ တစ်မျိုး (သို့) နှစ်မျိုးရောယှက်နေတတ်သည်။ စိတ်ထား မတည်မငြိမ်ရှိတတ်သည်။ အခြေအနေနှင့် လိုက်လျောညီထွေနေတတ်သည်။ အခြေအနေကိုလိုက်၍ လုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ကိုင်ရန် ဝန်မလေးတတ်ပေ။


# ဓေတ်သစ်အခြေခံလက် (၄) မျိုး


**၁။ လက်တွေ့ကျသောလက် (ပုံ A)**

လက်ဝါးပြင်လေးထောင့်ကျ၍ တိုသောလက်ချောင်းပိုင်ရှင်များဖြစ်သည်။ သစ္စာရှိသည်။ အလုပ်ကို ကြိုးစားသည်။ မြေကြီးနှင့် ထိစပ်သောလူတန်းစားဟု ခေါ်ဆိုနိုင်သည်။ ထို့ကြောင့် ဤလက်မျိုးကို "မြေလက်"ဟု ခေါ်သည်။

**၂။ တစ်ခွတ်ထိုးလက် (ပုံ B)**

လက်ဝါးပြင်ရှည်၍ လက်ချောင်းများတိုသည်၊ အားအင်ကိုအားကိုးသည်။ အမြဲဂနာမငြိမ်ပဲ ဟိုစပ်စပ် ဒီစပ်စပ်လုပ်ချင်သည်။ မိမိကိုယ်ကို မိမိအထင်ကြီးသည်။ အမြဲပူလောင်တတ်သောသဘောရှိခြင်းကြောင့် "မီးလက်"ဟု တင်စားခေါ်ဝေါ်သည်။






**၃။ ထိနိုက်ခံစားလွယ်သောလက် (ပုံC)**

လက်ဝါးပြင်ရှည်၍ လက်ချောင်းများလည်း ရှည်သွယ်သည်။ စိတ်ကူးယဉ်တတ်သည်။ ထိနိုက်ခံစားလွယ်သည်။ စိတ်သည် ဟိုပြေးဒီပြေးဖြင့် ဘာလုပ်ရမှန်းမသိဘဲ ဆုံးဖြတ်ချက် များတတ်သည်။ စိတ်ကူးယဉ်ခြင်းဖြင့်သာမွေ့လျော်၍ လက်တွေ့ဘဝနှင့်မနီးစပ်ပေ။ ထိုလက်မျိုးသည် မိမိဘာသာ အေးဆေးစွာ စိတ်ကူးယဉ်ကာနေတတ်ခြင်းကြောင့် "ရေလက်"ဟု ခေါ်သည်။

**၄။ ပညာတတ်လက် (အသိပညာရှင်လက်) (ပုံ D)**

လက်ဝါးပြင်လေးထောင့်ကျ၍ ရှည်သွယ်သော လက်ချောင်းပိုင်ရှင်များဖြစ်သည်။ ဉာဏ်ပညာထက်မြက်သည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။ လုပ်ရည်ကိုင်ရည်တွင် ထူးချွန်ထက်မြက်သည်။ သတိတရားကို လက်ကိုင်ထားတတ်သည်။ စည်းစနစ်ကြီးသည် (တစ်ခါတစ်ခါ အစွန်းရောက်တတ်သည်။) စာအုပ်ကြီးအတိုင်း လုပ်တတ်သည်။ ထိုလက်ပိုင်ရှင်များသည် မြင့်မားသောပညာတတ်များဖြစ်ခြင်းကြောင့် "လေလက်"ဟု ခေါ်သည်။

# လက်သည်းခွံပုံသဏ္ဍာန်များ

**(က) တိုသောလက်သည်းခွံ (ပုံ a)**

ကိုယ်ခန္ဓာစွမ်းအားကြီးမားသည်၊ စပ်စုတတ်သည်၊ စိတ်ဂနာမငြိမ်ရှိတတ်၍ ဟိုဝင်ပြော ဒီဝင်ပြောရန် ဝန်မလေး၊ အမှန်တရားကို မြတ်နိုးသည်။

**(ခ) တိုသောလက်သည်းခွံ ဖြက်ကျယ်သည် (ပုံ b)**


ဆုံးဖြတ်ချက်မြန်သည်၊ စိတ်ဆိုးလွယ်သည်၊ စိတ်ရင်းကောင်းသည်။

**(ဂ) ဘေးကျယ်၍ ရှည်သောလက်သည်းခွံ (ပုံ c)**

ထိပ်တွင် ဝိုင်းသောသဏ္ဍာန်ရှိသည်။ စိတ်ရှည်၍ ဆုံးဖြတ်ချက်ကို အေးဆေးစွာချတတ်သော သူမျိုးဖြစ်သည်။

**(ဃ) ရှည်လျား၍ သစ်အယ်သီးပုံသဏ္ဍာန်ရှိသော လက်သည်းခွံ (ပုံ d)**

ဖြစ်သောဘဝတွင် ဖြစ်သလိုနေတတ်သော လူစားမျိုးဖြစ်သည်။ စိတ်ကူးယဉ်တတ်သည်။ မိမိအတွေးနှင့် မိမိပျော်မွေ့သူဖြစ်သည်။




**(င) ကြီးမား၍ လေးထောင့်သဏ္ဍာန်ရှိသော လက်သည်းခွံ (ပုံ e)**

အေးဆေးစွာ နေတတ်သည်။ အကြံကြီးသူဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်သည် မိမိအတွက်သာ မိမိကြည့်တတ်သောသူမျိုးဖြစ်သည်။

**(စ) သပ်ပုံသဏ္ဍာန်ရှိသော သေးငယ်သည့်လက်သည်းခွံ (ပုံ f)**

ထိခိုက်ခံစားလွယ်သည်။ လိုအပ်သည်ထက်ပို၍ အစိုးရိမ်ကြီးသည် အရာရာတွင် အမြဲစိုးရိမ်ပူပင်ကြောင့်ကျတတ်သည်။

**လက်သည်းခွံအရောင်**

| | | |
|---|---|---|
| အဖြူ | - | အသည်းမာသည်၊ ကြိတ်၍ကြံစည်တတ်သည်။ တစ်ကိုယ်ကောင်းဆန်သည်။ |
| ပန်းနုရောင်ဖျော့ဖျော့ | - | နွေးထွေးသောမေတ္တာတရားကို လက်ကိုင်ကျင့်သုံးသည်။ အားလုံးနှင့် သင့်မြတ်အောင်နေတတ်သည်။ |
| အနီရောင် | - | စိတ်လိုက်မာန်ပါလုပ်တတ်သည်။ ဒေါသကြီးသည်။ |
| အပြာရောင် | - | မကျန်းမာသူတစ်ဦးဖြစ်သည်။ |

**လက်ချောင်းများ၏အကျယ် HAND SPAN**

**၁။ လက်ချောင်းများသည် တစ်ခုနှင့်တစ်ခုပူးကပ်၍ ယိုပေါက်မရှိလျှင်**

လက်များသည် တောင့်တင်းခိုင်မာသည်။ သတိတရားကို အမြဲလက်ကိုင်ထားသည်။ မည်သူ့ကိုမျှ လွယ်လွယ်နှင့် မယုံကြည်တတ်သူ ဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ရောရောနှောနှော မနေတတ်ပေ။ အထီးကျန်ဖြစ်နေတတ်သည်။



**၂။ လက်ချောင်းတစ်ခုနှင့်တစ်ခုကြားတွင် မျှတသောအကျယ်ရှိလျှင်**

ချင့်ချိန်ကာ မျှတစွာဆုံးဖြတ်တတ်သော လူမျိုးဖြစ်သည်။ မည်သည့်နေရာ မည်သည့်ဒေသတွင်မဆို လိုက်လျောညီထွေစွာ ပြောဆိုဆက်ဆံပေါင်းသင်းတတ်သည်။

**၃။ လက်ချောင်းတစ်ခုနှင့်တစ်ခုကြားတွင် အလွန်ကျယ်လျှင်**

ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည်။ ရိုးသားသည်။ ယုံကြည်လွယ်သည်။ ကလေးငယ်တစ်ယောက်၏ စရိုက်နှင့်တူသည်။

**၄။ လက်မနှင့် လက်ညှိုးကြားတွင် အကျယ်ဆုံး**

သဘောကောင်းခြင်း၊ ပျော်ပျော်နေတတ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ခြင်းတို့ဖြင့် ပြည့်စုံသည်။

**၅။ လက်ညှိုးနှင့် လက်ခလယ်ကြားတွင် အကျယ်ဆုံး**

သူတစ်ပါးအား အလွတ်တကူမယုံကြည်တတ်ပေ။ သူတစ်ပါးလွှမ်းမိုးမှုကို အလွယ်တကူနှင့် လက်မခံတတ်ပေ။ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် အလုပ်လုပ်တတ်သည်။

**၆။ လက်ခလယ်နှင့် လက်သူကြွယ်ကြားတွင် အကျယ်ဆုံး**


အပူအပင်ကင်းသည်။ အရာရာကို အေးဆေးစွာလုပ်ကိုင်တတ်သည်။ ရှေ့ရေးကို ကြိုတင်မတွေးဘဲ ဖြစ်သလိုနေတတ်သော သဘောရှိသည်။

**၇။ လက်သူကြွယ်နှင့် လက်သန်းကြားတွင် အကျယ်ဆုံး။**

တစ်ကိုယ်တည်းနေထိုင်တတ်သည်။ မိမိကိုယ်ကိုသာ ယုံကြည်အားထားသည်။ ကိုယ်ပိုင်လုပ်ငန်းတို့ကို မိမိစိတ်ကူးနှင့် မိမိပြုလုပ်တတ်သည်။

**၈။ လက်သန်းသည် အခြားလက်များနှင့် အလွန်ဝေးကွာနေလျှင်**

ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းသည်။ တစ်ကိုယ်တည်း အထီးကျန်နေတတ်သည်။




HAND SPAN

## လက်ချောင်းများ၏ ပုံသဏ္ဌာန်အနေအထား။


ဒုတိယလက်ချောင်းကို မူသေထား၍ တခြားလက်ချောင်းများကို နှိုင်းယှဉ်ပါ။

**(ပုံ a) ပါအတိုင်း ညီညာသောလက်အရင်း။**

အမြဲအကောင်းမြင်တတ်သည်။ မေ့မိဋ္ဌါန်ကျကျ ဆုံးဖြတ်တတ်သည်။ ဘဝတွင် သက်တောင့် သက်သာ ကောင်းမွန်ချမ်းသာစွာနေရမည်။

**(ပုံ b) လေးကိုင်းသဏ္ဌာန်ကွေး၍ မညီညာသည့်လက်ရင်း။**

လူအများစုတွင် တွေ့ရသောလက်မျိုးဖြစ်သည်။ ဘဝတွင် အတက်အကျ၊ အနိုင်အရှုံးများဖြင့် တက်တချိကျတလှည့် ဘဝများကို ဖြတ်သန်းရပေမည်။




THE SET OF THE FINGERS

**ပထမလက်ချောင်းနိမ့်သူ (လက်ညှိုး)**

အရက်အကြောက်ကြီးသည်။ ဆုံးဖြတ်ချက်များ မခိုင်မာပေ။ မိမိစိတ်ထဲတွင် မိမိသည် အခြားသူများထက် သာလွန်သည်။ မြင့်မြတ်သည်ဟု ထင်တတ်သည်။

**တတိယလက်ချောင်းနိမ့်သူ (လက်သူကြွယ်)**

ဘဝ၏ရည်မှန်းချက် တက်လမ်းများကိုသာ အားသွန်ခွန်စိုက် လုံးပန်းနေတတ်ပြီး မိမိလုပ်လိုသောအလုပ်နှင့် လုပ်ကိုင်နေရသောအလုပ်တို့သည် အံဝင်မှုမရှိချေ။

**စတုတ္ထလက်ချောင်းနိမ့်သူ (လက်သန်း)**

မည်သည့်အရာကိုမျှ အလွယ်တကူရလိမ့်မည်ဟု မမျှော်လင့်ပါနှင့်။ မိမိကိုယ်ကို အားကိုး၍ ကိုယ်တိုင်အပင်ပန်းခံကာ ပြုလုပ်မှသာ အောင်မြင်မှုရနိုင်မည်ကို အမြဲသတိရှိပါ။



# လက္ခဏာပညာ (၃) Palmistry 3

လက်ဝါးပြင်ကိုလေ့လာရာတွင် လက်ချောင်းများသည် အရေးကြီးပေသည်။ လက်ချောင်းတစ်ခုစီတွင် အမည်နာမ အဓိပ္ပါယ်တစ်ခုစီ သီခြားရှိကြပေမည်။ ဥပမာ- လက်ညှိုးကို ဂျူပီတာလက်ညှိုးဟုခေါ်သည်။ လက်ညှိုးညွှန်ရာ ရေဖြစ်သည် ဆိုသည့်သဘောအတိုင်း လက်ညှိုးသည် လူ့စိတ်၏ ဦးဆောင်ရာ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထိုလူ၏ရည်မှန်းချက်အောင်မြင်မှု၊ ကြိုးပမ်းမှုများ၏ မှတ်တိုင်တစ်ခုဖြစ်သည်။

လက်ခလယ် (သို့) ဆက်တမ်လက်သည် လူတစ်ယောက်၏ စိတ်ဓါတ်ပြင်းပြမှု၊ စရိုက်လက္ခဏာတို့ကိုပြဆိုသည်။ လက်သူကြွယ် (သို့) လက်စွပ်လက်သည် လူတစ်ယောက်၏ အတွင်းအရုပ်ကို ဖေါ်ပြရည်ညွှန်းလျက် လက်သန်းကလေးသည် လူတို့၏ ပြင်ပဆက်ဆံရေးကို ပြသပေသည်။ ထိုကဲ့သို့ လက်ချောင်းတစ်ခုစီကို သာမက လက်ချောင်းရှိလက်ဆစ်များကိုလည်း လေ့လာနိုင်သေးသည်။ လက်ချောင်းတွင် လက်ဆစ်မရှိဘဲ ပြေပြစ်ဖြောင့်တန်းနေမယ်ဆိုရင် ဒီလူဟာ လူ့ဘဝမှာ သက်တောင့်သက်သာနေရမယ့် သဘောကိုပြတယ်။ လက်ဆစ်များကြီးပြီး လက်မဟာ ဖြောင့်တန်းနေမယ်ဆိုရင် ဒီလူဟာ အလုပ်လုပ်ရာမှာ တစ်ဖွတ်ထိုးနိုင်မယ်ဆိုတဲ့သဘောရှိတယ်။

လက်ချောင်းတွေကိုလေ့လာတဲ့အခါမှာ လက္ခဏာပညာရှင်အတော်များများက လက်မဟာ အရေးကြီးဆုံးပဲလို့ ယူဆလေ့ရှိကြတယ်။ ဟိန္ဒူလက္ခဏာပညာရှင်များဟာ လက်မတစ်ခုထဲကိုကြည့်ရုံနဲ့တောင် လူတစ်ယောက်ရဲ့အတွင်းစိတ်ကို သိနိုင်တယ်လို့ ပြောကြပါတယ်။ လက်မဟာ ဘဝရဲ့ အားအင်နဲ့ လူတစ်ယောက်ရဲ့ ပင်ကိုယ်စိတ်ဓါတ်ကိုဖေါ်ပြတဲ့ အဓိကသင်္ကေတတစ်ခုဖြစ်ပါတယ်။ လက်မကြီးလေလေ စိတ်ဓါတ်စွမ်းအားကြီးလေလေဖြစ်ပြီး ခိုင်ခံ့တဲ့လက်ညှိုးနဲ့ တွဲဖက်နေရင် ပိုလို့တောင်ကောင်းကြောင်း သိရပါတယ်။

လက်ဆစ်များဟာလဲ လက်ချောင်းများရဲ့သဘာဝနဲ့ ဆက်စပ်လျက်ရှိပါတယ်။

ပထမလက်ဆစ်သည် ဉာဏ်ပညာနဲ့ စိတ်ဓါတ်စွမ်းအားကိုဖေါ်ပြပြီး ဒုတိယလက်ဆစ်သည် သဘာဝကျမှု၊ လက်တွေ့ဘဝတို့ကို ဖေါ်ပြသည်။ ထို့ပြင် လက်ခုံများ မို့မောက်ခြင်းသည်လည်း အမှတ်အသားများဖြစ်ကြောင်း မှတ်ယူရပေမည်။

**လက်ဝါးပြင်ဧရိယာအကျယ်အဝန်း**


- လက်ဝါးပြင်ကို (၄) ပိုင်း-ပိုင်းပါ။
- လက်ဝါးပြင်ပေါ်ရှိ အပိုင်းတိုင်းသည် ထိုလူ၏ စိတ်နေစိတ်ထားများနှင့် ဆက်စပ်လျက်ရှိသည်။

၁ (ပုံ A) **အတွင်းဖက် လက်တွေ့ လက်ဝါးပြင်ဧရိယာ**

အချစ်ရေး၊ ကာမနှင့်ပတ်သက်သော စိတ်နေစိတ်ထားကို ဖေါ်ပြသည်။

၂ (ပုံ B) **အပြင်ဖက် လက်တွေ့ လက်ဝါးပြင်ဧရိယာ**

လူမှုဆက်ဆံရေးနှင့် ပေါင်းသင်းဆက်ဆံရေး ပြင်ပအလုပ်ကိစ္စများကို ဖေါ်ပြသည်။




**AREAS OF THE HAND**



၃ (ပုံ C) **အတွင်းဖက် လက်တွေ့မဟုတ်သော လက်ဝါးပြင်ဧရိယာ**

အတွင်းသရုပ်ကိုဖေါ်ပြသည်။

၄ (ပုံ D) **အပြင်ဖက် လက်တွေ့မဟုတ်သော လက်ဝါးပြင်ဧရိယာ**

မိမိ၏ လုပ်ရည်ကိုင်ရည်နှင့် တီထွင်ကြံဆနိုင်မှုတို့ကို ဖေါ်ပြသည်။

**လက်ချောင်းများ၏ ပျော့ပြောင်းမှု**

**၁။ တောင့်တင်းသောလက်ချောင်းများ**

အလွန်ခေါင်းမာသည်၊ အစွဲအလမ်းကြီးသည်၊ ခက်ထန်သည်၊ မိမိယုံကြည်သောအရာအား တသမတ်တည်း စွဲမြဲစွာယုံကြည်တတ်သည်။ မိမိကိုယ်ကိုမိမိ ယုံကြည်သည်။ လက်တွေ့ကျသည်။

**၂။ ကောက်ကွေး၍ ပျော့ပြောင်းသော လက်ချောင်းများ**

လက်ခုံဖက်သို့ယိုင်သည်၊ ထိန်းချုပ်ခံစားလွယ်သည်၊ အလုပ်အကိုင်လုပ်ကိုင်ရာတွင် သပ်ရပ်သည်၊ သေချာသည်၊ အလှအပကိုမြတ်နိုးသည်။

**၃။ ကောက်ကွေး၍ တောင့်တင်းသော လက်ချောင်းများ**

ကြောက်တတ်သည်၊ အသိတရားကြီးမားသည်၊ အမြင်ကျဉ်းသည်၊ ခွင့်လွှတ်သည်၊ ခံနိုင်မှုနည်းပါးသည်၊ ယုံကြည်မှုတစ်ခုကို စွဲမြဲစွာဆုပ်ကိုင်ထားတတ်သည်။

**၄။ ကွေးညွတ်၍ ပျော့ပြောင်းနူးညံ့သည့် လက်ချောင်းများ**

ဆွဲဆောင်မှုရှိသည်၊ ဖြစ်ရာဘဝတွင် ပျော်ပျော်နေတတ်သူဖြစ်သည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စားတတ်သူများဖြစ်သည်။

**၅။ ကောက်ကွေး၍ ပျော့ပြောင်းပြီး လက်ခုံမှ အဝေးသို့လန်သော လက်ချောင်းများ**

စည်းကမ်းဥပဒေကို ချိုးဖေါက်ကြသူများဖြစ်သည်။ စကားများများပြောရခြင်းကို နှစ်သက်သည်။ အလုပ်ထက် အပြောနှင့်သာ အချိန်ကုန်နေသူများဖြစ်သည်။ အပေါင်းအသင်းပေါများသည်။


**၆။ ကွေးညွတ်ပျော့ပြောင်းနူးညံ့၍ နောက်သို့လန်သောလက်ချောင်းများ**

အမြင်ကျယ်သည်၊ စပ်စုသည်၊ ဆွဲဆောင်မှုရှိသည်။

## လက်ချောင်းများ၏ပုံသဏ္ဌာန်။

ရှည် - ဉာဏ်ပညာထက်မြက်သည်။
ပု - တစ်ဇွတ်ထိုးနိုင်သည်၊ သည်းခံမှုနည်းသည်၊ ဉာဏ်ပညာနည်းပါးသည်။
ကြီး - ဉာဏ်ပညာနည်းပါးသော်လည်း ဖြည်းဖြည်းနှင့်မှန်မှန် ကြိုးစားသင်ယူလေ့ရှိသည်။ ကြိုးစားမှုကြောင့် တက်လမ်းများကိုရရှိတတ်သည်။

သွယ်သောထိပ် - အေးဆေး၍ လျှို့ဝှက်သည်။
ထူ၍ တိုသောလက် - တစ်ကိုယ်ကောင်းဆန်သည်။
မညီညာသောလက်ချောင်း - စိတ်ဆိုးလွယ်သည်။ စိတ်မြန်သည်။
ပွသောလက်ချောင်း - ခံစားမှု၊ အတွေးထဲ၌ နစ်မျောနေတတ်သည်။




(၁) **လေးထောင့်**
စဉ်းစားဉာဏ်ရှိသည်။ သတိတရားရှိသည်။

(၂) **အနည်းငယ်ချွန်သောလက်**
ဇွမ်းအင်ကြီးမားသည်။ ဆုံးဖြတ်ချက်ခိုင်မာသည်။

(၃) **ထိပ်ချွန်သောလက်**
အနုပညာကိုမြတ်နိုးသည်။ တစ်ဇွတ်ထိုးပြုလုပ်တတ်သည်။ စိုးရိမ်ပူပန်တတ်သည်။

(၄) **လက်ဆစ်မရှိဘဲ လှပသောလက်ချောင်းပိုင်ရှင်များ**
အသိဉာဏ်ပညာထက်မြက်သည်။ လုပ်ရည်ကိုင်ရည်ရှိသည်။ အလုပ်ကို တက်ကြွစွာပြုလုပ်တတ်သည်။

(၅) **လက်ဆစ်ကြီးမားလက်ချောင်းပိုင်ရှင်**
အတွေးခေါင်တတ်သည်။ ရာထူးကြီးမားစွာရတတ်သည်။ စည်းစနစ်ကျသည်။



**လက်ဆစ်မရှိဘဲ လှပသောလက်ချောင်းပိုင်ရှင်များ**

အသိဉာဏ်ပညာထက်မြက်သည်။ လုပ်ရည်ကိုင်ရည်ရှိသည်။ အလုပ်ကို တက်ကြွစွာပြုလုပ်တတ်သည်။


**လက်ဆစ်ကြီးမားလက်ချောင်းပိုင်ရှင်**

အတွေးခေါင်တတ်သည်။ ရာထူးကြီးမားစွာရတတ်သည်။ စည်းစနစ်ကျသည်။

**လက်ချောင်းရင်းများ အပေါ်သို့ထောင်နေခြင်း (High Set)**
စိတ်တိုသည်၊ စိတ်ဆတ်သည်။

**ပုံ - 1 လက်ချောင်းရင်းများ အောက်သို့လျှောဆင်းခြင်း (low Set)**
အသစ်အဆန်းများနှင့် ပြောင်းလဲမှုကို နှစ်သက်သည်။ တီထွင်ကြံဆတတ်သည်။

**ပုံ - 2 လက်မသည် လက်ဖဝါးနှင့် ကပ်နေလျှင်**
မယုံကြည်ရပေ။
လက်မသည် လက်ဖဝါးဖက်ကပ်၍ လက်ချောင်းများအောက်သို့ ကွေးနေလျှင် အမြဲတမ်း စိတ်ညစ်နေတတ်သည်။ မိမိကိုယ်မိမိ အမြဲအလိုမကျဖြစ်နေတတ်သည်။
လက်မသည် လက်ချောင်းများမှ ၉၀ ဒီဂရီ ဖြောင့်တန်းနေလျှင် အလွန်သနားကြင်နာတတ်သူ ဖြစ်သည်။




# လက္ခဏာပညာ (၄) Palmistry 4

| | |
|---|---|
| | **လက်မ။** |
| ရှည်။ | ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်သည်။ အတွေးအခေါ်များ ရှင်းလင်းပြတ်သားသည်၊ ဖြတ်ထိုးဉာဏ်ရှိ၍ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်လေ့ရှိသည်။ |
| အလွန်ရှည်။ | မိမိကိုယ်ကို ယုံကြည်မှုများလွန်းသည်။ မိမိဆုံးဖြတ်ချက်များကို မြဲမြဲစွာလုပ်ကိုင်တတ်သည်။ |
| တို။ | ဆုံးဖြတ်ချက်များ ဝေဝါးတတ်သည်။ သနားကြင်နာမှုများသည်။ အားနာတတ်သည်။ နှလုံးသားက ဦးနှောက်ကို အမြဲအနိုင်ယူလေ့ရှိသည်။ |
| ကြီး။ | လုပ်ရည်ကိုင်ရည်ရှိသည်။ မိမိဉာဏ်အား ကိုယ်စွမ်းအားကို အစွမ်းကုန် အသုံးချတတ်သည်။ |
| ပုံ၍ထူသောလက်မ။ | အငြင်းသန်သည်။ မိမိထင်မြင်ရာကို တစ်ဖွတ်ထိုးယုံကြည်သည်။ |
| သေး၍ပျော့သောလက်မ။ | စိတ်ဓါတ်ပျော့ညံ့သည်။ သူတစ်ပါး၏လွှမ်းမိုးမှုကို ခံရတတ်သည်။ သူတစ်ပါးပြောသမျှကို နားယောင်တတ်သည်။ |
| မာ၍ဖြောင့်တန်းသောလက်မ။ | တည်ကြည်သည်။ စိတ်ချယုံကြည်ရသည်။ သတိတရားကို အမြဲလက်ကိုင်ထားသည်။ တစ်ခါတစ်ရံတွင် အလွန်ခေါင်းမာသည်။ |
| ကွေးလွယ်သောလက်မ။ | စိတ်ရင်းကောင်းသည်။ အပြောင်းအလဲမြန်သည်။ သနားကြင်နာတတ်သည်။ ပျော်ပျော်နေသောလူမျိုးဖြစ်သည်။ လူမှုဆက်ဆံရေးကောင်းမွန်သည်။ |
| ပြေပြစ်သောလက်ဆစ်ရှိခြင်း။ | မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိသည်။ |
| ပုံ၍ကြီးသောလက်ဆစ်။ | လူဖြောင့်စိတ်တိုဖြစ်သည်။ လုပ်ရည်ကိုင်ရည် ထက်မြက်သည်။ |



**လက်မရှိ**

**လက်ဆစ်များအနေအထား**




**လက်ဆစ် ၂ ခု ရွယ်တူညီမျှနေလျှင် (ပုံ a)**

မျှမျှတတ စဉ်းစားဆုံးဖြတ်တတ်သည်။

**လက်ဆစ်ရစ်မတွေ့ရဘဲ တညီထဲဖြစ်နေလျှင် (ပုံ b)**

ပွင့်လင်းသည်။ ဒုံးတိတိ ခပ်ပြတ်ပြတ်လုပ်တတ် ပြောတတ်သည်။

**လက်မသည်မာ၍ ဖြောင့်တန်းကျယ်ပြန့်လျှင်**

ခံနိုင်စွမ်းရည်ကြီးမားသည်။ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုပ်ကိုင်ရန်ဝန်မလေးပေ။

**ပထမလက်ဆစ်ပိုရှည်နေလျှင်**

မိမိလုပ်ချင်တာကို လုပ်ရာတွင် တားဆီး၍မရပေ။

**ပထမလက်ဆစ် အဖျားသွယ်လျှင်**

ခံနိုင်စွမ်းရည်နိမ့်ကျသည်။ မိမိကိုမိမိ ယုံကြည်မှုနည်းသည်။

**ပထမလက်ဆစ်သည် တင်းပုတ်သဏ္ဌာန်ဖြစ်နေလျှင် (ပုံ c)**

ရန်လိုသည်။ တစ်ဖွတ်ထိုး ထင်ရာစိုင်းတတ်သည်။ ဤလက်မပိုင်ရှင်မျိုးကို ရှေးယခင်က "လူသတ်လက်မ"ဟု ခေါ်ဆိုကြသည်။

**ဒုတိယလက်ဆစ် ပိုရှည်နေလျှင်**


အထီးကျန်နေတတ်သည်။ မိမိအား အမြဲချုပ်ချယ်နေသည်ဟု ထင်သည်။

**ဒုတိယလက်ဆစ် သိမ်၍ သွယ်နေလျှင် (ပုံ d)**

စဉ်းစားတွေးခေါ်မှုတွင် လျင်မြန်သည်။ ဖြတ်ထိုးဉာဏ်ရှိသည်။ တီထွင်ကြံဆမှုအားကြီးသည်။ တစ်ခါတစ်ရံတွင် အစွန်းရောက်၍ သူတစ်ပါးအား အထင်သေးစွာ ဝေဖန်တတ်သည်။

## လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်း။

### ပထမလက်ချောင်း (သို့) လက်ညှိုး (သို့) ဂျူပီတာလက်ချောင်း




(ပုံ A) လက်ညှိုးသည် လက်ခလယ်နှင့် အရှည်တူနေလျှင် (သို့) လက်ခလယ်ထက် ပိုရှည်နေလျှင်
(ပုံ B) လက်ညှိုးသည် လက်သူကြွယ်ထက် နိမ့်နေလျှင်

**လက်ညှိုးထိပ်သည် လက်ခလယ် လက်သည်းခွံ ခြေရင်းထက်ရှည်လျှင်**

ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်သည်။ သူတစ်ပါးအား ဦးဆောင်ရမည့်အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်။

**လက်ညှိုးထိပ်သည် လက်ခလယ် လက်သည်းခွံ ခြေရင်းထက်နိမ့်လျှင်**

အစွဲအလမ်းကြီးသည်၊ အတ္တဆန်သည်၊ မိမိကိုယ်မိမိ သူတစ်ပါးထက်သာလွန်သည်ဟု အထင်ကြီးသည်။


**လက်ညှိုးသည် လက်ခလယ်နှင့်အရှည်တူနေလျှင်(သို့)လက်ခလယ်ထက်ပိုရှည်နေလျှင် (ပုံ A)**

အာဏာရှင်ဖြစ်သည်။ တန်ခိုးအာဏာဖြင့် အုပ်ချုပ်ရခြင်းကို နှစ်သက်သည်။ သူတစ်ပါးအား နိုင်းစေရခြင်း၊ ဦးဆောင်ရခြင်းတို့တွင် ထူးချွန်ထက်မြက်သည်။

**လက်ညှိုးသည် လက်ခလယ်ဘက်သို့ ခပ်ကွေးကွေးဖြစ်နေလျှင်**

စုဆောင်းရှာဖွေရခြင်းကို နှစ်သက်သည်။ အလွန်စပ်စုတတ်သည်။ ဤကဲ့သို့ကွေးနေသော လက်သည် ကွေးနေမှုပေါ်မူတည်၍ ဝါသနာအရ စုဆောင်းရှာဖွေခြင်းမှ စီးပွားဖြစ်စုဆောင်းရှာဖွေရခြင်းအဆင့်သို့ ရောက်တတ်သည်။






(ပုံ C) လက်ခလယ်သည် လက်ညှိုး၊ လက်သူကြွယ်တို့နှင့် အလျားတူနေလျှင်
(ပုံ D) လက်ခလယ်သည် လက်ညှိုး၊လက်သူကြွယ်တို့ထက် အလွန်ရှည်နေလျှင် လက်တစ်ဆစ်ကျော်။
(ပုံ E) တတိယလက်ချောင်း (သို့) လက်သူကြွယ် (သို့) အပိုလိုလက်ချောင်း တိုလျှင်
(ပုံ F) လက်ခလယ်နှင့် လက်သူကြွယ် ကွေးညွတ်ပူးနေလျှင်
(ပုံ G) စတုတ္ထလက်ချောင်း (သို့) လက်သန်း (သို့) မာကျူရီလက်ချောင်း
လက်သူကြွယ် လက်သည်းခွံ ခြေရင်းထိအောင်ရှည်နေလျှင်
(ပုံ H) စတုတ္ထလက်ချောင်း (သို့) လက်သန်း (သို့) မာကျူရီလက်ချောင်း အလွန်ပုလျှင်။

**လက်ညှိုး၏ ပထမလက်ဆစ် (သို့) အပေါ်ဆုံးလက်ဆစ်သည် လက်ခလယ်ဘက်သို့ ကွေးနေလျှင်**
အလွန်ခေါင်းမာသော လက်ပိုင်ရှင်ဖြစ်သည်။

**လက်ညှိုးသည် လက်သူကြွယ်ထက် နိမ့်နေလျှင် (ပုံ B)**
ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်သည်။ ဦးဆောင်ဦးရွက်ပြုရာတွင် ယုံကြည်စိတ်ချရသူဖြစ်သည်။ လူအများနှင့်အတူတွဲ လုပ်ကိုင်ဆောင်ရွက်ရသည်ကို နှစ်သက်သည်။

**လက်ညှိုးသည် လက်သူကြွယ်နှင့် အရှည် (အလျား) တူနေလျှင်**
မှုမှုတတရှိသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချသည်။

**လက်ညှိုးသည် လက်သူကြွယ်နှင့် ရှည်လျှင်**
မိမိကိုယ်ကို ဂုဏ်ယူသည်။ မာနရှိသည်။ ရည်မှန်းချက်ကြီးမားသည်။ အမြင့်သို့ရောက်ရန် အမြဲကြိုးပမ်းအားထုတ်သူဖြစ်သည်။

**လက်ညှိုးသည် ပြေပြစ်၍ရှည်လျှင်**
မိမိပြုလုပ်သောအလုပ်ကို သေသပ်စွာပြုလုပ်တတ်သည်။ လုပ်ငန်းကိုင်ငန်းတွင်သာမက မိမိ၏ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မိမိ၏ လုပ်ရည်ကိုင်ရည်ကြောင့် တက်လမ်းများစွာ ရရှိတတ်သည်။

**တိုလျှင်**
ခံနိုင်စွမ်းရည်နိမ့်ကျသည်။ မိမိကိုယ်ကို ယုံကြည်မှုနည်းသည်။

**အလွန်တိုလျှင်**
မိမိကိုယ်ကိုစိတ်မချခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်းဖြစ်နိုင်သည်။ ပတ်ဝန်းကျင်နှင့် မိမိ၏နီးစပ်ရာအသိုင်းအဝိုင်းကို ရင်မဆိုင်ရဲဘဲ ကြောက်ရွံ့တတ်သည်။

**အလွန်တုတ်လျှင်**
ခေါင်းမာ၍ တုံးတိတိပြုလုပ်တတ်ပြီး ဆုံးဖြတ်ချက်ခိုင်မာသည်။

**အလွန်ပိန်လျှင် (သေးလျှင်)**
စိတ်ကူးတွင်သာ အမြဲအောင်မြင်နေပြီး လက်တွေ့တွင်မူ အောင်မြင်မှုမရရှိပေ။

**ကွေ့ကောက်၍ လက်ချောင်းများ လက်ဆစ်များကြီးလျှင်**
စည်းကမ်းချိုးဖေါက်ရန်ဝန်မလေး။ မိမိလိုချင်သောအရာကို ဖြစ်သည့်နည်းဖြင့် မရရအောင်ယူတတ်သည်။

**လက်ဆစ်များကြီး၍ လက်ဆစ်ရစ်များ နက်နဲပြီး ဖြောင့်တန်းထင်ရှားလျှင်**
ထိုလက်ရစ်များကို "ပင်ပန်းသောအရေးအကြောင်းများ"ဟုခေါ်သည်။ ထိုလူများသည် အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်တတ်ရုံမက အလုပ်ကြောင့် ပင်ပန်းနွမ်းနယ်မှုကို ခံစားကြရသည်။ မနိုင်ဝန်ထမ်းသူများဖြစ်ကြသည်။



## ဒုတိယလက်ချောင်း (သို့) လက်ခလယ် (သို့) ခက်တမ်လက်ချောင်း

**ဖြောင့်တန်း၍ အခြားလက်ချောင်းများနှင့် အချိုးညီစွာရှိနေလျှင်**
ကြောင်းကျိုးဆက်စပ်မှုရှိသူဖြစ်ပြီး နားလည်ခွင့်လွှတ်တတ်သူဖြစ်သည်။ အာရုံစူးစိုက်၍ လုပ်ကိုင်တတ်သည်။ ရှေ့ရေးကို ကြိုတွေး၍ကောင်းသည် ဆိုးသည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်ဝေဖန်တတ်သည်။ တစ်ခါတစ်ရံတွင် လူအများနှင့် ဒွေးရောယှက်တင်နေရခြင်းကို ငြီးငွေ့တတ်ကာ မိမိဖာသာ အေးဆေးစွာနေလိုတတ်သည်။

**ရှည်၍ တုတ်ခိုင်ကြီးမားနေလျှင်**
အစွဲအလမ်းကြီးသည်။ အမြဲတမ်းစဉ်းစား၍ နေတတ်သည်။ အလုပ်ကိုသေချာစွာ ဖယားချ၍ လုပ်ကိုင်တတ်သည်။ ဘဝတွင် အခက်အခဲများကို ခက်ခဲစွာ ကျော်လွှားရသူမျိုးဖြစ်သည်။

**လက်ခလယ်သည် လက်ညှိုး၊ လက်သူကြွယ်တို့နှင့် အလျားတူနေလျှင် (ပုံ C)**
တာဝန်မသိတတ်သူဖြစ်သည်။ မိမိပြုလုပ်သောအလုပ်အား တာဝန်မယူရဲသူ၊ မျက်နှာလွှဲခဲပြစ်လုပ်တတ်သူဖြစ်သည်။

**လက်ညှိုး၊ လက်သူကြွယ်ထက် အနည်းငယ်ရှည်လျှင်**
အေးဆေးစွာ နေတတ်သည်။ တစ်ယောက်တည်း အေးအေးနေခြင်းကို နှစ်သက်သည်။ ပတ်ဝန်းကျင်နှင့် ကင်းကွာနေတတ်သည်။

**အလွန်ရှည်နေလျှင် (ပုံ D) လက်တစ်ဆစ်ကျော်။**

ခေါင်းမာသည်။ ဆုံးဖြတ်ချက်များ တွေဝေသည်။ စိတ်ကစားသည်။ အလွန်စိတ်တိုသည်။ စိတ်မြန်သည်။ အောက်ခြေလူတန်းစား ပညာမတတ်သူများတွင် တွေ့ရတတ်သည်။

**လက်ဆစ် ၃ ဆစ်တွင် အလယ်လက်ဆစ်သည် အခြားလက်ဆစ် ၂ ခုထက်ရှည်လျှင်**
လက်ခလယ်စိမ်းဟုခေါ်သည်။ တိုင်းပြည်နှင့်လူမျိုးကို သစ္စာရှိရုံမက အလွန်ချစ်သော မျိုးချစ်ပုဂ္ဂိုလ်များဖြစ်သည်။

**ကွေ့ကောက်လျှင်**
ဘဝတွင် အတက်အကျများစွာဖြင့် ရှုပ်ထွေးသော ဘဝပိုင်ရှင်ဖြစ်သည်။

**လက်ဆစ်များကြီး၍ ကွေ့ကောက်နေလျှင်**
မိမိကိုယ်ကို အစဉ်သနားနေသူဖြစ်သည်။

## တတိယလက်ချောင်း(သို့)လက်သူကြွယ်(သို့)အပိုလိုလက်ချောင်း။

**နိုင်မာ၍ပြေပြစ်လျှင်**
- ခံစားမှုများ သင့်တင့်မျှတစွာ ချင့်ချိန်တတ်သည်။

**ပြေပြစ်၍ အဆစ်မရှိဘဲ ဖြောင့်တန်းလျှင်**
- တီထွင်မှုများ၊ လက်မှုပညာများတွင် ထူးချွန်သည်။

**ရှည်လျှင်**

ထင်ပေါ်ကျော်ကြားလိုသည်။ ကျော်ကြားမှုနှင့် အများ၏အားကျမှုကို ခံယူလိုသည်။ ဤလက်ချောင်းမျိုးသည် ရုပ်ရှင်အနုပညာရှင်များပေါ်တွင် အများဆုံးတွေ့ရတတ်သည်။

**အလွန်ရှည်လျှင်**

အေးဆေးစွာနေတတ်သည်။

**တိုလျှင် (E)**

အရှက်အကြောက်ကြီးသည်။ ထိခိုက်ခံစားလွယ်သည်။

**တတိယလက်ဆစ် ရှည်နေလျှင်**

ငွေကြေးနှင့် ဂုဏ်ပကာသနကို မက်မောသည်။ လက်ခလယ်ဘက်သို့ ယိုင်နေလျှင် အမြဲစိတ်ပူပင်နေတက်သည်။ အမြဲတမ်း မိမိကိုယ်ကိုကာကွယ်ရန် အသင့်ပြင်နေတတ်သည်။

**လက်ခလယ်နှင့် လက်သူကြွယ် ကွေးညွတ်ပူးနေလျှင် (F)**

လျှို့ဝှက်သည်။

**လက်သည်းခွံရှိသော လက်ဆစ်သည် လက်ခလယ်ဖက်သို့ ယိုင်နေလျှင်**

နှလုံးသားကို ဦးစားပေးတတ်သည်။ စိတ်ဓာကိုယ်ပါ ခံစားလွယ်သည်။ ထိခိုက်တတ်သည်။

**လက်ဆစ်များကြီး၍ ကွေးကောက်လျှင် တခြားလက်များနှင့် အချိုးမညီလျှင်**

စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ တွေ့ကြုံရတတ်သည်။



## စတုတ္ထလက်ချောင်း (သို့) လက်သန်း (သို့) မာကျူရီလက်ချောင်း။

**လက်သူကြွယ် အပေါ်လက်ဆစ်ရစ်ထက် ကျော်နေလျှင်။**

ဉာဏ်ပညာအလွန်ထက်မြက်သည်။ သင်လွယ် တတ်လွယ်သည်။ လုပ်ရည်ကိုင်ရည် ထက်မြက်သည်။ မိမိပြောသလို လုပ်ကိုင်တတ်သည်။ လုပ်ငန်းကိုင်ငန်းတွင် ထူးချွန်ထက်မြက်သူဖြစ်သည်။

**လက်သူကြွယ် လက်သည်းခွံ ခြေရင်းထိအောင်ရှည်နေလျှင် (ပုံ G)**

ယုံကြည်စိတ်ချ၍မရပါ။ မယုံကြည်ရသူဖြစ်သည်။

**အလွန်ပုလျှင် (ပုံ H)**

ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် လုပ်ပြနိုင်စွမ်းမရှိချေ။

**ပထမလက်ဆစ်ရှည်လျှင်**

အသိဉာဏ်ကြွယ်ဝသည်။ ပညာရေးကိုစိတ်ဝင်စားသည်။

**ပထမလက်ဆစ်သည် အခြားလက်ဆစ်များထက်ရှည်လျှင်**

အမှန်တရားကိုပြောသော်လည်း ပိုပိုမိုမို ကြွားဝါပြောရခြင်းကို နှစ်သက်သည်။

**ပုတို၍ တတိယလက်ဆစ်ကလေးပင်မရှိလျှင်**

ဖေါ်ရွေမှုကင်းသည်။

**လက်သူကြွယ်ဘက်သို့ယိုင်နေလျှင်**

လူရည်လည်သည်။ အလွန်ပါးနပ်သည်။ ပိုက်ဆံရှာရာတွင် အလွန်ကျွမ်းကျင်သည်။

**လက်ကို သက်တောင့်သက်သာထားသောအခါ လက်ဖဝါးသို့ယိုင်နေလျှင်**


အိမ်ထောင်ရေးတွင် အခက်အခဲတွေ့နိုင်သည်။

**ကွေးကောက်နေလျှင်**

စိတ်ချယုံကြည်၍မရပေ။ အလွန်အမေးအမြန်းထူသော လုပ်ငန်းရှင်ဖြစ်သည်။

# လက္ခဏာပညာ (၅) Palmistry 5

## ဂြိုလ်ခုံများကို လေ့လာခြင်း






## ဂြိုလ်ခုံများကို လေ့လာခြင်း

လက်မ၏အောက်ခြေ (လက်မ၏တတိယလက်ဆစ်) ကို သောကြာဂြိုဟ်ခုံဟု ခေါ်သည်။ သောကြာဂြိုဟ်ခုံ (ဗီးနပ်စ်) သည် လက်မ၏ အဆက်အနွယ်ဖြစ်သည့်အလျောက် လူတစ်ယောက်၏ ပင်ကိုယ်စရိုက်၊ စိတ်နေစိတ်ထားတို့ကို ဖေါ်ညွှန်းရာဖြစ်ပေသည်။

လက်မနှင့်နီးစပ်လျက်ရှိသော ဂြိုဟ်ခုံများသည် လူတစ်ယောက်၏ ပြင်ပဆက်ဆံရေးကို ဖေါ်ညွှန်းပေသည်။ တခြားလက်မနှင့်ဝေးသော ဂြိုဟ်ခုံများသည် ထိုလူ၏အတွင်းရေးကိစ္စများကို ပြသပေသည်။ သောကြာဂြိုဟ်ခုံနှင့် မျက်နှာချင်းဆိုင်ဂြိုဟ်ခုံကို တနင်္လာဂြိုဟ်ခုံဟုခေါ်ပေသည်။ လူတစ်ယောက်၏ တီထွင်ဉာဏ်အား အနုပညာဉာဏ်၊ လုပ်ကိုင်ဆောင်ရွက်နိုင်မှု စွမ်းရည်တို့ကို ဖေါ်ပြပေသည်။ တခြားဂြိုဟ်ခုံများသည်လည်း ၎င်းတို့တည်ရှိရာ လက်ချောင်းများနှင့် လိုက်လျောညီထွေသော အမည်နာမများကို ရရှိကြပေသည်။

| | | |
|---|---|---|
| - လက်ညှိုးအောက်ရှိဂြိုဟ်ခုံ | - | ကြာသပတေးဂြိုဟ်ခုံ |
| - လက်ခလယ်အောက်ရှိ ဂြိုဟ်ခုံ | - | စနေဂြိုဟ်ခုံ |
| - လက်သူကြွယ်အောက်ရှိ ဂြိုဟ်ခုံ | - | တနင်္ဂနွေဂြိုဟ်ခုံ (သို့) နေမင်းဂြိုဟ်ခုံ |
| - လက်သန်းအောက်ရှိဂြိုဟ်ခုံ | - | ဗုဒ္ဓဟူးဂြိုဟ်ခုံ |
| - လက်မနှင့် လက်ညှိုးကြားအောက်ခြေရှိဂြိုဟ်ခုံ | - | အင်္ဂါအဖိုဂြိုဟ်ခုံ |
| - တနင်္လာဂြိုဟ်နှင့် လက်သန်းအလယ်တွင်ရှိဂြိုဟ်ခုံ | - | အင်္ဂါအမဂြိုဟ်ခုံ |

အင်္ဂါအဖိုဂြိုဟ်ခုံသည် ကိုယ်ခန္ဓာကြံ့ခိုင်မှုစွမ်းရည်ကိုပြ၍ အင်္ဂါအမဂြိုဟ်ခုံသည် စိတ်ဓါတ်ကြံ့ခိုင်မှုစွမ်းရည်ကို ပြသပေသည်။

### ♀ MOUNT OF VENUS (1)

### သောကြာဂြိုလ်ခုံ (သို့) ဗီးနပ်ဂြိုလ်ခုံ (ပုံ ၁)

**ကျယ်ပြန့်၍ ချောမောပြေပြစ် မို့ဖေါင်းနေလျှင်**

ကျန်းမာသန်စွမ်း၍ နွေးထွေးသောနှလုံးသားပိုင်ရှင်ဖြစ်သည်။ သစ္စာရှိသည်။ အဖေါ်မွန်ကိုတစ်သက်လုံး ချစ်မြတ်နိုးတတ်သည်။ ကလေးချစ်တတ်သည်။

**ဖြားချပ်၍ မဖွံ့ဖြိုးလျှင်**
လောကကြီးကို ကင်းကွာနေတတ်သည်။ မိမိစိတ်ကူးနှင့် မိမိလုပ်ချင်ရာကို လုပ်ကိုင်တတ်သောသူမျိုးဖြစ်သည်။

**ကျယ်ပြန့်လျှင်**
လွှမ်းမိုးနိုင်မှုအားကောင်းသည်။ စိတ်ဓါတ်စွမ်းရည် ကြံ့ခိုင်သည်။

**အလွန်ကျယ်ပြန့်လျှင်**
ကိုယ်ခန္ဓာနှင့်ပတ်သက်၍ စွမ်းအင်ကြီးမားသည်။ ပင်ပင်ပန်းပန်း လုပ်ရသောအလုပ်မျိုးကို ကြံ့ကြံ့ခံကာလုပ်နိုင်သည်။

**ဖြိုဟ်ခုံမောက်၍ ချောမွေ့လျှင်**
မိမိ၏ ဆန့်ကျင်ဘက်လိင်အား ဆွဲဆောင်နိုင်စွမ်းရှိသည်။

**ဖြိုဟ်ခုံမောက်၍ နူးညံ့လျှင်**
အမြဲတက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည်။ သူတစ်ပါးအား ထူးခြားထိရောက်စွာဆွဲဆောင်နိုင်သည်။

**အောက်ခြေဘက်မှပို၍ ဖောင်းမို့လျှင်**
အနုပညာနှင့်ပတ်သက်လျှင် ပို၍အားအင်တက်ကြွတတ်သည်။ အပင်ပန်းခံနိုင်သည်။

**ထင်ရှားသောဖြိုဟ်ခုံပေါ်တွင် တပြေးညီဖြစ်နေလျှင်**
တစ်ဘဝတွင် တစ်ယောက်သာချစ်ကြိုက်တတ်သော မေတ္တာရှင်မျိုးဖြစ်သည်။

## ♂ LOWER MOUNT OF MARS (2)
## အင်္ဂါအဖိုဖြိုလ်ခုံ (အောက်အင်္ဂါဖြိုလ်ခုံ) (ပုံ ၂)

**ပုံမှန်အရွယ်အစားအတိုင်းရှိလျှင်**
သတ္တိရှိသည်။ ပြဿနာတစ်ခုကို အေးဆေးစွာ စဉ်းစားချင့် ချိန်၍ ဖြေရှင်းတတ်သည်။

**ဖြားချပ်၍မဖွံ့ဖြိုးလျှင်**
သူရဲဘောကြောင်သည်။ ပင်ပန်းဆင်းရဲမှုဒဏ်ကို မခံနိုင်ချေ။

**ကျယ်ပြန့်၍ ထူးကဲစွာဖေါင်းမို့နေလျှင်**
အလွန်အငြင်းအခုန်သန်သည်။ ရန်လိုသည်။ ရိုင်းစိုင်းသည်။ သို့သော် မိမိလုပ်ရဲသလိုသည်။



## ♃ MOUNT OF JUPITER (3)
## ကြာသပတေးဖြိုလ်ခုံ (သို့) ဂျူပီတာဖြိုလ်ခုံ (ပုံ ၃)

**ပုံမှန်အရွယ်အစားအတိုင်းရှိလျှင်**
အလွန်ရည်မှန်းချက်ကြီးမားသည်။ စိတ်ရှည်သည်။ သူငယ်ချင်းများအား သည်းခံနိုင်စွမ်းရှိသည်။ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိသည်။ စိတ်ရင်းစေတနာကောင်းသည်။ သူတစ်ပါးအားမေတ္တာစိတ်ဖြင့် အမြဲတမ်းကူညီစောင့်ရှောက်ရတတ်သည်။ ခွင့်လွှတ်နိုင်သည်။

**ဖြားချပ်၍မဖွံ့ဖြိုးလျှင်**
တစ်ကိုယ်ကောင်းဆန်သည်။ အပျင်းကြီးသည်။ ဆုံးဖြတ်ချက်မပြတ်သားချေ။ မိမိကိုယ်မိမိယုံကြည်မှုနည်းသည်။

**ကြီးမားကျယ်ပြန့်လျှင်**
မိမိကိုယ်ကို အထင်ကြီးလွန်းသူဖြစ်သည်။ မိမိရည်မှန်းချက် မိမိအတွက်ဆိုလျှင် ဘယ်သူသေသေ ငတေမာရင်ပြီးရော လူစားမျိုးဖြစ်သည်။ မိမိကိုယ်ကျိုးအတွက်ဆိုလျှင် မည်သူ့မျက်နှာကိုမျှထောက်မည်မဟုတ်ပေ။

**စနေဖြိုဟ်ခုံနှင့် အနည်းငယ်ပူး၍ ဆက်စပ်နေလျှင်**
တစ်ယောက်တည်းနေထိုင် အလုပ်လုပ်ရခြင်းထက် အဖေါ်နှင့်အတူတကွ လုပ်ဆောင်ရသည်ကို နှစ်သက်သည်။

## ♄ MOUNT OF SATURN (4)
## စနေဖြိုလ်ခုံ (သို့) ဆက်တမ်ဖြိုလ်ခုံ (ပုံ ၄)

**ပုံမှန်အရွယ်အစား**
တစ်ယူသန်သည်။ ယုံကြည်ချက်ပြင်းထန်သည်။ တသမတ်တည်း ပုံသေစွဲကိုင်၍ မဖြစ်ဖြစ်အောင်လုပ်တတ်သည်။ မိမိ၏အလုပ်နှင့် ပတ်သက်လာလျှင် မာနကြီးသည်။

**ဖြားချပ်၍မဖွံ့ဖြိုးလျှင်**
ပြဿနာကို ရင်မဆိုင်ရဲဘဲ ရှောင်ပြေးလေ့ရှိသော လူစားမျိုးဖြစ်သည်။ ရည်မှန်းချက်ဝေဝါးတတ်သည်။

**ကျယ်ပြန့်၍ ဖွံ့ဖြိုးစွာရှိနေလျှင်**
ဟိုရောင်ရောင် ဒီရောင်ရောင် ဖြစ်နေတတ်သည်။ တွန့်ဆုတ်တွန့်ဆုတ် လုပ်ကိုင်တတ်သည်။ မိမိကိုယ်မိမိ သေကြောင်းကြံစည်တတ်သည်။

**ကြာသပတေးဂြိုဟ်ခုံဘက်သို့ အနည်းငယ်စောင်းလျှင်**

ရည်မှန်းချက်ကြီးမားသည်၊ မြင့်မြင့် ကြံစည် စိတ်ကူးတတ်သည်။

**တနင်္ဂနွေဂြိုဟ်ခုံဘက်သို့ အနည်းငယ်စောင်းလျှင်**

အလှအပကို အလွန်ကြိုက်နှစ်သက်သည်။ အလှအပကို မြတ်နိုးသည်။

## ☉ MOUNT OF APOLLO (MOUNT OF THE SUN) (5)

## တနင်္ဂနွေဂြိုလ်ခုံ (သို့) နေမင်းဂြိုလ်ခုံ (ပုံ ၅)

**ပုံမှန်အရွယ်အစားအတိုင်းရှိလျှင်**

စန်းပွင့်သောလူတစ်ယောက်ဖြစ်သည်။ လူချစ်လူခင်ပေါသည်။ အနုပညာနှင့်ပတ်သက်လျှင် သင်လွယ်၊ တတ်လွယ်သည်။ ပျော်ပျော်နေတတ်ကာ အပေါင်းအသင်းဆန့်သော လူတစ်ယောက်ဖြစ်သည်။

**ပြားနေလျှင် (သို့) မဖွံ့ဖြိုးလျှင်**

ခပ်ပျင်းပျင်းနှင့် ဖြစ်ချင်ရာဖြစ် သဘောနေတတ်သည်။ ရည်မှန်းချက်တိတိကျကျ မရှိတတ်ချေ။ အနုပညာနှင့် ယဉ်ကျေးမှုများကိုလည်း စိတ်မဝင်စားချေ။

**ကြီးမား၍မဖွံ့ဖြိုးလျှင်**

ဆင်ခြေပေးတတ်သည်။ ငွေကြေးကို လွယ်လွယ်နှင့်ဖြုန်းတီးတတ်သည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား လူမျိုးဖြစ်သည်။

**လက်သန်းအောက်ခြေရှိ ဗုဒ္ဓဟူးဂြိုဟ်ခုံဘက်သို့ ယိုင်နေလျှင်**

ငွေရှာနိုင်သောလက်မျိုးဖြစ်သည်။ အနုပညာနှင့်ဆက်နွယ်ကာ ငွေကြေးရှာဖွေသူများ ဖြစ်ကြသည်။ အသက်မွေးဝမ်းကြောင်း ပြုလုပ်ကြသည်။ (ဥပမာ - အဆိုတော်၊ ရုပ်ရှင်မင်းသား/သမီး)

## ☿ MOUNT OF MERCURY (6)

## ဗုဒ္ဓဟူးဂြိုလ်ခုံ (သို့) မာကျူရီဂြိုလ်ခုံ (ပုံ ၆)

**ပုံမှန်အရွယ်အစားအတိုင်းရှိလျှင်**

ဖြတ်ထိုးဉာဏ်ကောင်းသည်။ အမြဲတက်ကြွနေတတ်သည်။ မိမိဘက်သို့ပါအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။ အလုပ်ကို ကျိုးနွံသည်။ သစ္စာရှိသည်။ ကြိုးစားသည်။ အလုပ်ဘယ်လောက်ပင်များများ အဖေါ်အပေါင်းနှင့် ပြုလုပ်ရမည်ဆိုလျှင် ပင်ပန်းသည်ဟုမထင်။



**ပြားချပ်၍မဖွံ့ဖြိုးလျှင်**

ထုံထိုင်းသည်။ ခံစားမှုကင်းမဲ့ကာ ဘဝကို စိတ်ဝင်စားမှုမရှိတတ်၊ အရှုံးနှင့်ရင်ဆိုင်ရသော လူမျိုးဖြစ်သည်။

**ကြီးမားလျှင်**

သဘောဖြူ အူစင်းဖြစ်သည်။ စိတ်သဘောထားပြည့်ဝသည်။

**အလွန်ကြီးမားကျယ်ပြန့်လျှင်**

အလိုက်သင့်ယိမ်းတတ်သော သူမျိုးဖြစ်သည်။ သို့သော် ငွေကြေးနှင့်ပတ်သက်လျှင် အတိမ်းအစောင်းမခံတတ်ပေ။ မိမိကိုယ်ကပိုးကို ကြည့်တတ်လွန်းသူဖြစ်သည်။ တစ်ခါတစ်ရံ ကောက်ကျစ်စဉ်းလဲသည်။

**ထိုဂြိုဟ်ခုံပေါ်တွင် ဖြောင့်တန်းသော လမ်းကြောင်းတစ်ခုရှိလျှင်**

ထိုလက်မျိုးကို ဆေးပညာသင်္ကေတဟု ခေါ်သည်။ ဆရာဝန်များ၊ နာ့စ်များနှင့် ဆေးဖက်ဆိုင်ရာကျွမ်းကျင်သောပညာရှင်များတွင် အများဆုံးတွေ့ရတတ်သည်။

## ♂ UPPER MOUNT OF MARS (7)

## အင်္ဂါအမဂြိုလ်ခုံ (သို့) မာစ်ဂြိုလ်ခုံ (ပုံ ၇)

**ပုံမှန်အရွယ်အစားအတိုင်းရှိလျှင်**

စိတ်ဓါတ်ကြံ့ခိုင်သည်။

**အလွန်ကြီးမားဖွံ့ဖြိုးလျှင်**

သူရဲဘောကြောင်သည်၊ မိမိလွတ်လမ်းကိုသာ ရှာပြေးမည့်သူဖြစ်သည်။

**ပြားချပ်၍မဖွံ့ဖြိုးလျှင်**

စိတ်ဆိုး၊ စိတ်ဆတ်သည်။ စိတ်ပုတ်သည်။ ရိုင်းစိုင်းသည်။ သူတစ်ပါးအား အမြဲအပြစ်ရှာတတ်သည်။

## MOUNT OF THE MOON (8)

## တနင်္လာဂြိုလ်ခုံ (သို့) လမင်းဂြိုလ်ခုံ (ပုံ ၈)

**ပုံမှန်အရွယ်အစားအတိုင်းရှိလျှင်**

ခံစားလွယ်သည်၊ အကောင်းမြင်တတ်သည်။ ဝမ်းနည်းလွယ်သည်။ စိတ်ကူးယဉ်တတ်သည်။ အနုပညာကို နှစ်သက်ခုံမင်သည်။ ချစ်ခင်ဖွယ်ကောင်းသည်။ ချစ်မေတ္တာတွေ ပင်လယ်ဝေနေတတ်သည်။

**ပြားချပ်၍ မဖွံ့ဖြိုးလျှင်**

စိတ်ကူးမယဉ်တတ်ချေ။ လက်တွေ့ကျသည်။ တစ်ခါတစ်ရံ လက်တွေ့ကျလွန်း၍ ကိုယ်ချင်းမစာတတ်သည့်သဘော ဖြစ်တတ်သည်။ စိတ်ထား အပြောင်းအလဲမြန်သည်။ သွေးအေးအေးနှင့် ရက်စက်တတ်သည်။

**ကြီးမားကျယ်ပြန့်နေလျှင်**

အလွန်စိတ်ကူးယဉ်သည်။ တစ်ခါတစ်ရံ မိမိစိတ်ကူးအတိုင်း လိမ်လည်ပြောဆိုရန်ဝန်မလေးပေ။

**ဖောင်းမို့ချောမွေ့လျှင်**

တီထွင်ဉာဏ်ရှိသည်။ စိတ်ညစ်စရာများကို ပျော်ရွှင်အောင်ပြုလုပ်ရာတွင် အလွန်ထူးချွန်သည်။ စိတ်ကူးစိတ်သန်း ကောင်းမွန်သည်။

**ပေါင်းမို့နူးညံ့နေလျှင်**

ထိခိုက်ခံစားလွယ်သည်။ စိတ်ကူးယဉ်သည်။ အသားအရေလတ်သည်။

**သောကြာဂြိုဟ်ခုံထိပေါင်းနေလျှင်**

အဆုံးစွန်ထိ ခံစားတတ်သည်။ အစွန်းရောက်သည်။

**လက်ကောက်ဝတ်ထိရောက်နေလျှင်**

ထူးဆန်းသော ဉာဏ်ရည် ဉာဏ်သွေးများရှိသည်။





## လက်ဝါးပြင်ပေါ်ရှိ အရေးအကြောင်းများကို လေ့လာခြင်း။

လက်ဝါးပြင်တစ်ခုတွင် အဓိကတွေ့ရသော အရေးအကြောင်း ၃ ခုမှာ -

၁။ ဦးနှောက်လမ်းကြောင်း

၂။ နှလုံးလမ်းကြောင်း

၃။ အသက်လမ်းကြောင်း တို့ဖြစ်သည်။ ထိုအရေးအကြောင်း ၃ခုစလုံးကို ယေဘုယျအားဖြင့် လက်ဝါးပြင်တိုင်းတွင် တွေ့မြင်ရတတ်သည်။ တစ်ခါတစ်ရံတွင် ၃ခုအနက် တစ်ခု(သို့)တစ်ခုထက်ပို၍ ပျောက်နေတတ်သည်။ သို့သော် ထိုလက်ဝါးပိုင်ရှင်မျိုးသည် လက်တွေ့ဘဝတွင် အလွန်တွေ့မြင်ရခဲသည်။

အသက်လမ်းကြောင်းဟုဆိုသည်နှင့် လူတို့သည် အသက်လမ်းကြောင်း အတိုအရှည်ကိုလိုက်၍ ရှည်လျှင် အသက်ရှည်မည်။ တိုလျှင် အသက်တိုမည်ဟု ပြောကြသည်။ ထိုအယူအဆအမှားကို ပြင်သင့်သည်။ အသက်လမ်းကြောင်းသည် တကယ်တမ်းတွင် လူ့ဘဝတစ်လျှောက်လုံး၌ ဘဝအတွက် စွမ်းဆောင်နိုင်မှု အရည်အချင်းမည်မျှရှိသည်ကို ပြသသောလမ်းကြောင်းဟုဆိုလျှင် ပို၍မှန်ပေသည်။ ထို့ကြောင့် အသက်လမ်းကြောင်းကိုလေ့လာရာတွင် ၎င်းနှင့်ဆက်နွယ်နေသော လက်မ၊ လက်ညှိုး ဂြိုဟ်ခုံတို့ကိုပါ ပူးတွဲလေ့လာသင့်ပေသည်။

ထိုနည်းတူပင် နှလုံးလမ်းကြောင်းသည် ကျွန်ုပ်တို့၏ခံစားချက်များကို ဖော်ပြသဖြင့် ၎င်းနှင့် ဆက်နွယ်နေသော လက်သန်း၊ ဂြိုဟ်ခုံတို့ကိုပါ ပူးတွဲလေ့လာရပေမည်။

ဦးနှောက်လမ်းကြောင်းကိုလေ့လာရာတွင် ဦးနှောက်လမ်းကြောင်းသည် လူတစ်ယောက်၏ စိတ်နေစိတ်ထား၊ ထိုးထွင်းဉာဏ်၊ ဉာဏ်ပညာထက်မြက်မှုတို့နှင့် ဆက်နွယ်နေပေသည်။ လက်ဝါးပြင်ရှိ အရေးအကြောင်းများသည် လက်၏ပုံသဏ္ဍာန်ကိုလိုက်၍ ပြောင်းလဲတတ်သည်။

ဉပမာ - ဉာဏ်ပညာလမ်းကြောင်း (သို့) ဦးနှောက်လမ်းကြောင်းသည် သာမန်လက်များတွင် ဖြောင့်စင်း နေတတ်ကြသည်။ သို့သော်လည်း အောက်သို့ဆင်းသွားသော ဦးနှောက်လမ်းကြောင်းမျိုးကို ထူးဆန်းစွာ တစ်ခါတစ်ရံတွင် တွေ့ရတတ်သည်။


ထိုလူမျိုးသည် စိတ်ကူးယဉ်ပြီး မိမိ၏စိတ်ကူးကိုအခြေခံ၍ အလုပ်လုပ်တီထွင်ကြသော ထုတ်လုပ်သူ၊ တီထွင်သူ၊ ဖန်တီးရှင်များဖြစ်ကြပေသည်။ တစ်ခါတစ်ရံ အလွန်နူးညံ့သောလက်တွင် ဦးနှောက်လမ်းကြောင်းသည် အောက်သို့ဆင်းနေပါက စိတ်ကူးယဉ်တတ်သောသဘောရှိသည်။ တစ်ခါတစ်ရံတွင် အရန်အသက်လမ်းကြောင်းများ၊ လက်ဝါးပြင်ရှိ တခြားလမ်းကြောင်းငယ်များသည် တစ်ခါတစ်ရံ တချို့လက်များတွင် ရှိနေတတ်၍ တစ်ခါတစ်ရံတွင် ကွယ်ပျောက်နေတတ်သည်။ လက်ဝါးပြင်ရှိ အရေးအကြောင်းများသည် ထင်ရှားစွာပေါ်လာတတ်သကဲ့သို့ မှေးမှိန်ပျောက်ပျက်သွားသည်များလည်းရှိသည်။ ထို့ကြောင့် ကလေးဘဝတွင် မတွေ့ရသောလမ်းကြောင်းများသည် လူကြီးဘဝတွင် တွေ့မြင်ရတတ်သည်။ အထူးသဖြင့် ကံလမ်းကြောင်းသည် လူ့ဘဝသက်တမ်းတစ်လျှောက်တွင် ပေါ်လိုက် ပျောက်လိုက် အဖြစ်အများဆုံးသော လမ်းကြောင်းတစ်ခုဖြစ်သည်ကို တွေ့ရပါသည်။


ထင်ရှားထူးခြားသော လမ်းကြောင်းများကို ဖော်ပြရပါလျှင် ကံလမ်းကြောင်းသည် လူ့ဘဝ၏ ပန်းတိုင်၊ အတက်အကျကုသိုလ်ကံကို ဖော်ပြပေသည်။ အရန်ကံလမ်းကြောင်းသည် ထိုလူ၏ ကုသိုလ်ကံစန်းထမှုကို ဖော်ပြပေသည်။ တီထွင်ကြံဆမှုကိုလည်း ဖော်ပြပေသည်။ သောကြာခါးပတ်သည် ငွေကြေးနှင့်ပတ်သက်သော အတက်အကျ၊ တိုးတက်မှုကို ဖော်ပြပေသည်။ လက်ကောက်ဝတ်ရစ်များသည် ကျန်းမာရေးအခြေအနေ၊ ချမ်းသာမှုကို ဖော်ပြပေသည်။ ကျန်းမာရေးလမ်းကြောင်း၊ အိမ်ထောင်ရေး လမ်းကြောင်း၊ ကလေးရရှိမှုလမ်းကြောင်းများသည်လည်း တစ်ဦးနှင့်တစ်ဦးမတူညီဘဲ ကွဲပြားခြားနား၍ သီးခြားကံကြမ္မာများဖြင့် တည်ရှိနေကြပေသည်။

## အလွန်ရှားပါးသော လိုင်းကြောင်းများ


စိတ်နှင့်ဆိုင်သောလမ်းကြောင်း (a) ဗုဒ္ဓဟူးဂြိုဟ်ခုံမှ တနင်္လာဂြိုဟ်ခုံသို့ရောက်နေသော လမ်းကြောင်း - စိတ်ရောဂါဝေဒနာရှင်များတွင် တွေ့ရတတ်သည်။ နှလုံးလမ်းကြောင်းနှင့် ဦးနှောက်လမ်းကြောင်းကို ကန့်လန့်ဖြတ်သောအမှတ် (b) ဂမ္ဘီရကြက်ခြေသည် လူတစ်ယောက်၏ သင်လွယ်တတ်လွယ်မှုကို ပြသည်။ လက်ခလယ်အောက်ရှိလက်ရစ် (c) စနေလက်စွပ်သည် ဖွတ်တရွတ်လုပ်တတ်သောသဘောကိုပြ၍ လက်ညိုး၏အောက်ရှိလက်ရစ်ကို ဆောလမွန်လက်စွပ် (d) ဟုခေါ်၍ထိုလက်ရစ်ကို ခေါင်းဆောင်ကောင်းများ ဉာဏ်ပညာထက်မျက်သူများတွင် တွေ့ရတတ်သည်။


HEAD LINE (ဦးနှောက်လမ်းကြောင်း)






## HEAD LINE (ဦးနှောက်လမ်းကြောင်း)

**အရှည်**

ဤလမ်းကြောင်းသည် အသိဉာဏ်ပညာ၊ နားလည်မှု၊ အသိဉာဏ်ပညာကို အသုံးချနိုင်မှု အရည်အသွေးတို့ကို ဖေါ်ပြပေသည်။ ဤလမ်းကြောင်းရှည်လေလေ၊ အသိဉာဏ်ပညာနှင့်ပတ်သက်၍ ဗိုမိုတတ်ကျွမ်းလေလေ သင်ယူရလွယ်လေလေ၊ အတတ်ပညာ၊ အသိပညာများ တိုးတက်လေလေ ဖြစ်ပေသည်။

**လက်ဝါးပြင်ကို တည့်တည့်ကန့်လန့်ဖြတ်လျှင် (၁)**

လက်တွေ့ကျသည်၊ ငုတ်မိသံတိုင် တက်နိုင်မှုများရောက်ဆိုသကဲ့သို့ အလုပ်တစ်ခုကို စွဲမြဲစွာ ဆောက်ရွလုပ်ကိုင်တတ်သည်။ ဦးစီးဦးဆောင်ပြုနိုင်သော ခေါင်းဆောင်ကောင်းတစ်ယောက်လည်း ဖြစ်သည်။

**ရှည်လျား၍ ဖြောင့်တန်းလျှင်**

တစ်ခွတ်တိုးလုပ်တတ်သည်။ မိမိပြုလုပ်မည့်အရာများကို သေချာစွာ အစီအစဉ်ချ၍ မဖြစ်မနေ လုပ်ကိုင်တတ်သည်။ မှတ်ဉာဏ်အလွန်ကောင်းသူများဖြစ်သည်။

**တနင်္လာဂြိုဟ်ခုံဖက်သို့ ခပ်ရှောရှောဆင်းလျှင် (၂)**

ထိခိုက်ခံစားလွယ်သည် စိတ်ကူးယဉ်တတ်သည်။

**တနင်္လာဂြိုဟ်ခုံထိပ်သို့ ရောက်ရှိသာဆင်းလျှင် (၃)**

မိမိ၏အရည်အချင်းကို ပြသရာတွင် အလွန်ထူးချွန်သောသူဖြစ်သည်။ တစ်နည်းအားဖြင့် နေရာယူတတ်သူများဖြစ်သည်။

**တနင်္လာဂြိုဟ်ခုံအောက်ဖက်သို့ ရောက်အောင်ဆင်းလျှင်**

အလွန်ပင် စိတ်ကူးယဉ်တတ်သူဖြစ်သည်။

**လက်ကောက်ဝတ်အလယ်ထိအောင်ရောက်လျှင်**

လက်တွေ့နှင့်ကင်းကွာသော လူမျိုးဖြစ်သည်။ စိတ်ကူးစိတ်သန်းများသည် လက်တွေ့ဘဝနှင့် ကိုက်ညီခြင်းမရှိပေ။

**နှလုံးလမ်းကြောင်းပေါ်သို့ ထောင်တက်နေလျှင်**

စီးပွားရေးလုပ်ငန်းများတွင် ထူးချွန်ထက်မြက်သူဖြစ်သည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။ လုပ်ငန်းများကို လောဘ်မြင်သူဖြစ်သည်။ အလွန်ငွေရှာကောင်းသော လက်များဖြစ်သည်။

**နှလုံးလမ်းကြောင်းနှင့်နီး၍ အပြိုင်လာနေလျှင်**

အမြင်ကျဉ်းသည်။

**မှေးမှိန်၍ အသက်လမ်းကြောင်းနှင့် ဝေးကွာနေလျှင်**

လောင်းကစားခြင်းကို ဝါသနာထုံသည်။



**ထင်ရှားပြတ်သားလျှင်**

သမာဓိအားကောင်းသည်။

သံကွင်းဆက်များဖြစ်နေလျှင် သမာဓိအားနည်းသည် အာရုံတစ်ခုထဲတွင် စူးစိုက်လေ့မရှိတတ်ပေ။ အတွေးများသည် အမြဲဂနာမငြိမ်ဘဲ ဟိုစပ်စပ် ဒီစပ်စပ်လုပ်တတ်သည်။

**တစ်နေရာတွင် ပြတ်နေလျှင်**

ဦးခေါင်းနှင့်ဆိုင်သော ထိခိုက်မှုတစ်ခုခု ဖြစ်နိုင်သည်။ ဤအကျိုးဆက်ကြောင့် ရူးတတ်သည်။ (သို့) အတွေးအခေါ်များ ပြောင်းလဲတတ်သည်။

**ပြတ်နေခြင်းမဟုတ်သော်လည်း တချို့နေရာများ မှေးမှိန်နေလျှင်**

အတွေးအခေါ်ဆိုင်ရာ ဦးခေါင်းပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ဖြစ်နိုင်သည်။ သို့သော် ရူးသည့် အထိတော့မဖြစ်နိုင်ပေ။

**အသက်လမ်းကြောင်းကိုထိလျှက် ထိပ်မှဆင်းလာလျှင် (၄)**

လိုက်လျောညီထွေ နေထိုင်တတ်သည်။ လူအများစုတွင်တွေ့ရသော လက်မျိုးဖြစ်သည်။

**အသက်လမ်းကြောင်းမှ အနည်းငယ်ကွာဝေး၍ ဆင်းလာလျှင် (၅)**

မိမိကိုယ်ကိုအားကိုးသည်။ ခိုင်မာသောဆုံးဖြတ်ချက်များ ချတတ်သည်။ ချပြီးသောဆုံးဖြတ်ချက်ကိုလဲ စွဲမြဲစွာလုပ်တတ်သည်။

**အသက်လမ်းကြောင်းမှ အလွန်ကွာဝေး၍ ဆင်းလာလျှင် (၆)**

တစ်ခွတ်ထိုးနိုင်သည်၊ အလွန်နောက်ပြောင်တတ်သည်။

**အသက်လမ်းကြောင်း၏ အောက်နားမှဆက်၍ ထွက်လာလျှင် (၇)**

အလွန်သတိကြီးသည်၊ တစ်ခါတစ်ရံတွင် စိတ်ဓါတ်ကျလွယ်သည်။ တစ်ယောက်ယောက်က မျောင်းဖျကာ အားပေးရတတ်သည်။ မထင်မှတ်ဘဲ ဒေါသထွက်လွယ်သည်။

**အသက်လမ်းကြောင်းကို ကန့်လန့်ဖြတ်၍ဆင်းလျှင် (၈)**

ထိခိုက်လွယ်သည်၊ စိတ်ဆိုးလွယ်သည် စိတ်ဆတ်သည်။

**ရေခင်းခွသဏ္ဍာန်အဆုံးသတ်၍ နှလုံးလမ်းကြောင်း တနင်္လာဂြိုဟ်ခုံများနှင့် ဆက်စပ်နေလျှင် (၉)**

အချစ်နှင့်ပတ်သက်၍ မည်သည့်အရာကိုမဆို ပေးဆပ်ရန်အသင့်ရှိသည်။ အချစ်နှင့်အသက်ကို လဲရန်ဝန်မလေးပေ။ သူတစ်ပါး၏ကိုယ်ရေးကို တိုင်ပင်ခံရသောပုဂ္ဂိုလ်မျိုးဖြစ်သည်

**ရှည်လျား၍ စိုက်ဆင်းကာ ရေခင်းခွသဏ္ဍာန်အဆုံးသတ်လျှင်**

ဉာဏ်ပညာထက်မြက်သည်၊ ဆက်ဆံရေးအလွန်ကောင်းမွန်၍ သံတမန်ကောင်းတစ်ယောက် ဖြစ်နိုင်သည်။ မိမိ၏အရည်အချင်းများကို ပြသရာတွင် သူတစ်ပါးအား ကျအောင်ပြသနိုင်စွမ်းရှိသည်။

**ရှည်လျား၍တနင်္လာဂြိုဟ်ခုံဖက်သို့စိုက်ဆင်းကာ ရေခင်းခွသဏ္ဍာန်အဆုံးသတ်လျှင်(၁၀)**

လက်တွေ့ဘဝက စိတ်ကူးယဉ်အိပ်မက်များကို ဖုံးလွှမ်းလေ့ရှိသည်။

**အလွန်ကြီးမားသော ရေင်းခွသဏ္ဍာန်ဖြင့် အဆုံးသတ်လျှင် (၁၁)**
ဟိုစပ်စပ် ဒီစပ်စပ် လူမျိုးဖြစ်သည်။ ထူးချွန်ထက်မြက်သည့် ခဆင့်သို့ ရောက်လေ့မရှိဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် အလုပ်ရှုတ်နေတတ်သူဖြစ်သည်။

**သုံးခွသဏ္ဍာန်ရေင်းခွဖြင့် အဆုံးသတ်လျှင် (၁၂)**
ဉာဏ်ရည်ဉာဏ်သွေး စိတ်ကူးစိတ်သန်းနှင့် လုပ်ကိုင်မှုစွမ်းရည်ကို သူ့နေရာနှင့်သူ သေချာစွာ အသုံးချတတ်သူဖြစ်သည်။

**ဗုဒ္ဓဟူး (မာကျူရီ) ဂြိုဟ်ခုံသို့လာ၍ အဆုံးသတ်လျှင်**
ငွေရှာကောင်းသူဖြစ်သည်။ သူတစ်ပါးထက် ထူးချွန်ဆန်းသစ်သော စိတ်ကူးမျိုးဖြင့် အလွန် ငွေရှာတတ်သည်။

**ကြာသပတေးဂြိုဟ်ခုံသို့ ခွဲ၍အဆုံးသတ်လျှင် (၁၃)**
ရည်မှန်းချက်ကြီးမားသည်၊ ရည်မှန်းသလောက်လဲ အောင်မြင်သည်။

**စနေဂြိုဟ်ခုံသို့ခွဲ၍ အဆုံးသတ်လျှင် (၁၄)**
ရည်မှန်းချက်ကြီးသည်၊ ရည်မှန်းချက်အောင်မြင်ရန် ခက်ခဲစွာကြိုးပမ်းရသည်။

**တနင်္ဂနွေဂြိုဟ်ခုံသို့ခွဲ၍ အဆုံးသတ်လျှင် (၁၅)**
မိမိကိုယ်ပိုင် ကြိုးစားမှုဖြင့်သာ ပန်းတိုင်သို့ရောက်မည့် လက်ပိုင်ရှင်ဖြစ်သည်။


**လက်သန်းနှင့် လက်စလယ်ကြားသို့ဝင်၍ အဆုံးသတ်လျှင်**
အောင်မြင်သောသိပ္ပံပညာရှင် တီထွင်သူဖြစ်သည်။


**ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ခွဲ၍ အဆုံးသတ်လျှင်**
လုပ်ငန်းတွင် ထူးချွန်ထက်မြက်သူဖြစ်သည်။



# လက္ခဏာပညာ (၇) Palmistry 7

## နှလုံးလမ်းကြောင်း အသက်လမ်းကြောင်း








## နှလုံးလမ်းကြောင်း

**ရှည်၊ သင့်တင့်စွာကွေး၍ လက်ချောင်းများမှ သင့်တင့်သော အကွာအဝေးရှိလျှင်**

နွေးထွေးသော နှလုံးသားပိုင်ရှင် မိမိ၏မေတ္တာတရားကို ပြသနိုင်စွမ်းရှိသော နူးညံ့သည့် နှလုံးသားပိုင်ရှင်ဖြစ်သည်။

**ဦးနှောက်လမ်းကြောင်းထက် ပိုရှည်၍ ပိုထင်ရှားလျှင်**

နှလုံးသားသည် ဦးနှောက်ကို လွှမ်းမိုးနိုင်စွမ်းရှိသည်။

**ဖြောင့်တန်းနေလျှင်**

မိမိအတွက်သာ သိတတ်သူဖြစ်သည်။ ဘယ်သူသေသေ ငတေမာပြီးရော လူစားမျိုးဖြစ်သည်။

**တို၍မှေးမှိန်လျှင်**

အကန့်အသတ်ဘောင်အတွင်းမှ အချစ်ကိုခံစားသူဖြစ်သည်။ မှုံဝေသည်။

**အလွန်ရှည်၍ ထင်ရှားကာ လက်ချောင်းများနှင့် နီးနေလျှင်**

မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လိုသည်။ မနာလိုဝန်တိုမှုများရှိသည်။

**သုံကွင်းကြိုးဆက်များ ဖြစ်နေလျှင်**

ဆန့်ကျင်ဘက်လိင်အား ဆွဲဆောင်၍ ချစ်ကြိုးသွယ်ရခြင်းကို နှစ်သက်သည်။ သို့သော်လည်း အလေးအနက်မထားတတ်။

**မှေးမှိန်နေလျှင်**

ခံစားလွယ်သည်၊ ဝမ်းနည်းလွယ်သည်။

**သေးငယ်သော အခွဲငယ်များထွက်နေလျှင် (၁)**

အလွန် မိန်းမ/ယောကျ်ား စွန်သူဖြစ်သည်။ လူချစ်လူခင်ပေါ၍ အလွန်ရေပန်းစားကာ ဆန့်ကျင်ဘက်လိင်အား ဆွဲဆောင်နိုင်သူဖြစ်သည်။ အခွဲငယ်တစ်ကြောင်းသည် နှလုံးသားအရေးအခင်း တစ်ခုကိုပြ၍ အပေါ်သို့ထောင်နေလျှင် အောင်မြင်ခဲ့၍ အောက်သို့ကျဆင်းလျှင် မအောင်မြင်ခဲ့ကြောင်း ပြသည်။

**ပြတ်တောက်နေသော နှလုံးသားလမ်းကြောင်း**

မယုံကြည်ရသူဖြစ်သည်။ ကတိမတည်သူဖြစ်သည်။

**လက်ခလယ်အောက်နားတွင် ပြတ်နေလျှင်**

ကတိမတည်သူဖြစ်သည်။ ခြေရှုတ်ပြီး အတည်ယူလေ့မရှိချေ။

**နှလုံးလမ်းကြောင်းနှင့် ဦးနှောက်လမ်းကြောင်း တစ်ကြောင်းတည်းဖြစ်နေလျှင်**

ထိုလိုင်းမျိုးကို ဆမ်မယ်လိုင်း (Simian Line) ဟု ခေါ်သည်။ အတွေးအခေါ်ရင့်သန်၍ ထိုလက်မျိုးသည် ဦးနှောက်ကို အလုပ်လုပ်လွန်းသူဖြစ်ခြင်းကြောင့် ဦးနှောက်ချောင်ကာ အရူးဖြစ်သွားတတ်သည်။

**လက်သူကြွယ်အောက်နားတွင်　　ပြတ်နေလျှင်**

သူတစ်ပါးအား ချစ်ဟန်ဆောင်ပြ၍ ပစ်ပြေးသူဖြစ်သည်။

**ပြတ်နေသောလမ်းကြောင်းများ　　တစ်ခုနှင့်တစ်ခုပြန်ထပ်လျှင်**

ခေတ္တခဏ ခွဲနေရတတ်သည်။

**ကြာသပတေးဂြိုဟ်ခုံ၏　　အလယ်မှစတင်ဆင်းလျှင်　　(၂)**

ပွစိပွစိဖြင့် ဗျစ်တောက်ဗျစ်တောက် ပြောတတ်သူဖြစ်သည်။ သူငယ်ချင်းများနှင့် မိမိ၏ အိမ်ထောင်ဖက်ချစ်သူကို သေချာစွာ ရွေးချယ်လေ့ရှိသည်။ ၎င်းတို့အပေါ်တွင် အလွန်သစ္စာရှိကြသူများ ဖြစ်ကြသည်။ သာယာသောအိမ်ထောင်ရေးကို ရရှိသူများဖြစ်သည်။

**ကြာသပတေးဂြိုဟ်ခုံမှ　　ရေင်းနွှသဏ္ဍာန်ဖြင့်　　စတင်ဆင်းလျှင်　　(၃)**

ချစ်စရာကောင်းသည်၊ လူချစ်လူခင်ပေါများသည်၊ မိမိ၏အိမ်ထောင်ဖက်အား အလွန်ချစ်ခင်သူ ဖြစ်သည်။

**အလွန်ကြီးမားသောရေင်းနွှသဏ္ဍာန်ရှိ၍　　တစ်ခုသည်　　ကြာသပတေးဂြိုဟ်ခုံဖက်သို့ ရောက်နေလျှင်　　(၄)**

အပြောင်းအလွဲမြန်သည်။ စိတ်ဂနာမငြိမ်ရှိတတ်သည်။ ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းသူ ဖြစ်သည်။

**လက်ညှိုးနှင့်　　လက်ခလယ်ကြားမှဆင်းလာလျှင်**

သူငယ်ချင်းမက ရည်းစားမကျသော ဘဝပိုင်ရှင်ဖြစ်သည်။

**စနေဂြိုဟ်ခုံမှဆင်းသက်လာလျှင်　　(၅)**

ခံစားလွယ်သည်။ သို့သော် အပေါ်ယံလူမျိုးဖြစ်သည်။ အပေါ်ယံမှကြည့်က အလွန်ခံစားနေရ ဟန်ရှိသော်လည်း တကယ်တမ်းတွင် မဟုတ်ချေ။

**သံကြိုးကွင်းဆက်များဖြစ်နေ၍　　စနေဂြိုဟ်ခုံမှစလျှင်**

ဆန့်ကျင်ဘက်လိင်အား စိတ်ဝင်စားသည်။

**နှလုံးလမ်းကြောင်း၊　　အသက်လမ်းကြောင်း၊　　ဦးနှောက်လမ်းကြောင်းသုံးခု　　တစ်နေရာ ထဲမှ　ထွက်နေလျှင်**

အလွန်တစ်ကိုယ်ကောင်းဆန်သူဖြစ်သည်။ ရှေ့နောက် မစဉ်းစားဘဲ တစ်ဖွတ်ထိုးလုပ်တတ် သည်။

**ဦးနှောက်လမ်းကြောင်းမှ　　လမ်းကြောင်းငယ်များ　　ဖြာဆင်းနေလျှင်　　(၆)**

လုပ်ဖော်ကိုင်ဖက်များနှင့် အိမ်ထောင်ကျတတ်သည်။ (ဥပမာ ဆရာဝန်နှင့် နာ့စ်)



**ကံလမ်းကြောင်းနှင့်　　အခွဲလမ်းကြောင်းငယ်များဆက်နေလျှင်**

မထိလျှင် - ချစ်သူဖြစ်မည်။
ထိလျှင် - မင်္ဂလာဆောင်ရမည်။
တစ်ခုနှင့်တစ်ခုဖြတ်သွားလျှင် - စိတ်ပျက်ဖွယ် အိမ်ထောင်ရေးနှင့်ကြုံမည်။

## အသက်လမ်းကြောင်း

| | |
|---|---|
| ရှည်လျား၍ ပြတ်သားလျှင် | - အသက်ရှည်၍ အနာရောဂါကင်းရှင်းမည်။ |
| တို၍ မှိန်ဝါးနေလျှင် | - မကြာခဏ ချူချာမည်၊ အားအင်နည်းတတ်သည်။ |
| သံကွင်းဆက်များဖြစ်နေလျှင် | - အလုပ်အကိုင်နှင့်ပတ်သက်၍ အခက်အခဲများ ကြုံမည်။ ကျန်းမာရေးကြောင့် အလုပ်အကိုင်တွင် နှောင့်ယှက်မှုများ မကြာခဏကြုံတွေ့ရမည်။ |
| အပြတ်များဖြစ်နေလျှင် | - ဘဝတွင် မကြာခဏ အပြောင်းအလဲများနှင့် ကြုံတွေ့ရ မည်။ |
| လက်ဝါးပြင်တစ်ဖက်တွင်ပြတ်တောက် နေလျှင် | - ဘဝတွင် အသဲအသန် မမာမကျန်းဖြစ်၍ပြန်လည်ကောင်း မွန်ရာတွင် တဖြည်းဖြည်းနှင့် ပြန်ကောင်းလာမည်။ |
| လက်ဝါးပြင်နှစ်ဖက်စလုံးတွင် ပြတ်တောက်နေလျှင် | - အလွန်ဆိုးဝါးသော အသဲအသန်ဖြစ်မှုနှင့် ကြုံတွေ့ရမည်။ |

**ထိုလမ်းကြောင်းမှ　　လမ်းကြောင်းငယ်များ　　အောက်သို့ဆင်းနေလျှင်**

ကျန်းမာရေးချို့တဲ့သည်။ စီးပွားရေးတွင် မပြေလည်မှုများနှင့် ကြုံတွေ့ရတတ်သည်။

**ကြာသပတေးဂြိုဟ်မှစလျှင်　　(၇)**

အလွန်ရည်မှန်းချက်ကြီးမားသည်။ အောင်မြင်မှုများကိုလည်း ရရှိမည်။

**ဦးနှောက်လမ်းကြောင်းနှင့်　　တစ်ပြိုင်တည်းဆင်းလာလျှင်　　(၈)**

အလွန်ထိန်းချုပ်နိုင်မှု စွမ်းရည်မြင့်မားသည်။ သေချာစွာတွက်ချက်ပြီးမှသာ လုပ်ကိုင်လေ့ရှိ သည်။

**ဦးနှောက်လမ်းကြောင်းနှင့်　　သီသာစွာကွာ၍ဆင်းလျှင်　　(၉)**

တစ်ဖွတ်ထိုးနိုင်သည်။ လုပ်မည်ဆိုသည့်အလုပ်ကို ဖြစ်အောင်ပြုလုပ်သည်။ တစ်ဦးတည်းနေရ ခြင်းကို နှစ်သက်သည်။

**ခရင်းစွသဏ္ဍာန်နှင့်အဆုံးသတ်၍ ခရင်းစွတစ်ခုနှင့်တစ်ခုသည် တနင်္လာဂြိုဟ်ခုံဖက်သို့ ရောက်နေလျှင်**
ခရီးဝေးတစ်ခုသို့ ကြာရှည်စွာ ခရီးထွက်ရမည်။

**ဂျူပီတာ (သို့) ကြာသပတေးဂြိုဟ်ခုံသို့ အခွဲငယ်များရှိနေလျှင်**
မိမိကိုယ်မိမိ ယုံကြည်မှုရှိသည်။ မိမိကိုယ်ကိုသာ အားကိုးသည်။

**အခွဲငယ်လေး ၂ ခုစလုံးသည် ဉာဏ်ပညာလမ်းကြောင်း (သို့) ဦးနှောက်လမ်းကြောင်းနှင့် ထိနေလျှင် (ပုံ ၁၀)**
အမွေဆက်ခံပိုင်ခွင့် ရရှိမည်။ ထိုအမွေသည် ငွေရေးကြေးရေးဖြစ်နိုင်သကဲ့သို့ ဘဝအစမှာပင် မိဘက စနစ်တကျပြုစုပျိုးထောင်ကာ တက်လမ်းများစွာကို စတင်ပေးခဲ့ပြီး ဖြစ်နေတတ်သည်။

**ခရင်းစွကြီးတွင် တစ်ခုသည် ဦးနှောက်လမ်းကြောင်းအဆုံးနှင့် ထိနေလျှင် (၁၁)**
အောင်မြင်မှုနှင့် ကျော်ကြားမှုသည် လူလတ်ပိုင်း (ဘဝ၏အလယ်) လောက်တွင် ရရှိမည်။

**အခွဲငယ်ကလေးသည် စနေဂြိုဟ်ခုံဘက်သို့ ရောက်နေမည်ဆိုလျှင် (လက်ခလယ်)**
အခက်အခဲများစွာဖြင့် ဘဝကိုကျော်ဖြတ်ရမည်။ မိမိကြိုးစားမှုဖြင့် ဘဝတွင် တက်လမ်း တွေ့နိုင်မည်။ ကုသိုလ်ကံ သူတစ်ပါး၏ကူညီမှုများဖြင့် ဘဝတက်လမ်းကို ရရှိမည့်သူများမဟုတ်ပေ။

**အခွဲကလေးသည် လက်သူကြွယ်အောက်ခြေသို့ ရောက်နေလျှင် (၁၂)**
မိမိ၏အရည်အချင်း၊ ကိုယ်ပိုင်စွမ်းရည်ကို အသိအမှတ်ပြုခြင်းခံရသည်။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်းခံရသည်။

**အခွဲကလေးသည် တနင်္လာဂြိုဟ်ခုံစီသို့ ဆင်းသွားလျှင်**
အပြောင်းအလဲတစ်ခုခုကို မျှော်လင့်လျက်ရှိသည်။ ရှေးအယူအဆအရ ပင်လယ်ရေလမ်းခရီး သို့ သွားရတတ်သည်။

## အရန်ကံလမ်းကြောင်း (LINE OF APPOLO)

**မရှိခဲ့လျှင်**
အတက်အကျများ၊ အခက်အခဲများကို ကျော်လွှားရင်း ဘဝကို ပုံမှန်အနေအတိုင်း တက် လှမ်းလျက်ရှိသည်။

**ဖြောင့်တန်းထင်ရှားလျှင်**
အလွန်ကံထူးသူဖြစ်သည်။ ဆွဲဆောင်မှုအားကောင်း၍ မျက်နှာပွင့်သူဖြစ်သည်။

**မှေးမှိန်လျှင်**
အာရုံစူးစိုက်မှုအားနည်းသည်။ အကျိုးမဲ့စွာ မိမိ၏စွမ်းရည်များ ဆုံးရှုံးသွားနိုင်သည်။



**လက်ကောက်ဝတ်မှစ၍ လက်သူကြွယ်အောက်ခြေအထိအောင် ထင်ရှားစွာပေါ်နေလျှင် (၁၆)**
မည်သည့်အခါမှ ဘဝတွင် အမှားများကို မကျူးလွန်မိချေ။ အလွန်ရောက်နိုင်နှင့် အလုပ် လုပ်သူဖြစ်သည်။

**အသက်လမ်းကြောင်း (သို့) ကံလမ်းကြောင်းမှစ၍ စနေဂြိုဟ်ခုံတွင် အဆုံးသတ်လျှင်**
မိမိကိုယ်ပိုင်စွမ်းပကားဖြင့် အောင်မြင်မှုအလမ်းများကို ရှာဖွေတွေ့ရှိသူဖြစ်သည်။

**ဦးနှောက်လမ်းကြောင်းမှစလျှင် (၁၇)**
ဘဝ၏ လူလတ်ပိုင်းအရွယ် (ဒုတိယအရွယ်)တွင် အောင်မြင်မှုများနှင့် ကြုံတွေ့ရမည်။ သို့သော် ထိုအောင်မြင်မှုများသည် မိမိ၏ကိုယ်ပိုင်စွမ်းရည်ဖြင့်သာ ရရှိခြင်းဖြစ်သည်။

**နှလုံးလမ်းကြောင်းမှစလျှင် (၁၈)**
နွေးထွေးမှုကို နှစ်သက်သည်။ ပျော်ရွှင်မှုနှင့်အတူ အသက်ကြီးသောအခါ အေးချမ်းသောဘဝ ကို ပိုင်ဆိုင်ခွင့်ရတတ်သည်။ အိမ်ထောင်ကောင်းသည်။

**သောကြာဂြိုဟ်ခုံမှစလျှင် (၁၉)**
အနုပညာနှင့်ပတ်သက်၍ မွေးရာပါ အစွမ်းအစများဖြင့် အောင်မြင်ကျော်ကြားလေ့ရှိသည်။

**တနင်္လာဂြိုဟ်ခုံမှစလျှင် (၂၀)**
ဆန့်ကျင်ဘက်လိင်အား ဆွဲဆောင်နိုင်မှုအပြည့်အဝရှိသည်။ လူအများထံမှ ထူးခြားသော ထင်ပေါ်ကျော်ကြားမှုကို ရတတ်သည်။

**လမ်းခွဲကြောင်းငယ်များစွာဖြင့် အဆုံးသတ်လျှင်**
အခြေတကျနေထိုင်၍မရပေ။ စိတ်ဝင်စားမှု မြောက်များစွာဖြင့် အဆုံးသတ်၍ မငြိမ်အောင် ရှိနေသည်။

**ခရင်းစွကဲ့သို့ အဆုံးသတ်ကာ (၂၁) ဗုဒ္ဓဟူးဂြိုဟ်ခုံ၊ စနေဂြိုဟ်ခုံ၊ တနင်္ဂနွေဂြိုဟ်ခုံ များကိုသုံးခွဲလျှင်**
ကြာရှည်တည်တံ့နိုင်မြဲသော အောင်မြင်မှုမျိုးကို ရတတ်သည်။

## ကံလမ်းကြောင်း (LINE OF FATE)

**ကံလမ်းကြောင်းမပါရှိခဲ့လျှင်**
သမရိုးကျဘဝတစ်ခုဖြစ်သည်။ ဘဝတွင် အပြောင်းအလဲ ထူးထူးခြားခြားမရှိဘဲ ပုံမှန်ဘဝ တစ်ခုကိုရသည်။

**ဖြောင့်တန်း၍ အပြတ်များမရှိလျှင်**
အောင်မြင်သောဘဝကိုရရှိသည်။ အခက်အခဲများကို မကြုံတွေ့ရပေ။ ကံကောင်းသည်။

**သံကြိုးကွင်းဆက်များဖြစ်နေလျှင်**

ဘဝတွင် စိတ်ညစ်စရာအချိန်များကို ဖြတ်ကျော်ခဲ့ရသည်။

**ကွေ့ကွေ့ကောက်ကောက်ဖြစ်နေလျှင်**

အပျင်းသန်သည်။ အပြောင်းအလွဲမြန်သည်။ အလုပ်လုပ်ကိုင်ရာတွင် ဗယမ်းဗတာနိုင်သည်။

**ပြတ်တောက်နေလျှင်**

မမျှော်လင့်သောပြောင်းလဲမှုများ ရှိတတ်သည်။

**ပြတ်တောက်နေသောလမ်းကြောင်းများ တစ်ခုနှင့်တစ်ခု ပြတ်လျှင်**

သေချာစွာကြံစည်၍ ဘဝတွင် အပြောင်းအလဲများပြုလုပ်တတ်သည်။

**လိုင်းအသေးလေးများ ပြတ်တောင်းပြတ်တောင်းဖြစ်လျှင်**

အခက်အခဲများ၊ အတိုက်အခံများနှင့် ကြုံတွေ့ရသည်။

**စနေဂြိုဟ်ခုံသို့ရောက်လျှင်**

မိမိအရည်အချင်းကို အမြဲ မြင့်တက်အောင်ပြုလုပ်လျက်ရှိသည်။

**ကြာသပတေးဂြိုဟ်ခုံဖက်သို့ ကွေးတက်လျှင်**

ကြိုးပမ်းမှုဖြင့် အောင်မြင်မှုပန်းတိုင်သို့ ရောက်မည်။

**ဦးနှောက်လမ်းကြောင်း (သို့ ) နှလုံးသားလမ်းကြောင်းမှစလျှင်**

ဘဝတွင် အောင်မြင်မှု နောက်ကျစွာရလိမ့်မည်။

**အသက်လမ်းကြောင်းမှစလျှင် (၁၃)**

မိသားစုပတ်ဝန်းကျင် အသိုင်းအဝိုင်းများနှင့် အမြဲအတူရှိနေတတ်၍ လွှမ်းမိုးမှုလည်းခံရတတ်သည်။ အနည်းငယ်ကွာနေလျှင် မိမိကိုယ်ပိုင်လွတ်လပ်ခွင့် (သို့) ဆုံးဖြတ်ခွင့်ကို မကြာခင်ရလိမ့်မည်။

**လက်ကောက်ဝတ်မှစလျှင် (၁၄)**

စောစီးစွာ တာဝန်ယူရတတ်သည်။ အသက်ငယ်ငယ်တွင် ဘဝ၏တာဝန်များကို ထမ်းဆောင်ရတတ်သည်။

**တနင်္လာဂြိုဟ်ခုံမှစလျှင်**

မကြာခဏ ခရီးသွားနေရသော လက်ပိုင်ရှင်ဖြစ်သည်။

**သောကြာဂြိုဟ်ခုံမှစ၍ စနေဂြိုဟ်ခုံ၌ဆုံးလျှင် (၁၅)**

ဝယ်စဉ်ကလေးဘဝမှစ၍ မိဘ၏ချစ်ခင်ယုယမှု၊ ကြင်နာမှုနှင့် ဖေးမမှုကို ရရှိခဲ့သူများဖြစ်သည်။ ဘဝ၏အောင်မြင်မှုများသည် မိဘ၏အရှိန်အဝါ အသိုင်းအဝိုင်းမှရရှိသော ဆက်ခံခွင့်များနှင့် ဆက်စပ်သည်။ အမွေဆက်ခံမှုများရရှိသည်။



**ဦးနှောက်လမ်းကြောင်းတွင်အဆုံးသတ်လျှင်**

အမှားများကို မကြာခဏဆုံးဖြတ်မိတတ်သည်။ ထိုအမှားများကြောင့် ဘဝတွင် မှားယွင်းသောဆုံးဖြတ်ချက်များ ချမှတ်မိကာ ဆင်းရဲတတ်သည်။

**နှလုံးလမ်းကြောင်းတွင်အဆုံးသတ်လျှင်**

အချစ်နှင့် တာဝန် ၂ ခုယှဉ်၍ ခဲယဉ်းစွာ ဆုံးဖြတ်ချက်ချရတတ်သည်။

**စနေဂြိုဟ်ခုံသို့တက်လျှင်**

ထင်ပေါ်ကျော်ကြားသည်။ အရည်အချင်းရှိသည်။

**ကံလမ်းကြောင်းမှအခွဲငယ်များ တက်နေလျှင်**

အောင်မြင်သောအဖေါ်မွန်များ ရတတ်သည်။ အကယ်၍ ကန့်လန့်ဖြတ်သူသည် အဖေါ်နှင့်ကွဲတတ်သည်။


**ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ အခွဲငယ်များထွက်နေလျှင်**

အလုပ်အကိုင်နှင့်ပတ်သက်၍ အောင်မြင်မှုများ ချမ်းသာကြွယ်ဝမှုများ ရရှိတတ်သည်။

# ဖဲဗေဒင်


၁၅ ရာစုတွင် ပြင်သစ်တို့က လူတစ်ဦး၏ကံဇာတာကို သစ်သားရုပ်ထုများဖြင့် ဖေါ်ပြနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ပိုမိုလှပသော သစ်သားရုပ်ထုများ ဖန်တီးခဲ့သည်။ ၁၉ ရာစု ရောက်သောအခါ အများလက်ခံသောပုံများဖြင့် ရေးသားခဲ့သည်။ ထိုမှ တာရော့ဖဲချပ်ထိ တိုးတက်ခဲ့သည်။ တစ်ဖန် တရုပ်တို့ကလည်း ၁၇ ရာစုတွင် ကတ်ပြားများဖြင့် တိကျစွာရေးသားခဲ့သည်။ ကတ် ၆၄ ခုကို အသုံးပြု ၍ ၁၈ ရာစုနှစ်များက တိုးတက်တီထွင်နိုင်ခဲ့သည်။











# Cartomancy 2

## ဖဲဗေဒင် (၂)

### ဖဲချပ် ၅၂ ချပ်အပြည့်ဖြင့် ဗေဒင်ဟောခြင်း

သင်သည် ဖဲထုပ်တစ်ထုပ်လုံးမှ ဖဲချပ် ၅၂ ချပ်ဖြင့် ဗေဒင်ဟောပါမူ ဖဲချပ်များ ထက်အောက်ပြောင်းပြန် ဘယ်လိုအနေအထားပင်ရှိရှိ ဖွင့်ဆိုရန်အဓိပ္ပါယ်များမှာ အတူတူပင်ဖြစ်၏။

ဗိန့်ဖဲချပ်များ



ဤသို့ ဖဲချပ် ၅၂ ချပ်အပြည့်ဖြင့် ဗေဒင်ဟောရာတွင် အချို့သော ဖဲချပ်ပေါင်းစပ်မှုသည် သီးခြားအထူးအဓိပ္ပါယ်ဆောင်ယူသည်။ ဖဲချပ်ဖြန့်ကြက်မှု၌ တစ်ချပ်နှင့်တစ်ချပ် ပူးကပ်လျက် တည်ရှိမှု အနေအထားမျိုးဖြစ်သည်။

ဗိန့်တစ်သည် အခြားဗိန့်ဖဲချပ်နှင့် တွဲယှဉ်သော် မိတ်ဆွေဖြစ်မှု
ဗိန့်တစ်သည် အခြားဗိန့်ဖဲချပ် နှစ်ချပ်၏အလယ်၌ တည်ရှိမှု-အချစ်ရေးပြဿနာ။
ဗိန့်တစ်သည် ဈွန်းဖဲချပ် နှစ်ချပ်၏အလယ်၌ တည်ရှိမှု-ငွေရေး ကြေးရေး။
ဗိန့်တစ်သည် ဖူးဖဲချပ်နှစ်ချပ်၏အလယ်၌ တည်ရှိမှု-ခိုက်ရန်ပွားမှုဟု အဓိပ္ပါယ်ဆောင်ယူ၏။



| | |
|---|---|
| တစ်(အေ့စ်) ॥ ॥ | အိုးအိမ်၊ ချစ်ခြင်းမေတ္တာ၊ မိတ်ဖြစ်ဆွေဖြစ်နှင့် စိတ်ချမ်းသာမှု။ |
| ကင်း ॥ ॥ | သဘောကောင်းပြီး ဩဇာရှိသော ဆံပင်အရောင်ဖျော့ဖျော့ရှိသော အမျိုးသားတစ်ဦး။ |
| ကွင်း ॥ ॥ | ရိုးသား၍ ခင်မင်တတ်သော ဆံပင်အရောင်ခပ်ဖျော့ဖျော့ အမျိုးသမီးတစ်ဦး |
| ဂျက် ॥ ॥ | ရင်းနှီးသောမိတ်ဆွေ |
| တစ်ဆယ် ॥ ॥ | ကြီးပွားခြင်းနှင့် စိတ်ချမ်းသာခြင်း။ |
| ကိုး ॥ ॥ | ဆုတောင်းဖဲချပ်၊ အိပ်မက်များ အကောင်အထည်ပေါ်ခြင်း။ |
| | ဥစ္စာ ဓန အဆင့်အတန်းနှင့် ကံကောင်းခြင်း။ |
| ရှစ် ॥ ॥ | ပွဲလမ်းသဘင်အခမ်းအနားနှင့် ဖိတ်ကြားခြင်းများ။ |
| ခုနစ် ॥ ॥ | လွဲချော်သောရည်မှန်းချက်များနှင့် ကတိဖေါက်ဖျက်မှုများ။ စိတ်မချရသောပုဂ္ဂိုလ် |
| ခြောက် ॥ ॥ | ရက်ရောလွန်းသူ၊ မျှော်လင့်မထားသောကြီးပွားမှု။ |
| ငါး ॥ ॥ | မနာလိုဝန်တိုမှု၊ တွေဝေမှု။ |
| လေး ॥ ॥ | ပြောင်းလဲခြင်း၊ နောက်ကျခြင်းနှင့် ရက်ရွှေ့ဆိုင်း (အထူးသဖြင့် လက်ထပ်ခြင်းကိစ္စ) ခြင်း။ |
| သုံး ॥ ॥ | သတိတမန်ထားရှိရန် လိုအပ်ချက်ကို ပြည့ွန်းခြင်း။ |
| နှစ် ॥ ॥ | အောင်မြင်ခြင်းနှင့် ကြီးပွားခြင်း။ |

ညှင်းဖဲချပ်များ



CLUBS

တစ် (အေ့စ်) ။ ။ ခနဥစ္စာ၊ ကျန်းမာခြင်း၊ အချစ်မေတ္တာနှင့် စိတ်ချမ်းသာမှု။

ကင်း ။ ။ ရိုးသား ရက်ရောသော ဆံပင်အနက်ရောင် အမျိုးသားတစ်ဦး။

ကွင်း ။ ။ ညှို့ခါတ်အားရှိပြီး မိမိကိုယ်မိမိ ယုံကြည်မှုရှိသော ဆံပင်အနက်ရောင် အမျိုးသမီး တစ်ဦး။

ဂျက် ။ ။ ယုံကြည်စိတ်ချရသော မိတ်ဆွေတစ်ဦး။

တစ်ဆယ် ။ ။ မျှော်လင့်မထားသောငွေကြေး။ ကံကောင်းထောက်မမှု။

ကိုး ။ ။ ခေါင်းမာသောမိတ်ဆွေများ။

ရှစ် ။ ။ ဆန့်ကျင်မှု၊ စိတ်ပျက်မှု၊ သတိနှင့်မယှဉ်သော အရဲစွန့်မှုများ။

ခုနှစ် ။ ။ ကြီးပွားခြင်း (ဆန့်ကျင်ဘက်လိင် တစ်ဦးဦးက မနှောင့်ယှက်လျှင်)

ခြောက် ။ ။ စီးပွားရေးစန်းပွင့်မှု။

ငါး ။ ။ မိတ်ဆွေသစ် သို့မဟုတ် အောင်မြင်သောလက်ထပ်ပွဲ

လေး ။ ။ ကံဆိုးမိုးမှောင်ကျသောအခြေအနေသို့ ရေးရှုမှု။

သုံး ။ ။ ငွေအသပြာပုံပိုးစေသောလက်ထပ်မှု။ အကြိမ်ကြိမ်လက်ထပ်မှုကိုလည်း ပြဆို၏။

နှစ် ။ ။ ဆန့်ကျင်ခံရမှုနှင့် စိတ်ပျက်မှု။

**ပေါင်းစပ်အဟော**

ချွန်းတစ်နှင့် ညှင်းရှစ် ။ ။ စီးပွားရေးဆိုင်ရာအကြံဉာဏ်။

ဖူးတစ်နှင့် ညှင်းကင်း ။ ။ နိုင်ငံရေးသမားတစ်ဦး။

ဖူးတစ်နှင့် ဖူးတစ်ဆယ်။ ။ အလွန်ဂရုပြုရသော လုပ်ဆောင်ချက်တစ်ရပ်။

ဖူးတစ်နှင့် ဗိန့်လေး ။ ။ ကလေးတစ်ဦး မျက်နှာမြင်ခြင်း။

ဗိန့်တစ်ဆယ်ဖဲချပ်သည် ၎င်းနှင့်ကပ်လျက်ရှိသောဖဲချပ်မှ မကောင်းသောပြဋ္ဌန်းမှုကို ပယ်ဖျောက်စေ သည်။ ကောင်းကျိုးကိုပွားစေသည်။

ချွန်းတစ်ဆယ်နှင့်ဗိန့်နှစ်။ ။ငွေကြေး လာဘ်ရွှင်စေသော လက်ထပ်မင်္ဂလာ။

ဖူးတစ်ဆယ်ဖဲချပ်သည် ၎င်းနှင့်ကပ်လျက်ရှိသောဖဲချပ်မှ ကောင်းကျိုးများကိုဖယ်ရှားပြီး မကောင်း ကျိုးများကို တိုးပွားစေ၏။

**ချွန်းဖဲချပ်များ**

တစ် (အေ့စ်) ။ ။ ငွေကြေး၊ စာတစ်စောင် သို့မဟုတ် လက်စွပ်တစ်ကွင်း။

ကင်း ။ ။ ခေါင်းမာပြီး စိတ်ဆတ်သော ဆံပင်အရောင်ဖျော့ဖျော့ အမျိုးသားတစ်ဦး။

ကွင်း ။ ။ လျှပ်ပေါ်ပြီး ဆင်ခြေဆင်လက်များသော ဆံပင်အရောင်ဖျော့ဖျော့ အမျိုးသမီး တစ်ဦး

ဂျက် ။ ။ ဆွေနီးမျိုးစပ်တစ်ဦး (စိတ်ချယုံကြည်ရသူဟု မဆိုနိုင်)

တစ်ဆယ် ။ ။ လက်ထပ်ခြင်း သို့မဟုတ် ငွေကြေး၊ ခရီးယာယီ၊ ပြောင်းလဲမှုများ။

ကိုး ။ ။ ဖင်မမြဲမှု၊ ငွေကြေးနှင့်ပတ်သက်သော အံ့အားသင့်ဖွယ်ဖြစ်ရပ်။

ရှစ် ။ ။ ဇရာနှောင်းမှပြုရသော လက်ထပ်ပွဲ၊ လူမှုရေးရင်းနှီးမှုကိုဖြစ်စေသော ခရီးယာယီ တစ်ခု။





ခုနှစ် ။ ။ ကြီးမားသော ဆုံးရှုံးမှုများ။

ခြောက် ။ ။ ဒုတိယအိမ်ထောင်မပြုရန် သတိပေးချက်။

ငါး ။ ။ ကြီးပွားခြင်း၊ သတင်းကောင်း၊ ချမ်းမြေ့ပျော်ရွှင်သောမိသားစု။

လေး ။ ။ အမွေတစ်ရပ်ဆက်ခံမှု၊ ပြောင်းလဲမှု၊ ပြဿနာဖြစ်မှု။

သုံး ။ ။ တရားဆိုင်မှု သို့မဟုတ် အိမ်တွင်းရေးပြဿနာ။

နှစ် ။ ။ အလေးအနက်ပြုရမည့် အချစ်ရေးပြဿနာတစ်ရပ်။

**ပေါင်းစပ်အဟော**

မည်သည့်ညှင်းဖဲချပ်နှင့်မဆို ကပ်လျက်တည်ရှိသောဖူးတစ်ဆယ်ဖဲချပ်တည်ရှိမှုသည် ကုန်သွယ် စီးပွားရေးနှင့် ပြဿနာပေါ်ခြင်းကို ပြဆိုသည်။

ညှင်းဖဲချပ် နှစ်ခုအကြားတည်ရှိသော ဖူးတစ်ဆယ်ဖဲချပ်သည် ခိုးဝှက်မှု၊ လိမ်လည်အတုပြုမှု နှင့် ကြီးမားသော ကုန်သွယ်စီးပွားဆုံးရှုံးမှုကို ပြဆိုသည်။

ဗိန့်ကိုး ဖဲချပ်သည် ဆိုးကျိုးပြဆိုသော မည်သည့်ဖဲချပ်အနီးတွင်မဆို တည်ရှိသော် ခိုက်ရန် ပွားမှုနှင့် အခိုက်အတန့် အခက်အခဲကြုံရမှုကို ညွှန်းကြောင်း။

ဗိန့်ကိုးနှင့် ဖူးငါးဆိုသော် ရာထူးအဆင့်အတန်းကျဆင်းမှု (ဝါ) ဂုဏ်ပျက်မှု။

ညှင်းကိုးနှင့် ဗိန့်ရှစ်ဆိုသော် ရွှင်မြူးခြင်း။

မည်သည့်တော်ဝင် အဆင်အယင်ဖဲချပ် (ဂျက် ကွင်း ကင်း) အနီးတွင်မဆို ချွန်းကိုးဖဲချပ် တည်ရှိသော် အောင်မြင်မှုမရခြင်းနှင့် စိတ်ပျံ့လွင့်မှုကို ညွှန်း၏။

ညှင်းကိုးနှင့် ဖူးရှစ်ယှဉ်မိသော် ခါးသီးသောခိုက်ရန်ဖြစ်ပွားမှုကို ဟောဆိုရန်ဖြစ်၏။

ဖူးဖဲချပ်များ



SPADES

| | |
|---|---|
| တစ် (အေ့စ်) ။ ။ | စိတ်ချောက်ချားမှု။ ကံခေစေသောအချစ်ရေးပြဿနာ။ တစ်ခါတစ်ရံ 'မရဏ' ဖဲချပ်ဟု ယူဆကြ၏။ |
| ကင်း ။ ။ | ရည်မှန်းချက်ကြီးမားသော ဆံပင်အနက်ရောင် အမျိုးသားတစ်ဦး။ |
| ကွင်း ။ ။ | ဆံပင်အရောင်အနက်နှင့် ဟီရိဩတ္တပ္ပကင်းသော အမျိုးသမီးတစ်ဦး။ |
| ဂျက် ။ ။ | မဆိုးသော်လည်း ပျင်းရိသော အသိအကျွမ်းတစ်ဦး။ |
| တစ်ဆယ် ။ ။ | ကံခေမှုနှင့် စိတ်ပူပန်ရမှု။ |
| ကိုး ။ ။ | အရာရာ၌ ကံခေမှု။ |
| ရှစ် ။ ။ | ဖြစ်ပွားလာတော့မည့် အနှောင့်အယှက်နှင့် စိတ်ပျက်ဖွယ်ရာများ။ |
| ခုနစ် ။ ။ | ဝမ်းနည်းရခြင်းနှင့် မိတ်ဆွေဆုံးရှုံးမှု။ |
| ခြောက် ။ ။ | အခြေအနေတည်ငြိမ် တိုးတက်လာမှု။ |
| ငါး ။ ။ | အလိုမကျမှုနှင့် အခက်အခဲများကြားမှ အောင်မြင်မှုရရှိခြင်း။ |
| လေး ။ ။ | ဝန်တိုမှု၊ နာဖျားမှု၊ ကုန်သွယ်စီးပွားဆိုင်ရာ စိုးရိမ်ပူပန်မှုများ။ |
| သုံး ။ ။ | သစ္စာကင်းမဲ့မှုနှင့် ခွဲခွာမှုများ။ |
| နှစ် ။ ။ | ခွဲခွာမှု နာမည်ပျက်မှုနှင့် လိမ်လည်လှည့်ဖျားမှု။ |

**ပေါင်းစပ်အဟော**

ဖူးကိုးနှင့် ချွန်းခုနစ်ဆိုသော် ငွေရေးကြေးရေးဆုံးရှုံးမှု။
ဗိန့်ရှစ်နှင့် ချွန်းရှစ်ဆိုသော် မိန်းမ လက်ထပ်အဝတ်အစား။
ဗိန့်ရှစ်နှင့် ဗိန့်ငါးဆိုသော် ကျောက်မျက်ရတနာ လက်ဆောင်မွန်။
ချွန်းရှစ်နှင့် ဗိန့်ငါးဆိုသော် ငွေကြေးလက်ဆောင်။
ဖူးရှစ်ဖဲချပ်သည် ပေါက်သည်ဖဲချပ်၏ လက်ယာဘက်၌ ကပ်လျက်တည်ရှိသော် သင်၏ လက်ရှိစီမံကိန်းကိုစွန့်လွှတ်ရန် ညွှန်ပြနေ၏။
တော်ဝင်ဖဲချပ်အနီးတွင် ဗိန့်လေးဖဲချပ်တည်ရှိသော် အချစ်ရေးများပြားမှု။
တော်ဝင်ဖဲချပ်အနီးတွင် ညှင်းလေးဖဲချပ်တည်ရှိသော် ဆုံးရှုံးမှု၊ မတရားမှု။
ညှင်းနှစ်နှင့် ချွန်းနှစ်ဆိုသော် မျှော်လင့်မထားသောသတင်းထူးကို ညွှန်း၏။


# Cartomancy 3

## ဖဲဗေဒင် (၃)

### သုံးမွှာပူး ခုနစ်ဆင့်နည်း

ဤနည်းကိုအသုံးပြုရာတွင် ၅၂ ချပ်ပါ ဖဲထုပ်တစ်ထုပ်ကို အသုံးပြုရသည်။ ပထမဦးစွာ သက်ဆိုင်ရာ ပေါက်သည်ဖဲချပ်ကိုရွေးချယ်၍ စားပွဲအလယ်၌ လှန်၍ချထားရမည်။ ဖဲထုပ်ကို ကုလားဖန်ထိုးပြီးနောက် အောက်တွင်သရုပ်ပြထားသော ပုံစံအတိုင်း ဖဲချပ် ၂၁ ချပ်ကို ၃ ချပ်စီ အတွဲလိုက်မှောက်ထားရမည်။ လက်ဝဲဘက်မှ (လက်ယာရစ်) စ၍ သုံးမွှာပူးဖဲချပ်များကို အတွဲလိုက် လှန်လှောကြည့်ရှု၍ ဗေဒင်ဟောနိုင်၏။

သုံးမွှာပူး ခုနစ်ဆင့်နည်း




**Positions on the seven triplets spread**
Pack a Personality and state of mind.
Pack b Family and home.
Pack c Present desires.
Pack d Hopes and expectations.
Pack e The unexpected.
Pack f The immediate future.
Pack g The more distant future.

## သရုပ်ပြပုံပါ ဖြန့်ကြက်မှုပုံစံအရ သုံးမွှာပူးအတွဲလိုက် ဖေါ်ညွှန်းချက်များ

(a) ရုပ်ရည်နှင့် စိတ်နေစိတ်ထား။
(b) မိသားစုနှင့် အိုးအိမ်။
(c) ပစ္စက္ခလိုလားချက်များ။
(d) မျှော်လင့်ချက်နှင့် မုန်းမျှော်ချက်များ
(e) မျှော်လင့်မထားသော ဖြစ်ရပ်များ
(f) အနီးကပ်ဆုံးသောအနာဂတ်
(g) အလှမ်းဝေးသေးသောအနာဂတ်

### ဟောဆိုချက်

ဗေဒင်မေးလာသူဖေါက်သည်မှာ ဆံပင်မဲနက်သော မိန်းမငယ်တစ်ဦးဖြစ်လေရာ သူမနှင့်ဆိုင်သော ဖေါက်သည်ဖဲချပ်အဖြစ် ညှင်းကွင်းဖဲချပ်ကို ရွေးချယ်ရသည်။ (c အကြီး)

ရုပ်ရည်ဆိုင်ရာဖဲချပ်များ (၁,၂,၃) အရ သူမ၏ ရက်ရောလွန်းသောအချက်ကို ဖေါ်ပြသည်။ အိမ်ထောင်သို့ရာတွင် သူမလုပ်ဆောင်ချက်၏ရလဒ်ဖြစ်သော ကျေနပ်ဖွယ်ဆုလဒ်ကို ပေးမည်ဖြစ်သည်။ အိမ်ထောင်ရေးနှင့်ငွေကြေးအတွက် သူမသည် အထူးစိုးရိမ်ကြောင့်ကြနေပြီး ပြောင်းလဲပစ်ရန် အခက်အခဲများရှိနေကြောင်းကိုလည်း ပြဆို၏။

မိသားစုအခြေအနေ ဖဲချပ် (၄,၅,၆) နှင့်ပတ်သက်၍ ယုံကြည်စိတ်ချရသော ဘဝအဖေါ်နှင့်လက်တွဲပြီး ဘဝတွင် ကြုံတွေ့ရမည့် ဟန့်တားနှောင့်ယှက်မှုများကို ရင်ဆိုင်ခဲ့ကြကြောင်း။ သူမ၏မိတ်ဆွေများသည် ခေါင်းမာသူများဖြစ်သည့်အပြင် အားမကိုးရသူများဖြစ်ကြောင်း ပြဆို၏။

သူမ၏လိုလားချက်များကို ပြဆိုသော ဖဲချပ် (၇,၈,၉) များကို စိစစ်ရာတွင် သူမသည် ငွေကြေးနှင့် လောကီစည်းစိမ်နစ်ရပ်စလုံးကို တောင်းတနေကြောင်း အနာဂတ်၌ ရဖွယ်ရှိကြောင်းပြဆိုသည်။ ပေးစာများရေးသားရာတွင် သူမ၏ ပုဂ္ဂလိကလျှို့ဝှက်ချက်များကို မဖေါ်ပြမိစေရန် အထူးတစ်လည်သတိပေးနေကြောင်း ပြဆို၏။

သူမ၏မျှော်လင့်ချက်နှင့် မုန်းမျှော်ချက်နှင့်ဆိုင်သော ဖဲချပ် (၁၀,၁၁,၁၂) များက လုံးဝယုံကြည်စိတ်ချခြင်းမပြုနိုင်သော ဆွေမျိုးတစ်ဦးကြောင့် ဒုက္ခရောက်နေကြောင်းပြဆိုသည်။ သူကြံစည်ထားသည့်အတိုင်း လူမှုရေးဖြစ်ရပ်များက မျက်နှာသာမပေးပါ။ နှစ်ရှည်လများတည်ရှိခဲ့သော ဆက်ဆံမှုသည် ပြိုကွဲရမည့်အရိပ်မဲကြီး ကာမိုးလဲထား၏။


မျှော်လင့်မထားသောဖြစ်ရပ်များဆိုင်ရာ ဖဲချပ် (၁၃,၁၄,၁၅) များအရ အလွန်ရင်းနှီးသောမိတ်ဆွေနှင့်ပတ်သက်သော သတင်းဆိုးကြောင့် ထိတ်လန့်တုန်လှုပ်ခြင်းနှင့် နာမည်ပျက်မှု အိမ်ထောင်ပျက်စီးခြင်းဖြစ်နိုင်သည်ကို ပြဆိုသည်။ ဗေဒင်မေးသူဖေါက်သည်က သူမမိတ်ဆွေများကိုပေးသောအကြံဉာဏ်ဟူသမျှ ပြင်းထန်စွာဆန့်ကျင်ခြင်းခံရမည်။ သူမသည် ငြိမ်ငြိမ်မနေဘဲ ရှေ့တိုးရန်သာ ကြံစည်နေမည်။ ဤအကြောင်းအခွင့်ကိုမျှော်ကိုး၍ ပြုလုပ်ချက်မှန်သမျှသည် အချည်းနှီးဖြစ်တတ်ကြောင်း သတိပေးနေလေ၏။

အနီးကပ်ဆုံးသောအနာဂတ်ဆိုင်ရာ ဖဲချပ် (၁၆,၁၇,၁၈) အရ ဖေါက်သည်သည် အမွေအနှစ်တစ်ရပ် ရရှိရန်ဖြစ်သော်လည်း လက်ဝယ်ပိုင်ပိုင်မရမီ လွင့်ပြယ်မည်ကို ပြဆိုသည်။ အပြောင်းအလဲတစ်ရပ်မှာ အလားအလာကောင်းသည်။ သူမ၏စိတ်ကြိုက် စီမံအုပ်ချုပ်ခွင့်မရသမျှကာလပတ်လုံး ပြဿနာပေါင်းစုံတက်နေပေမည်။ သူတစ်ပါးကိစ္စဝင်ရှုပ်တတ်သော အမျိုးသားတစ်ဦးကို သတိထားရန် ပြဆိုနေ၏။

အလှမ်းဝေးသောအနာဂတ်ဆိုင်ရာ ဖဲချပ် (၁၉,၂၀,၂၁) များအရ ရေရှည်တွင် သူမ၏ဘဝသည် အကောင်းဘက်သို့ရှေးရှုနေပြီး အောင်မြင်ရေးနှင့် ကြီးပွားရေးဖြစ်ချေရှိမှုကို ပြဆိုနေသည်။ ငွေကြေးဆိုင်ရာစိုးရိမ်ပူပန်ချက်များ တစ်ဖြည်းဖြည်း လျော့နည်းလာမည်ဖြစ်သော်လည်း ဆုံးဖြတ်ချက်မခိုင်မာမှုနှင့် ဝန်တိုမှုကြောင့် အခြားပြဿနာများဖြစ်ပွားတတ်ကြောင်း ပြဆိုသည်။ အနာဂတ်ဘဝစိတ်ချမ်းသာရေးအတွက် 'ဘဝအမြင်သည် အပြုသဘောဆောင်သော သဘောထားလိုအပ်ကြောင်း ပြဆိုနေလေ၏။

## ကံကောင်းသော ၁၃ ဖြန့်ကြက်မှု

ဤဖြန့်ကြက်မှုကို အနာဂတ်ဖေါ်ညွှန်းချက်ဖြစ်စေ သို့တည်းမဟုတ် ဖေါက်သည်၏ ဘဝတစ်စိတ်တစ်ပိုင်းဆိုင်ရာမေးခွန်းကို ဖြေကြားရန်ဖြစ်စေ အသုံးပြုနိုင်သည်။ ဖဲချပ် ၅၂ ချပ်စလုံးကို အသုံးပြုရပြီး ဖေါက်သည်ဖဲချပ်ရွေးချယ်ရာတွင် ဂျိုကာဖဲချပ်ကိုသာ ရွေးရသည်။ ဂျိုကာဖဲချပ်ကို အလယ်၌လှန်ထားရမည်။ အောက်တွင်ပြထားသည့် ပုံစံ (1a,1b,2a,2b.) အတိုင်း ပထမဖဲချပ် ၁၂ ချပ် ကို ဆွဲယူမှောက်ထားရမည်။ ၎င်းမှောက်ထားသောဖဲချပ်များကို အတွဲလိုက် (1a နှင့် 1b) (2a နှင့် 2b) အစရှိသဖြင့် လှန်ကြည့်၍ ဟောကြားရမည်။



### ဟောဆိုချက်

နောက်အိမ်ထောင်ပြုရန်ကြံစည်နေသော ဖေါက်သည်အတွက် ဤဖြန့်ကြက်မှုပုံစံဖြင့် ဟောဆိုချက်ထုတ်ပါအံ့။ ဗိန့်တစ်ဆယ် (1a) အရပြဆိုထားသော ကံကောင်းထောက်မမှုနှင့် စိတ်ချမ်းသာမှုသည် နာမည်ပျက်မှုကိုပြဆိုသော ဖူးနှစ် (1b) ဖဲချပ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ သို့ဖြစ်သည့်တိုင် ဗိန့်တစ်ဆယ်ဖဲချပ်သည် အနီးကပ်တည်ရှိသောဖဲချပ်များ၏ ဆိုးကျိုးဟူသမျှကို ပယ်ဖျောက်စေသည်နှင့်အညီ အိမ်ထောင်ပျက်စီးမှုနှင့် လိမ်လည်မှုဟူသောခြိမ်းခြောက်မှု မှန်သမျှသည် ကောလာဟလနှင့် မယုံသင်္ကာဖြစ်မှုသာဖြစ်ကြောင်း ပြဆိုသည်။

ချွန်းကိုး (2a) နှင့် ဗိန်းကွင်း (2b) ဖဲချပ်အတွဲအနေဖြင့် စိတ်လှုပ်ရှားနေမှုအပြင် ဆံပင်အရောင်ဖျော့သော အမျိုးသမီးနှင့်ပတ်သက်သော မယုံသင်္ကာဖြစ်မှုကြောင့် ဖေါက်သည်မှာ ဒုက္ခရောက်တတ်ကြောင်း၊ နှလုံးသားရေးရာ ဆက်သွယ်မှုကိစ္စတစ်ရပ်သည် စိုးရိမ်ဖွယ်အခြေအနေသို့ ကျရောက်သွားနိုင်ကြောင်းကိုလည်း ပြဆိုသည်။ သို့ဆိုရာတွင် ပြဿနာပါ အမျိုးသမီး၏ ချစ်မေတ္တာနှင့် ယုံကြည်စိတ်ချရမှုကို မေ့ပစ်ရန် မသင့်ကြောင်းကိုလည်း ပြဆိုသည်။ ကံဆိုးသည့်အချက်မှာ ၎င်းဖဲချပ်နှစ်ခု၏ပေါင်းစပ်မှုသည် အောင်မြင်ပေါက်မြောက်မှုကို ခက်ခဲစေမည့် ဩဇာသက်ရောက်မှုကို တင်သွင်းလာခြင်းပင်ဖြစ်၏။

ချွန်းခြောက် (3a) နှင့် ဖူးရှစ် (3b) ဖဲချပ်တို့၏ ပေါင်းစပ်မှုသည် လက်ရှိအချိန်၌ စိတ်ပျက်ဖွယ်ရာများကိုသာဖြစ်စေမည့် နောက်အိမ်ထောင်မပြုရန် အဆောတလျင်မပြုရန် သတိပေးနေသည်။ နောက်ဆုံး ဆုံးဖြတ်ချက်မချမီ သေချာစွာစဉ်းစားရန် သတိပေးနေ၏။

ဖူးကွင်း (4a) နှင့် ဗိန့်လေး (4b) ဖဲချပ်တို့၏ ပေါင်းစပ်မှုသည် အချစ်ရေးပြဿနာကို အမြဲတမ်းလိုပင် ပြဆိုသည်။ ဤကိစ္စတွင် အချစ်ရေးပြဿနာ သို့မဟုတ် လက်ထပ်ရေးပြဿနာတွင် ရက်ရွှေ့ခြင်း သို့မဟုတ် စီမံချက် ပြောင်းလဲချက်ဖြစ်ရန် အလားအလာကို ပြဆိုသည်။ အရက်မရှိသော အမျိုးသမီးတစ်ဦးက အနှောင့်အယှက်ပြုနိုင်စရာအကြောင်းရှိသည်။ သို့သော် ကြိုတင်သိမြင်မှုဖြင့် ဤကိစ္စကို ရှောင်လွှဲစေနိုင်မည်ဖြစ်၏။

ဖူးခြောက် (5a) နှင့် ချွန်းနှစ် (5b) ဖဲချပ်နှစ်ချပ်၏ ပေါင်းစပ်မှုအရ ယခင်ပေါင်းစပ်မှုများ၏ ပြဆိုချက်များကိုသာ ဆင်ခြင်လက်ခံလျှင် ဖေါက်သည်၏ အချစ်ရေးဘဝသည် တိုးတက်နိုင်ကြောင်း ဖေါ်ညွှန်းသည်။ အလေးဂရုပြုရမည့် အချစ်ပြဿနာရှိကြောင်း ပြဆိုနေသည်။ ထို့အပြင် ၎င်းဆက်ဆံရေးကြောင့် ပျော်ရွှင်မှုနှင့် သဟဇာတဖြစ်မှုကို မျှော်လင့်ထားနိုင်ကြောင်း ပြဆိုနေပြန်သည်။

ညွှင်းကိုး (6a) နှင့် ညွှင်းတစ် (6b) ဖဲချပ်နှစ်ချပ်၏ ပေါင်းစပ်မှုအရ ယခင်အချိန်များက ယုံကြည်စိတ်ချရသော မိတ်ဆွေများထံမှ အားကိုးရမှု ကူညီမှုမရရှိနိုင်သဖြင့် ဖေါက်သည်သည် မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စအတွက် ယုံကြည်အားထားမှုမပြုသင့်ကြောင်း ညွှန်ပြသည်။

ညွှင်းတစ်ဖဲချပ်သည် ကျန်းမာခြင်း၊ ကြွယ်ဝခြင်း၊ အချစ်မေတ္တာနှင့် ပျော်ရွှင်မှုကို မျှော်လင့်နိုင်ကြောင်း ပြဆိုနေလေရာ ဖေါက်သည်ဗေဒင်မေးသူအဖို့ မထောင်းတာ (ဝါ) မဆိုးပါဟု ဆိုရမည်ဖြစ်၏။



# Cartomancy 4

## ဖဲဗေဒင် (၄)

### ဖဲချပ် ၃၂ ချပ်ဖြင့် ဗေဒင်ဟောခြင်း

၅၂ ချပ်မှ နှစ်, သုံး, လေး, ငါးနှင့် ခြောက်ဂဏန်းပါ ဖဲချပ်များကို နုတ်ပယ်လိုက်သော် ၃၂ ချပ် ဖဲထုပ်ဖြစ်လာမည် ဖြစ်သည်။ ဤနေရာတွင် သင်သည် ဖဲချပ်တိုင်း၏ ခေါင်းပိုင်းနှင့် ဖင်ပိုင်းကို သေချာစွာမှတ်သားထားရန် လိုအပ်သည်။ ဖဲချပ်ပုံမှန် ဖြောင့်မတ်စွာတည်ရှိခြင်း သို့မဟုတ် ပြောင်းပြန်တည်ရှိမှု၏အဟောများသည် ကွဲလွဲနေခြင်းကြောင့် ဖြစ်၏။

#### ဗိန့်ဖဲချပ်အဟောများ

| | |
|---|---|
| တစ် ။ ။ | သတင်းကောင်း၊ ချစ်ခြင်းမေတ္တာ၊ အိမ်တွင်းရေးပျော်ရွှင်မှု။ |
| ပြောင်းပြန်ဆိုသော် | လှုပ်ရှားမှု၊ အပြောင်းအလဲ၊ ခေတ္တခဏပျော်ရွှင်မှု။ |
| ကင်း ။ ။ | ခင်မင်တတ် ရက်ရောတတ်သော ဆံပင်ရောင်ဖျော့ဖျော့ အမျိုးသား။ |
| ပြောင်းပြန်ဆိုသော် | လိမ်ညာတတ်သော အမျိုးသားတစ်ဦး။ |
| ကွင်း ။ ။ | ခင်မင်တတ်ပြီး အားထားရသော ဆံပင်ရောင်ဖျော့ဖျော့ အမျိုးသမီး။ |
| ပြောင်းပြန်ဆိုသော် | မုဆိုးမ၊ တစ်ခုလပ်၊ သို့မဟုတ် အချစ်ရေးအဆင်မပြေသူ။ |
| ဂျက် ။ ။ | မိတ်ဆွေ သို့မဟုတ် ချစ်သူ။ |
| ပြောင်းပြန်ဆိုသော် | မယုံကြည်ရသောချစ်သူ။ |
| တစ်ဆယ် ။ ။ | ကံကောင်းထောက်မမှုနှင့် ပျော်ရွှင်မှု။ |
| ပြောင်းပြန်ဆိုသော် | ရုတ်တရက် အံ့အားသင့်စေမှုဖြစ်ရပ်၊ ကလေးမျက်နှာမြင်မှု။ |
| ကိုး ။ ။ | 'ဆုတောင်း'ဖဲချပ်၊ အိပ်မက်များကို အကောင်အထည်ပေါ်စေ၏။ |
| ပြောင်းပြန်ဆိုသော် | ခေတ္တယာယီဖြစ်ပေါ်သော အနှောင့်အယှက်များ။ |
| ရှစ် ။ ။ | ဖိတ်ကြားစာရရှိခြင်း၊ ခရီးယာယီနှင့် လက်ထပ်မင်္ဂလာပွဲ။ |
| ပြောင်းပြန်ဆိုသော် | တုံ့ပြန်မှုကင်းမဲ့သော ချစ်ခြင်းမေတ္တာ။ |
| ခုနစ် ။ ။ | ကျေနပ်နှစ်သိမ့်မှု။ |
| ပြောင်းပြန်ဆိုသော် | ငြီးငွေ့မှု။ |

## ညွှင်းဖဲချပ်အဟောများ

| | |
|---|---|
| တစ် ။ ။ | ကံကောင်းခြင်း၊ သတင်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာပေးစာနှင့် စာရွက်စာတမ်း။ |
| ပြောင်းပြန်ဆိုသော် | ဆိုးဝါးသောပေးစာများ ခေတ္တခဏ ပျော်ရွှင်မှု။ |
| ကင်း ။ ။ | ပေါ်ရွှေပြီး ရိုးသားသော ဆံပင်အနက်ရောင် အမျိုးသားတစ်ဦး။ |
| ပြောင်းပြန်ဆိုသော် | အသေးအဖွဲ့ အနှောင့်အယှက်နှင့် စိတ်ပူပန်မှု။ |
| ကွင်း ။ ။ | ခင်မင်တတ်ပြီး အားထားရသော ဆံပင်အနက်ရောင် အမျိုးသမီးတစ်ဦး |
| ပြောင်းပြန်ဆိုသော် | မယုံကြည်အပ်သော အမျိုးသမီး။ |
| ဂျက် ။ ။ | ခင်မင်ဖွယ် ဆံပင်အနက်ရောင်ရှိသော ချစ်သူ။ |
| ပြောင်းပြန်ဆိုသော် | ဟန်ဆောင်တတ်သောချစ်သူ။ |
| တစ်ဆယ် ။ ။ | ကံထောက်မမှု၊ စည်းစိမ်၊ ကြီးပွားမှု။ |
| ပြောင်းပြန်ဆိုသော် | စီးပွားရေးအခက်အခဲ၊ ခရီးယာယီ။ |
| ကိုး ။ ။ | မျှော်လင့်မထားသော ငွေရေး ကြေးရေး။ |
| ပြောင်းပြန်ဆိုသော် | အသေးအဖွဲ့လက်ဆောင် သို့မဟုတ် ပြဿနာ။ |
| ရှစ် ။ ။ | ဆံပင်နက်သောပုဂ္ဂိုလ်ထံမှရရှိသော ပျော်ရွှင်မှုနှင့် အထောက်အပံ့။ |
| ပြောင်းပြန်ဆိုသော် | စိတ်ညစ်ဖွယ် အချစ်ပြဿနာ၊ တရားရေးအရှုပ်အရှင်းနှင့် လင်မယားပြတ်စဲမှု။ |
| ခုနစ် ။ ။ | သာမန် ငွေရေးကြေးရေးကိစ္စများ။ |
| ပြောင်းပြန်ဆိုသော် | ငွေရေး ကြေးရေး အခက်အခဲများ။ |

## ချွန်းဖဲချပ်အဟောများ

| | |
|---|---|
| တစ် ။ ။ | စာတစ်စောင်၊ ငွေကြေး သို့မဟုတ် လက်စွပ်တစ်ကွင်း။ |
| ပြောင်းပြန်ဆိုသော် | သတင်းဆိုး |
| ကင်း ။ ။ | ဘုန်းတန်ခိုးရှိသော ဆံပင်အရောင်ခပ်ဖျော့ဖျော့ အမျိုးသားတစ်ဦး။ |
| ပြောင်းပြန်ဆိုသော် | သစ္စာဖောက်မှု၊ လိမ်လည်မှု။ |
| ကွင်း ။ ။ | ရန်ငြိုးဖွဲ့တတ်ပြီး လျှာရှည်သူ ဆံပင်အရောင်ဖျော့သော အမျိုးသမီးတစ်ဦး။ |
| ပြောင်းပြန်ဆိုသော် | ရန်ငြိုးဆိုခြင်း။ |
| ဂျက် ။ ။ | ဆက်သွယ်ရေးဝန်ထမ်း၊ အမှုထမ်း သို့မဟုတ် ယူနီဖောင်းဝတ်ပုဂ္ဂိုလ်။ |
| ပြောင်းပြန်ဆိုသော် | ပြဿနာပေါ်စေတတ်မှု။ |
| တစ်ဆယ် ။ ။ | ခနော်ခနဲ့အိမ်၊ ခရီးယာယီ၊ အဓိကပြောင်းလဲမှုတစ်ရပ်။ |
| ပြောင်းပြန်ဆိုသော် | အဆိုးဆုံးအခြေအနေသို့ တွန်းပို့သောအပြောင်းအလဲ။ |
| ကိုး ။ ။ | သတင်း၊ ရုတ်တရက် အံ့အားသင့်စေမှုဖြစ်ရပ်၊ စိုးရိမ်ပူပန်မှု။ |
| ပြောင်းပြန်ဆိုသော် | အိမ်တွင်းရေးအငြင်းပွားမှု၊ ချစ်သူအကြား စကားများမှု။ |
| ရှစ် ။ ။ | အချစ်ရေးကိစ္စ၊ ခရီးတို။ |
| ပြောင်းပြန်ဆိုသော် | ခွဲခွာမှု၊ ခင်မင်ခြင်းကို ပစ်ပယ်ခံရမှု။ |
| ခုနစ် ။ ။ | ကလူကျီစယ်မှု၊ ဝေဖန်မှု၊ အသေးအဖွဲ့လက်ဆောင်။ |
| ပြောင်းပြန်ဆိုသော် | အသေးအဖွဲ့ နာမည်ပျက်မှု၊ သိမ်ဖျင်းသောစကားပြောဆိုမှု။ |



## ဖူးဖဲချပ်အဟောများ

| | |
|---|---|
| တစ် ။ ။ | စိတ်ကျေနပ်မှု၊ စီးပွားရေးအခွင့်အလမ်းများ။ |
| ပြောင်းပြန်ဆိုသော် | သတင်းဆိုး၊ စိတ်ပျက်မှု၊ သေဆုံးမှု။ |
| ကင်း ။ ။ | ဆံပင်နက်နှင့် စိတ်မချရသော ပုဂ္ဂိုလ်။ ဖြစ်နိုင်သည်မှာရှေ့နေတစ်ဦး။ |
| ပြောင်းပြန်ဆိုသော် | ရန်သူတစ်ဦး။ |
| ကွင်း ။ ။ | အသက်အရွယ်ကြီးရင့်သော ဆံပင်နက်နှင့် အမျိုးသမီးတစ်ဦး၊ ဖြစ်နိုင်သည်မှာ မုဆိုးမ သို့မဟုတ် တစ်ခုလပ်။ |
| ပြောင်းပြန်ဆိုသော် | ကောက်ကျစ်စဉ်းလဲသော အမျိုးသမီးတစ်ဦး။ |
| ဂျက် ။ ။ | လူမှုရေးနားမလည်သောလူငယ်၊ ဆေး သို့မဟုတ် ဥပဒေပညာနှင့် ဆက်စပ်မှုရှိသူဖြစ်နိုင်၏။ |
| ပြောင်းပြန်ဆိုသော် | သစ္စာဖောက်သူ။ |
| တစ်ဆယ် ။ ။ | ဝမ်းနည်းကြေကွဲမှု၊ ခရီးရှည်၊ အချုပ်အနှောင်ခံရမှု။ |
| ပြောင်းပြန်ဆိုသော် | ကိုယ်လက် မအီမသာဖြစ်မှု။ |
| ကိုး ။ ။ | ဆုံးရှုံးမှု၊ ပျက်ပြားမှု၊ ကံခေမှု။ |
| ပြောင်းပြန်ဆိုသော် | ရင်းနှီးသောမိတ်ဆွေအတွက် စိတ်ဆင်းရဲမှု။ |
| ရှစ် ။ ။ | သတင်းဆိုး၊ မတင်မကျဖြစ်နေသော စိတ်ဆင်းရဲမှု။ |
| ပြောင်းပြန်ဆိုသော် | ခိုက်ရန်ပွားမှု၊ ဝမ်းနည်းမှု၊ ခွာပြဲမှုနှင့် ပြတ်စဲမှု။ |
| ခုနစ် ။ ။ | ဆုံးဖြတ်ချက်အသစ်ချမှတ်မှု၊ စီမံကိန်းပြောင်းလဲမှု။ |
| ပြောင်းပြန်ဆိုသော် | မကောင်းသောအကြံဉာဏ်ပေးမှု၊ မှားယွင်းသောစီမံကိန်း။ |

## အထူးပေါင်းစပ်မှုအဟောများ

၃၂ ချပ် ဖဲထုပ်ကို အသုံးပြုသော အချို့သော ဖဲချပ်အတွဲ (ဝါ) ပေါင်းစပ်မှုသည် သီးခြားအထူးအဓိပ္ပါယ် ပြဆိုသည်။ ဖဲချပ်များ တစ်ခုနှင့်တစ်ခု နီးကပ်စွာတည်ရှိသော ဖြန့်ကြက်မှုပုံစံ ၂ ရဖြစ်ပေါ်ခြင်းဖြစ်၏။

ညွှင်းတစ်သည် ချွန်းဖဲချပ်နှစ်ခုအကြား ညပ်နေသော် ငွေကြေးဝင်လာဆဲအခြေအနေ။
ညွှင်းတစ်နှင့် ချွန်းကိုး ယှဉ်သော် တရားရေးပြဿနာများ။
ချွန်းတစ်နှင့် ညွှင်းရှစ် ယှဉ်သော် မျှော်လင့်မထားသော ငွေကြေး။
ချွန်းတစ်သည် ချွန်းဖဲချပ်နှစ်ခုအကြား တည်ရှိသော် ငွေရေးကြေးရေး ပွားစည်းမှု။
ချွန်းတစ်နှင့် ချွန်းခုနစ် ယှဉ်သော် ခိုက်ရန်ဖြစ်ပွားမှု။
ချွန်းတစ်နှင့် ချွန်းခုနစ်နှင့် ချွန်းဂျက်ဖဲချပ်များ ယှဉ်သော် သံကြိုး သို့မဟုတ် ကြေးနန်းစာ။
ချွန်းတစ်နှင့် ဖူးကိုး ဖဲချပ်များယှဉ်သော် နာမကျန်းဖြစ်မှု။
ဖူးတစ်နှင့် ညွှင်းကွင်း ယှဉ်သော ပင်ပန်းနွမ်းနယ်မှုဖြစ်စေသော ခရီးယာယီ။
ဖူးတစ်နှင့် ဖူးကိုး ယှဉ်သော် ကုန်ရောင်းကုန်ဝယ် ဆုံးရှုံးမှု။
ဖူးတစ်နှင့် ဖူးရှစ် ယှဉ်သော် သစ္စာဖောက်မှု။
ဇိန့်ကင်းနှင့် ဇိန့်ကိုး ယှဉ်သော် ပျော်ရွှင်ဖွယ်အချစ်ရေးကိစ္စ။
ညွှင်းကင်းနှင့် ညွှင်းတစ်ဆယ် ယှဉ်သော် လက်ထပ်ရန် ကမ်းလှမ်းချက်တစ်ရပ်။
ချွန်းကင်းနှင့် ဖူးရှစ် ယှဉ်သော် မျှော်လင့်မထားသောခရီး။
ဖူးကင်းနှင့် ညွှင်းခုနစ် ယှဉ်သော် သင့်ငွေရင်းမြှုပ်နှံမှုကိစ္စတွင် သတိရှိရန်ကိစ္စ။
ဇိန့်ကွင်းနှင့် ချွန်းခုနစ် ယှဉ်သော် မျှော်လင့်မထားသော စိတ်ချမ်းသာမှုများ။

ဗိန့်ကွင်းနှင့် ဖူးတစ်ဆယ် ယှဉ်သော် အန္တရာယ်နှင့် စွန့်စားမှု။
ညှင်းကွင်းနှင့် ချွန်းခုနစ် ယှဉ်သော် ရေရာမှုမရှိသော အနာဂတ်ဘဝ။
ချွန်းကွင်းနှင့် ဗိန့်ခုနစ် ကပ်လျက်တည်ရှိသော် ဝန်စိုမှုနှင့်ယှဉ်သော ပျော်ရွှင်မှု။
ချွန်းကွင်းနှင့် ဖူးခုနစ် ယှဉ်သော် မြို့ပြထက် တောရွာ၌ အော ငြင်ဖြစ်ထွန်းမှု။
ဖူးကွင်းနှင့် ဖူးဂျက်ကို ယှဉ်သော် ကြီးမားသော အနိဋ္ဌာရုံ။
ဗိန့်ဂျက်နှင့် ညှင်းခုနစ် ယှဉ်သော် လောဘကြီးသောချစ်သူ။
ညှင်းဂျက်နှင့် ဖူးဂျက် ယှဉ်သော် အရောင်းအဝယ်အခက်အခဲနှင့် စီးပွားလျှော့မှု။
ချွန်းဂျက်နှင့် ဖူးကိုး ယှဉ်သော် မကောင်းသောအကြံဉာဏ်အတွက် သတိပြုရေး။
ဗိန့်တစ်ဆယ်နှင့် ညှင်းကိုး ယှဉ်သော် ရုပ်ရှင်၊ ပြဇာတ်၊ ဓာတ်သဘင်လုပ်ငန်း။
ဗိန့်တစ်ဆယ်နှင့် ချွန်းတစ်ဆယ် ယှဉ်သော် လက်ထပ်မင်္ဂလာပွဲ။
ညှင်းတစ်ဆယ်ဖဲချပ်သည် မည်သည့်တစ်ဖဲနှင့်မဆို ယှဉ်သော် ငွေကြေးအစုအပြုံ။
ချွန်းတစ်ဆယ်နှင့် ညှင်းရှစ် ယှဉ်သော် မင်္ဂလာဦးခရီး။
ချွန်းတစ်ဆယ်နှင့် ဖူးခုနစ် ယှဉ်သော် နှောင့်နှေးကြန့်ကြာမှု။
ဖူးတစ်ဆယ်နှင့် ညှင်းခုနစ်ယှဉ်သော် ကံဆိုးသောအနာဂတ်ဘဝ။
ဗိန့်ကိုးနှင့် ညှင်းကိုး ယှဉ်သော် ကံကောင်းသောအမွေအနှစ်ရရှိမှု။
ညှင်းကိုးနှင့် ဗိန့်ရှစ် ယှဉ်သော် အခမ်းအနားနှင့် သဘင်ပွဲလမ်းများ။
ချွန်းကိုးနှင့် ဗိန့်ရှစ် ယှဉ်သော် ခရီးရှည်ထွက်ခွာမှု။
ဗိန့်ရှစ်နှင့် ချွန်းရှစ် ယှဉ်သော် အရေးကြီးသော အလုပ်အကိုင်အသစ်။
ညှင်းရှစ်နှင့် ချွန်းရှစ် ယှဉ်သော် စစ်မှန်သောအချစ်။
ချွန်းရှစ်သည် မည်သည့် ညှင်းဖဲချပ်အနီးမဆို ယှဉ်သော် ခရီးတာရှည်ခြင်း။
ဖူးရှစ်နှင့် ချွန်းခုနစ် ယှဉ်သော် အကူအညီလိုအပ်ခြင်း။
ချွန်းခုနစ်သည် မည်သည့် ညှင်းဖဲချပ်အနီးမဆို ယှဉ်သော် ငွေရေး ကြေးရေးပြဿနာ။
ဖူးခုနစ်သည် ဖူးဂျက် သို့မဟုတ် မည်သည့် ကွင်းနှင့်ကင်း ဖဲချပ်နှင့်မဆို ကပ်လျက်ယှဉ်နေသော် သစ္စာဖေါက်သူတစ်ယောက်ဖြစ်ကြောင်း ပြဆို၏။

**အမွှာပူး၊ သုံးမွှာပူးနှင့် အတွဲများ**

ဂဏန်းတူ သို့မဟုတ် အမျိုးအစားတူညီသော ဖဲချပ်သုံးလေးချပ် ပူးယှဉ်ဖြစ်တည်မှုသည် ထူးခြားသောအဓိပ္ပါယ်ဆောင်ယူသည်။ ၎င်းတို့သည် သက်ဆိုင်ရာဖြန့်ကြက်မှုပုံစံအပေါ် ဩဇာသြောင်းသဖြင့် ၎င်းတို့ကို ဦးစားပေး ကြည့်ရှုဖတ်ကြားရန်လိုအပ်၏။

တစ်ဖဲလေးချပ်ယှဉ်သော် — အပေါင်းအသင်းနှင့် ငွေကြေးပြုတ်လပ်မှု။ ပြောင်းပြန်ဖဲချပ်များလေ အခြေအနေပိုဆိုးလေဖြစ်မည်။

တစ်ဖဲသုံးချပ်ယှဉ်သော် — လော်လီမှု၊ မိုက်မဲမှုနှင့် ခေတ္တစိုးရိမ်မှု။ ပြောင်းပြန်ဖဲချပ်များလေ၊ အခြေအနေပိုဆိုးလေဖြစ်မည်။

တစ်ဖဲနှစ်ချပ်ယှဉ်သော် — လက်ထပ်မင်္ဂလာ။ အနီရောင်နှစ်ချပ်ဆိုသော် သာယာသောအိမ်ထောင်ရေး အနီတစ်ချပ် အမဲတစ်ချပ်ဆိုသော် မသာယာသောအိမ်ထောင်ရေး၊ တစ်ချပ်ပြောင်းပြန်ဖြစ်သော် အိမ်ထောင်ကွဲမည့်ကိန်း၊ နှစ်ချပ်ပြောင်းပြန် ဇကန်ကွဲပြီ။

ကင်းဖဲလေးချပ်ယှဉ်သော် — ကံကောင်းထောက်မမှု၊ ပြောင်းပြန်ဖဲချပ်များက အားယုတ်လျော့ စေ၏။

ကင်းဖဲသုံးချပ်ယှဉ်သော် — လုပ်ငန်းဆောင်တာအသစ်။ ပြောင်းပြန်ဖဲချပ်များက အောင်မြင်မှု ယုတ်လျော့စေမည်။



ကင်းဖဲနှစ်ချပ်ယှဉ်သော် — စပ်တူလုပ်ငန်း။ ပြောင်းပြန်ဖဲတစ်ချပ်ဖြစ်သော် အသင့်အတင့် အောင်မြင်မှု နှစ်ချပ်စလုံး ပြောင်းပြန်ဆိုသော် စပ်တူလုပ်ငန်းပျက်စီးသွားမည်။

ကွင်းဖဲလေးချပ်ယှဉ်သော် — ပါတီ သို့မဟုတ် အလှူမင်္ဂလာပွဲ၊ ပြောင်းပြန်ဖဲချပ်များလေလေ ပွဲသဘင်ဖြစ်မြောက်မှုကို ထိခိုက်လေလေဖြစ်မည်။

ကွင်းဖဲသုံးချပ်ယှဉ်သော် — ဧည့်သည်ရောက်ရှိမှုနှင့် ပြောဆိုမေးမြန်းမှု။ ပြောင်းပြန်ဖဲချပ်များလေ လေ ဧည့်သည်နှင့် ဆွေးနွေးမှု၌ အဆင်မပြေမှုများလေလေဖြစ်မည်။

ကွင်းဖဲနှစ်ချပ်ယှဉ်သော် — မိတ်ဖြစ်ဆွေဖြစ်။ ကွင်းတစ်ချပ်ပြောင်းပြန်ဆိုသော် အပြိုင်အဆိုင် နှစ်ချပ်စလုံး၊ ပြောင်းပြန်ဆိုသော် သစ္စာဖေါက်မှု။

ဂျက်ဖဲလေးချပ်ယှဉ်သော် — ခိုက်ရန်ပွားမှု။ ပြောင်းပြန်ဖဲချပ်များလေလေ ပြင်းထန်လေလေဖြစ် မည်။

ဂျက်ဖဲသုံးချပ်ယှဉ်သော် — မိသားစုအတွင်း သဘောကွဲမှု။ ပြောင်းပြန်ဖဲချပ်များလေလေ့ ပြင်းထန်လေလေဖြစ်မည်။

ဂျက်ဖဲနှစ်ချပ်ယှဉ်သော် — ပျောက်ဆုံးမှု သို့မဟုတ် အခိုးခံရမှု။ နှစ်ချပ်စလုံး ပြောင်းပြန်ဆို သော် သေချာ၏။

ဆယ်ဖဲလေးချပ်ယှဉ်သော် — မျှော်လင့်မထားသော ကံကောင်းထောက်မမှု။ ပြောင်းပြန်ဖဲချပ် များက ကောင်းကျိုးကို ယုတ်လျော့စေမည်။

ဆယ်ဖဲသုံးချပ်ယှဉ်သော် — ငွေရေးကြေးရေးနှင့် တရားရေးပြဿနာများ။ ပြောင်းပြန်ဖဲချပ်များ က ၎င်းပြဿနာများကို လျော့နည်းစေမည်။

ဆယ်ဖဲနှစ်ချပ်ယှဉ်သော် — လုပ်ငန်းတွင်းအပြောင်းအလဲကြောင့် ကောင်းကျိုးဖြစ်ထွန်းခြင်း။ ပြောင်းပြန်ဖဲချပ်များက ၎င်းအကျိုးကျေးဇူးများကို နှောင့်နှေးစေမည်။

ကိုးဖဲလေးချပ်ယှဉ်သော် — ပျော်ရွှင်မှုအံ့အားသင့်စေမှုတစ်ရပ်။ ပြောင်းပြန်ဖဲချပ်များလေလေ ဖြစ်ပျက်ရန်များလေဖြစ်မည်။

ကိုးဖဲသုံးချပ်ယှဉ်သော် — ကျန်းမာ၊ ကြွယ်ဝနှင့် ချမ်းမြေ့မှု။ ပြောင်းပြန်ဖဲချပ်များလေလေ ကောင်းကျိုးရရှိမှု ယုတ်လျော့လေလေဖြစ်မည်။

ကိုးဖဲနှစ်ချပ်ယှဉ်သော် — ငွေရေး ကြေးရေး အနည်းငယ်ချောင်လည်မှု။ ပြောင်းပြန်ဖဲချပ်များက ကောင်းကျိုးကို ကြန့်ကြာစေမည်။

ရှစ်ဖဲလေးချပ်ယှဉ်သော် — အောင်မြင်မှုနှင့် ဆုံးရှုံးမှု ရောပြွမ်းနေမည်။ ပြောင်းပြန်ဖဲချပ်များလေ လေ ဆုံးရှုံးမှုများလေလေဖြစ်မည်။

ရှစ်ဖဲသုံးချပ်ယှဉ်သော် — အချစ်ရေးနှင့် အိမ်ထောင်ရေး။ ပြောင်းပြန်ဖဲချပ်များလေလေ အရေး ကိစ္စ နှောင့်နှေးကြန့်ကြာလေလေဖြစ်မည်။

ရှစ်ဖဲနှစ်ချပ်ယှဉ်သော် — ရောင်တခင်သဘောဆောင်သော အချစ်ရေးကိစ္စ။ ဖဲတစ်ချပ်ပြောင်းပြန်ဆိုသော် လျှပ်ပေါ်လော်လီမှု။ နှစ်ချပ်စလုံး ပြောင်းပြန်ဆိုသော် လွဲမှားသော နားလည်မှုကို ပြဆို၏။

ခုနစ်ဖဲလေးချပ်ယှဉ်သော် — ရန်သူ ဒုက္ခပေးသူများ။ ၎င်းဖဲချပ်များ ပြောင်းပြန်ဖြစ်မှုများလေလေ ၎င်းတို့၏ အနှောင့်အယှက်ဘေးရန် ယုတ်လျော့လေလေဖြစ်မည်။

ခုနစ်ဖဲသုံးချပ်ယှဉ်သော် — လုပ်ငန်းသစ် သို့မဟုတ် ကလေးမျက်နှာမြင်မှု။ ပြောင်းပြန်ဖြစ်လေ နှောင့်နှေးကြန့်ကြာလေဖြစ်မည်။


ခုနစ်ဖဲချပ်နှစ်ချပ်ယှဉ်သော် — အသစ်တွေ့ရသော ပျော်ရွှင်ဖွယ်အချစ်ရေးကိစ္စ။ တစ်ချပ်ပြောင်းပြန်ဆိုသော် လှည့်ဖျားမှု။ နှစ်ချပ်စလုံး ပြောင်းပြန်ဆိုသော် နောင်မှတရသော နောင်တ။

# Cartomancy 5

## ဖဲဗေဒင် (၅)

### ယပ်တောင်ပုံစံ ဖြန့်ကြက်မှု

ဗေဒင်မေးလာသူဖေါက်သည်၏ အနာဂတ်ရေးရာ အထွေထွေဟောကြားမှုအတွက် ဤနည်းကိုအသုံးပြုနိုင်သည်။ ဖဲချပ် ၃၂ ချပ်စလုံးကို ကုလားဖန်ထိုး၍ မှောက်ထားပါ။ ဖေါက်သည်အား ၎င်းတို့အနက်မှ ဖဲချပ် ၁၈ ချပ်ကို ရွေးချယ်ခိုင်းပြီး အောက်ပါပုံစံအတိုင်း ဖြန့်ကြက်လှန်ထားပါ။ ၎င်းမှ ၁၃ ချပ် အတွင်း ဖောက်သည်ဖဲချပ်ကိုမတွေ့ရပါမူ ဖေါက်သည်ဖဲချပ်နှင့် အမျိုးတူအဆင်အယင်မှ ခုနစ်ဖဲချပ်ကိုရှာပြီး အသုံးပြုပါ။ ဤသို့လက်ခံနိုင်ဖွယ်ရှိသော ဖဲချပ်ကိုမျှမတွေ့လျှင် နောက်တစ်နေ့ကျမှ ဗေဒင်ဟောရန်ဖြစ်၏။






ပထမဦးစွာ ဖဲချပ် ၁ မှ ၁၃ ကို ဖတ်ကြားရမည်။ ဖေါက်သည်ဖဲချပ်ကို ပထမ ဖဲချပ်ဟု မှတ်ယူ၍ ဘယ်ဘက်မှ ညာဘက်သို့ ဖဲချပ် ၅ ချပ်ရေတွက်ပါ။ ၎င်းပဥ္စမမြောက်ဖဲချပ်ကို ၁ ဟု တစ်ဖန်မှတ်ယူပြီး ယခင်နည်းအတိုင်း ပဥ္စမမြောက်ဖဲချပ်များကို ဖတ်ကြားဟောဆိုရန်ဖြစ်သည်။ နောက်ဆုံးတွင် ပထမဆုံးသောဖဲချပ် (ဖေါက်သည်ဖဲချပ်) သို့ ရောက်ရှိသည်အထိ ဖြစ်သည်။ ထို့နောက် ကားချပ် ၁၄ မှ ၁၈ တစ်တွဲကို ဖတ်ကြားပါ။ ဤနေရာတွင် ကားချပ် ၁၄ နှင့် ၁၈ တစ်တွဲ ပြီးနောက် ၁၅ နှင့် ၁၇ တစ်တွဲ၊ နောက်ဆုံး၌ အမှတ်စဉ် ၁၆ ဖဲချပ်ကို ဖတ်ကြားရန်ဖြစ်သည်။ ၎င်းဖတ်ကြားချက်အားလုံးမှ အဆက်အစပ်ရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက် ထုတ်ယူရန်ဖြစ်၏။

### အဓိပ္ပါယ်ဖွင့် ဟောကြားချက်များ

ဖေါက်သည်ဖဲချပ်သည် ဖူးကင်းဖြစ်သည်။ ဤဖြန့်ကြက်မှုပုံစံ၌ ဖတ်ကြားရမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ဖူကင်းမှ ပဥ္စမမြောက်ဖဲချပ်သည် (၁၁) ဗိန့်ကိုးဖြစ်သည်။ ဆက်လက်၍ (၂) ဖဲချပ်သည် ဖူးဂျက်၊ (၆) သည် ညှင်းခုနစ်၊ (၁၀) သည် ဖူးကွင်း (ပြောင်းပြန်)၊ (၁) သည် ဖူးတစ်၊ (၅) သည် ချွန်းကင်း (ပြောင်းပြန်)၊ (၉) သည် ချွန်းခုနစ် (ပြောင်းပြန်)၊ (၁၃) သည် ညှင်းတစ်ဆယ် (ပြောင်းပြန်)၊ (၄) သည် ချွန်းတစ်ဆယ်၊ (၈) သည် ဖူးကိုး၊ (၁၂) သည် ဗိန့်ကွင်း၊ (၃) သည် ဗိန့်တစ်ဆယ် (ပြောင်းပြန်)၊ (၇) သည် ဖူးကင်း (ဖေါက်သည်ဖဲချပ်)၊ (၁၄) နှင့် (၁၈) သည် ဗိန့်တစ်နှင့် ညှင်းကိုး (ပြောင်းပြန်)၊ (၁၅) နှင့် (၁၇) သည် ဖူးခုနစ် (ပြောင်းပြန်) နှင့် ညှင်းဂျက်ဖြစ်ပြီး (၁၆) သည် ချွန်းရှစ်ဖဲချပ်ဖြစ်၏။

ထုံးစံအတိုင်းပင်၊ အထူးပေါင်းစပ်မှုရှိသော ဖဲချပ်များကိုလည်း ဖတ်ကြားရမည်။ ဤနေရာ၌ (၃) ဗိန့်တစ်ဆယ် (ပြောင်းပြန်) နှင့် ကပ်လျက်ရှိသော (၄) ချွန်းတစ်ဆယ် ဖဲချပ်နှင့် (၆) ညှင်းခုနစ်နှင့် ကပ်လျက်ရှိသော ချွန်းကင်း (၇) အတွဲဖြစ်နေ၏။


အဓိပ္ပါယ်ဖေါ်ညွှန်းချက်များကို အကျဉ်းချုပ်သော် ပစ္စုပ္ပန်ဘဝတွင် ဖေါက်သည်၏ အသက်မွေးမှုလုပ်ငန်းအပေါ် အရိပ်မဲကြီးအုံ့ဆိုင်းနေသကဲ့သို့ ရှိနေသော်လည်း လွင့်ပြယ်သွားရန်ရှိသည်။ စီးပွားရေးနှင့်ဆိုင်သော စိုးရိမ်ပူပန်ချက်များမှာမူ ပိုမိုများပြားစရာရှိသည်။ လုပ်ဖေါ်ကိုင်ဘက်များ၏ လိမ်လည်မှု၊ အတင်းပြောမှု၊ ပုန်းလျှိုးကွယ်လျှိုး သစ္စာမဲ့မှုများနှင့် တွေ့ရမည်ဟူသော သတိပေးချက်ကိုခံယူရန်လိုအပ်မည်။ သို့ရာတွင် အစုစပ်ဝင် အမျိုးသမီးတစ်ဦး၏ခင်မင်မှုနှင့် မြဲမြံသောထောက်ခံအားပေးမှုကို မျှော်လင့်ထားနိုင်မည်။ ကြီးမားသောပြောင်းလဲချက် ခရီးယာယီများကြောင့် ရေ့တစ်လှမ်းတိုးမှု ပိုပြင်လာမည်။ ဤသို့ဖြစ်ပြီးနောက် ပြဿနာအသေးအဖွဲ့ရှိသော်လည်း အခြေအနေပုံမှန် တိုးတက်လာမည်။ ဖေါက်သည်၏ လူမှုဆက်ဆံရေးဘဝသည် ဆက်လက်၍ ချမ်းမြေ့နေမည်ဟု ပြဆို၏။

### ကံကြမ္မာကျောင်းဆောင်ဖြန့်ကြက်မှုပုံစံ

ဤဖြန့်ကြက်မှုမှာ ပြင်သစ်လူမျိုး အက်တဲလား (Etteilla) ၏ဖေါ်ဆောင်ချက်အရ ၁၈ ရာစုခေတ်လယ်ခန့်၌ ထင်ရှားလာခြင်းဖြစ်သည်။ ၎င်းနည်းသည် ဗေဒင်မေးလာသူဖေါက်သည်၏ ဘဝအပြည့်အစုံ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဟောကြားနိုင်၏။

ဤနည်းတွင် ဖဲချပ် ၃၂ ချပ်ကို အသုံးပြုရသည်။ ဖေါက်သည်ဖဲချပ်ရယူရန် မလိုပါ။ ကုလားဖန်ထိုးပြီးနောက် အောက်တွင်ဖေါ်ပြထားသော အစီအစဉ်အတိုင်း ဖဲချပ်များကို ဖြန့်ကြက်လှန်ထားရန် ဖြစ်သည်။

၁ မှ ၆ ဖဲချပ်များနှင့် ၁၃ မှ ၁၆ ဖဲချပ်များသည် အတိတ်ဘဝကိုပြဆိုသည်။ ၁၇ မှ ၂၁ ဖဲချပ်များနှင့် ၂၆ မှ ၃၂ ဖဲချပ်များသည် ပစ္စုပ္ပန်ဘဝကိုပြဆိုသည်။ ဖဲချပ် ၇ မှ ၁၂ နှင့် ဖဲချပ် ၂၂ မှ ၂၅ တို့သည် အနာဂတ်ဘဝကို ပြဆိုသည်။ ၄င်းအတွဲအသီးသီးတွင် အပြင်ပိုင်းမှဖဲချပ်များသည် အခြေခံအချက်များကို ဖေါ်ညွှန်းပြီး အတွင်းပိုင်းမှဖဲချပ်များက လိုအပ်သောညှိနှိုင်းချက်များကို ပြဆိုကြောင်း သတိမူရမည်။ အချို့သောဖဲဗေဒင်ဆရာများ၏ အဆိုပြုချက်မှာ အပြင်ပိုင်းမှဖဲချပ်များသည် ဖေါက်သည်၏ရုပ်ပိုင်းဘဝကို ပြဆိုပြီး အတွင်းပိုင်းမှဖဲချပ်များသည် ဖေါက်သည်၏စိတ်ပိုင်းဘဝကို ပြဆိုသည်ဟူ၏။





## အဓိပ္ပါယ်ဖွင့်ဟောဆိုချက်

အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အထူးပေါင်းစပ်မှုအတွဲ ၅ တွဲတွေ့ရမည်။ (က) ဗိန့်ခုနစ် (၁) နှင့် ကပ်လျက် (၂) ချွန်းခုနစ် (ပြောင်းပြန်) အတွဲ၊ (ခ) ချွန်းဂျက် (၁၉) နှင့်ကပ်လျက် ဗိန့်ဂျက် (၂၀) အတွဲ၊ (ဂ) ညွှင်းကင်း (၈) နှင့် ကပ်လျက် ဖူးကင်း ပြောင်းပြန် (၉) အပြင် ဗိန့်ကင်း (၁၀) အတွဲ၊ (ဃ) ချွန်းခုနစ် ပြောင်းပြန် (၂) နှင့်ကပ်လျက် ညွှင်းဖဲချပ်အတွဲ၊ (င) ချွန်းရှစ် (၃) နှင့်ကပ်လျက် ညွှင်းဖဲချပ်အတွဲတို့ဖြစ်၏။

အတိတ်ဘဝနှင့် စပ်ဆိုင်သောဖဲချပ်များက ပြဆိုနေသည်မှာ ဘဝအမြင်နှင့်ပတ်သက်သော ဖေါက်သည်၏သဘောထားအပေါ် သူငယ်စဉ်တောင်ကျေးကလေးဘဝ၌ တင်းမာသောဖခင်နှင့် ကြင်နာသောမိခင်၏ ဆက်ဆံမှုများက ရောင်ပြန်ဟပ် ဩဇာသက်ရောက်နေသည်။ ငယ်စဉ်က သူသည် ဘဝလုံခြုံမှုနှင့် စည်းစိမ်ခံစားမှု အတော်အတန်ပြည့်စုံခဲ့သည်။ နောက်ပိုင်းတွင် မိဘများပြတ်စဲကွာရှင်းသဖြင့် ဘဝ၏ လှိုင်းတံပိုးပြင်းထန်လာခဲ့သည်။ သတင်းဆိုးနှင့် အတင်းပြောမှုများကြောင့် ၄င်းတွင် စိုးရိမ်မှု မရေရာမှုနှင့် စိတ်မချမ်းမြေ့မှု တိုးပွားလာခဲ့သည်။ ၄င်းအတွေ့အကြုံများကြောင့် သူသည် မယုံသင်္ကာဖြစ်လွန်းသော ကျီးလန့်စာစားပုဂ္ဂိုလ်အဖြစ် တွန်းပို့ခဲ့သည်။

ပစ္စုပ္ပန်ဘဝနှင့် စပ်ဆိုင်သောဖဲချပ်များက ပစ္စုပ္ပန်တွင် ထိုသူသည် အပြင်ပန်းအားဖြင့် ရန်လိုသော ရိုင်းစိုင်းသောပုဂ္ဂိုလ်ဖေါ်ပြသည်။ စိတ်ဓာတ်ရေးရာအရ ရင့်ကျက်မှု မပြည့်စုံသော်လည်း သူ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အသက်မွေးမှုလုပ်ငန်း၌ အတန်အသင့် ဂုဏ်ရှိနေသည်။ မည်သို့ဆိုစေ ၄င်းကိုယ်နှိုက်ကမူ စိတ်ဆင်းရဲနေရရှာသည်ဟု မှတ်ယူထား၏။ သူသည် လူသစ်စိတ်သစ်ဖြင့် ဘဝတက်လမ်းရှာသော်လည်း မိဘတစ်ပါးဆုံးပါးမှုကြောင့် နှောင့်နှေးတွန့်ဆုတ်ခဲ့ရသည်။ ဤဆုံးရှုံးမှုကြောင့် အရေးကြီးသောပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာပြီး သူသည် ခရီးယာယီများစွာပြုခဲ့သည်။ ခရီးတွင်မှ တွေ့ကြုံလိုက်ရသော အချစ်ရေးကိစ္စသည် ၄င်းအား စိတ်ချမ်းသာမှုအနည်းငယ် ဖြစ်စေခဲ့သည်။ သူသည် စစ်မှုထမ်းရန် ကြံစည်ခဲ့သော်လည်း မိတ်ဆွေကောင်းတစ်ဦးကြောင့် လုပ်ငန်းဆောင်တာတည်ငြိမ်စေခဲ့သည်။ စိတ်ကျေနပ်မှုအဆင့်မရောက်မီ အပြောင်းအလဲများစွာဖြစ်ဦးမည်။

အနာဂတ်ဘဝနှင့် စပ်ဆိုင်သောဖဲချပ်များအရ နောင်တွင် ဘဝတည်ငြိမ်ရေးကို ပံ့ပိုးပေးမည့် ယုံကြည်အားထားရ၍ ရက်ရောသောပုဂ္ဂိုလ်တစ်ဦး၏ အကူအညီကို ရရှိပေလိမ့်မည်။ ဘဝနာကျည်းမှု၏ တုံ့ပြန်ချက်များ ဖြစ်ပေါ်လာမည်ဖြစ်သော်လည်း ကိစ္စမရှိ။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်အားထားရသော မိတ်ဆွေသစ်၏ အားပေးကူညီမှု ရရှိရန်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ၄င်း၏ စိတ်ချမ်းသာသော အမျိုးသမီးတစ်ဦးနှင့် တွေ့ကြုံရပြီး လက်ထပ်ဖြစ်မည်။ အသက်ပိုကြီးပြီး ဆံပင်အနက်ရောင်မိန်းမတစ်ဦးကြောင့် ဘဝတွင် ဂယက်များထစေမည့် အနှောင့်အယှက်များကို ကြိုလင့်ထားရန် ရှိနေသည်။ မည်သို့ဆိုစေ မဝေးတော့သောကာလတွင် ရရှိမည့် ကျေနပ်အားရမှုနှင့် အောင်မြင်မှုများကို မျှော်လင့်နိုင်မည်သာ ဖြစ်ပေ၏။


# Cartomancy 6

## ဖဲဗေဒင် (၆)

### ခမ်းနားသောကြယ်ပွင့်ဖြန့်ကြက်မှုပုံစံ

အစဉ်အလာအံ့ရ တွေ့ရသော ကြယ်ပွင့်ပုံစံများအနက် ခမ်းနားသော ကြယ်ပွင့်ပုံစံသည် အထွေထွေဟောကြားချက်အတွက် အသုံးဝင်ဆုံးဟု ဆိုရပါမည်။

ဖဲချပ် ၃၂ ချပ်ကိုပင် အသုံးပြုရမည်။ ဖြန့်ကြက်မှုပုံစံအလယ်ခေါင်တွင် မေးမြန်းသူကိုယ်စားပြုသောဖဲချပ် (c) ကို လှန်ထားရမည်။ ကုလားဖန်ထိုးထားသော အထုပ်မှ ၂၁ ချပ်ကို အောက်တွင်ပြထားသော အစီအစဉ်အတိုင်း ဖောက်သည်ဖဲချပ်ကို ဝိုင်းပတ်၍ မှောက်ထားရမည်။ ထို့နောက် ဒွိစုံလိုက်ဖဲချပ်များကို လှန်လျှောဖတ်ကြားရမည်။ ၁၃ နှင့် ၁၅။ ၂၀ နှင့် ၁၈။ ၁၄ နှင့် ၁၆။ ၁၉ နှင့် ၁၇။ ၉ နှင့် ၅။ ၁၁ နှင့် ၈။ ၁၀ နှင့် ၆။ ၁၂ နှင့် ၇။ ၃ နှင့် ၁။ ၄ နှင့် ၂။ နောက်ဆုံးဖဲချပ် ၂၁ ကို တစ်ခုတည်း ကြည့်ရှုဖတ်ကြားရန်ဖြစ်၏။





### အဓိပ္ပါယ်ဖွင့်ဟောကြားချက်များ

ဖေါက်သည်ဖဲချပ်မှာ ဗိန့်ကင်း (c) ဖြစ်သည်။ ချွန်းဂျက် (၁၃) နှင့် ဖူးကိုး (၁၅) အတွဲကို ဟောဆိုချက်၌ ချန်လှပ်ထားရန်ဖြစ်၏။

ဗေဒင်မေးသူဖေါက်သည်၏ ဘဝတွင် ဆုံးရှုံးနစ်နာမှုများကိုဖြစ်စေမည့် ပြဿနာကောင်ပုဂ္ဂိုလ် တစ်ဦး၏ ရန်ကိုဂရုပြုရန် သတိပေးချက်ထက်သန်နေသည်။ ရန်ငြိုးဖွဲ့တတ်သော အမျိုးသမီးတစ်ဦး၏ အန္တရာယ်ကလည်း တစ်မျောင့်ဟုဆိုရမည်။ အပြောင်းအလဲပြုလုပ်မှုများသည် ဝေဖန်ကဲ့ရဲ့မှုနှင့် အထီးကျန်မှုကို ဖြစ်စေမည်။ ၎င်းအချက်များကား လွှဲရှောင်၍ရမည်မဟုတ်ပါ။ ယုံကြည်စိတ်ချရသော ဆံပင်အနက်ရောင်ပုဂ္ဂိုလ်တစ်ဦးသည် ဖေါက်သည်အား ကူညီပံ့ပိုးမှုကြောင့် အချို့သောဒုက္ခများမှ သက်သာမှုရရှိစေမည်။ ဖေါက်သည်သည် ၎င်းပုဂ္ဂိုလ်၏စကားနားထောင်ပြီး အကြံဉာဏ်များကို လက်ခံရန်ဖြစ်သည်။ ခင်မင်တတ်သော ဆံပင်အနက်ရောင်အမျိုးသမီး၏ အကူအညီကြောင့်လည်း ဖေါက်သည် ရင်ဆိုင်နေရသော အဓိကပြဿနာမှ သက်သာရာရရှိမည်ဖြစ်သည်။ သို့သော် အိမ်တွင်းရေးအခြေအနေ မရှုပ်ထွေးစေရန်ကိုမူ သတိထားသင့်သည်။ မုဆိုးမတစ်ဦး (၎င်း၏မိခင်ဖြစ်နိုင်သည်) က မှန်ကန်သော အကြံဉာဏ်များပေးလာမည်ဖြစ်သဖြင့် သူမထံ အလည်အပတ်သွားသင့်ကြောင်း ပြဆို၏။

လုပ်ငန်းခွင်မှ အပြုအမူရိုင်းစိုင်းသော လူငယ်တစ်ဦးသည် ဖေါက်သည်၏အတိတ်ဘဝ စာတ်လမ်းမြုပ်ကွက်ကို ဖေါ်ထုတ် အနှောင့်အယှက်ပြုခြင်းကြောင့် စိတ်ဆင်းရဲမှုကြုံရန်ရှိသည်။ ထို့နောက်တွင်မူ ဖေါက်သည်၏ဘဝသည် ငြိမ်းချမ်းသာယာမှု ရှိလာမည်။ တစ်ဆက်တည်းပင် လုပ်ငန်းဟောင်းနှင့်ပတ်သက်သော အရှုပ်အရှင်းများကို စာပေးစာယူ အတန်တန်ပြုပြီးနောက် ပြေလည်သွားစေမည်။


ဆံပင်အရှောင်ဖျော့သော အမျိုးသမီးထံမှ လက်ဆောင်အချို့ ဝမ်းမြောက်ဖွယ်လက်ခံရရှိမည်။ သို့သော် သူမကြောင့်ပင် ပြဿနာအချို့ပေါ်ပေါက်မည်။ ဖေါက်သည်ချမှတ်မည့် ဆုံးဖြတ်ချက်အသစ်များကြောင့် စိမ့်ကိန်းအချို့ အပြောင်းအလဲဖြစ်မည်။ ကြာရှည်လေးမြင့်စွာ စောင့်စားနေရသော စာတစ်စောင်လက်ခံရရှိခြင်းသည် သူ၏ဘဝအပေါ် ယုံကြည်စိတ်ချမှု တိုးပွားလာမည်။ လက်စွပ်တစ်ကွင်းအကြောင်း ဖေါ်ပြနေလေရာ လက်ထပ်လက်စွပ်ဖြစ်နိုင်၏။

ပစ္စုပ္ပန်အခြေအနေအရ ဖေါက်သည်တွင် ဘဝအကျပ်အတည်းနှင့် လူပုဂ္ဂိုလ်ဆန့်ကျင်မှု အခက်အခဲများနှင့် ကြုံတွေ့နေရမည်ဖြစ်သော်လည်း ရေရှည်တွင် အခြေအနေအားလုံး ကောင်းမွန်လာမည်ဟု ယုံကြည်စိတ်ချထားရန်သာ ရှိလေသည်။

## ကြယ်ကြီးဖြန့်ကြက်မှုပုံစံ

အစဉ်အလာအရသုံးစွဲသော ကြယ်ပုံစံ ဖြန့်ကြက်မှုအနက် ဤကြယ်ကြီးပုံစံသည် အသေးစိတ် အကျဆုံးဖြစ်သည်။ ဖဲချပ် ၃၂ ချပ်ကို အသုံးပြုရမည်။ ဖေါက်သည် ဖဲချပ် (c) ကို ရွေးချယ်ပြီး ပုံစံအလယ်တွင် လှန်ထားရမည်။ ထို့နောက် ဖဲထုပ်ကိုကုလားဖန်ထိုးပြီး အပုံသုံးပုံ ခွဲခြားထားရမည်။ မှောက်ထားသော အပုံသုံးပုံမှ ဖဲတစ်ချပ်စီယူပြီး တစ်ချပ်ခြင်း၊ ပြီးနောက် ပေါင်းစပ်ဖတ်ကြားရမည်။ ၎င်းဖဲချပ်များ (a,b,c) ကို ပြကိန်းများဟုခေါ်ပြီး၊ ဗေဒင်ဟောကြားချက်၏ အခြေအနေနှင့် အလားအလာကို ထင်ဟပ်နေသည်။ ၎င်းတို့ကို လက်ဝဲထောင့်တစ်နေရာ၌ ဖြန့်ကြက်ထားရှိရန်လို၏။

ဖဲထုပ်ကို ကုလားဖန် တစ်ဖန်ပြန်ထိုးပြီး အောက်တွင်ပြထားသော ပုံစံအတိုင်း ဖဲချပ်များကို ထားရှိရမည်။ ဖေါက်သည်ဖဲချပ်အပေါ်မှ ဖဲချပ်သုံးချပ်ပါအတွဲကို စတင်စစ်ဆေးဟောကြားရမည်။ ထို့နောက် လက်ဝဲရစ်ဖြင့် အတွဲလိုက်စစ်ဆေးဟောကြားရန် ဖြစ်သည်။ နောက်ဆုံးတွင် ဖြန့်ကြက်မှုပုံစံတစ်ခုလုံးကို ဆက်စပ်ကြည့်ရှုပြီး ဗေဒင်ဟောကိန်း အကျဉ်းချုပ် ဟောဆိုရန်ဖြစ်ပေ၏။






## အဓိပ္ပါယ်ဖွင့်ဟောကြားချက်များ

ဖေါက်သည်ဖဲချပ်မှာ ချွန်းကွင်း (c) ဖြစ်သည်။ သတိပြုရမည့် အထူးပေါင်းစပ်မှုအတွဲမှာ ရှစ်ဖဲနှစ်ချပ် (၉, ၁၇)၊ ကွင်းဖဲနှစ်ချပ် (၁၃, ၂၁) နှင့် တစ်ဖဲနှစ်ချပ် (၈, ၁၆) တို့ဖြစ်သည်။

ပြကိန်းဖဲချပ်များ (a,b,c) အရ ဖေါက်သည်တွေ့ကြုံရမည့်ပြဿနာများသည် ကြာရှည်မတည်ကြောင်း ဗေဒင်မေးလာသူ အမျိုးသမီးသည် ဆံပင်အနက်ရောင်လူရွယ်တစ်ဦးနှင့် ပတ်သက်လာမည်ကိုပြဆို၏။

ဖဲချပ် ၁,၉ နှင့် ၁၇ အရ ဆံပင်အနက်ရောင်လူငယ်တစ်ဦးနှင့် ဆက်နွယ်ပြီး ပြကိန်း ဖဲချပ်များက ပြဆိုသည့်အချက်နှင့်ဆီလျော်စွာ ဝမ်းသာကြည်နူးမှုနှင့် ချစ်ခြင်းမေတ္တာ အရသာခံစားရမည်ကို ပြဆိုသည်။ ကြိုဆိုအပ်သော အံ့အားသင့်ဖွယ်ဖြစ်ရပ်အဖြစ် အားလပ်ရက်ရရှိ ခံစားရမည်။

ဖဲချပ် ၂, ၁၀ နှင့် ၈ အရ သတင်းဆိုးတစ်ရပ်ကြောင့် အငြင်းပွားမှု မပြေလည်မှု ဖြစ်ပေါ်စရာရှိသည်။ သို့သော် ပြင်းထန်မှုရှိမည်ကား မဟုတ်ပါ။ ဖဲချပ် ၃, ၁၁ နှင့် ၁၉ တို့က လှုပ်ရှားမှုအရေးကြီးသောပြောင်းလဲချက်နှင့် ခရီးယာယီပြဆိုနေသည်။ ၎င်းတိုးတက်မှုတွင် ဆံပင်နက်သော အမျိုးသမီးတစ်ဦးသည် မိတ်ဆွေကောင်းတစ်ဦးအဖြစ် ထင်ရှားလာမည်ဖြစ်၏။

ဖဲချပ် ၄, ၁၂ နှင့် ၂၀ အရ အိမ်ထောင်စုပြင်ပတွင် ဖြစ်ပွားသော သစ္စာမဲ့မှုနှင့် လိမ်လည်မှုဖြစ်ရပ်များကြောင့် အိမ်တွင်းရေးကို အမဲရိပ်ယှက်သန်းမည်။ သို့သော် သူငယ်ချင်းတစ်ဦး၏ လက်ထပ်မင်္ဂလာကိစ္စကြောင့် လမ်းလွှဲသက်သာသွားမည်။ ဖဲချပ် ၅, ၁၃ နှင့် ၂၁ တို့က ဖေါက်သည်အဖို့ သူငယ်ချင်းပြဿနာအတွက် စိတ်ပူပန်နေရကြောင်း အသက်အရွယ်ကြီးရင့်သော မိန်းမ (ဖြစ်နိုင်သည်မှာ မုဆိုးမတစ်ဦး)ခံစားနေရသော စိတ်ဆင်းရဲမှုက ဂယက်ရိုက်လာခြင်းဖြစ်မည်။

ဖဲချပ် ၆, ၁၄ နှင့် ၂၂ အရ အသေးအဖွဲ နာဖျားမှုခံစားရပြီးနောက် ဖေါက်သည်၏ ဘဝအခြေအနေ တိုးတက်လာမည်။ ထို့အပြင် ငွေရေးကြေးရေးဆိုင်ရာ သတင်းကောင်းသယ်ဆောင်သော စာတစ်စောင် လက်ခံရရှိမည်ကို ပြဆိုသည်။ ဖဲချပ် ၇, ၁၅ နှင့် ၂၃ တို့က ရက်ရောသော ဆံပင်အရောင်ခပ်ဖျော့ဖျော့ရှိသော အမျိုးသားတစ်ဦးကို ပြဆိုသည်။ သွားပုပ်လေလွင့် အတင်းအဖျင်းဖြင့် နာမည်ပျက်မည့်ကိန်းဆိုက်နေသော ဖေါက်သည်အား ထိုပြဿနာမှလွတ်မြောက်အောင် အကူအညီပေးမည့် ဆံပင်အနက်ရောင် အမျိုးသားတစ်ဦးကိုလည်း ပြဆိုနေသည်။ ဖဲချပ် ၈, ၁၆ နှင့် ၂၄ တို့က ငွေရေး ကြေးရေးဆိုင်ရာ သတင်းကောင်းနှင့် အိမ်တွင်းလုံခြုံမှုရရှိမည့်အရေးကို ပြဆိုနေလေ၏။

အထက်ပါပြဆိုချက်များကို ချုပ်ရသော် ဗေဒင်မေးလာသူအမျိုးသမီးသည် အိမ်တွင်းရေးနှင့် အိမ်ထောင်ရေးကိစ္စကိုသာ အဓိကစိတ်ဝင်စားကြောင်း တွေ့ရမည်။ သူမသည် စိတ်ချမ်းသာမှုအတွက် ကြိုးစားနေသည်။ သို့သော် ဘဝဟူသည် အတက်အကျရှိကြောင်း နှလုံးသွင်းထားရန် လိုအပ်နေသည်။ သူမတစ်ချိန်က တွေးထင်ထားသလို သူမနှင့် အနီးကပ်ရှိနေသူပုဂ္ဂိုလ်များနှင့် ဆက်ဆံရေးမှာ လွယ်ကူချောမွေ့ရန်မှာ မလွယ်ကူကြောင်း။ ထို့ကြောင့် သိသာသောအပြောင်းအလဲများကို မျှော်လင့်ထားသင့်သည်။ သူမခေါင်းအပေါ် ပြဿနာသယ်ယူပုံချမည့် မိတ်ဆွေများနှင့်လည်း ဧကန်တွေ့ကြုံရပေဦးမည်။ သာမန်ဖျားနာမှုများကိုလည်း ကြိုလင့်ထားသင့်သည်။ သည့်အပြင်ကား သူမ၏ အနာဂတ်အခြေအနေမှာ အလားအလာကောင်းမွန်ပါသည်။ သူမ၏ စီးပွားရေးနှင့် အိမ်တွင်းရေးအခြေအနေများ အမှန်တိုးတက်ကောင်းမွန်လာမည်ကို မျှော်လင့်ထားနိုင်မည်ဖြစ်၏။

# အိပ်မက်ဖတ်၍ဟောနည်း ၁ Oneiromancy 1

လူတိုင်း အိပ်မက်-မက်ကြသည်။ သို့သော် အိပ်မက်တိုင်းသည် အနာဂတ်ကို ကြိုတင်ဟောပြောနိုင်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏အိပ်မက်များထဲမှ မည်မျှသည် အသိစိတ်နှင့်မသိစိတ်မှလာသည်ဆိုသည်ကို Frcudနှင့် အခြားစိတ်ပညာရှင်များက ဟိုယခင်ကပင် ဖေါ်ပြခဲ့ကြသော်လည်း ကြိုတင်သိမြင်နိုင်သောအိပ်မက်များသည် မဖြစ်နိုင်ဟု Aristotle က ငြင်းဆိုခဲ့သည်။ သို့သော်လည်း ကြိုတင်သိမြင်နိုင်သောအိပ်မက်များအတွက် ခိုင်လုံသော သက်သေအကြောင်းအရာများရှိပြီး ၎င်းတည်ရှိမှုကို ရုတ်တရက် မပယ်ရှားနိုင်ခဲ့ချေ။ (Abrahan Linwln ၏ လုပ်ကြံခံရမှုအိပ်မက်သည် အလွန်ကျော်ကြားခဲ့သည်။)

### အိပ်မက်ဖတ်၍ဟောနည်း

အိပ်မက်နိမိတ်ကို ကမ္ဘာအနှံ့သိခဲ့ကြသော်လည်း မည်သည့်အချိန်မှစခဲ့သည်ကိုမူ မည်သူမျှ မပြောနိုင်ခဲ့ကြပေ။ သို့သော် အနာဂတ်နှင့်ဆိုင်သောအိပ်မက်များ၏ မှတ်တမ်းနှင့် အဓိပ္ပါယ်ပြန်ဆိုချက်များသည် ရှေးယခင်ကပင် တည်ရှိခဲ့သည်။ ရှေးအကျဆုံးတည်ရှိနေဆဲ အိပ်မက်ပေါင်းချုပ်စာအုပ်နှင့် အဓိပ္ပါယ်များကို Artemidonis ၏ Epheis က ၂ ရာစုနှစ်က စုဆောင်းရေးသားခဲ့ပြီး ၎င်းကို ၁၇ ရာစု နှစ်တွင် အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သည်။ ၁၈၀၀ ခုနှစ်မတိုင်မီ ၃၂ ကြိမ်တိုင် ပြန်လည်ရိုက်နှိပ်ခဲ့၍ Frcud က သူ၏ သုတေသနလုပ်ငန်းတွင် အသုံးပြုခဲ့ပြီး ယခုတိုင်အောင် ယနေ့ရရှိနိုင်သော အိပ်မက် အဘိဓာန်များအဖြစ် တည်ရှိစေခဲ့သည်။

### အိပ်မက်အဓိပ္ပါယ်ပြန်ဆိုချက်

အိပ်မက်ကို ပို၍ကြည်ကြည်လင်လင်မှတ်မိလေ ပိုထူးခြားလေဖြစ်သည်။ သို့သော် အိပ်မက်ရုပ်ပုံသည် အသိစိတ်မှတ်ဉာဏ်မှ လျင်မြန်စွာပျောက်ကွယ်သွားခဲ့သော် အိပ်ရာအနီးတွင် စာရွက်နှင့်ခဲတံကိုထားပြီး အိပ်ရာမှနိုးလျှင်နိုးချင်း အိပ်မက်ကိုရေးချခြင်းဖြင့် အသေးစိတ်အချက်အလက်များ မမေ့နိုင်တော့ပေ။ ကြိုတင်သိမြင်နိုင်မည့်အိပ်မက်ဟု ထင်လျှင် ပိုင်းခြား၍ စဉ်းစားဆင်ခြင်သင့်သည်။ နေ့စဉ်အဖြစ်အပျက်နှင့် ဆက်စပ်မှုကို လျစ်လျူရှုပါ။ ဥပမာ- သင်သည် မနက်တိုင်း ရထားနှင့်အလုပ်သွားလျှင် အိပ်မက်တွင်ပေါ်လာသောရထားသည် အဓိပ္ပါယ်ထူးခြားမှုမရှိပါ။ မကြာသေးမီကနှင့် ကလေးဘဝကအဖြစ်အပျက်များအကြောင်း အိပ်မက်-မက်ခဲ့သော် ၎င်းအိပ်မက်အပိုင်းကို လျစ်လျူရှုပါ။ ကျန်ရှိသောအိပ်မက်အပိုင်းများကို အိပ်မက်အဘိဓာန် အသုံးပြု၍ အဓိပ္ပါယ်ပြန်ဆိုပါ။ ထင်ထင်ရှားရှားမှတ်မိသော အိပ်မက်မှစ၍ပြန်ဆိုပါ။ နောက်ဆုံး အသေးစိတ် အချက်အလက်များအပါအဝင် အဓိပ္ပါယ်အားလုံးပြန်ဆိုပါ။

### မည်သည့်အိပ်မက်အမျိုးအစားနည်း

အနာဂတ်ကို ကြိုတင်ဟောပြောနိုင်သော အိပ်မက်များသည် မနက် ၃ နာရီနှင့် ၇ နာရီအကြားတွင် မက်တတ်သည်။ ၎င်းအချိန်အတွင်းတွင် ခန္ဓာကိုယ်သည် အစာကျေခြင်းပြီးဆုံးပြီး စိတ်ရောကိုယ်ပါ အနားရနေသည်။ အနာဂတ်ကို ကြိုတင်မဟောပြောနိုင်သော အိပ်မက်များတွင် အောက်ပါတို့ပါဝင်သည်။

(က) ညဦးယံတွင်မက်သော အိပ်မက်များ


(ခ) အစာမကျေခြင်း (သို့) ဖျားနာခြင်းကြောင့်မက်သော အိပ်မက်များ



(ဂ) ပြင်ပအကြောင်းအရာများကြောင့် ဥပမာ - ဆူညံခြင်း၊ အပူချိန်၊ အိပ်ပျော်နေသော အနေအထား စသည်တို့ကြောင့် မက်သောအိပ်မက်များ

(ဃ) စိတ်အနှောင့်အယှက်ဖြစ်စေသောစာအုပ် ရုပ်မြင်သံကြားအစီအစဉ် စသည်တို့ကြောင့် မက်သောအိပ်မက်များ

(င) လွန်ခဲ့သောနေ့နှင့် သက်ဆိုင်သော အဖြစ်အပျက်များကြောင့် မက်သောအိပ်မက်များ




### အိပ်မက်နိမိတ်များကို အမျိုးအစားခွဲခြားခြင်း

(က) ချွန်ထက်သောအသွားရှိသည့် အရာဝတ္ထုများ ဥပမာ - အိပ်ဆောင်ဓါး၊ ကပ်ကျေး၊ ဓါး စသည်တို့သည် မကောင်းသတင်းကြားရမည့် နိမိတ်ဖြစ်သည်။

(ခ) စင်ကြယ်တောက်ပသောအရာဝတ္ထုများသည် ကံကောင်းမည့်နိမိတ်ဖြစ်ပြီး ညစ်ပေမှုန်မှိုင်းသောအရာဝတ္ထုများသည် ကံဆိုးမည့်နိမိတ်ဖြစ်သည်။

(ဂ) အပေါ်သို့တက်ခြင်း ဥပမာ - လှေကား၊ အပေါ်ထပ်၊ ကြိုး၊ စက်လှေကားတို့သည် အောင်မြင်ခြင်းလက္ခဏာဖြစ်ပြီး အောက်သို့ဆင်းခြင်း (သို့) ကျခြင်းသည် ပြောင်းပြန် (သို့) ကျဆုံးခြင်းလက္ခဏာဖြစ်သည်။ အမြင့်သို့တက်လေ အောင်မြင်မှုကိုရလေဖြစ်ပြီး အောက်သို့ကျလေ တိုးတက်မှု ဆုတ်ယုတ်လေဖြစ်သည်။

(ဃ) ပွဲလမ်းသဘင်အိပ်မက်များသည် ကံကောင်းခြင်း (သို့) ကံဆိုးခြင်းကို ဖေါ်ပြသည်။ အကယ်၍ ရေဒီယို (သို့) ရုပ်မြင်သံကြားအစီအစဉ် ရုပ်ရှင် (သို့) ပြဇာတ်များတွင် ပါဝင်ပျော်ရွှင်ရလျှင် ကောင်းသောနိမိတ်ဖြစ်ပြီး ငြီးငွေ့ခြင်း (သို့) ပျော်ပြေတင်ဆက်မှုကို ပယ်ဖျက်ခြင်း (သို့) မနှစ်သက်သောအရာကို မြင်တွေ့မိခြင်းဖြစ်လျှင် မကောင်းသော နိမိတ်ဖြစ်သည်။

(င) ပုံပန်းသဏ္ဌာန်နှင့် ပါဝင်မှုပေါ်မူတည်ပြီး အချို့အိပ်မက်များသည် အကျိုးရှိသောအနာဂတ်နှင့် အကျိုးမရှိသောအနာဂတ်ကို ဖေါ်ပြသည်။ ဥပမာ - ပြည့်နေသောကြောင်အိမ်သည် ပေါများခြင်းကို ဖေါ်ပြပြီး လွတ်နေသောကြောင်အိမ်သည် လိုအပ်ခြင်းကို ဖေါ်ပြသည်။ ထိုနည်းတူ ဖြည်းညင်းစွာ စီးဆင်းနေသောရေသည် ကံကောင်းခြင်းကို ဖေါ်ပြပြီး ကြမ်းတမ်းစွာ စီးဆင်းနေသောရေသည် အခက်အခဲများကို ဖေါ်ပြသည်။ မည်းနက်သောရေသည် ကံဆိုးခြင်းကို ဖေါ်ပြသည်။

အခြားနှိုင်းယှဉ်ပြောင်းလဲနိုင်သော အိပ်မက်များ၏ အဓိပ္ပါယ်ပြန်ဆိုခြင်းများတွင် အောက်ပါတို့ပါဝင်သည်။

| | | | |
|---|---|---|---|
| လေ | ရိက္ခာသိုလှောင်ခန်း | မြက် | အပင် |
| ငွေတိုက် | မိုးတိမ် | ဈေးတောင်း | လမ်း |
| စဉ် | ခွက် | အသီးအပွင့်ဆွတ်ခူးချိန် | ကောင်းကင် |
| ဖလား | အရက် | မြေပုံကား | အနံ့အသက် |

| | | | |
|---|---|---|---|
| တံတား | တိရစ္ဆာန်မွေးမြူရာမြေကွက် | စာများ | ကောက်ရိုး |
| တံမြက်စည်း | လယ်ကွက် | ဈေး | နွယ်ပင် |
| လှောင်အိမ် | ဥယျာဉ် | ကျက်သရေခန်း | ကုန်လှောင်ရုံ |
| တူးမြောင်း | မှန် | နည်းလမ်း | ရစ်ပတ်ခြင်း |

(စ) အိပ်မက်ထဲတွင် တားဆီးပိတ်ပင်ခံရခြင်းသည် အကျဉ်းအကျပ် အခက်အခဲ ရင်ဆိုင်ရခြင်းကို ဖေါ်ပြသည်။ ဥပမာ - အလွယ်တကူပွင့်သောတံခါးတစ်ချပ်သည် သေးငယ်သောအခက်အခဲများကို ဖေါ်ဆောင်ပြီး တံခါးမပွင့်လျှင် မကျော်လွှားနိုင်သောအတားအဆီးများကို ဖေါ်ဆောင်သည်။ အခြားအတားအဆီး အိပ်မက်များတွင် အောက်ပါတို့ပါဝင်သည်။

| | | | |
|---|---|---|---|
| မျောက် | ရေကာတာ | ကျွန်း | ရှန်းကန်ခြင်း |
| ဖိနပ်မပါဘဲ | အဖုံးအအုပ် | ခုန်လွှားခြင်း | ရဲတိုက် |
| ထွက်ပြေးသည် | စာမေးပွဲ | ဝက်ပါ | ကုန်ကူးခြင်း |
| Canyon | တံတိုင်း | ပိတ်ဆို့ခြင်း | လှို |
| ဥမင် | ရေကြီးခြင်း | တောင် | လမ်းလျှောက်ခြင်း |
| နက်စောက်သောဂူ | မင်းတံခါး | ထောင် | နံရံ |
| ကျောက်ထရံ | ကြံရာမရဖြစ်၏ | မေးခွန်းများ | ပြတင်းပေါက် |
| တောင်ဝှေး | ခြစည်းရိုးကာခြင်း | ဘက်ပြိုင်ခြင်း | |
| ရေမြောင်း | ကုန်းမြင့် | ကျောက်ဆောင် | |
| အံဆွဲ | အမဲလိုက်ခြင်း | အပ်ချုပ်ခြင်း | |

(ဆ) အချို့အိပ်မက်များကို ဆန့်ကျင်ဘက်အိပ်မက်များအဖြစ် မှတ်ယူသည်။ ဆိုလိုသည်မှာ အိပ်မက်နှင့်ပြောင်းပြန်ဖြစ်သည်ဟု အဓိပ္ပါယ်ရသည်။ စိတ်ဆင်းရဲခြင်းနှင့် ငိုယိုခြင်း အိပ်မက်ကို ပျော်ရွှင်ခြင်းနိမိတ်အဖြစ် မှတ်ယူသည်။ အခြားဆန့်ကျင်ဘက်အိပ်မက်များတွင် အောက်ပါတို့ပါဝင်သည်။


| | | |
|---|---|---|
| | | ဆုံးရှုံးခြင်း/အမြတ်ရခြင်း |
| ထင်ပေါ်ခြင်း/ဆုတ်ယုတ်ခြင်း | တိုက်တွန်းခြင်း/အားလျော့စေခြင်း | စည်းစိမ်ရှိခြင်း/နွမ်းပါးခြင်း |
| ငြိမ်သက်ခြင်း/နှောင့်ယှက်ခြင်း | ကြောက်ရွံ့ခြင်း/ရဲရင့်ခြင်း | ချင်ခင်ခြင်း/ခိုက်ရန်ဖြစ်ခြင်း |
| ဝေဖန်ခြင်း/အလေးထားခြင်း | ယုတ်ညံ့ခြင်း/သာလွန်ခြင်း | ပျော်ရွှင်ခြင်း/နှောင်တရခြင်း |

**အီဂျစ်လူမျိုးအိပ်မက်များ**

ပုံ (၁) အစောဆုံးရေးသားထားသော အိပ်မက်မှတ်တမ်းများနှင့် အဓိပ္ပါယ်ပြန်ဆိုချက်များသည် ၁၂၅၀ ဘီစီ ကျူစာဖြစ်သည်။ ၎င်းတွင် အချို့အိပ်မက် ၂၀၀ ကို မှတ်တမ်းတင်ထားပြီး သိမ်းငှက်ခေါင်းပုံ နတ်ဘုရား Honus ယဇ်ပုရောဟိတ်၏ အဓိပ္ပါယ်ပြန်ဆိုချက်များအရ ဖြစ်သည်။

ပုံ (၂) ကမ္ဘာဦးကျမ်းစာအုပ်အရ Pharaoh ၏အနာဂါတ်ကို ကြိုတင်ဟောပြောနိုင်သော ဆူဖြိုးသည့်နွား ၇ ကောင်နှင့် ယိမ်းယိုင်နေသည့် နွား ၇ ကောင် အိပ်မက်ကို Joseph က အီဂျစ်၏ အနာဂတ်သည် ၇ နှစ် ဝပြောပြီး ၇ နှစ် ယိမ်းယိုင်မည်ဟု ဟောကာ တိကျစွာ အဓိပ္ပါယ်ပြန်ဆိုခဲ့သည်။ ဤအိပ်မက်သည် အလယ်ခေတ်ကာလပညာသည်များနှင့် လူကြိုက်များသောအကြောင်းအရာဖြစ်ခဲ့ပြီး ဥပမာအနေနှင့် ၁၃ ရာစု ပြင်သစ်ကျမ်းစာတွင် ဖေါ်ပြထားခြင်းဖြစ်သည်။



1


2


# အိပ်မက်ဖတ်၍ဟောနည်း ၂ Oneiromancy 2

| | |
|---|---|
| ဆိုးသွမ်းခြင်း | - ကိုယ်တိုင်ဆိုးသွမ်းလျှင် - ဒုက္ခများကုန်ဆုံးလိမ့်မည်။ |
| | - အခြားသူဆိုးသွမ်းလျှင် - ဒုက္ခရောက်လိမ့်မည်။ |
| တောရကျောင်း | - နေ့ဘက်တွင်မြင်လျှင် - ကံကောင်းမည်။ |
| | - ညဘက်တွင်မြင်လျှင် - ယာယီစိတ်သောကရောက်တတ်သည်။ |
| ဝမ်းဗိုက် | - ဝမ်းဗိုက်နာလျှင် - ကျန်းမာရေးကောင်းမည်။ |
| | - ဝမ်းဗိုက်ဖေါင်းပြလျှင် - သစ္စာဖေါက်မည်။ |
| နိုင်ငံခြား | - နိုင်ငံခြားသွားရလျှင် - ပြောင်းလဲခြင်း၊ မြှောက်တင်ခြင်းခံရမည်။ |
| | - တခြားသူသွားလျှင် - ရန်သူများကို ကျော်လွှားနိုင်မည်။ |
| ပျက်ကွက်ခြင်း | - သူငယ်ချင်း (သို့) ချစ်သူအဖြစ်မှ - စိတ်လှုပ်ရှားမှုဆိုင်ရာ အခက်အခဲများကြုံမည်။ |
| မတော်တဆဖြစ်ခြင်း | - အသင့် သတိရှိပါ။ |
| စာရင်းမှတ်ခြင်း | - ငွေရေး ကြေးရေးသတိပြုပါ။ |
| ချဉ်သောအရာ | - ကတိပျက်တတ်သည်။ |
| ဝက်သစ်ချသီး | - ကံကောင်းမည်၊ ဝမ်းသာပျော်ရွှင်ရမည်။ |
| ခုန်လွှား ကျွမ်းထိုးခြင်း | - မတော်တဆထိခိုက်မှုကို သတိပြုပါ။ (အထူးသဖြင့် ခရီးသွားစဉ်) |
| လှုပ်ရှားပါဝင်ခြင်း | - ကိုယ်တိုင် - ယာယီဒုက္ခကြုံရတတ်သည်။ |
| | - အခြားသူ - ခရီးသွားရမည်။ |
| ရေတပ်ဗိုလ်ချုပ်၊ ၎င်းဗိုလ်ချုပ်စီးသည့်သင်္ဘော | - ပေါင်းသင်းဆက်ဆံရေး အောင်မြင်မည်။ |
| သူ့မယားကို ပြစ်မှားခြင်း | - ပြစ်မှားမိလျှင် - သူငယ်ချင်းမှ သစ္စာဖေါက်မည်။ ပြစ်မှားခြင်းမှ ရှောင်ကြဉ်နိုင်လျှင် ပျော်ရွှင်ရမည်။ |
| စွန့်စားခြင်း | - ကံကောင်းမည်။ |
| ကြော်ငြာခြင်း | - ကြော်ငြာကပ်ရလျှင်- စဉ်းစားချင့်ချိန်နေခြင်းကိုရှောင်ပါ။ |
| | - ကြော်ငြာဖတ်ရလျှင် - အကြံအစည်များကို အကောင်အထည်ဖေါ်ရလိမ့်မည်။ |
| အချို့ပိုးမွှားများရှိ ချိုကဲ့သို့သောအမှင် | - ငွေပိုလျှံမည်။ |
| အသက် | - မိမိ အသက်ကြီးသွားသည် - နေမကောင်းဖြစ်မည်။ |
| | - အခြားသူအသက်ကြီးသွားသည် - ကံကောင်းမည်။ |
| ပြင်းစွာနာကျင်ပူဆွေးခြင်း | - ကြီးစွာသော အားရွှင်လန်းမှုကိုရမည်။ |
| လေယာဉ်ပျံ | - သတင်းကောင်းကြားရမည်၊ ငွေကြေးနှင့်ဆိုင်သောအကျိုးရရှိမည်။ |
| နှိုးဆော်ခြင်း | - စိတ်လှုပ်ရှားမည်၊ အကျိုးရှိစေသောအချိန်များ ရရှိမည်။ |
| အရက် | - သင့်ရုံသောက်လျှင် - အောင်မြင်မည်။ |
| | - လွန်ကဲစွာသောက်လျှင် - နှောင့်ယှက်တားဆီးခံရမည်။ |



| | |
|---|---|
| နိုင်ငံခြားသား | - သူငယ်ချင်းအသစ်ရမည်၊ အဓိကအပြောင်းအလဲများ ဖြစ်မည်။ |
| မိကျောင်း | - ရန်သူကို သတိပြုပါ။ |
| ဗာဒံသီး၊ ဗာဒံပင် | - ကံကောင်းမည်။ |
| ခါးသောဗာဒံသီး | - သတိပေးခြင်း နိမိတ်ဖြစ်သည်။ |
| အက္ခရာစာလုံး | - သတင်းကောင်းကြားရမည်။ |
| ယဇ်ပူဇော်ရာပလ္လင် | - စိုးရိမ်မှုမှ ကင်းလွတ်မည်။ |
| လူနာရထား | - အဓိကမျှော်လင့်ချက်များ ပြည့်ဝမည်။ |
| ခြေလက်အင်္ဂါများဖြတ်တောက်ခြင်း | - ကိုယ်တိုင်ခံရလျှင် - အသုံးဝင်သော အကျိုးအမြတ်တစ်ခုကိုရရှိမည်။ |
| | - တခြားသူခံရလျှင် - တားဆီးပိတ်ပင်ခြင်းခံရမည်။ |
| ဘိုးဘွား | - မမျှော်လင့်သော ဂုဏ်ပြုမှုကို ရရှိမည်။ |
| ကျောက်ဆူး | - ချွေတာသုံးစွဲရမည်။ |
| နတ် | - ကာကွယ်ပေးမှု၊ အောင်မြင်မှု၊ ပျော်ရွှင်မှုကို ရရှိမည်။ |
| အိမ်မျက်ဒေါသ | - ရဲစွမ်းသတ္တိအလျှောက် ဆောင်ရွက်ရမည်၊ အသုံးဝင်သော အထောက်အကူကို ရရှိမည်။ |
| တိရစ္ဆာန် | - သိမ်မွေ့ခဲ့လျှင် - အလုပ်များခြင်းပြီးဆုံးမည်။ |
| | - ရန်လိုခဲ့လျှင် - အလုပ်များခြင်းမပြီးစီး။ |
| ခြေမျက်စိ | - မိမိ - ပြင်းထန်စွာဆောင်ရွက်ပြီး အောင်မြင်မည်။ |
| | - မျိုးတူလူ - ပြဿနာများ ဖြေရှင်းနိုင်မည်။ |
| | - မျိုးမတူလူ - မိုက်မဲသောအရေးကိစ္စကို ဆောင်ရွက်လိမ့်မည်။ |
| အဟောင်း | - အဟောင်းကိုမြင်သော် - အိမ်တွင်းပျော်ရွှင်မှုရမည်။ |
| | - အဟောင်းကိုပယ်သော် - အဆုံး၌ အမွေခံရမည်။ |
| | - အဟောင်းကိုရောင်းခဲ့သော် - ငွေမချေးပါနှင့်။ |
| ပရွက်ဆိတ်များ | - အကျိုးရှိသော ပြောင်းလဲမှုများဖြစ်ပေါ်မည်။ |
| | - ပရွက်အိမ်ဆောက်လျှင် - အလုပ်ကြိုးစားရပြီး ရှေ့တွင်ပျက်စီးစေသည်။ |
| | - ခြေထောက်ပေါ်တက်လျှင် - ပျော်ရွှင်ရမည်။ |
| ပေ - ပန်းဘဲပေ | - ကြီးစွာကံကောင်းမည်။ |
| မျောက်လွှဲကျော် | - အကျိုးပျက်စီးစေမည်။ |
| အဝတ်အစားမပေရန် ကိုယ်ရှေ့က ဖုံးလွှမ်းရသောအထည် | - ဝင်ငွေတိုးတက်ရရှိမည်။ |
| ရုံး (ပေါင်းကူး) | - မပျက်စီးသော် - လောလောဆယ် ကြိုးပမ်းမှုအောင်မြင်မည်။ |
| | - ပျက်စီးနေသော် - ဦးတည်ချက်ပြောင်းလဲရန်လိုသည်။ |
| လက်၊ လက်ရုံး | - နှစ်သက်ဖွယ် ပေါင်းသင်းရမည်။ |
| စစ်သည်တပ် | - ရှေ့တွင် တားဆီးပိတ်ပင်ခြင်းခံရမည်။ |
| မြား | - မြားဒဏ်ရာရသည်၊ သစ္စာဖေါက်မည်။ |
| | - ကျိုးနေသောမြား - စပ်ဆိုင်မှုပြိုကွဲမည်။ |
| လက်မှုပညာသည် | - အချိန်ကုန်လိမ့်မည်။ |

ပြာ၊ အလောင်း – (တိုးတက်ရာ ကန့်ကွက်ခြင်း၊ နောက်ဆုတ်ရခြင်း)
– မီးသင်္ဂြိုဟ်ခြင်းမှရသော ပြာ – မမျှော်လင့်သော အမွေဆက်ခံရမည်။
– အလောင်းချည်းသက်သက် – ငွေကြေးအခက်အခဲတွေ့မည်။

မြေပုံစာအုပ် – ခရီးသွားရမည်။
အိမ်အပေါ်ဆုံးအထပ် – မရည်ရွယ်ဘဲ ရှုတ်ယှက်ခတ်နေမည်။
ကျမ်းပြုဆရာ – စိတ်ဝင်စားမှုကြီးမားမည်၊ သို့သော် သူတစ်ပါးအား ငွေမချေးပါနှင့်။

တောင်ပေါ်မှကျလာသော ရေခဲ နှင်းခဲ –
တစ်ဦးတစ်ယောက်မှမြင်လျှင် – ရှေ့တွင် ကြီးမားသောတားဆီးပိတ်ပင်မှုရှိမည်။
တစ်ဦးတစ်ယောက်က ဖုံးကွယ်လျှင် – ကံကောင်းမည်။
အခြားလူများ ဖုံးကွယ်ခြင်းခံရလျှင် – ပတ်ဝန်းကျင်ပြောင်းလဲမည်။
စီရင်ဆုံးဖြတ်ခြင်း – ကံကောင်းမည်။

ကလေး – တပ်မက်ဖွယ်ကလေး – သူငယ်ချင်းကောင်းများရမည်။
– ရုပ်ဆိုးသော် – သူငယ်ချင်းများ သစ္စာဖေါက်မည်။
– အကူအညီမဲ့သော် – ရှေ့တွင် အခက်အခဲများကြုံမည်။
– လမ်းလျှောက်ခြင်း – ရုတ်တရက်လွတ်လပ်မှုရရှိမည်။
– ကလေးများ – ကျေနပ်မှုရရှိမည်။

ကျောဘက်/ကျောကုန်း – အဖုံးအအုပ်မရှိလျှင် – အခြေအနေများဆုံးရှုံးမည်။
– မိမိနောက်ကျော – ပြဿနာများ ပျောက်ကွယ်မည်။

တံဆိပ် – လုံခြုံမှုရှိမည်။

အိတ် – စက္ကူ – ငွေကြေး အခက်အခဲရှိမည်။
– အဝတ် – ငွေကြေးတိုးတက်မှုရှိမည်။
– သားရေ – ခရီးသွားရမည်။

မုန့်ဖုတ်ခြင်း – အနာဂတ်တွင် တိုးတက်မှုရှိမည်။
ဆံပင်ရိတ်ခြင်း – မိမိဆံပင်ရိတ်ခြင်း – ကျန်းမာရေးမကောင်း၊ သစ္စာဖေါက်ခြင်းခံရမည်။

ဘောလုံးပွဲ – သတင်းကောင်းကြားရမည်၊ သူငယ်ချင်းကောင်းရမည်။
ဘောလုံး – ကံမကောင်း၊ ဆုတ်ယုတ်မည်။
ပတ်တီး – ဩဇာညောင်းမည်။
စားပွဲသောက်ပွဲကြီး – ကံကောင်းမည်။
မီးကင်ထားသောအသား Berbein – ဆွေမျိုးများမှ ချီးကျူးမည်။
ဆံပင်၊ မုတ်ဆိတ်ရိတ်ခြင်း – အခက်အခဲများကို ကျော်လွှားပြီး အောင်မြင်မှုကိုရရှိမည်။
ရေချိုးစည် – ရေချိုးစည်အလွတ် – စိတ်သဘောထားကို ထိန်းချုပ်ပါ။
– ရေချိုးသည် – ဝမ်းနည်းရမည်။

စစ်ပွဲ – အငြင်းအခုန် အပြင်းအထန်ဖြစ်မည်။
ပဲစေ့ – ရှေ့တွင် အခက်အခဲရှိမည်။
– ပဲစေ့ကိုချက်ပြုတ်ခြင်း – ဝင်ငွေတိုးမည်။
မုန့်အိတ် – အတိတ်နိမိတ်ကောင်းမည်၊ ကောင်းသထက်ပိုကောင်းလာမည်။



ကုတင် – ကုတင်သစ် – နေရာထိုင်ခင်းတိုးတက်မည်။
– ကိုယ်ပိုင် – လုံခြုံမည်။
– ကုတင်လုပ်ခြင်း – မမျှော်လင့်သော ဧည့်သည့်လာမည်။

ဖြစ်ရည် – အောင်မြင်မှုရရှိမည်။
– အရသာမရှိသော – ကျဆုံးမည့်နိမိတ်ဖြစ်သည်။

ပျား – သတင်းကောင်းကြားရမည်။
– ပျားသေ – ပျက်စီးခြင်းကြုံမည်။
ပျားဖယောင်း – ချစ်မှုရေးရာကြုံမည်။
– ပျားအုံအလွတ် – ငွေကြေးအခက်အခဲရှိမည်။

ပိတုံး၊ ခြေထိုးပိုး – ရန်သူကို သတိထားပါ။
– သေနေသောပိတုံး – ယာယီအခက်အခဲရှိမည်။

သူတောင်းစား – အကူအညီပေါ်လာမည်။
ခေါင်းလောင်း – တစ်ခု – မကောင်းသတင်းကြားရမည်။
– အများ – သတင်းကောင်းကြားရမည်။

ဘုရားကျောင်းခေါင်းလောင်း – ဆန့်ကျင်မှုရှိမည်။
မြင့်သောခေါင်းလောင်းစင် – သတင်းကောင်းကြားရမည်။
ခါးပတ် – အနာဂတ်တွင် ပျော်ရွှင်ရမည်။
ခုံရှည် – အရေးကြီးသတင်းကြားရမည်။
ဆုံးပါးခြင်း – ပျော်ရွှင်ရမည်။
အစေ့ငယ်များပါသောအသီး – ငကောင်းသောရရှိမှုကြုံမည်။
စက်ဘီး – မမျှော်လင့်သော အကူအညီရမည်။
ငှက်များ – ကံကောင်းမည်။
– ငှက်သေ – ဆိုးဝါးသောအချိန် ရောက်လာမည်။

မွေးဖွားခြင်း – ပြီးမြောက်အောင် ဆောင်ရွက်ရမည်။
ဂိုဏ်းအုပ် – မနှစ်သက်ဖွယ်သတင်းကြားရမည်။
အနက်ရောင် – အတိတ် နိမိတ်မကောင်း။
အပြစ်အနာ – လည်ပင်း၊ ရင်ဘတ်၊ လက်မောင်း – အချစ်ရေး၌ အောင်မြင်မှုရရှိမည်။
– ကိုယ်ပေါ် (သို့) ခြေထောက် – ရှုတ်ချပြောဆိုခြင်းခံရမည်။

ကန်းသည် – လိမ်လည်မှုကို သတိပြုပါ။
သွေး – မိမိသွေး – မိသားစုအတွင်း ခိုက်ရန်ဖြစ်ခြင်းရှောင်ပါ။
– အခြားသူသွေး – ရန်သူကို သတိပြုပါ။
လှေ – မိမိဘဝအတွက် အမှတ်လက္ခဏာဖြစ်သည်၊ အတိတ်နိမိတ်သည် လှေ၏တည်နေမှုပေါ်တွင် မူတည်သည်။ (ချောမောစွာရွက်လွှင့်ခြင်း၊ ငြိမ်သက်ရပ်ဆိုင်းနေခြင်း) စသည်ဖြင့်
အရိုး – လူ့အရိုး – မမျှော်လင့်သောဝင်ငွေများ ရရှိမည်။
– တိရစ္ဆာန် – ဝင်ငွေဆုတ်ယုတ်မည်။
– ငါး – နေထိုင်မကောင်းဖြစ်မည်။
– တိရစ္ဆာန်စားထားသောအရိုး – ပျက်စီးဆုတ်ယုတ်မည်။

စာအုပ် – ပျော်ရွှင်မှုနှင့် ကျေနပ်မှုရရှိမည်။

ပုလင်း – ပြည့်နေလျှင် – စီးပွားချမ်းသာမည်။
– လွတ်နေလျှင် – ဆုတ်ယုတ်မည်။
– ဖိတ်စဉ်နေလျှင် – အိမ်တွင်းစကားများမည်။
– ဝိုင်ပုလင်း – မကောင်းသောစိတ်သဘောထားကို ဖော်ပြသည်။
– ရေမွှေးပုလင်း – ပျော်ရွှင်ရမည်။
– ဘရန်ဒီပုလင်း – သတင်းကောင်းကြားရမည်။

ပေါင်မုန့် – လတ်ဆတ်လျှင် – ကံကောင်းမည်။
– သိုးနေလျှင် – မိသားစုပြဿနာဖြစ်မည်။
– ဝယ်လျှင် – အောင်မြင်မှုရမည်။

နံနက်စာ – ကံမကောင်း

အုတ်ခဲ – မသက်မသာ ရုတ်တရက် ပြောင်းလဲမှုဖြစ်မည်။

သတို့သမီး – ကံကောင်းမည်။

သတို့သား – မမျှော်လင့်ဘဲ နှောင့်နှေးမည်။

ထုရိုက်ခြင်း – အဆင့်မြင့်မြင့်နေထိုင်မှုမှ ရှောင်ရှားပါ။

ပူပေါင်း – စောစောဖြစ်တဲ့ အခက်အခဲကြုံမည်။

လွင့်နေသော ပူပေါင်း – အသုံးလွန်ခြင်း သတိပြုပါ။

ခေါက်ထွင်းသုရိုး – ငွေကြေးတိုးတက်မည်။

မြေမြှုပ်သင်္ဂြိုဟ်ခြင်း – မွေးဖွားခြင်းနှင့် ထိမ်းမြားခြင်း အတိက် နိမိတ်ဖြစ်သည်။

မီးလောင်ခြင်း – စီးပွားတိုးတက်မည်။

လိပ်ပြာ – လူမှုရေးအောင်မြင်မှုရရှိမည်။

ကြယ်သီး – သစ်လွင်တောက်ပသော ကြယ်သီး – ကံကောင်းမည်။
– ပျောက်ခြင်း – သုံးဖြုန်းခြင်းကို သတိပြုပါ။

ကိတ်မုန့် – ပျော်ရွှင်စရာအချိန်များနှင့် ပြီးမြောက်အောင်မြင်ခြင်း ရရှိမည်။

ပြက္ခဒိန် – စိတ်ပူပန်မှုများ တဖြည်းဖြည်းပျောက်ကွယ်မည်။

ခေါ်သည် – မိမိအမည် – အရေးကြီးသတင်းကြားရမည်။
– အခြားသူ၏အမည် – ပြင်းထန်စွာ ကွဲပျက်တတ်သည်။

ခါတ်ပုံရိုက်ကင်မရာ – အကောက်ကြံခြင်း၊ ဒုက္ခရောက်ခြင်းကြုံမည်။

စခန်းချရာအရပ် – ကံကောင်းမည်။

ဖယောင်းတိုင် – မီးထွန်းထားလျှင် – ကံကောင်းမည်။
– မီးမထွန်းထားလျှင် – အိမ်နှင့်ဆိုင်သော စိတ်ပျက်ဖွယ်ကြုံမည်။
– ဖယောင်းတိုင် မီးငြိမ်းခြင်း – အခွင့်အလမ်းသစ်ကြုံမည်။
– ဖယောင်းတိုင် အခံတိုင် – လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကြုံမည်။

အမြောက်လက်နက် – ပြီးမြောက်အောင်မြင်မည်။



ဦးထုပ် – အခက်အခဲများ ပြီးဆုံးမည်။
– ညစ်ပေနေသောဦးထုပ် – အနည်းငယ်ပြောင်းလဲခြင်း ကြုံမည်။

လက်သမားအတတ်ပညာ – ပျော်ရွှင်မှု၊ လုံခြုံမှု၊ အချစ်၊ လွတ်လပ်မှုရရှိမည်။

ကော်ဇော – ကံကောင်းမည်။

မုန်လာဥဝါ – အမွေပစ္စည်းရမည်။

ရဲတိုက် – ကောင်းစွာပြင်ဆင်ထားခြင်း – ကံကောင်းမည်။
– ပျက်စီးနေခြင်း – စိတ်ကိုထိန်းချုပ်ပါ။

## လှည့်လည်ရောင်းချသောအိပ်မက်။

(က) ၁၈ ရာစု အင်္ဂလိပ်စာတမ်းတင်သူသည် လမ်းတွင် လှည့်လည်ရောင်းချသော အိပ်မက်စာအုပ်များကို ဖော်ပြခဲ့သည်။

(ခ) Freud ၏ အိပ်မက်ပြန်ဆိုမှုများကို မထုတ်ဝေခင်ထိ အများအားဖြင့် အိပ်မက်စာအုပ်များသည် (ဥပမာ ၁၈၇၄ ခုနှစ်က အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သော Arteridoms C. ၂၆၀ AD ၏ အဓိပ္ပါယ် ပြန်ဆိုချက်များပေါ်တွင် အခြေခံခဲ့သည်။)

ကြောင် – သစ္စာဖေါက်မည်။ အကောက်ကြံမည်။

ဘော/အန္တရာယ် – ဘဝနည်းစိမ် ပြောင်းလဲပြည့်စုံမည်။

ကျွဲ၊ နွား – ငြိမ်းချမ်းမည်၊ စီးပွားချမ်းသာ အထမြောက်မည်။

သင်းချိုင်းကုန်း – ကံကောင်းမည်။

သံကြိုး/ကြေးနန်း – စိုးရိမ်ကြောင့်ကြမှုမှ ကျော်လွန်နိုင်မည်။

ထိုင်ခုံ – နှစ်သိမ့်သက်သာစေမည်၊ မမျှော်လင့်သော သတင်းကြားရမည်။
– လှုပ်ကုလားထိုင် – အမွေပစ္စည်းရရှိမည်။

ဒိန်ခဲ – စားသောဒိန်ခဲ – အချစ်ရေးနှင့်ငွေရေးကြေးရေး ကံကောင်းမည်။
– ဒိန်ခဲအနံ့ပြင်းရလျှင် – အနှောင့်အယှက် အတားအဆီးရှိမည်။
– ဒိန်ခဲလုပ်ကိုင်ခြင်း – ပြောင်းလဲမှုလိုအပ်မည်။
– ဒိန်ခဲကြီး – ငွေဝင်မည်။
– ဒိန်ခဲပြုလုပ်ခြင်း – အလုပ်အကိုင် အောင်မြင်မည်။

ကလေးများ – အလုပ်အကိုင် အောင်မြင်မည်။

မီးခိုးတိုင် – အလွန်မြင့်လျှင် – ဖြစ်မြဲမဟုတ်သော အောင်မြင်မှုကိုရရှိမည်။
– သာမန်အရွယ် – ရှေ့တွင် အကျိုးဖြစ်ထွန်းမည်။
– မီးခိုး – သတင်းကောင်းကြားရမည်။
– မီးလောင်နေလျှင် – အခြားသူနှင့် ဆန့်ကျင်ခြင်းမှရှောင်ပါ။
– ဆိုးရွားသောပြုပြင်မှုဖြစ်လျှင် – ဒုက္ခတွေ့မည်။
– ပြိုကျလျှင် – ချို့ငွေ့ခံရမည်။

| | |
|---|---|
| အစအန | - သစ်သားစ - အမျက်ဒေါသ ဖြစ်ရမည်။ |
| | - လောင်းကစားအသေးစား - ချင့်ချိန်ခြင်းဖြင့် အောင်မြင်မှု ရရှိမည်။ |
| | - အာလူးအပိုင်းအစ - ကောင်းသောပြောင်းလဲမှုဖြစ်မည်။ |
| ခရစ်ယာန်ဘုရားကျောင်း | - အပြင်မှကြည့်ရလျှင် - ကံကောင်းမည်။ |
| | - အတွင်းထဲမှကြည့်ရလျှင် - ရှေ့တွင် ခရီးသွားရမည်။ |
| ဆပ်ကပ် | - ငွေရေးကြေးရေးနှင့်ပတ်သက်၍ ကံကောင်းမည်။ |
| သန့်ရှင်းခြင်း | - ဥပဒေနှင့်ပတ်သက်၍ သတိထားပါ။ |
| နာရီ | - အချိန်မဖြုန်းနှင့် |
| အဝတ်အစား | - အဝတ်အစားအများအပြား- ကျန်းမာရေး ကံကောင်းမည်။ |
| | - အဝတ်အစားနည်းနည်း - စည်းစိမ်ချမ်းသာမည်။ |
| ကော်ဖီ | - သတင်းကောင်းကြားရမည်။ ပျော်ရွှင်မှုရရှိမည်။ |
| | - ကော်ဖီခါးခါး - မိတ်ဆွေဖြစ်ခြင်းမှ ပျက်ပြားမည်။ |
| | - ကော်ဖီဖိတ်လျှင် စိတ်ပျက်မှု အနည်းငယ်ဖြစ်ရလိမ့်မည်။ |
| ဒင်္ဂါးများ | - မမျှော်လင့်သောဝင်ငွေ ရရှိမည်။ |
| | - ဒင်္ဂါးအသေး - ကြီးမားသော အမြတ်အစွန်းရရှိမည်။ |
| | - ဒင်္ဂါးအတု - အနည်းငယ် မကျန်းမမာဖြစ်မည်။ |
| ကြယ်တံခွန် | - ဆုတ်ယုတ်မည်၊ ပြောင်းပြန်ဖြစ်တတ်သည်။ |
| ကော်မတီအသင်း | - တင်မြှောက်ခံရမည်။ |
| ချက်ပြုတ်မှု | - ကံကောင်းမည်၊ ပစ္စည်းဝင်မည်။ |
| | - ဟင်းချိုချက်လျှင် - အဆင့်အတန်းမြင့်တက်တတ်သည်။ |
| စပါးစေ့ | - ကြီးမားသော် - ကံကောင်းမည်။ |
| ချောင်းဆိုးခြင်း | - မီး၊ ရေ၊ သဘာဝအန္တရာယ် ကြုံမည်။ |
| နန်းတော် | - ငွေကြေးဆုတ်ယုတ်မည်။ |
| ပြိုလဲကျကွဲ ပျက်စီးခြင်း | - အရေးပါသော ပြီးစီးအောင်မြင်မှုရရှိမည်။ |
| ရာဇဝတ်မှု | - မြင်လျှင် - အကျိုးရှိသောပြောင်းလဲမှုကြုံမည်။ |
| | - ကျူးလွန်ခဲ့လျှင် - တစ်လျှောက်လုံးတွင် အောင်မြင်မှုရရှိမည်။ |
| | - အဖမ်းခံရလျှင် - လျှာမရှည်ပါနှင့်။ |
| မြေအိုး၊ မြေခွက် | - အိမ်တွင်းပျော်ရွှင်မှု ရရှိမည်။ |
| | - ကွဲလျှင် - မလိုလားသော ပြောင်းလဲမှုကြုံမည်။ |
| ကားစင် | - ကံကောင်းခြင်းနောက်မှာ ဆင်းရဲရမည်။ |
| လူစုလူဝေး | - ပျော်ရွှင်ရမည်။ |
| | - ဒေါသထွက်သောလူစု - အန္တရာယ်ကြုံမည်။ |
| ဥသြ | - ကောလာဟလ သတင်းကြားရမည်။ |
| လိုက်ကာ | - မမြင်နိုင်သောရန်သူများ ဝိုင်းဝိုင်းလည်နေမည်။ |
| လက်တင်အုံး | - ထိုင်အုံး - စီးပွားရေးသက်ဆိုင်သောနိမိတ်၊ |
| ဓါးမြှောင် | - သစ္စာဖေါက်မှု သတိထားပါ။ |
| တာတမံ | - လောကြီးစွာလုပ်ဆောင်မှုကို သတိပြုပါ။ |
| ကခြင်း | - သူငယ်ချင်းသစ်ရမည်၊ လူမှုရေးအောင်မြင်မည်။ |
| အာရုံတက်၊ မိုးလင်း | - အခွင့်ကောင်းကြုံမည်၊ အခြေအနေတိုးတက်မည်။ |



| | |
|---|---|
| သေခြင်း | - မိမိ - အပြောင်းအလဲကောင်းတစ်ခုကြုံမည်။ |
| | - တခြားသူ - မွေးဖွားမှုတစ်ခုကြုံမည်။ မမျှော်လင့်သော သတင်းကောင်းကြားရမည်။ |
| နတ်ဆိုး | - သွေးဆောင်မှုမှ ခုခံနိုင်မည်။ ပုန်းကွယ်နေသောရန်သူကို သတိထားပါ။ |
| ကျင့်ထုံးဥပဒေ | - နေရာပြောင်းရွှေ့ရန်နှင့် အကျိုးထူးရအောင်ဆောင်ရွက်ရန် အတွက် အကောင်းဆုံးအချိန်ဖြစ်သည်။ |
| အညစ်အကြေး | - နာမကျန်းဖြစ်မည်။ |
| ပန်းကန် | - အပြည့် - ကံကောင်းမည်။ |
| | - ကုန်နေလျှင် - ဆိတ်ငြိမ်သောအချိန်ပိုင်းကြုံမည်။ |
| | - ကျိုးပဲ့နေလျှင် - အိမ်တွင်း အခက်အခဲများရှိမည်။ |
| မူးဝေခြင်း | - အမျက်ထွက်လွယ်အောင် ဆွဲဆောင်ခံရမည်။ |
| ဆရာဝန် | - ကံကောင်းမည်။ |
| ခွေး | - ရင်းနှီးလျှင် နိမိတ်ကောင်းမည်။ |
| | - ကြီးမားလေ သာ၍ကောင်းလေဖြစ်သည်။ |
| ယမင်းရုပ် | - အိမ်တွင်းပျော်ရွှင်မှုရရှိမည်။ |
| နဂါး | - ကြီးမြတ်သောပုဂ္ဂိုလ်ထံမှ အကူအညီအထောက်အပံ့ ရရှိမည်။ |
| စူး | - အချိန်ဖြုန်းမှုရပ်ပါ။ |
| နစ်မြုပ်မှု | - အလုပ်များမည်။ |
| ဆေးဝါး | - မိုက်မဲသောဆုံးဖြတ်ချက်များကို ဆန့်ကျင်သတိပေးသည်။ |
| သောက်ခြင်း | - မိမိ - အပျော်လွန်ကျူးခြင်း သတိပြုပါ။ |
| | - တစ်စုံတစ်ယောက် - ပျောက်ဆုံးမှုတစ်ခုကြုံမည်။ |
| ဖုံ | - အနည်းငယ်ပြောင်းလဲမှု ရှိသည်။ |
| နားရွက် | - အုံ့သြဖွယ်ကောင်းသောသတင်း ကြားရမည်။ |
| | - နားနာလျှင် - သစ္စာဖေါက်မည်။ |
| | - နားဖေါက်လျှင် - အိမ်တွင်းပျောက်ဆုံးမှုကြုံမည်။ |
| | - နားကြားလျှင် - အတင်းပြောဆိုမှုရှောင်ပါ။ |
| ကမ္ဘာမြေကြီး | - အမြတ်အစွန်းရရှိမည်။ |
| ဥများ | - ရောင့်ရဲတင်းတိမ်မည်၊ စီးပွားချမ်းသာမည်။ |
| အလျှော့အတင်းကြိုး | - တတ်စွမ်းမှုကို စမ်းသပ်ခံရလိမ့်မည်။ |
| ရွေးကောက်ခြင်း | - ခဏတာအောင်မြင်မည်။ |
| | - အနိုင်ပေးသောဆန္ဒပေးချက် - မှန်ကန်မှုကို လိုလားမည် |
| | - မဲပုံး - ဘဝပြောင်းလဲမှုတစ်ခု လိုအပ်သည်။ |
| ဆင် | - ကံကောင်းမည်။ |
| တိတ်တိတ်ထွက်ပြေးခြင်း | - စိတ်ပျက်ဖွယ် ဆန်းကြယ်သော အတွေးစိတ်ကူးတစ်ခုကြုံမည်။ |
| အနှောင့်အယှက်၊ အတားအဆီး၊ စိတ်ကျဉ်းကျပ်မှု | - အောင်မြင်မည်၊ ကောင်းမွန်မည်။ |
| အလွဲသုံးစားမှု | - အကြံဉာဏ်ပေးမည်။ |

ရန်သူ၊ မုန်းသူများ – သစ္စာရှိသောသူငယ်ချင်းများမှ အကူအညီပေးလာမည်။
တာဝန်ခံခြင်း၊ ကတိခံခြင်း – ဆန်းကြယ်သောခရီးကြုံမည်။
ထွက်ပြေးခြင်း – အောင်မြင်မှုအတွက် ဦးဆောင်ရမည်။
ညနေခင်း – နောင်တစ်ချိန်တွင် ရောင့်ရဲတင်းတိမ်လာမည်။
၁၂ ရာသီပင်များ – ငွေဖြင့် အောင်မြင်မှုရရှိမည်။
ပြီးစီးအောင်ပြုလုပ်ခြင်း – ကိုယ်တိုင် – ကျန်းမာရေးကောင်းမည်။
– တစ်စုံတစ်ယောက် – ရှေ့တွင်ဆုတ်ယုတ်မည်။
လွန်ကျူးခြင်း၊ မြှန်းတီးခြင်း – အိမ်တွင်းပျော်ရွှင်မှုရရှိမည်။
မျက်စေ့ – ထူးဆန်းသော – အကျိုးရှိသော ပြောင်းလဲမှုကြုံမည်။
– နာကျင်သော – ဆုံးဖြတ်ချက် သတိထားပါ။
– ဆွဲဆောင်သော – အချစ်ရေးကံကောင်းမည်။
– မျက်ခွံ – တစ်ဦးတစ်ယောက် ဒုက္ခတွေ့မည်။
– မျက်စေ့မှာ – လျှို့ဝှက်ချက်ကိုရှာတွေ့မည်။
မျက်နှာ – ကြည်လင် – ပျော်ရွှင်မည်။ ကြွယ်ဝချမ်းသာမည်။
– မကြည်လင် – ပျောက်ဆုံးမည်။
– တစိမ်းမျက်နှာ – နေရာပြောင်းရွှေ့မှုတစ်ခုကြုံမည်။
– မိမိမျက်နှာသစ်လျှင် – မိမိဘာသာလုပ်ရပ်ကြောင့် ဒုက္ခတွေ့မည်။
အလုပ်ရုံ၊ စက်ရုံ – ရုန်းကန်ကြိုးစားပြီးမှ အောင်မြင်မည်။
ကြောက်ရွံ့ခြင်း – အခက်အခဲများကို ကျော်လွှားနိုင်မည်။
ငှက်မွှေး – ကံကောင်းမည်။ လူမှုရေးဆိုင်ရာ ပြည့်ဝမှုရရှိမည်။
ခြေထောက်များ – ကြီး – ကံကောင်းမည်။
– နာကျင်လျှင် – ဒုက္ခရောက်မည်။
– ယားနာစွဲသော – ခရီးသွားရမည်။
ဖျားနာခြင်း – စိုးရိမ်မှုများ အဆုံးသတ်မည်။
တိုက်ခိုက်ခြင်း – အဓိကပြောင်းလဲမှုကြုံမည်။ မြှောက်တင်ခံရမည်။
မီးတောက် – မြင်လျှင် – ဒုက္ခတွေ့မည်။
– ပြုလုပ်လျှင် – ဆန်းကြယ်မှုကြုံမည်။
– လောင်ကျွမ်းလျှင် – ကံမကောင်း
– မီးလောင်သောနေရာ – ပါဝင်မှုကြုံမည်။
– အင်ဂျင်မီးတစ်ခု – ငွေရေးကြေးရေးကံကောင်းမည်။
ငါးများ – ဖမ်းမိလျှင် – အကျိုးဖြစ်မည်။
– ငါးသေ – စိတ်ပျက်ရမည်။
– အပူပိုင်းနှင့်ဆိုင်သောငါး – ယာယီစိတ်ပျော်ရွှင်ရမည်။
အလံ – အချိန်ကောင်းရောက်မည်။ ငွေရေးကြေးရေးတိုးတက်မည်။
ငှက်များ – သေးသိမ်သောအမျက်ထွက်စေသည်။
ရေကြီးခြင်း – အောင်မြင်မည်၊ အကျိုးဖြစ်မည်၊ အထမြောက်မည်။
ကြမ်းပြင် – အကျိုးဖြစ်ထွန်းမည်၊ အလုပ်များမှု ကြုံမည်။
ပန်းများ – တောက်ပလန်းဆန်း – ပုဂ္ဂိုလ်ရေးဆိုင်ရာ ပျော်ရွှင်ရမည်။
– ညှိုး – ယုံကြည်စိတ်ချမှုကို သတိထားပါ။
– အရိုင်း – စိတ်လှုပ်ရှားဖွယ် စွန့်စားမှုတစ်ခုကြုံမည်။
– ပန်းအတု – မကောင်းမှုကိုဆန့်ကျင်ပြီး မလုပ်မိပါစေနှင့်။



ယင်ကောင် – လိုချင်တောင့်တမှုကို လက်ခံရရှိမည်။
အစားအစာ – လတ်လတ်ဆတ်ဆတ်ပြင်ဆင်ထားလျှင် – ကံကောင်းမည်။
– အလိုရှိသော – ကံဆိုးမည်။
– ရောင်းလျှင် – ငွေရေးကြေးရေး ကံကောင်းမည်။
– ဝယ်လျှင် – ချင့်ချိန်ပါ။
– အရသာခံ အစားအစာ – အရည်အချင်း ပျောက်ဆုံးမည်။
ခြေရာ – ခက်ခဲမှုများကြုံမည်။
ခြေသံ – အကျိုးဖြစ်ရန် တစ်စုံတစ်ခု သင်ယူရမည်။
သစ်တော – စိုးရိမ်မှုမှ လွတ်ကင်းမည်။
ခက်ရင်းခွ – ဆုံးဖြတ်ချက်ချသည်။
ရေပန်း၊ စမ်းရေ – ပြည့်စုံမှုရရှိမည်။
သူငယ်ချင်းများ – ပျော်ရွှင်ဖွယ်အချိန်များကြုံမည်။ သတင်းကောင်း ကြားရမည်။
သစ်သီး – အမှည့် – ကံကောင်းမည်။
– အစိမ်း၊ အပုပ် – ကံဆိုးမည်။
အိမ်ထောင်ပရိဘောဂ – ကောင်းသောခြေအနေ – ကံကောင်းမည်။
– ယိုယွင်းနေသောအခြေအနေ – ကံဆိုးမည်။
စက်တိုင် – ကံကောင်းမည်။
လောင်းကစားခြင်း – ရှုံး – ငွေရေးကြေးရေးနှင့်ဆိုင်သော အောင်မြင်မှုရရှိမည်။
– နိုင် – ပျောက်ဆုံးမှုကြုံမည်။
သင်္ဘောကုန်းဘောင် – ပြောင်းလဲမှုကြုံမည်။
ဓါတ်ရထား – တိုးတက်မှုကြုံမည်။
ကြက်သွန်ဖြူ – ကာကွယ်မှုကြုံမည်။
တဒ္ဓ – ကံကောင်းမည်။
– ထိတ်လန့်ဖွယ် – စွန့်စားခြင်းကြောင့် မကျန်းမာမှုကို သတိပြုပါ။
သားစားဘီလူး – တားဆီးချုပ်ကိုင်မှုများကို ကျော်လွှန်နိုင်မည်။
ရယ်သွမ်းသောလူ – ငွေရေးကြေးရေး ရှုပ်ထွေးမည်၊ သို့သော် လူမှုရေးအောင်မြင်မည်။
လက်အိတ် – မိမိပိုင် – စိတ်လှုပ်ရှားဖွယ်ကောင်းသော လုံခြုံမှုရရှိမည်။
– အသစ် – ငွေရေးကြေးရေး လုံခြုံမှုရရှိမည်။
– ပျောက်ဆုံး – လတ်တလော ဉာဏ်ပေါ်အခြေခံ၍ အားကိုးပါ။
– တွေ့လျှင် – မမျှော်လင့်သော အကူအညီရမည်။
– ညစ်ပတ်လျှင် – အလိုမကျ၊ စိတ်ပျက်မှုကြုံမည်။
ဆိတ် – လောင်းကစားခြင်းနှင့် ဥပဒေနှင့်မလွတ်ကင်းသောအရာကို ရှောင်ပါ။
– ပိုင်ဆိုင်မှုများ အချုပ်နှောင်ခံရမည်။
ရွှေ – ရွှေတို ရွှေစ – ငွေရေးကြေးရေး ကံကောင်းမည်။

| | |
|---|---|
| အီတလီပြည် လော့်လေ့ | – ဆန်းကျယ်မှု၌ မပျော်မွေ့. |
| မောင်း | – စိတ်အာရုံတက်ကြွမည်။ |
| စပါးစေ့ | – အကြံအစည် ထမြောက်မည်။ |
| သချိုင်း | – ပျောက်ဆုံးခြင်းကြုံမည်၊ ဝမ်းနည်းရမည်။ |
| ပန်းနုများစိုက်ပျိုးပြုစုရာ ဖန်အိမ် | – အချစ်ရေးကြုံမည်၊ အောင်မြင်မှုရရှိမည်။ |
| သေနတ် | – အချို့နေရာများတွင် အမှားအယွင်းကြုံမည်။ |
| လှည့်လည်နေသော လူညီမျိုး | – ခရီးသွားရမည်။ |
| တူ၊ ရိုက်တံ | – အောင်မြင်မည်၊ ကံကောင်းမည် |
| လက် | – သန့်ရှင်းကောင်းမွန်နေလျှင် – ကံကောင်းမည်၊ |
| | – ညစ်ပတ်နေလျှင် – မတော်တဆထိခိုက်တတ်သည်။ |
| လက်ထိပ် | – စိုးရိမ်မှုကို ကျော်လွှန်နိုင်မည်။ |
| လက်ကိုင်ပုဝါ | – အပြစ်ရှာမည်၊ ရန်ဖြစ်ရမည်။ |
| လွှဲပြောင်းခြင်း | – မိသားစု စိုးရိမ်မှုများပြီးဆုံးမည်။ |
| မိန်းမဆောင် အနောက်ဆောင် | – လူမှုရေးဆိုင်ရာ အလုပ်များမည်၊ အတင်းစကားပြောမည်။ |
| မြက်ခြောက် | – ခြောက်နေလျှင်၊ နေလောင်လျှင် – ငွေရေးကြေးရေး ဒုက္ခတွေ့မည်။ |
| | – စိုစွတ်နေလျှင်၊ စိမ်းနေလျှင် – ငွေရေးကြေးရေး ကံကောင်းမည်။ |
| မသာရထား | – မြင်ခြင်း – တာဝန်လျော့မည်။ |
| | – ဆွဲခြင်း – တာဝန်ကြီးမည်။ |
| အပူ | – စိတ်ထိန်းပါ။ |
| ရဲမက်ဆောင်းဦးထုပ် | – စည်းလုံးမှုမရှိသဖြင့် ပြဿနာဖြစ်နိုင်သည်။ |
| ရိုက်နက်ခြင်း | – ရိုက်လျှင် – မကျန်းမာမှုသတိပြုပါ။ |
| | – ရိုက်ခံရလျှင် – တခြားသူ၏အကြံပေးချက်ကို ယူပါ။ |
| ပတ္တာ၊ လိပ်ပြာကောင် | – မိသားစုအခက်အခဲရှိသည်။ အတင်းစကားပြောမည်။ |
| အပေါက် | – ထူးသောအပေါက် – ခရီးသွားရမည်။ |
| | – ဝင်သောအပေါက် – အပေါင်းအသင်းမှားမည်။ |
| | – အဝက်ပေါက် – ငွေကြေးဆိုင်ရာအကျိုးရရှိမည်။ |
| အားလပ်ရက် | – တစ်စုံတစ်ရာဖြစ်မလာခင်မှာ ပြင်းထန်စွာကြိုးစားရမည်။ |
| ပျားရည် | – အထွေထွေကံကောင်းမည်။ |
| ခေါင်းအုပ်၊ အမိုး | – လိမ်လည်မည်၊ |
| အောက်ချင်းငှက် | – သတင်းကောင်းကြားရမည်။ |
| မြင်း | – ကံကောင်းမည်။ အောင်မြင်မည်။ |
| သူနာရုံ၊ သူနာတန်း (ဆေးရုံ) | – လူနာအဖြစ် – အားမစိုက်လွန်းပါစေနှင့်။ |
| | – ဧည့်သည်အဖြစ် – သတင်းကောင်းကြားရမည်။ |
| ထမင်းဆိုင် (ဟိုတယ်) | – အချစ်ရေးတွင် ကံကောင်းမည်။ |
| အိမ် – (လုံခြုံရေးကောင်းမွန်ခြင်း) | – စွန့်ပစ်ထားသော – သောကများမည်။ |
| | – ဝယ်ခြင်း – ချစ်မှုရေးရာဆောင်ရွက်ရမည်။ |
| | – ရောင်းခြင်း – တာဝန်ကင်းမည်။ |
| | – အိမ်ကြီး – ချမ်းသာမည်။ |
| | – အိမ်ငယ် – ငွေကြေးအခက်အခဲကြုံမည်။ |



| | |
|---|---|
| ဆာလောင်မွတ်သိပ်ခြင်း | – ကောင်းသောအချိန် ရောက်တော့မည်။ |
| ရေခဲ | – ပင်ပန်းဆင်းရဲပြီးနောက် အောင်မြင်မည်။ |
| | – ရေခဲပေါ်ချော်ခြင်း – ရှေ့တွင် အခက်အခဲများရင်ဆိုင်ရမည်။ |
| မျောနေသောရေခဲစိုင် | – လျှို့ဝှက်ဆန့်ကျင်မည်။ |
| အနာ၊ ရောဂါ | – သွေးဆောင်ဖြားယောင်းမည်၊ အကျပ်အတည်းတွေ့မည်။ |
| ဝင်ငွေ | – များပြားခြင်း – ငွေရေး ကြေးရေး ကျဆင်းမည်။ |
| | – လျော့နည်းခြင်း – ငွေကြေးတိုးတက်မည်။ |
| အမွေအနှစ် | – သေတမ်းစာနှင့် အမွေပေးသောပစ္စည်းရမည်၊ အမွေဆက်ခံရမည်။ |
| ထိခိုက်ဒဏ်ရာရခြင်း | – အသိအမှတ်ပြုမည်။ |
| မှင် | – ပြဿနာဖြေရှင်းနိုင်မည်။ |
| ပိုးမွှားကောင် (အင်းဆက်) | – မပြောပလောက်သော အခက်အခဲကြုံမည်။ |
| စော်ကားခြင်း | – အခြေအနေတိုးတက်မည်၊ သစ္စာရှိမည်၊ အရိုအသေပြုမည်။ |
| လူနာရောဂါသည် | – တိုးတက်မှုနှေးကွေးမည်။ |
| မမြင်နိုင်ခြင်း၊ မထင်ပေါ်ခြင်း | – အကျိုးရှိသော ပြောင်းလဲမှုကြုံမည်။ |
| ဖိတ်ကြားခြင်း | – ငွေကြေးရရှိမည်။ |
| ကျွန်း | – အသစ်တိုးတက်မည်။ |
| ယားခြင်း | – စိတ်ပူပန်ခြင်းကုန်ဆုံးမည်။ |
| တိုက်ကပ်နွယ်ပင် | – ချမ်းသာ၊ ပျော်ရွှင်ရမည်။ |
| ထောင်၊ တန်း | – ရှေ့တွင် အခက်အခဲရင်ဆိုင်ရမည်။ |
| မနာလိုခြင်း | – ပြဿနာ တစ်ခုပြီးတစ်ခုကြုံမည်။ ခိုက်ရန်ဖြစ်မည်။ |
| ကျောက်မျက်ရတနာအဆင်တန်ဆာများ | – အဖိုးတန်သော – ကံကောင်းမည်။ |
| ကျောက်မျက်ရတနာ အဆင်တန်ဆာဝတ်ဆင်ခြင်း | – ဝါကြွားမည် စိတ်ကြီးဝင်မည်။ |
| ကျောက်မျက်ရတနာအဆင်တန်ဆာများကိုပေးခြင်း (သို့) ရရှိခြင်း | – အချစ်ရေး ကံကောင်းမည်။ |
| အလုပ် | – အလုပ်ရှာခြင်း – ကံကောင်းမည်။ |
| ခရီးသွားခြင်း | – အပြောင်းအလဲကြုံမည်။ |
| | – လှေဖြင့်ခရီးသွားခြင်း – ခင်မင်ရင်းနှီးမည်။ |
| | – လေယာဉ်ဖြင့်ခရီးသွားခြင်း – အငြင်းအခုန်ဖြစ်မည်။ |
| တရားစီရင်သူ | – ဆုတ်ယုတ်မည်၊ အခက်အခဲရင်ဆိုင်ရမည်။ |
| လက်ကိုင်ပါသည့် အိုးငယ် | – သူငယ်ချင်းသစ်၊ သူငယ်ချင်းကောင်းများတွေ့မည်။ |
| လှည့်စားတတ်သူ | – အမြတ်အစွန်း အလွယ်တကူရရှိမည်။ |
| တော | – ဘေးမကင်းသော ဝင်ငွေများကို ရှောင်ရှားပါ။ |
| | – စိတ်လှုပ်ရှား ရှုပ်ထွေးမှုများကို ရှောင်ရှားပါ။ |
| ရေနွေးကရားအိုး | – ဆူနေသော် – ကံကောင်းမည်။ |
| | – ဆူပြီးခမ်းနေသော် – မမျှော်လင့်ဘဲ ငွေကုန်မည်။ |

| | |
|---|---|
| သော့များ | - သော့ခတ်ထားခြင်း - ပျော်ရွှင်ဖွယ်အချစ်ကိစ္စများကြုံမည်။ |
| | - သော့ရှာဖွေခြင်း၊ ပေးခြင်း(သို့)ရရှိခြင်း - ကံကောင်းမည်။ |
| | - သော့ပျောက်ခြင်း - ကံဆိုးမည်။ |
| | - သော့ပျက်စီးခြင်း - အခွင့်အရေးဆုံးရှုံးမည်။ |
| | - သော့ဂလောက် - သစ္စာဖောက်မည်။ |
| သတ်ဖြတ်ခြင်း | - လူသတ်ခံရလျှင် - စိတ်လှုပ်ရှားမှုမြင့်မားခြင်းကို ရှောင်ရှားပါ။ |
| | - တိရစ္ဆာန်သတ်ခံရလျှင် - ခရီးတစ်လျှောက်လုံးတွင် အကူအညီရရှိမည်။ |
| နမ်းရှုပ်သည် | - ပျော်ရွှင်စေမည်၊ ကျေနပ်နှစ်သက်စေမည်။ |
| | - နမ်းရှုပ်ခြင်းကိုငြင်းပယ်လျှင် - အနည်းငယ်နေမကောင်းဖြစ်မည်။ |
| | - ကလေးကို နမ်းခြင်း - ခက်ခဲသောလုပ်ငန်းများ အောင်မြင်မည်။ |
| ဓါး | - ကံမကောင်း |
| မှုးမတ်အရာရှိ Knight | - ကာကွယ်ခြင်းနိမိတ်ဖြစ်သည်။ |
| ဇာထိုးခြင်း | - စိတ်ချမ်းသာမှုရရှိမည်။ |
| ကြိုးထုံး | - စိုးရိမ်သောကဖြစ်တတ်သည်။ |
| မုန့်အိမ် | - ထွန်းထားလျှင် - အောင်မြင်မှုရရှိမည်။ |
| | - ကိုယ်တိုင်ထွန်းလျှင် - ကြိုးစားဆောင်ရွက်ခြင်းမှ အကျိုးရရှိမည်။ |
| | - မီးငြိမ်းမိလျှင် - အနားယူရမည် (သို့) အားလပ်ရက်ရမည်။ |
| နောက်ကျခြင်း | - ဒုက္ခရောက်မည်၊ လှည့်စားတတ်သည်။ |
| ရယ်မောခြင်း | - အချစ်ရေးနှင့် မိတ်ဖွဲ့ခြင်းတွင် ကံမကောင်း |
| ချော်ရေ | - ပေါင်းသင်းဆက်ဆံရေးတွင် စိတ်ဓါတ်တက်ကြွစေသည်။ |
| ရှေ့နေ | - အလုပ်များ၍ ပူပန်ရမည်။ |
| သစ်ရွက်များ | - စိမ်းပြီး ရှင်သန်နေလျှင် - ကျန်းမာမည်၊ ပျော်ရွှင်ရမည်။ |
| | - ကြွေကျနေလျှင် - ခွဲခွာရမည်။ |
| အလင်းရောင် | - ကံကောင်းမည်။ |
| ခြသေ့် | - လူမှုရေးနှင့် ငွေရေးကြေးရေး တိုးတက်မည်။ |
| ပုတ်သင် | - အပေါင်းအသင်းမမှားရန် သတိပြုပါ။ |
| သစ်တုံး | - ကံကောင်းမည်၊ ပျော်ရွှင်ရမည်။ |
| ချစ်ခြင်းမေတ္တာ | - ပျော်ရွှင်ရမည်၊ ပြည့်ဝငြိမ်းချမ်းရမည်။ |
| စက်ကိရိယာများ | - လည်ပတ်နေခြင်းနှင့် နေရာတကျထိန်းထားခြင်း၊ အောင်မြင်မည်။ |
| | - ရွှန့်ပစ်ထားခြင်း၊ - အလုပ်အကိုင် ပြဿနာပေါ်မည်။ |
| လူယောက်ျား | - မိသားစု စည်းစိမ်ချမ်းသာမည်။ |
| လူယောက်ျားအများ | - (အာရုံကြောနှင့်ဆိုင်သော) အားစိုက်ရမည်။ |
| မြေပုံ | - အပြောင်းအလဲရှိမည်။ ခရီးသွားရမည်။ |
| မျက်နှာဖုံး | အကောက်ကြံမည်။ |



| | |
|---|---|
| အသား (အမဲဟင်းလျာ) | - စည်းစိမ်ချမ်းသာနှင့်ပတ်သက်၍ အလုပ်များမည်၊ ကျန်းမာရေးကောင်းမွန်လာသည်၊ မမျှော်လင့်ဘဲ ကံကောင်းလာမည်။ |
| ရှေ့ပြေး/သံတမန် | - အမြတ်အစွန်းပေါ်လာမည်။ |
| နို့ | - လတ်ဆတ်သော နို့ - ကျန်းမာရေးကောင်းမည်။ |
| | - ချဉ်သော (သို့) ဖိတ်စဉ်ကျနေသော နို့ - ဖျားနာမည်။ |
| မုန့်/ကြေးမုံ | - မရိုးသားခြင်းနှင့် သစ္စာမရှိခြင်းကြုံမည်။ |
| ပိုက်ဆံ/ငွေကြေး | - ကံကောင်းမည်။ |
| လမင်း | - တိုးပွား - တက်လာလျှင် - ကောင်းသောအပြောင်းအလဲတစ်ခုကြုံမည်။ |
| | - ဖျော့တော့နေလျှင် - ဆိုးသောအပြောင်းအလဲတစ်ခု ကြုံမည်။ |
| ပါးစပ် | - တိတ်တိတ်နေပါ။ |
| တေးသံ | - နှစ်သက်ဖွယ် - ကံကောင်းမည်၊ ပျော်ရွှင်ရမည်။ |
| | - မညီညာသော - ကံမကောင်း |
| | - တူရိယာတီးမှုတ်ခြင်းမှ တေးသံ - ရုတ်တရက်အပြောင်းအလဲကြုံမည်။ |
| လည်ပင်း/လည်တိုင် | - ငွေရေး ကြေးရေး ကံကောင်းမည်။ |
| | - လုံးလုံးပျက်စီးခြင်း - ငွေကြေးအလွဲသုံးစားပြုတတ်သည်။ |
| အပ် | - ကံဆိုးမည်။ |
| အပ်တွင် အလွယ်တကူချည်မျှင်ထိုးသွင်းနိုင်ခြင်း | - ကံကောင်းမည်။ |
| သတင်းစာ | - ကံကောင်းမည်၊ ပျော်ရွှင်စရာအချိန်များ ရောက်ရှိလာမည်။ |
| ည | - တားဆီးခြင်းခံရမည်။ နှောင့်နှေးမည်။ |
| နှာခေါင်း | - ထိခိုက်ဒဏ်ရာရခြင်း - ဒုက္ခတွေ့မည်။ ဆန့်ကျင်မည်။ |
| | - နှာခေါင်းကို ထိုးနှက်ခံရခြင်း - ဆိုးရွားသောအချိန်၏ နိဂုံးသို့ရောက်မည်။ |
| ဝတ်လစ်စလစ်အနေအထား | - မိမိ - ငွေရေးကြေးရေးနှင့် လူမှုရေးအောင်မြင်မှုရရှိမည်။ |
| | - တခြားလူ - လိမ်လည်ခံရခြင်း သတိပြုပါ။ |
| လူနာပြုစုသူ | - မိသားစုစည်းလုံးမည်။ |
| အခွံမာသီး | - ကံကောင်းမည်။ |
| | - အက်ကွဲနေလျှင် - ကျန်းမာမည်၊ အောင်မြင်မည်၊ |
| အလုပ်ခန်း | - ရှေ့တွင် တစ်ဦးတစ်ယောက်နှင့်ဆိုင်သော အပြောင်းအလဲရှိမည်။ |
| ဆီ | - ငွေကြေးတိုးတက်မည်။ |
| ထိခိုက်ခြင်း | - ရှေ့တွင် ကြီးကျယ်သောအပြောင်းအလဲရှိမည်။ |
| သီးစားခြံ | - အောင်မြင်မှုရရှိမည်။ ကျေနပ်မှုရရှိမည်။ |
| အမိန့် | - နာခံခြင်း - ရှေ့တွင် ကောင်းမွန်သောအချိန်ရောက်ရှိလာမည်။ |
| | - အမိန့်ပေးခြင်း - အိမ်တွင်း စိတ်ဝမ်းကွဲပြားမှုကြုံမည်။ |

| | |
|---|---|
| ဝတ်စားတန်ဆာဆင်ခြင်း | - တစ်ဦးတစ်ယောက်နှင့်ဆိုင်သော- ရည်ရွယ်ချက်တိုးတက်မည်။ |
| | - အိမ်ထောင်နှင့်ဆိုင်သော - ဆုတ်ယုတ်မည်။ |
| | - ပျက်စီးနေသော - ကံကောင်းမည်။ |
| မုန့်ပေါင်းဖို | - အေးနေလျှင် - နောင်တရမည်။ |
| | - နွေး (သို့) ပူနေလျှင် - အကျိုးဖြစ်ထွန်းမည်။ |
| ဓီးကွက် | - ဆုတ်ယုတ်မည်၊ စိတ်ပျက်ဖွယ်ကောင်းမည်။ |
| ဆေးသုတ်ခြင်း | - အိမ် - ဖျားနာခြင်း သတိပြုပါ - (ချင့်ချိန်ယူဆရန်) |
| | - ရုပ်ပုံ - အခြေအနေတိုးတက်မည်။ |
| စက္ကူ | - အခါအခွင့် ကြုံကြိုက်မည်။ |
| ကိုယ်လက်အင်္ဂါသေခြင်း | - စိတ်ထိခိုက်ရမည်။ |
| မိဘဘိုးဘွား | - ပျော်ရွှင်ရမည်၊ အောင်မြင်ပြီးမြောက်မည်။ |
| | - တော်စပ်ရလျှင် - မမျှော်လင့်သော သတင်းကြားရမည်။ |
| ဥယျာဉ်ကြီး | - ပျော်ရွှင်ဖွယ် အချစ်ကိစ္စနှင့်ကြုံမည်။ |
| လူအစုအဝေး | - လူမှုရေးဆိုင်ရာ နှစ်သက်ကျေနပ်မှုရရှိမည်။ |
| ပုလဲ | - အလုပ်ကြိုးစာပြီးနောက် ကြီးပွားချမ်းသာမည်။ |
| ကျောက်စရစ် | - အတင်းစကားကြားရမည်၊ စိတ်ပျက်ရမည်။ |
| နာရီချိန်သီး | - မမျှော်လင့်သော အပြောင်းအလဲကြုံမည်။ |
| အမွှေးနံ့သာ | - အမျိုးသမီးမှ အသုံးပြုလျှင် - အချစ်သစ်ကိစ္စကြုံမည်။ |
| | - အမျိုးသားမှ အသုံးပြုလျှင် - သဘောကွဲလွဲမည်။ |
| ဓါတ်ပုံ | - ပျော်ရွှင်ဖွယ် ခင်မင်ရင်းနှီးမှုရရှိမည်။ |
| ရုပ်ပုံ | - သစ္စာဖေါက်မည်။ |
| ဝက် | - အိမ်တွင်းအခက်အခဲရှိသော်လည်း အလုပ်တွင် တိုးတက်မှုရှိသည်။ |
| တွယ်အပ် | - တစ်ဦးတစ်ယောက်မှတွေ့ခဲ့သော် - ကံကောင်းမည်။ |
| | - တစ်ဦးတစ်ယောက်ကို စူးမိသော် - ဒုက္ခတွေ့မည်။ |
| | - အကျီတွင်တွယ်ထားသော် - ဒုက္ခတွေ့မည်။ |
| | - တွယ်အပ်ထိုးသည့် အုံးငယ်တွင် အပြည့်ရှိနေသော် - အောင်မြင်မှုရရှိမည်။ |
| နိုင်ငံရေး | - အောင်မြင်မည်၊ တာဝန်ရှိသည်။ |
| စွမ်းအား | - အစွမ်းထက်လေ၊ အောင်မြင်မှုပိုရရှိလေဖြစ်သည်။ |
